
ကျင်းတုံ၏ တာဆူးလျှင်
1989
တက္ကသိုလ်
နေလင်းအောင်
ဇကာရောဇာသိုင်းသမား
၃-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃) ဇာတ်သိမ်း
Alien-ချစ်စုလှိုင်
သိုင်းစာစဉ်များPAGE
weibo.com/zilou

# ငွေလမင်းအောက်

ကေရာဇာသိုင်းသမား

ဇာတ်သိမ်း



စာမူ ကြိုတင်ခွင့်ပြု အမှတ် ၆၆၉/၈၉(၁၀)

မျက်နှာဖုံး ကြိုတင်ခွင့်ပြုအမှတ် ၇၃၀/၈၉(၁၁)

ပထမအကြိမ်

အုပ်ရေ — ၁၀၀၀

မျက်နှာဖုံးပန်းချီ — ပန်းချီငြိမ်းဆောင်

၁၉၉၀ ပြည့်နှစ်၊ မတ်လ။

ကာလာခွဲ — လှမင်း

မျက်နှာဖုံးရိုက် — လှိုင်အောင်ဆက်၊ ၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့

တန်ဖိုး — ၃၅ ကျပ်

တက္ကသိုလ်
နေလင်းအောင်

# ဧကရာဇာ သိုင်းသမား

စာစဉ် (၃)

ဇာတ်သိမ်း

## အခန်း (၂၃)

## ကယ်တင်ခြင်း၏ အခွန်းတစ်ဘက်

ဝေကျွမ် ငိုင်တွေကာ ကျန်ရစ်ခဲ့၏၊ ဘက်သစ်စ နေရောင်တွင် မိမိကို ကျောခိုင်းလျက် တရွေ့ရွေ့ ထွက်ခွာသွားသော မိန်းကလေး၏ ကျောမြင်ကို ကြည့်ကာ သက်ပြင်းချလိုက်မိလေ၏။

'ဩော် 'ရှုပ်ဆိုးမတဲ့လားကွယ်'၊ မင်းရဲ့ ရုပ်ရည်ကလေးက အကျည်းတန်နေပေမယ့် မင်း နှလုံးသား၊ မင်း စိတ်သားကတော့ တကယ်ပဲ ဖြူစင်သန့်ရှင်းလှပါတယ်'

ဝေကျွမ် နှုတ်က ထုတ်ပြောခြင်း မဟုတ်ပါ၊ စိတ်ထဲက ညည်းညည်း ညူညူ ရေရွတ် လိုက်မိခြင်းသာ ဖြစ်ပါသည်။ သူသည် အတန်ကြာမှ ကျွမ်းလုံးကို ငုံ့ကြည့်လိုက်၏၊ ကျွမ်လုံ

ကား တဖြည်းဖြည်း ထိုလည်ကာ လှုပ်ရှားလာ၏။ မျက်လုံးနှစ်လုံးကို ဖွင့်လိုက်သည်နှင့် ဝေကွမ်ကို တွေ့လိုက်ရသောအခါ တအံ့တသြ ဖြစ်သွားလေတော့၏။ သူသည် အလန့်တကြား ထထိုင်သည်။

'ဟင်... မင်း... မင်း.... ဆရာချန်ချင်ရဲ့ တပည့် ဝေကွမ်... ဝေကွမ် မဟုတ်လား'

ဝေကွမ်က တည်တည်ငြိမ်ငြိမ်ပင်။

'ဟုတ်ပါတယ်၊ ကျွန်တော် ဝေကွမ်ပါ'

'မင်း ငါ့ကိုဘာလို့ ဒီကို ခေါ်လာခဲ့ရတာလဲ၊ မင်းက ငါ့ကို သတ်မလို့ပေါ့လေ ဟုတ်လား'

ဝေကွမ်မှာ အချောက်ချောက်အချားချား စွပ်စွဲနေသော ကျွမ်လုံအား ကပျာကယာပင် ရှင်းပြရသည်။

'ဟာ... မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျွန်တော်... ခင်ဗျားကို မသတ်ပါဘူး၊ ခင်ဗျားကို သတ်စရာ ဘာအကြောင်းမှလဲ မရှိပါဘူး၊ ရှိတာတောင် ကျွန်တော်မသတ်ရဲပါဘူး ခင်ဗျာ'

'ဒါဖြင့် မင်းက ငါ့ကို ဘာဖြစ်လို့ ဒီနေရာ ခေါ်လာရတာလဲ'

ဝေကွမ်မှာ အကျယ် မချဲ့လိုတော့သဖြင့် ပြီးစလွယ်ပင် ပြောလိုက်မိသည်။

'ဒါက ဒီလိုပါ၊ နောင်ကြီးအနေနဲ့ လိုစီအင်ရဲ့ စံအိမ်တော်ထဲမှာ ရှိနေရင် အန္တရာယ် တွေ့မှာစိုးလို့ ဒီကို ခေါ်လာခဲ့ရတာပါ'



ကျွမ်လုံမှာ ဝေကွမ်၏ စကားကို မည်သို့မျှ မယုံနိုင်ပေ။ ဝေကွမ်အား အသေအချာ စူးစိုက်ကြည့်လိုက်သည်။

'သူတို့က စိတ်မချရအောင်၊ မင်းကကော စိတ်ချရလို့လား၊ မင်းလဲ သူတို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ၊ မင်းက ကျောပွတ်မယ်နဲ့တူပြီး လူထုံးမင်းဆီမှာ တပည့်ခံနေတဲ့ ကောင် မဟုတ်လား၊ ငါ့ကို မင်း ဘာမှ ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့၊ သေဖို့သာ ပြင်ပေတော့'

သူသည် ပြောပြောဆိုဆိုပင် လက်ဝါးဖြင့် လှမ်းရိုက်လေတော့၏။ ဝေကွမ် ကမန်းကတမ်းပင် ရှောင်တိမ်း လိုက်ရသည်။

'နောင်ကြီးကျွမ်လုံ အထင်မလွဲပါနဲ့၊ ကျုပ် ခင်ဗျားပြောသလို မဟုတ်ပါဘူး၊ ခင်ဗျားအသက်ကယ်ဖို့....'

'ဗိုး'

သူ့စကားကို ဆုံးအောင် အပြောခံတဲ့ ကျွမ်လုံက ဆက်သက်တိုက်ခိုက်ပြန်သည်။ ဝေကွမ်မှာ ပြန်လည် တိုက်ခိုက်ခြင်း မပြုပေ။ ရှောင်တိမ်းပေးနေရသည်၊ ရှောင်တိမ်းရင်းမှ သူ့အား အထင် မမှားရန်၊ မတိုက်ခိုက်ရန် တောင်းပန်နေ၏။

ကျွမ်လုံသည် တိုက်ကွက် ငါးကွက်ခန့် တရစပ် တိုက်ခိုက်၏။ သို့သော်... ဝေကွမ်ထံမှ ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်းရုံသာ ရှောင်တိမ်းသည်ကို တွေ့ရသောအခါ ဝေကွမ်၏ စကားများကို ယုံကြည်လာရတော့၏။ သူ့တိုက်ခိုက်မှုကိုလည်း ရပ်ဆိုင်း လိုက်၏။ ထို့နောက် ဝေကွမ်ကို မေးခွန်းထုတ်လေတော့သည်။

'မင်း ပြောတာ တကယ်ပဲလား၊ ဒါမှမဟုတ် ငါ့ကို ကြောက်လို့ မတိုက်ခိုက်ပဲ နေတာလား'

ဝေကွမ်စိတ်ထဲ ထောင်းခနဲ ဒေါသ ဖြစ်သွား ရသည်။ သို့သော် တစ်ဘက်လူက အထင်မှား အမြင်မှား ရှိနေချိန်၌ မဆင်မခြင် ပြောဆိုပါက အခြေအနေ ပို၍ ဆိုးရွား သွားမည်ကို သူနားလည်သည်။ ထို့ကြောင့်ဒေါသစိတ်ကို ချုပ်ထိန်းထားလိုက်ပြီး

'ကျုပ်ပြောတာ အမှန်ပဲ၊ ခင်ဗျားကို အန္တရာယ် ကင်းစေချင်လို့ ကျုပ် ဒီကို ခေါ်လာခဲ့တာ၊ ခင်ဗျားကို သတ်ဖြတ်ချင်တဲ့စိတ် ရှိမယ်ဆိုရင် ဒီလို သဲတိရအောင် စောင့်နေပါ့မလား၊ အစောကြီးကတည်းက သတ်ပစ်လိုက်တာ ကြာပြီ'

ကျွမ်လုံငိုင်သွား၏။ ဝေကွမ် စကားက ကျိုးကြောင်းဆီလျော် နေသည်မို့ သူ ဘာမျှ ပြန်မပြော နိုင်တော့ပေ။ အတန်ကြာ ငိုင်တွေ စဉ်းစားပြီးမှ ဝေကွမ်ကို တောင်းပန်လေတော့၏။

'ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါ သဘောပေါက်ပြီ၊ ငါ့ကို ခွင့်လွှတ်ပါ ညီလေး ဝေကွမ်၊ ငါ့ရဲ့ မဆင်ခြင် မစဉ်းစားတဲ့ မိုက်မဲမှုကြောင့် ငါ့ကျေးဇူးရှင် ဖြစ်တဲ့ မင်းကို စော်ကားမိသလို ဖြစ်သွားရတယ်၊ ငါတောင်းပန်ပါတယ်ကွာ၊ တကယ်တော့ မင်းဟာ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင် တစ်ယောက်ပါပဲ'

ကျွမ်လုံက ဦးညွှတ် ဂါရဝပြုလေတော့၏။ ဝေကွမ်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး လက်ကာ တားမြစ်သည်။



'အို...ဒီလို...ဒီလို မလုပ်ပါနဲ့၊ ကျွန်တော်...ကျွန်တော်....'

ကျေးဇူးရှင်အစစ်မှာ မိမိ မဟုတ်၊ လျှိုဝှက်မှုများ တွေ့ပြားလှသည့် ရုပ်ဆိုးမကလေးသာ ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားရန် စိတ်ကူးလိုက်၏။

သို့သော် မိမိ ကိုယ်တိုင်ပင် မသိသော ထိုမိန်းကလေးအကြောင်း၊ ပြောရလျှင် ဇာတ်လမ်း ပို၍ ရှုပ်ထွေးသွားနိုင်သဖြင့် မသိမသာ စကားလမ်းကြောင်း ပြောင်းလဲလိုက်ရသည်။

'ကျွန်တော်က နောင်ကြီးထက် အသက်အရွယ်ရော ဝါစဉ်ပါ ငယ်ပါတယ် နောင်ကြီး ကျွမ်လုံ၊ အခုလို ဦးညွှတ် အရိုအသေပေးနေစရာ မလိုပါဘူးခင်ဗျာ'

ကျွမ်လုံ သက်ပြင်းချလိုက်၏။ ဝေကွမ်ကို စူးစိုက် ကြည့်လိုက်ပြီး

'ငါ့ညီကို ငါ တစ်ခု မေးချင်တယ်'

'မေးပါ နောင်ကြီး ကျွမ်လုံ'

'မင်း ငါ့ကို ဘာဖြစ်လို့ ကယ်တင်ရတာလဲ'

'နောင်ကြီးက ကျွန်တော့်ဆရာ ချန်ချင်ရဲ့ မိတ်ဆွေ ဖြစ်နေတယ် မဟုတ်လား၊ အခက်အခဲတွေ့ရင် ကျွန်တော် တတ်နိုင်သလောက် ကူညီရမှာပေါ့'

ကျွမ်လုံ ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဟုတ်ပါပြီ၊ မင်းပြောတာတော့ ဟုတ်ပါပြီ၊ မင်း ငါ့ကို အခုလို ကယ်တင်လိုက်ခြင်းအားဖြင့် မင်းနဲ့ ပေတစ်ရာမြေ လူထုံးမင်တို့ ဆက်ဆံရေး ဘယ်လိုဖြစ်လာမလဲ၊ လိုစီအင်က

မင်းကို အမြစ်မယူပေဘူးလား၊ မင်းအတွက် အန္တရာယ်တွေ ရှိမနေနိုင်ဘူးလား'

ကျွမ်းလုံက ဇွေဇွေစပ်စပ် မေးမြန်း၏။ ဝေကွမ် ဖြေရ ခက်သွားသည်။ မထူးတော့သည့်အဆုံးတွင် အဆင်ပြေအောင် သာ မီးစင်ကြည့် ကရတော့သည်။

'ကိစ္စ ရှိပါဘူး နောင်ကြီး ကျွမ်းလုံ၊ ဒီအပိုင်းက ကျွန်တော့် အပိုင်းပါ၊ ဖြစ်လာမယ့် ပြဿနာကို ကျွန်တော် ရင်ဆိုင်ပါ့ မယ်'

'မင်းတစ်ယောက်တည်း ရင်ဆိုင်လို့ ဖြစ်ပါ့မလား၊ ငါ့ညီ မင်းဟာ ငါ့ရဲ့ ကျေးဇူးရှင် ဖြစ်သွားပြီ၊ ငါ့အတွက် မင်းမှာ ဒုက္ခတွေ အန္တရာယ်တွေနဲ့ ကြုံတွေ့ရပြီ၊ မင်းနဲ့ ပတ်သက်ပြီး ငါ့မှာ တာဝန်ရှိလာပြီ၊ မင်းရဲ့အန္တရာယ်တွေကို ငါဝင်မကူညီရင် ဘယ်သို့လုပ် ငါဟာ ကျေးဇူးသိတတ်တဲ့လူ ဖြစ်ပါတော့မလဲ'

ဝေကွမ်မှာ ရှင်းလေ ရှုပ်လေ ဖြစ်လာမည်စိုးသဖြင့် ကျွမ်းလုံကို နှစ်သိမ့်စကား ပြောတော့သည်။

'ရပါတယ် နောင်ကြီး ကျွမ်းလုံ၊ ကျွန်တော့်အတွက် ဘာမှ စိုးရိမ် စိတ်ပူမနေပါနဲ့၊ ကျွန်တော့် ပြဿနာကို ကျွန်တော့် အာသာ ကြည့်ရှင်းလို့ ရပါတယ်၊ နောင်ကြီး အခုလို လွှတ်လာတာကိုပဲ ကျွန်တော် ဝမ်းသာလှပါပြီ'

ကျွမ်းလုံကား ခေါင်းမာသူပင်တည်း။

မိမိအတွက် တစ်ဘက်သားအပေါ်တွင် နစ်နာစေမှု မဖြစ်လိုသူပေတည်း။ ဝေကွမ်က နှစ်သိမ့်နေသော်လည်း သူက လက်မခံဘဲ ဖြစ်နေသည်။



'ဒီလိုလဲ ဘယ်ဟုတ်မလဲ ငါ့ညီ၊ မင်းကို ငါ လက်လွှတ်စပယ် ပစ်ထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ မင်း ငါနဲ့ အတူလိုက်ခဲ့၊ ဆရာ ချန်ချင်တုံနဲ့ အတူတွေ့ပြီး မင်း ရင်ဆိုင်ရမယ့် ပြဿနာကို ဖြေရှင်းမယ်'

'ဟာ....နေပါစေခင်ဗျာ၊ ကျွန်တော် မလိုက်ပါရစေနဲ့၊ ဆရာက ကျွန်တော့်အပေါ် သံသယဝင်နေပါတယ်၊ ကျွန်တော့်ကို မြင်တာနဲ့ ဆရာ စိတ်ထိခိုက်သွားပါလိမ့်မယ်၊ နောင်ကြီး အကြံမကောင်းပါဘူးဗျာ၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ရှိပါစေတော့'

'ဒါက လွယ်ပါတယ် ငါ့ညီ၊ ဆရာချန်ချင်ကို ငါကိုယ်တိုင် ဖြေရှင်းပြလိုက်မှာပေါ့ ရှင်းပြရင် သူ လက်ခံမှာပါ၊ ပြီးတော့ မင်းက သူ့ရဲ့ တပည့်ရင်း တစ်ယောက်ဆိုတော့ မင်းအပေါ်မှာ ဆရာတစ်ယောက်ရဲ့ သံယောဇဉ်တော့ ရှိဦးမှာပါ၊ ငါ ပြောသလိုသာ လိုက်ခဲ့ပါ ညီလေးရာ'

ကျွမ်းလုံက မရမနေပင် ဖိတ်ခေါ်နေချေ၏။ ဝေကွမ်မှာ ကျွမ်းလုံနှင့် မလိုက်ရဲ၊ သူ့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းများ ရှိနေသေးသည်၊ ကေရာဇာ သိုင်းကျမ်းထဲမှ သိုင်းကွက်များကို ညက်ကြေအောင် လေ့ကျင့်ရဦးမည်။ ပြီးမှ သိုင်းလောကထဲတွင် ဖြစ်ပျက်နေသည့် မတရားမှုများအား ချေဖျက်ရမည်။ ထို့ကြောင့် ကျွမ်းလုံ၏ ဖိတ်ခေါ်စကားကို အတင်းပစ်ငြင်းဆန် ရတော့သည်။

'မဖြစ်ပါဘူး နောင်ကြီးကျွမ်းလုံ၊ ကျွန်တော်မလိုက်ပါရစေနဲ့ဗျာ၊ နောင်ကြီးတာသာပဲ ဆရာတို့နဲ့ အဆက်အသွယ် ရှာယူပါတော့၊ ကျွန်တော် ဒီမှာပဲနေခဲ့ပါရစေ'

'မင်းက ငါ့စေတနာကို လက်မခံဘူးလား၊ ငါပြောတဲ့အတိုင်း မလိုက်နာဘူးလား၊ ရန်သူ့နယ်မြေမှာနေခဲ့ပြီး မင်းကတိုင်းတစ်ပါးရဲ့ ကျွန်သဘောက်အဖ ခံယူနေချင်သေးလို့လား၊ ဒီလိုဆိုရင်တော့ မင်းငါ့အသက်ကို ကယ်ခဲ့တော့လဲ အတူတူမှာလဲ၊ မင်းနဲ့ငါ ဆန့်ကျင်ဘက်အနေအထားမှာပဲ ရှိနေမြဲရှိနေဦးမှာပေါ့'

ဝေကျွမ်မှာ ကျွမ်လုံ၏ခေါင်းမာမှုကို စိတ်ပျက်သွားရသည်။ မိမိအခြေအနေကိုလည်း ရှင်းလင်းပြောကြားရန် လွယ်ကူသည်မဟုတ်။ ထို့ကြောင့် ဝေ့လည်ကြောင်ပတ်လုပ်၍သာကျွမ်လုံကို ပြောဆိုနေရပေသည်။

'နောင်ကြီး ကျွန်တော့်ကို အဲဒီလိုတော့ အထင်မမှားပါနဲ့နောင်ကြီး၊ ကျွန်တော့်မှာ အကြောင်းအမျိုးမျိုးရှိနေလို့ နေခဲ့ရတာပါ၊ နောင်ကြီးစွပ်စွဲထင်မြင်သလို မဟုတ်ပါဘူး ခင်ဗျာ'

'ဒါဖြင့် မင်းက လိုစီအင်တို့နဲ့ ဆန့်ကျင်သူပေါ့'

ဝေကျွမ် ခေါင်းညိတ်ပြ၏။ ကျွမ်လုံ၏လေသံ ပျော့ပျောင်းသွားလေတော့သည်။

'ဒါဆိုရင်တာကြောင့် ငြင်းဆန်နေရတာလဲ ညီလေးဝေကျွမ်၊ အစ်ကိုတို့နဲ့အတူတူ အမျိုးသားသစ္စာဖောက်တွေကို တွန်းလှန်ကြရအောင်လားကွာ'



'ကျွန်တော့်အခြေအနေနဲ့ ကျွန်တော်မို့လို့ပါ နောင်ကြီးကျွမ်လုံ၊ကျွန်တော် နောင်ကြီးတို့နဲ့အတူတူ လိုက်ခဲ့ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာလုပ်ဆောင်စရာကလေးတွေအများကြီးရှိနေပါသေးတယ်၊ တစ်နေ့နေ့မှာတော့ နောင်ကြီးတို့နဲ့အတူတူ လက်တွဲနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်'

ကျွမ်လုံသည် ဝေကျွမ်ကို ရှုစမ်းသလို ကြည့်နေ၏။ ပြီးမှ လေးနက်တည်ငြိမ်စွာ ပြောသည်။

'ဒီမှာငါ့ညီ....မင်းကို ငါတစ်ခုပြောမယ်၊ ငါဟာ ငါ့ချစ်သူချောင်စုဝေကို အသည်းပေါက်မတတ် ချစ်တယ် ငါ့ညီ၊ သူနဲ့ငါ အိမ်ထောင်ပြုဖို့ဆဲဆဲမှာပဲ တိုင်းရေးပြည်ရာတွေက ရှုပ်ထွေးလာခဲ့တယ်၊ ငါ့အချစ်ရေးထက် တိုင်းပြည်ရေးက ပိုပြီး အရေးကြီးလာတယ်၊ ဒါကြောင့် ငါ့ချစ်သူကို ငါ စွန့်ခွာခဲ့တယ်၊ တိုင်းပြည်ကြီး သူတစ်ပါး လက်အောက် မကျစေဖို့ မျိုးချစ်သိုင်းသမားတွေကို လိုက်စုစည်းနေတယ်၊ ဒါတွေ ပြောနေလို့ ငါ့ကို အထင်မမှားပါနဲ့၊ ငါ ကိုယ်ရည်သွေးနေတာ မဟုတ်ပါဘူး၊ ကြုံကြိုက်လို့ ပြောပြနေတာပါ'

ဝေကျွမ် နားမလည်နိုင်ပေ။ ကျွမ်လုံ တာပည်ရှယ်ချက်နှင့် ပြောနေသည်ကို သဘောမပေါက်ပေ။ သို့ရာတွင် ကျွမ်လုံ၏ နောက်ဆက်တွဲ ဆက်ပြောသည့် စကားလုံးများကမူ သူ့ရင်ကို တုန်လှုပ်စေတော့သည်။

☆

## အခန်း (၃၄)

## မီးတိုက်ခံရသော ရွာကလေး

ကျွမ်လုံက တည်တည်ငြိမ်ငြိမ်ပင် ဆက်ပြော၏။

'မိန်းမတစ်ယောက် အတွက်နဲ့တော့ ကိုယ့်ဂုဏ်သိက္ခာကို အညစ်အနွမ်းမခံချင်ပါနဲ့ ညီတော်၊ အချစ်အတွက် ကိုယ်စွမ်းကိုယ်စ ကိုယ့်ဂုဏ်သရေကို အပျက်မခံပါနဲ့၊ ကျားပွတ်မယ် အပေါ်မှာ ငင်၊ စွဲလမ်းတဲ့ စွဲလမ်းမှုဟာ ငါက ချောင်စုဝကို စွဲလမ်းတဲ့ စွဲလမ်းမှုထက် မပိုလွန်နိုင်ဘူးလို့ ပြောရပါတယ်ကွာ၊ ကျေးကျွန်ဆိုင်ရင် ဘယ်ကျေးကျွန်မှ မကောင်းဘူး၊ အချစ်ကျေးကျွန်သဲ့ တူဘူပဲပေါ့ ညီတော်'

ဝေကွမ်မှာ ခုတ်ရာတခြား၊ ရှရာတခြား ပြောနေသူ ကျွမ်လုံအား ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်နေတော့၏။



'နောင်ကြီး....ခင်ဗျား မှားနေပြီဗျာ၊ ခင်ဗျားရဲ့ စွပ်စွဲချက်တွေက တစ်ခုမှ မမှန်ကန်ပါဘူး၊ ကျွန်တော်ဟာ လူငယ်တစ်ယောက်ပါ၊ အချစ်နဲ့ ပတ်သက်ရင် စိတ်လှုပ်ရှားမှု ရှိတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းချုပ်နိုင်ပါတယ်၊ နောင်ကြီး ပြောသလို ကျားပွတ်မယ်နဲ့လဲ ဘာမှ မဖြစ်ရသေးပါဘူး'

'ဒါဖြင့် ငါ့ညီက ဘာဖြစ်လို့ အစ်ကိုတို့နဲ့ လက်မတွဲနိုင်ရတာလဲ၊ ဟန်ဘရှုတ်တွေ ဒုက္ခဖြစ်တော့မယ့်အချိန်မှာ ညီတော်က ဘာဖြစ်လို့ တစ်ကိုယ်တော် လုပ်ချင်နေရတာလဲ'

'အချိန်အခါက စကား ပြောလာပါလိမ့်မယ် နောင်ကြီးကျွမ်လုံ၊ အခုအချိန်မှာတော့ ကျွန်တော့် ကတိစကားတွေ လွန်လွန်ကျူးကျူးမပေးရဲသေးပါဘူး၊ ကျွန်တော်နဲ့ နောင်ကြီးကျွမ်လုံတို့ ဆန့်ကျင်ဘက် အနေအထားမှာ ရှိမနေဘူး ဆိုတာကိုတော့ ယုံစေချင်ပါတယ်ခင်ဗျာ'

'ဆန့်ကျင်ဘက် အနေအထား မဖြစ်ဘာထက် အတူတူ လက်တွဲပြီး တိုက်ပွဲဝင်ကြရရင် ပိုမကောင်းဘူးလား ငါ့ညီ'

ဝေကွမ် သက်ပြင်းချလိုက်မိသည်။

'ကျွန်တော့် အခက်အခဲတွေနဲ့ ကျွန်တော်မို့လို့ ဒီလောက် အထိ ပြောနေရတာပါ နောင်ကြီးကျွမ်လုံ၊ ကျွန်တော့်ကို ဒီလောက်အထိ ပြောနေစရာ မလိုပါဘူး၊ ကျွန်တော်ဟာ အသိဉာဏ်နည်းတဲ့လူ၊ တိုင်းပြည်ချစ်စိတ်နည်းတဲ့လူ၊ စေတနာ

မဲ့တဲ့လူ မဟုတ်ရပါဘူး၊ ကျွန်တော့်အခက်အခဲကို နားလည် သဘောပေါက်စေချင်ပါတယ်၊ ဒါဆို ကျွန်တော့်ကို ခွင့်လွှတ်နိုင်မှာပါ'

ကျွမ်လုံမှာ ဆက်ပြောလျှင်လည်း မောရုံသာ ရှိမည်ကို နားလည်လိုက်၏။ ထို့ကြောင့် စိတ်ကိုလျှော့ချလိုက်ကာ

'ကောင်းပြီလေ၊ မင်းနဲ့ တို့တစ်တွေ တစ်ဘက်တည်းမှာ အတူရပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ တရုတ်ပြည်ကြီး တိုင်းတစ်ပါးလက်အောက် မကျရောက်ဖို့ ကိစ္စမှာ တတ်နိုင်တဲ့ ဘက်က ရပ်တည် လှုပ်ရှားနိုင်ပါစေလို့ ငါဆုတောင်းလိုက်ပါတယ်'

ဝေကွမ် ငြိမ်နေလိုက်သည်။ ဆက်ပြောလျှင်လည်း လေရှည်ရုံသာ ရှိတော့မည်။ သို့သော်... ကျွမ်လုံသည် ဝေကွမ်၏ အနေအထားကိုတော့ ကောင်းစွာ သဘောပေါက်သွားပေသည်။

'ဝေကွမ်'

ကျွမ်လုံက လှိုက်လှဲစွာ ခေါ်လိုက်၏။

ဝေကွမ်လန့်သွားသည်။ ကျွမ်လုံ လေဆက်ရှည် နေဦးမည်လော....။

'မင်းဟာ ဘာပဲပြောပြော ငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်ပါပဲ၊ မင်းနဲ့ပတ်သက်လို့ မင်းရဲ့ ဆရာချွန်ချင်ကို တတ်နိုင်သမျှ ရှင်းပြပါ့မယ်၊ မင်းရဲ့ဆရာ မင်းအပေါ် အထင်အမြင်မှားနေတဲ့ ကိစ္စတွေကို ငါတတ်နိုင်သလောက် ရှင်းပြမယ်... ကဲ....ငါ့ကိုခွင့်ပြုပေတော့ ညီလေး'



ဝေကွမ် ခေါင်းညိတ်ပြသည်။

ကျွမ်လုံသည် နောက်သို့ပင် လှည့်မကြည့်တော့ဘဲ ထွက်ပြေးသွား၏။ သူ ဤနေရာတွင် ဆက်လက်ရပ်နေ၍ မည်သို့မျှ အကျိုးထူး မရှိတော့ဟု ဝေကွမ် ယူဆလိုက်၏။

ဤနေရာ၌ဆက်နေ၍ အကျိုးမထူးလျှင် မည်သည့်နေရာသို့ သွားမည်နည်း။ သူ....ကေရာဇာ သိုင်းကျမ်းတွေရှိရာ ဂူသို့ ပြန်သွားသင့်သည်လား။ သူ့ အာသာမှာ၏။ သင့်သည်ဟု သူ့အာသာပြောသည်။ ထို့နောက် ယိုဂူသို့ ထွက်လာခဲ့လေတော့၏။

မကြာမီ ရွာကလေးတစ်ရွာသို့ ရောက်လာ၏၊ အိမ်ခြေ ငါးဆယ်လောက်သာရှိမည့် ရွာငယ်ကလေး ဖြစ်၏၊ ဝေကွမ် ရွာအစွန်မှ အိမ်တစ်လုံးကိုဝင်ကာ ခွင့်ပန်ပြီး ခေတ္တအနားယူ၏။ ထိုအိမ်ရှင်မှာ အသက် ငါးဆယ်ခန့်ရှိ လင်မယား နှစ်ယောက်နှင့် အသက် ဆယ့်ငါးနှစ်အရွယ် ကောင်လေး တစ်ယောက်တို့ ဖြစ်ကြသည်။

အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်မှာ ဝေကွမ်ကို ဖော်ဖော်ရွေရွေပင် ဧည့်ဝတ်ပြုပြီး ရှိသမျှသော အစားအသောက်တို့ဖြင့် ကျွေးမွေးသည်။ ပျူပျူငှာငှာ စကားကို ဆို၏။ အစပထမတွင် ဝေကွမ်အား မင်းမှုထမ်းဟု မှတ်ထင်ခဲ့ကြသည်၊ နောက်ပိုင်းကျမှ စာပေသမားဟု မှတ်ယူ ကြတော့သည်။

'ဪ... ငါတို့က စာပေသမားတစ်ယောက်ကို၊ ဒီဘက်နယ်ကို ဘယ်လိုကိစ္စနဲ့ ရောက်လာရတာလဲကွယ်'

အိမ်ရှင်အဘိုးကြီးက စူးစမ်း၏။

ဝေကွမ်ကလည်း စကားလှီးလွှဲပြောသည်။

'ဗိုဟ်ကနယ်က ဆောင်းနှောင်း ကာလမှာသာ သာယာတယ်လို့ လူပြောများတယ်လေ၊ ဒါကို ခံစားချင်တာလဲ တစ်ကြောင်း၊ ရှေးက စူးကျေးရွာမှာ ကျွန်တော့်ဆွေမျိုးတွေ ရှိတာလဲ တစ်ကြောင်းကြောင့် ဒီနယ်ကို ရောက်လာတာပါ ခင်ဗျာ'

စူးကျေးရွာဆိုသောစကားကြောင့် အဘိုးကြီးအနည်းငယ် မျက်နှာ ပျက်သွားလေ၏။ စေ့စေ့ကြည့်ကာ ဝေကွမ်ကို အကဲခတ်လေတော့သည်။

'စူးကျေးရွာကို သွားမလို့လား ငါ့တူ'

'ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒီကို သွားမလို့ပါပဲ'

'အဲဒီမှာ ငါ့တူရဲ့ ဘယ်လို တော်စပ်တဲ့ အမျိုးအဆွေတွေများ ရှိနေသလဲကွယ်'

'ကျွန်တော့် အဖေရဲ့ နှမများ ရှိနေကြပါတယ်၊ သူတို့ဆီကို မရောက်တာလဲ အတော်ကြာပြီမို့ အလည်အပတ်သဘောမျိုး လာခဲ့ရတာပါ၊ ဘာများဖြစ်လို့ပါလဲ ခင်ဗျာ'

'ငါ့တူ—'

အဘိုးအိုက စကားကို တုံ့ဆိုင်း တုံ့ဆိုင်း ပြော၏။ အဘွားကြီးမှာ ဟန်မဆောင်နိုင်အောင်ပင် မျက်နှာပျက်လျက် ရှိနေပြီ။

'ခင်ဗျာ'



'ငါ့တူ စိတ်ကို နိုင်နိုင်ထားပါနော်'

ဝေကွမ်က နားမလည်နိုင်အလို ပြန်ကြည့်၏။ အဘိုးအိုသည် ပြောသင့်မပြောသင့် ချိန်ဆနေပြီးနောက်—

'စူးကျေးရွာဆိုတာ အခု အချိန်မှာ မရှိတော့ဘူး ငါ့တူ'

'ခင်ဗျာ....ဘယ်လို ဘယ်လိုဖြစ်တာလဲ ခင်ဗျာ'

'ဘယ်လို ဖြစ်သလဲဆိုတော့ ရွာလုံးကျွတ် မီးလောင်တိုက်အသွင်းခံလိုက်ရလို့ပဲ ဆိုပါတော့'

'ဟင်'

ဝေကွမ် အကြီးအကျယ် အံ့အားသင့်သွား၏။ စူးကျေးရွာကို လွန်ခဲ့သော လပိုင်း အတွင်းကပင် သူ ရောက်ရှိခဲ့ဖူး၏။ သာယာအေးချမ်းပြီး နေချင်စဖွယ် ရွာကလေး တစ်ရွာဖြစ်ပါသည်။ ရွာသူရွာသားများကလည်း ဖော်ရွေလှပါသည်၊ ရိုးသားဖြူစင်ကာ ညီွတ် ကျေပွန် ကြသူများဖြစ်၏။ ထိုရွာမှ လျှိုယိစန်းဆိုသူ အဘိုးအို တစ်ယောက်သည် သူ့ အလွန်မှုပင် ရင်းနှီး ခင်မင်ခဲ့ပေသည်၊ တစ်ရွာလုံးမှာ သိုင်းလောကနှင့် ပတ်သက် ဆက်စပ်ခြင်း မရှိကြသော လယ်လုပ်သားများသာ ဖြစ်ကြ၏။

ယခု တစ်ရွာလုံး မီးလောင်တိုက် အသွင်း ခံလိုက်ရသည်ဆိုသော စကားကို ကြားလိုက်ရသောအခါ ကြားစဉ် သူ့နားကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ အဘိုးကြီးကို တအံ့တဩကြည့်ကာ

'ဒါ....ဒါတကယ်ပဲလား ဦးရယ်'

အဘိုးကြီးကလည်း ကြေကွဲ ဆွေးမြည့်သည့်အသံဖြင့်

'ဟုတ်ပါတယ် မောင်ရင်ရယ်၊ တကယ်ဖြစ်ခဲ့တဲ့ ရင်နာစရာ အဖြစ်အပျက်ပါ၊ ငါတို့ အဲဒီကို သွားလို့ကတော့ အချည်းနှီးပဲ ဖြစ်ပါလိမ့်မယ်၊ တစ်ရွာလုံး ပြောင်းကျသွားပါပြီ၊ မသေသို့ ကျန်တဲ့ ရွာသားတွေလဲ အဲဒီမှာ မနေရဲကြတော့ပါဘူး၊ လွတ်ရာ ကျွတ်ရာကို အသက်လုပြီး ပြေး သွားကြပါပြီ'

စေကွမ် စိတ်ထိခိုက်သွား၏။ အဘိုးအိုက စေကွမ်ကို စိတ်မကောင်းကြီးစွာ ကြည့်နေသည်။ အဘိုးအိုက နူးညံ့သော လေသံဖြင့် မေးလေ၏။

'သိပ် စိတ်ထိခိုက်သွားသလား ငါ့တူ'

စေကွမ် မဖြေနိုင်။ သူ့ ဆွေမျိုးများ အတွက် သူ စိတ်ထိခိုက်နေမိသည်၊

တရားနဲ့ဖြေပါကွယ်၊ ကျုပ်ဆိုရင် ငါ့တူ ထက်တောင် အဖြစ်ဆိုးရပါသေးတယ်၊ ကျုပ်ရဲ့သမီးလေး... ကျုပ် သမီးလေး ကျိုသန်းမုံဟာ အဲဒီ ရွာကို အလည်သွားရင်းနဲ့ သေသလား ရှင်သလားမသိရအောင်ကို သဘင်းအစအန ပျောက်သွားခဲ့တာပေါ့ကွယ်'

အဘိုး၏အသံမှာ တုန်ယင်နေ၏။ ရှိုက်သံတစ်သံ ထွက်ပေါ်လာ၏၊ အဘွားကြီး၏ ရှိုက်သံပါတည်း။ စေကွမ် ရင်ထဲနင့်သွားသည်။ ထိုရွာ ပျက်စီးရခြင်း အကြောင်းရင်းကို သူ သိလိုသွားပြီ။ ထို့ကြောင့် အဘိုးအိုကို တောင်းပန် ကာ လေ၏။



'ဦးရယ်၊ အဲဒီအကြောင်းကို ကျွန်တော် သိပါရစေလား ခင်ဗျာ'

အဘိုးကြီးသည် သူ စိတ်ထိခိုက်ခံစားနေရမှုကို ထိန်းချုပ်လိုက်လေ၏။ ထို့နောက် သက်ပြင်းယဲ့ယဲ့ ရှိုက်ကာ....

'ဦးလဲ အတိအကျ မပြောတတ်ပါဘူးကွယ်၊ ဒါပေမယ့် ဦး သိရသလောက်တော့ ပြောပြ ပါ့မယ်၊ အဲဒီ ရွာမှာ လျူယီစန်းဆိုတဲ့ အဘိုးအို တစ်ယောက်ရှိတယ်'

'ဟုတ်ကဲ့ ပြောပါခင်ဗျာ'

စေကွမ် စိတ်ဝင်စားသွား၏၊ သူနှင့် အကျွမ်းဝင်ခဲ့သော အဘိုးအိုမှာ လျူယီစန်းပင် မဟုတ်ပါလား။

'အဲဒီ လျူယီစန်းဟာ စာပေ၊ ဗဟုသုတ အရာမှာ အတော်ကလေး နှံ့စပ်သတဲ့....။ တစ်နေ့တော့ သူ့ ဆီကို လူ တစ်ယောက် ရောက်လာတယ်၊ သူ့ကို ပုရပိုက် တစ်စောင် ဖတ်ပေးပါ၊ အဲဒီ အထဲမှာပါတဲ့ အကြောင်းအရာ တွေကို ပြောပြပါလို့ ပြောတယ်၊ လျူယီစန်းလဲ အဲဒီ ပုရပိုက်ကို ကြည့်လိုက်တယ်၊ နှုတ်ကတော့ ထုတ်မဖတ်သေးဘူး၊ ပုရပိုက်ထဲက အကြောင်းအရာတွေဟာ တကယ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တရုတ်တစ်မျိုးသားလုံးကို ဒုက္ခပေးနိုင်တယ်ဆိုတာ သူသိလိုက်ရတာကိုး၊ ဒါကြောင့် အဲဒီ ပုရပိုက်ကို အချိန်ယူ ဖတ်ပါရစေလို့ အချိန်ဆွဲထားလိုက်သတဲ့'

'အဲဒီ ပုရပိုက်မှာ ဘာတွေ ရေးထားသလဲဟင်'

'ဘာတွေ ရေးထားသလဲ ဆိုတော့ လူသားတွေကို သေစေနိုင်တဲ့ အဆိပ်အမျိုးမျိုး လုပ်နည်းနဲ့ လက်နက်ဆန်း အမျိုးမျိုး တီထွင်နည်းတို့ကို ရေးသားထားခဲ့လို့ပါပဲ'

ဝေကွမ် ရင်ထဲ ထိတ်သွားသည်။ မိမိ၏ ရင်ခွင်ကိုပင် ရုတ်တရက် စမ်းလိုက်မိ၏။ ဤ ကေရာဇာ မဟာသိုင်းကျမ်းကြီးကိုပင် လျံယိစန်း တွေ့လျှင် မည်သို့ လုပ်ပစ်လေမည်နည်းဟုပင် တွေးမိလိုက်မိ၏။

'ဩော်...တော်တော် ကြောက်စရာကောင်းတဲ့ ပုရပိုက်ပဲနော်'

'ဒါကြောင့်လဲ လျံယိစန်းက အချိန်ဆွဲထားပြီး အဲဒီလူကို လိမ်ညာလွှတ်လိုက်တယ်၊ ပုရပိုက်ကိုလဲ အစဖျောက် မီးရှို့ပစ်လိုက်တယ်၊ အဲဒီလူဟာ ပြန်သွားတယ်၊ ပုရပိုက်ထဲက ရေးထားတာတွေကိုလဲ သူ သိပ်အထင်မကြီးတော့ဘူး၊ ဒါပေမယ့် နောက်ပိုင်း ကျတော့ သူ့ လူ တစ် ယောက် နဲ့ တွေ့တယ်၊ ဒီအကြောင်း စကားစပ်မိရာက အဲဒီ ပုရပိုက်ဟာ တကယ်တန်ဖိုးရှိကြောင်း သိလာတယ်၊ စူးကျေးရွာကို အဲဒီလူနဲ့ လိုက်လာပြီး ပုရပိုက် ပြန်တောင်းတယ်၊ လျံယိစန်းက အသုံးမဝင်လို့ မီးရှို့ပစ်လိုက်ပြီလို့ ပြောတယ်၊ ဒါကို သူတို့က မယုံဘူး၊ လျံယိစန်း ဝှက်ထားတယ်ပဲ ထင်နေတယ်'

ဝေကွမ် စိတ်ထဲတွင် အနည်းငယ် ရှင်းလင်းစ ပြုလာ၏။ ထို့ကြောင့် အဘိုးအိုကို ဖြတ်မေးလိုက်၏။

'ဒါနဲ့ပဲ သူတို့က အငြိုးအတေးထားပြီး ရွာကို မီးရှို့သတ်ဖြတ်ပစ်ကော ဆိုပါတော့'



အဘိုးအိုက ခေါင်းခါပြလိုက်သည်။

'သူတို့ရဲ့ ဒီလောက် အင်အားကလေးနဲ့ စူးကျေးရွာကို လုပ်လို့ ဘယ်ရမလဲကွယ်၊ သူတို့ နှစ်ယောက် စိတ်ထဲမှာ မကျေမနပ်နဲ့ ပြန်သွားကြတယ်၊ တစ်လလောက် ကြာတော့ ပြန်ရောက်လာကြတယ်၊ သူတို့နှစ်ယောက်အပြင် နောက်ထပ် လူဆယ်ယောက်လောက် ပါလာကြတယ်၊ အဲဒီ အထဲက ခေါင်းဆောင်လုပ်တဲ့လူက အသက် ခြောက်ဆယ်လောက် ရှိပြီ၊ သူတို့က လျံယိစန်းဆီက ပုရပိုက်ကို မရအရ တောင်းတယ်၊ လျံယိစန်းကလဲ အမှန်အတိုင်းပဲ မီးရှို့ပစ်လိုက်ပြီ ပြောတယ်၊ အဲဒီမှာ ကြွက်မနိုင် ကျီမီးနဲ့ရှို့ ဆိုသလို တစ်ရွာလုံးကို မီးလောင်တိုက် သွင်းတော့တာပါပဲ'

'အောက် ရက်စက်လိုက်ကြတာဗျာ၊ ဒါနဲ့ နေပါဦး၊ အဲဒီ အဘိုးကြီး လျံယိစန်းကိုကော သတ်သွားသေးသလားဟင်'

အဘိုးကြီးက ဝေကွမ်ကို အကဲခတ်သလို ကြည့်လိုက်ပြီး

'အာလဲ...ငါ့တူက လျံယိစန်းနဲ့ ဘယ်လို ပတ်သက်လို့လဲ'

'ရင်းနှီးလို့ပါခင်ဗျာ'

'လျံယိစန်းကို မသတ်ဘူး၊ သူ့လက်ထဲမှာ ပုရပိုက် ရှိနေဦးမယ် သူတို့ ထင်ထားကြတယ်၊ ဒါ့ကြောင့် လျံယိစန်းကို ဓားစာခံအဖြစ် ဖမ်းခေါ်သွားကြတယ်'

ဝေကွမ်မှာ စိတ်ပျက်သက်ပျက် သက်ပြင်းချမိလေတော့၏။

★

## အခန်း (၂၂)

## မျိုးချစ်သွေး

ဝေကွမ် ရင်ပူနေပြီ။ လျူယီစန်းသည် သူနှင့် ရင်းနှီးခင်မင်သူ ဖြစ်ပေသည်။ ထိုအချက်ကို အဘိုးအို သဘောပေါက်၏။ ဝေကွမ် စိတ်ထိခိုက်သွားခြင်းကို သူ နှစ်သိမ့်မှုပေးလိုပေသည်။

'ဒါတွေဟာ သူ့အကြောင်းဆက်နဲ့ သူ ဖြစ်ပျက်ခဲ့တာပဲ ငါ့တူရယ်၊ မဖြစ်ချင်ပေမယ့်လဲ ပြဿနာတွေက ဖြစ်လာခဲ့ပြီပဲ၊ ဦးတို့ ဘာလုပ်လို့ ရတော့မလဲ၊ စိတ်ထဲမှာ မခံချင်ပေမယ့် ကံကိုသာ ပုံချပြီး စိတ်ဖြေရတော့မှာပေါ့ကွယ်'

ဝေကွမ်မှာ အဘိုးကြီးကို လေးစားစွာကြည့်နေလိုက်သည်။ မိမိ၏ သမီး တစ်ယောက်လုံး သေလလား၊ ရှင်သလား



မသိရ၊ ပူပန်နေရစဉ် သောကဗျာပါဒကို ထိန်းသိမ်းလျက် တရားနှင့် ဖြေနိုင်ခြင်းမှာ ချီးကျူးစရာပင်။ အဘိုးအိုသည် သူ့ဘာသာ ထိန်းသိမ်းနိုင်ရုံမျှမက အခြားသူကိုပင် တရားချနိုင်ပေသေးသည်။

'ဦး....'

'ဘာလဲ ငါ့တူ'

'အဲဒီ မိရှို့သွားတဲ့ လူတွေက ဘယ်သူတွေ ဆိုတာကို ဦး သိသလား'

အဘိုးအိုက

'ဘာဖြစ်လို့ မေးရဘာလဲ ငါ့တူရယ်၊ ဖြစ်ပျက်ပြီးသားကိစ္စ ပြီးပါစေဘာ၊ ဒီအစကိုပြန်ဖော်ရင် အားလုံး တစ်ဖန် မြန်ပူပန်ကြရဦးမယ်'

ဝေကွမ်သည်တရားပြည့်ဝသော အဘိုးအိုအားစိတ်မဆင်းရဲစေလိုပေ။ သို့သော် စိတ်ထဲတွင်ကား အကြမ်းဖက် သမားများကို သိလိုလှပေသည်။ ထို့ကြောင့် တန်လုပ် မြူးရယ်လိုက်ပြီး

'ဦးရယ် ကျွန်တော် ဘာသုပ်ရမှာလဲဗျာ၊ ကျွန်တော်က စာပေ လက်ာသမားပဲ၊ ဒီလို အကြမ်းဖက် သမားတွေနဲ့ မယှဉ်ရဲပါဘူးဗျာ၊ အကျိုးအကြောင်း သိရအောင်သာ မေးတာပါ'

'အင်း....ဟုတ်ပါတယ်လေ၊ ငါ့တူရဲ့ ပြောပုံဆိုပုံ နေပုံထိုင်ပုံက ဟောဒီဟောဒီရမ်းရမ်းထဲကမှ မဟုတ်ဘဲ၊ ရည်မှည်

မွှန်မွှန် လူငယ်လေး တစ်ယောက် ဆိုတာ ဦး အကဲခတ်မိပါတယ်'

အဘိုးကြီးက သူ့ဘာသာသူ မှတ်ချက်ချ စကားဆိုပြီး သားလုပ်သူထံ ဝေ့ကြည့်လိုက်၏။ ဆယ့်ငါးနှစ် အရွယ်လူငယ်ကလေးမှာ သူ့အဖေကို မသိနိုးနား အကြည့်ဖြင့် မြန်ကြည့်နေ၏။ အဘိုးကြီးက လေးနက် တည်ကြည်စွာပင် ပြော၏။

'သား၊ မင်းလဲမှတ်ထားနော်၊ အာဿာတတရား ဆိုတာ ဘယ်အခါမှ မထားနဲ့၊ အဲဒါ လောကနဲ့ဗျာပါဒကို များစေတာပါ၊ ဖေဖေ ပြောတာ မှတ်ထားနော်၊ သား အစ်မအတွက် စိတ်ထဲမှာ ဒေါသ အာဃာတတွေ ထားမနေနဲ့၊ တရားနဲ့ ဖြေပါ'

အဘိုးအို၏ စကားက တကယ်ပင် အေးချမ်း မှုနှင့် ပြည့်ဝနေ၏။ ဝေကွမ်မှာ စိတ်ထား မြင့်မြတ် နူးညံ့သော မိသားစုတစ်စုနှင့် အမှတ်မထင် ကျမ်းဝင်ရင်းနှီးလိုက်ရသည့်အတွက် ကျေနပ်ပီတိ ဖြစ်မိလေ၏။ အဘိုးအိုက ရေနွေးကြမ်း တစ်ခွက်ကို ခံတွင်းရှင်းသည့် အနေဖြင့် တစ်ကျိုက်ယူကျိုက်လိုက်ပြီးလျှင် စကားဆက်ပြန်သည်။

'အင်း....စူးကျေးရွာကို မီးတင်ရှို့သွားတဲ့ လူတွေကတော့ တရုတ်ပြည်ကြီး တစ်ပြည်လုံးကို ဒုက္ခပေးနေကြတဲ့ ဝူဆန်ကွေးတို့ အုပ်စုပါပဲ ငါ့တူရယ်'

'ခင်ဗျာ'



ဝေကွမ် အံ့အားသင့်သွားသည်။ ဝူဆန်ကွေး ကိုယ်တိုင်ဤအနီးအနားတွင် လှုပ်ရှားနေခြင်းမှာ အံ့ဩစရာပင် မဟုတ်ပါလား။

'သူတို့က အဘိုး လျံယိစန်းကို တယ်ဘက် ခေါ်သွားတယ်ဆိုတာ ဦးသိပါသလား ခင်ဗျာ'

'အဲဒါတော့ ဦးလဲ အတိအကျ မပြောတတ်ဘူးကွယ့်၊ ဒီ အနားတစ်ဝိုက်မှာ ရှိနေဦးမလားတော့ မပြောတတ်ပါဘူးကွယ်၊ ဒါကြောင့် ဦးတို့ တစ်ရွာလုံးကလဲ သူတို့ရန်များ ဒီဘက်ကို မီးပွားလွင့်လာဦးမလားဆိုပြီး ကျီးလန့်စာစားဖြစ်နေကြရတာပါပဲကွယ်'

ဝေကွမ်၏မျက်နှာမှာ တည်ကြည် ငြိမ်သက် သွားသည်။ ပြည်သူပြည်သားများအား အမြဲတမ်းသိုလို ဒုက္ခပေးနေသည့် အုပ်စုကို မည်သို့မျှ စိတ်မဆိုး ဒေါသ မထွက်ဘဲ သည်းခံ သူ ဟန်မဆောင်နိုင်တော့ပေ။ ဝူဆန်ကွေးနှင့် လိုစီအင်တို့သည် တိုင်းပြည်၏ တကယ့် ရန်စွယ်ရန်ငုတ်များသာ ဖြစ်ပေတော့သည်။

လျံယိစန်းမှာ ရိုးသားသလောက် သဘောထား နူးညံ့သိမ်မွေ့သူဖြစ်သည်။ စာပေဗဟုသုတတွင် နှံ့စပ်တတ်ကျွမ်းသူဖြစ်၍ စူးကျေးရွာအား စာပေသင်ကြား ပေးနေသော စေတနာရှင် ဖြစ်၏။ ထိုခေတ်ထိုအခါကစာတတ်ပေတတ် ဖြစ်ရန်သိပ်မလွယ်လှပေ။ သိုင်းလောကနှင့်လည်း လုံးဝ ပတ်သက်ခြင်း မရှိပေ။

ထိုသို့သော အပြစ်မဲ့ စေတနာ အဘိုးအို တစ်ယောက်အား ဝူဆန်ကွေးတို့ ဖမ်းဆီး သွားခြင်းမှာ လွန်စွာ ဒေါသ ဖြစ်စရာပင်....။ အထူးသဖြင့် သိုင်းလောကနှင့် မည်သို့မျှ မပတ်သက်သည့် ဤသို့သော ကျေးရွာများကို ဖျက်ဆီးခြင်း အတွက် ဝေကွမ် ပို၍စိတ်ဆိုးရခြင်း ဖြစ်ပေသည်။

အဘိုးအိုသည် ဝေကွမ် ငြိမ်သွားသဖြင့် စူးစမ်း သလို ကြည့်လိုက်လေ၏၊

'ဦးရဲ့စကားကို နားထောင်ပါကွယ်၊ ရန်မီးကို မပွားချင် ပါနဲ့ကွယ်၊ ပြီးတော့ ငါ့တူဟာ တစ်ယောက်တည်း သမား ဖြစ်နေတယ်၊ ဒီလူမိုက်တွေနဲ့ တုဖက်မပြိုင်ပါနဲ့ကွယ်'

ဝေကွမ်ငြိမ်နေ၏။ ဘာမျှဆက်မပြောပေ။ အဘိုးကြီးက ထပ်မေးပြန်သည်။

'ဘယ့်နှယ်လဲ ငါ့တူ၊ ဦး ပြောတဲ့စကားကို နားထောင် မယ် မဟုတ်လား'

ဝေကွမ်က ယဉ်ကျေးသိမ်မွေ့စွာ ပြောလေ၏။

'ဦးရဲ့ စိတ်ထားကို သာမန်လူ တစ်ယောက် အနေနဲ့ ကျွန်တော် လေးစားပါတယ် ခင်ဗျား၊ သည်းခံခွင့်လွှတ် နိုင်ခြင်းဟာ အောင်နိုင်ခြင်း ဆိုတာကိုလဲ ကြားဖူးပါတယ်၊ ဒါပေမယ့်....မနိုင်လို့ သည်းခံတာမျိုးကို ကျွန်တော် မလိုလားပါဘူး၊ နောက်တစ်ခါ လိုအပ်တာထက် ပိုလာတဲ့ သည်းခံခြင်းမျိုးကိုလဲ ကျွန်တော် မလိုလားပါဘူး'

'ဘယ်လိုနည်းနဲ့ သည်းခံ သည်းခံ သည်းခံ တာဟာ မှန်မြတ်ခြင်း တစ်ပါးပဲ မဟုတ်ဘူးလား ငါ့တူ'



'ကိုယ်က သည်းခံလိုက်လို့၊ မေတ္တာထားလိုက်လို့ တစ်ဘက် လူက အသိစိတ်နဲ့ ပြောင်းလဲသွားမယ် ဆိုရင်တော့ ဟုတ်တာပေါ့ ဦးရယ်၊ မြွေပွေး မြွေဟောက်လို လူစားမျိုး၊ ဝံပုလွေ၊ မြေခွေးလို လူစားမျိုးကို မေတ္တာထား သည်းခံရင် ကိုယ့်ရဲ့အသက် ဆုံးရှုံးရမှာပေါ့၊ အခုဟာက ကျွန်တော်တို့ တစ်ယောက်တည်း၊ တစ်ဦးတည်းရဲ့ ပြဿနာမဟုတ်ပါဘူး၊ သူတို့ဟာ ဟန်တရုတ် မှန်သမျှကို နှိပ်စက်နေတော့ သူတို့ကို ဒီအတိုင်း လက်ပိုက် ကြည့်နေရင် ကျွန်တော်တို့ အမျိုး သားတွေပဲ ဒုက္ခရောက်ပါလိမ့်မယ်'

အဘိုးကြီးသည် ခန္တီတရားကို ဆက်မဟောတော့ပေ၊ တရုတ် တစ်မျိုးသားလုံး ဒုက္ခရောက်ခြင်းကို တွေးတော နိုင်လာသည်။

ဝေကွမ်က ဆက်၍ ပြောလေတော့သည်။

'သူတို့ဟာ သူတို့ စားနိုင်သောက်နိုင်ရုံ လုပ်တာမဟုတ်ဘူး၊ သူတို့ ချမ်းသာအောင် ကြွယ်ဝအောင် လုပ်ရုံတင် မက တော့ပါဘူး၊ တရုတ် ပြည်သူ ပြည်သားတွေကို နှိပ်စက်ပြီး တိုင်းတစ်ပါးသားတွေနဲ့လဲ အဆက်အသွယ်လုပ်နေကြပါတယ်၊ ဒီတော့ ကျွန်တော်တို့ ဟန် တရုတ်တွေရဲ့ ရှေ့ရေးဟာ မကောင်းတော့ပါဘူး၊ တကယ်လို့ ကျွန်တော်တို့က သည်းခံ စိတ်ချည်း မွေးနေမယ် ဆိုရင် ပြည်ပ တိုင်းတစ်ပါးသား တွေဟာ ကျွန်တော်တို့ကို စိတ်ကြိုက် အနိုင်ယူ စော်ကား ကြတော့မှာပါ'

အဘိုးကြီးက သားဖြစ်သူကို ကြည့်လိုက်၏။ ဝေကွမ်၏ စကားများကို သားဖြစ်သူ အလေးဂရုပြုပင် စိတ်ဝင်တစား ရှိနေသည်ကို တွေ့ရသည်။ သူ သက်ပြင်းချမိတော့သည်။

'အင်း... ငါ့တူ ပြောတော့လဲ မှန်နေ တာပါပဲလား၊ ဦးက ကွက်ကွက်ကလေးပဲ မြင်ခဲ့ တွေးခဲ့တယ်၊ အမှန်တော့ ကိုယ်လဲ ကိုယ့်သမီးအတွက် စိတ်ဆင်းရဲရတာပဲပေါ့၊ ဒေါသ ထွက်ခဲ့ရတာပဲပေါ့၊ စိတ်ဆင်းရဲ ဒေါသ ထွက်နေပေမယ့်လဲ ကိုယ့်မှာ ဘာသိုင်းပညာမှ မရှိဘဲ၊ ဒီတော့ တရားနဲ့ ဖြေရ တော့တာပဲပေါ့'

ဝေကွမ် ပြုံးလိုက်၏။

'မှန်ပါတယ်၊ သာမန် ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ကိုယ်က သည်းခံလိုက်တာ မှန်ပါတယ်၊ တစ်တိုင်းတစ်ပြည်လုံးနဲ့ ပတ်သက် လာရင်တော့ သည်းခံရေး တရားဟာ အတော် အန္တရာယ်ကြီးပါတယ်'

'ဟုတ်တယ်၊ ငါ့တူပြောတာမှန်တယ်၊ အခု ကျုပ်စိတ်တွေ ပြောင်းလဲ လိုက်ပါပြီ၊ ကျုပ်လို လူတစ်ယောက်ရဲ့ စိတ်ကို ပြောင်းလဲ သွားအောင် လုပ်နိုင်တာကို ကြည့်ရင် ငါ့တူရဲ့ အပြောအဆို မဆိုးဘူး ဆိုတာ သိသာ ထင်ရှားပါတယ်၊ စောစောက ငါ့တူကို တားခဲ့တာကလဲ စိုးရိမ်စိတ် စေတနာ ရင်းနဲ့ တားမြစ်တာပါ'

ဝေကွမ် ရယ်လိုက်၏။ ထို့နောက် သူ့ အကြောင်းများကို ဖွင့်ဟ ပြောဆိုလေတော့သည်။



'ဦးရယ်၊ တကယ်တော့ ရှူးကျောင်းရွာမှာ ကျွန်တော့် ဆွေမျိုး မရှိပါဘူး၊ ရှားရှားပါးပါး ဘဘ လို ယိုဝန်း တစ်ယောက်တည်းကိုသာ ရင်းနှီး သိကျွမ်းခဲ့ရတာပါ၊ အခု သူက ဝူဆန်ကွေးတို့လက်ထဲမှာ အဖမ်းခံနေရတယ် ဆိုတော့ ကျွန်တော် အဘော်ကို စိတ်မကောင်း ဖြစ်နေပါတယ်၊ ပြီးတော့ ကျွန်တော်ဟာ ဦးထင်သလို သာမန် အရပ်သား စာပေသမား မဟုတ်ပါဘူး ခင်ဗျာ'

အဘိုးကြီး အထိတ်တလန့် ဖြစ်သွားသည်။

'ဟင် ငါ့တူ ငါ့တူက အုပ်ချုပ်ရေးဘက်ကလား'

ဝေကွမ် ခေါင်းယမ်းပြလိုက်၏၊

'မဟုတ်ပါဘူးခင်ဗျာ၊ အုပ်ချုပ်ရေးဘက်မှာ ကျွန်တော် ဘယ်လိုမှ ဝါသနာမပါပါဘူး၊ ကျွန်တော်က သိုင်းလောက ထဲက သိုင်းသမားတစ်ယောက်ပါ၊ စာပေ ပညာရှင်ယောင် ဆောင်နေခဲ့တာကလဲ သိုင်းသမားလို့ ထင်ပြီး အများက ကြောက်မှာစိုးလို့ပါ၊ အခုပဲ ကြည့်လေ၊ ဝူဆန်ကွေးတို့ လုပ်သွားတာ ဘယ်လောက် ရက်စက်သလဲ၊ ဘယ်လောက် နာကျည်းစရာ ကောင်းသလဲ၊ ဒါပေမယ့် သိုင်းသမားတိုင်း အဲဒီအကျင့်မျိုး မရှိပါဘူး၊ ပြည်သူပြည်သားတွေရဲ့ အကျိုးကို အမြဲတမ်း ရှေ့ရှုဆောင်ရွက် တတ်ကြပါတယ်၊ သွမ်းဆန်ထဲ ရောနေတဲ့ ကြွက်ချေးတွေကြောင့် သိုင်းလောကသားတွေဟာ နာမည်အတော်ပဲ ပျက်ခဲ့ရပါတယ်'

အဘိုးကြီးသည် ဝေကွမ်ကို ငိုင်ကြည့်ကာ ပါးစပ် အဟောင်းသား ဖြစ်နေရှာသည်။

'ကဲ....ဦး....ကျွန်တော် အခြေအနေအရ လိမ်ညာခဲ့ရဲတာကို ခွင့်လွှတ်ပါခင်ဗျာ၊ ဦးရဲ့ ညွှဝတ်ကျေပွန်မှုကို ဘယ်တော့မှ မမေ့ပါဘူး၊ သည်းခံစိတ်ကို ဖျောက်ပြီး ကျွန်တော်တို့နဲ့ အတူ ရန်သူကို တိုက်ခိုက်နိုင်အောင် ကြိုးစားပါ၊ ကျွန်တော့်ကိုလဲ ခွင့်လွှတ်ပါဦးခင်ဗျာ'

ဝေကျွမ်သည် ပြောပြောဆိုဆိုပင် နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

အဘိုးကြီးတို့ မိသားစုကား ဝေကျွမ်ကို ငေးမောကြည့်ရင်း ကျန်ရစ်ရှာလေတော့၏။

★

အခန်း (၂၆)

လျှို့ဝှက်သူများ

ဝေကျွမ် တစ်လမ်းလုံး အတွေးလွန်လာ၏။ ဂူဆန်ကွေးကို ရင်ဆိုင်ရန်ကား သူ ဆုံးဖြတ်ပြီးလေပြီ။ ဂူထဲတွင်ပင် ရှောင်အီလင်အား ကတိသစ္စာဆိုကာ ကေဗုဇာ သိုင်းကျမ်းအား လေ့ကျင့်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

ဂူသို့ ရောက်သည်နှင့် သူ့စိတ်ကူးကို အကောင်အထည် ဖော်သည်။ သိုင်းကွက်များကို စတင် လေ့ကျင့်သည်။ မခံချင်စိတ်ဖြင့် ကြိုးစား လေ့ကျင့်သဖြင့် သွက်စွာ တိုးတက်လာ၏။ ဝါတိတ်၏ တိုးတက်လာမှုများကို တွေ့မြင်ရသောအခါ သူ ပို၍ ကြိုးစားချင်စိတ် ပိုပေါက်လာ၏။ စိတ်ထက်သန်ခြင်း၊

ဝီရိယရှိခြင်းတို့ ပေါင်းစပ်ကာ သူသည် ကေရာဇာသိုင်းကျမ်းကို လေ့လာလေတော့၏။

သူသည် သိုင်းလောက သိုင်းဂိုဏ်းပေါင်းစုံ၏ တိုက်ကွက် ချေဖျက်ကွက်များကို အဓိကထား၍ လေ့ကျင့်ခဲ့သည်။ ကိုယ်ဖော့ ပညာသည်လည်း အစွမ်း ထက်မြက်လာခဲ့သည်။ ထိုအထဲတွင် ပါဝင်သည့် အဆိပ်လက်ဝါးနှင့် မီးလက်ဝါး ကျင့်စဉ်ကိုမူ သူ မလေ့ကျင့်နိုင်သေးပေ။ အတွင်းအားပညာ ကျင့်စဉ် ကိုလည်း အပြင်းအထန် မလေ့ကျင့်နိုင်သေးပေ။ ထိုပညာများမှာ များစွာ အချိန်ယူရမည် ဖြစ်၍ ချန်လှပ် ထားရ၏။

ဝေကမ်းသည် ကိုယ့်ကိုယ်ကို အတော်ပင် ကျေနပ် ပီတိဖြစ် သွားသည်။ ဂူအောင်းကာ နေ့ညဥ့်မပြတ် ကြိုးစား လေ့ကျင့် ခဲ့သောကြောင့် ဆံမှတ်ဆိတ်များ ရှည်လျားလာသည်။ လူပုံ မှာလည်း ယခင်ကလို နုနယ် ချောမောသည့် အသွင်သဏ္ဌာန် မရှိတော့ပေ။ ယောကျ်ား ပီပီသသ ကျားကျားလျားလျား ရှိလာသည်။

ဤပညာများကို တတ်ကားပြီးနောက် မိမိ၏ အစွမ်းအစကို ပြသရန်၊ လက်သွေးရန် လိုအပ်လာသည်ကို သူနားလည်မိသည်။ မည်သည့် နေရာတွင် မည်သို့ အလျင်ဦးစွာ ရင်ဆိုင်ရမည်ကို စဉ်းစား၏။

ထိုအခါ လျံ့ယိစန်း၏ ရုပ်သွင်ကို သူ့မျက်စိထဲတွင် မြင် လာသည်။ လူရမ်းကား ဝူဆန်ကွေးတို့ အုပ်စုကို မြင်လာ သည်။



နောက်ဆုံးတွင် ဝေကမ်းမှာ အရှုံးမဲ့သိုင်းသမားကြီး ရှောင် အီလင်၏ မြေပုံကို ဦးချကန်တော့ကာ သစ္စာပြုလေတော့၏။

'ဘဘ....ဘဘ ပေးခဲ့တဲ့ သိုင်းပညာအမွေတွေကို ကျွန်တော် ရရှိခဲ့ပါပြီ၊ ဘဘ ပြောခဲ့တဲ့ စကားတွေလဲ ကျွန်တော့် နှလုံးသားထဲမှာ စွဲထင် ရိုက်ခတ်နေခဲ့ပါပြီ၊ သိုင်းလောကထဲက အောက်လမ်း သိုင်းသမားတွေကို ကျွန်တော် ရှင်းလင်းပစ်ပါ့ မယ်၊ တရုတ်ပြည်သူလူထုရဲ့ ကောင်းကျိုးချမ်းသာဖြစ်ရအောင် သိုင်းပညာနဲ့ အကျိုးပြုပါ့မယ်၊ မဟုတ်မမှန်၊ ကတိသစ္စာ မတည်မကြည်သူ ဖြစ်ခဲ့ရင် ကျွန်တော့်ရဲ့ ဓားသွားက ကျွန်တော့် အသည်းနှလုံးကို ဖြန်ပြီး စူးဝင်နစ်မြုပ်ပါစေ'

ဝေကမ်း မြေပုံပေါ်မှ မြေကြီး မြေမှုန့်များကို ဆုပ်ကိုင်လျက် အလေးအနက်ပင် သစ္စာဆိုသည်။ ထို့နောက် ဦးချ ကန်တော့ သည်။ သူ့ မျက်ဝန်း အိမ် တွင် မျက်ရည်များ ရစ်သမ်း လာ၏။

'ကျွန်တော့်ကို ခွင့်ပြုပါ ဘဘ၊ သိုင်းလောကကြီး တစ်ခု လုံး အေးငြိမ်း၊ ချမ်းသာဖို့အတွက်၊ တရုတ်အမျိုးသား တစ်ရပ် လုံး ကျွန်သဘောက်ဘဝ မရောက်ရစေဖို့အတွက် ကျွန်တော် ဒီကနေ့ပဲ စတင် ဆောင်ရွက်ပါတော့မယ်၊ ဘဘ ရောက်ရာ အရပ်က သာဓု ခေါ်ပါတော့'

ဝေကမ်း မြေပုံအနီးမှ ခွာလိုက်သည်။ ထို့နောက် ဂူကို နောက်ဆုံး နှုတ်ဆက်အကြည့်ဖြင့် ကြည့်ပြီး ကျောခိုင်း ထွက် ခွာလာခဲ့တော့သည်။

ဆောင်းဥတု လွန်မြောက်၍ နွေသို့ ကူးပြောင်းလာခဲ့ချေပြီ။ သောမြိုင် တောင်ခြေတို့လည်း အနည်းငယ် ခြောက်သွေ့စ ပြုလာ၏။

စမ်းရေတို့လည်း တဖောဖော မစီးဆင်းနိုင်တော့ပေ။ ဖြည်းဖြည်းမှန်မှန်သာ စီးဆင်းနိုင်ပေတော့သည်။

ဝေကွမ်သည် သူ့ခရီးစဉ်ကို စဉ်းစားရတော့၏။ ဂူဆန်ကျေးတို့ကို ရှေ့ဦးစွာ ရှာဖွေလိုသည်။ သို့သော် မည်သည့်ဒေသတွင် လိုက်လံ ရှာဖွေရမည် မသိပေ။ ဦးတည်ချက်ရှိသော်လည်း လမ်းကြောင်းကို ကား ရှာမတွေ့သေးပေ။ နောက်ဆုံး မေးမြန်းရင်း စုံစမ်းရင်း ထွက်လာတော့၏။ နားမျက်စိတို့ကို ဖွင့်ထားရ၏။

ဤသို့ဖြင့် ဂူမှ ထွက်လာခဲ့ရသည်မှာ လေးရက်တိုင်ခဲ့ပေပြီ။ နွေခေါ် ညပါ မနားမနေ ခရီးထွက်လာရသဖြင့် အတော်ပင်ပင်ပန်းနေခဲ့လေပြီ။

ထိုနေ့၏ ညနေစောင်းစတွင် စင်းကျန်ပြည်နယ်၏ မြို့ကလေး တစ်မြို့သို့ ရောက်လာခဲ့၏။ ထိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အနားယူလိုက်ရတော့၏။

မြို့ကလေးမှာ ခရီးလမ်းပန်း အချက်အချာ ကျသောမြို့ကလေး တစ်မြို့ ဖြစ်သောကြောင့် စည်စည်ကားကား ရှိ၏။ ဝေကွမ်မှာ ထိုမြို့ကလေးတွင် သတင်းအစအနရရန် မျှော်လင့်ခဲ့သည်။

ပွဲသောက်ပြီးသောအခါ အတွင်းခန်း လေ့ကျင့်စဉ်ကို ထိုင်၍ လေ့ကျင့်သည်။



သွေးလှည့်ပတ်မှု တစ်ပတ် ပြည့်သွားပြီးနောက် တစ်ကိုယ်လုံးရှိ အကြောအချင်များ၊ သွေးကြောများ ကိုက်ခဲမှု မရှိဘဲ ပြေလျော့သွား၏။ မောပန်း နွမ်းနယ်မှုတို့ ပျောက်သွား၏။ ကြည်လင် လန်းဆန်းသွားသည်။ လေးနေ့ လေးည ပင်ပန်းမှုများ ပပျောက်သွားခဲ့ရလေပြီ။

အချိန်က ညဉ့်ဦးယံတိုင်လာပေပြီ။ ဝေကွမ်အသာအယာပင် လှဲလျောင်းလိုက်၏။ ဤမြို့ထဲ မစုံစမ်းမီ အချိန်ရသလောက် အနားယူရမည်ဟု ဆုံးဖြတ်ထား၏။ သူ မှေးခနဲ အိပ်ပျော်သွားပြီး မကြာမီ မှာပင် အခန်း ပြင်ဘက်ဆီမှ ခြေသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဝေကွမ် ဖျတ်ခနဲ လန့်နိုးလာတော့သည်။ လှဲအိပ်လျက်မှပင် သတိထား နားစွင့် နေမိသည်။

'ဖျပ်—ဖျပ်....ဖျပ်'

ခြေသံ တဖျပ်ဖျပ်သံ ပေါ်လာသည်။ သို့သော် ကျယ်ကျယ် လောင်လောင် မဟုတ်။ သူ့အခန်းရှေ့၌ ခဏရပ်တန့်သွား၏။ သို့သော် ဆက်လျှောက်သံ ပေါ်လာသည်။ ခြေသံရှင်သည် အခန်းများကို လိုက်လံစစ်ဆေးနေဟန် တူသည်။ ဝေကွမ် ငြိမ်နေလိုက်၏။ ထို့နောက် ခြေသံ ရပ်သွား၏။ ဘေးခုကပ်လျက် အခန်းရှေ့၌ ရပ်တန့်သွားလေပြီ။

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ခပ်အုပ်အုပ် ထွက်ပေါ်လာ၏။ ကျွီခနဲ တံခါးဖွင့်သံလည်း ထွက်ပေါ်လာ၏။

'နောင်ကြီး ကျောက်ပေဆန်ပါလား၊ ဝင်လေ၊ ညကြီးမင်းကြီး ဘာအရေးကိစ္စများ ပေါ်လာလို့လဲ'

ခြေသံရှင်၏ နာမည်မှာ ကျောက်ပေဆန် ဖြစ်ကြောင်း သိလိုက်ရ၏။ ကျောက်ပေဆန် အခန်းတွင်းသို့ ဝင်လိုက်သံ ကြားရ၏။ ထို့နောက် တီးတိုးစကားသံ ကြားရ ပြန်၏။ ဝေကွမ်သည် အခန်း နံရံသို့ ကပ်၍ နားထောင် လိုက်၏။ တီးတိုးစကားသံများက တိုးညင်း လွန်းလှသဖြင့် သဲသဲကွဲကွဲ မကြားရပေ။

'ကျုပ်ပြောတာ ရှင်းတယ်မဟုတ်လား'

စကားသံက နှုတ်ဆက်ပြီး ထွက်တော့မည့် စကားသံ ပါပေ။

ဝေကွမ်သည် အခန်းအပြင်ဘက်သို့ ခပ်မြန်မြန် ထွက်ပြီး ခေါင်မိုးထုတ်တန်းများပေါ်၌ တွယ်ကပ်လိုက်၏။ ဝေကွမ်၏ စိတ်ကူးမဆိုးပါ။ တစ်ဘက်မှ အခန်း တံခါး ပွင့်သွားပြီး လူတစ်ယောက်ထွက်လာသည်။ ထိုလူကား ကျောက်ပေဆန် ဆိုသူပင် ဖြစ်ရ ပါလိမ့်မည်။ အခန်းရှင်က ကျောက်ပေဆန်ကို တံခါးဝအထိ လိုက်ပို့သဖြင့် ထိုသူကိုလည်းတွေ့မြင် မှတ်သားခွင့်ရလိုက်သည်။

သူ့စိတ်ထဲတွင် ထိုသူကို မြင်ဖူးသလိုလိုရှိသည်ဟု ထင်မှတ်မိ၏၊ သို့သော် အမည်နာမကိုကား ကွဲကွဲပြားပြား မသိပေ။ သူ့စိတ်ထဲတွင် အတော်ကလေး ကျေနပ် သွားသည်။ ထိုလူနှစ်ယောက်မှာ မိမိတို့ဘက်မှလူများမဟုတ်နိုင်။ ဝူဆန်ကွေးတို့၏ ဘက်တော်သားများ ဖြစ်နိုင်ပေသည်။ ထို့ကြောင့်



ကျောက်ပေဆန်၏ နောက်မှ ခြေရာခံလိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ဝေကွမ် အိမ်ခေါင်မိုးပေါ်သို့ ခုန်တက် လိုက်ပြီး နောက်တည်းခိုဆောင် ခြံဝင်း အတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ ကျောက်ပေဆန်သည် နောက်သို့ပင် လှည့်မကြည့်ဘဲ တစိုက်မတ်မတ်သွားနေသည်။ ဝေကွမ်သည် ခြံဝင်းထဲသို့ ခုန်ချပြီး တစိုက်မတ်မတ် လိုက်လေတော့၏။

မြို့အစွန်ဘက်ရှိ ခြံကြီးတစ်ခြံဆီသို့ ကျောက်ပေဆန်က ဦးတည် သွားနေသည်။ ခြံကြီးက ကြီးမားကျယ်ဝန်းလှ၏။ ညဉ့်အချိန် ဖြစ်နေသည့်တိုင် မီးရောင်များက ထိန်ထိန်ညီးညီး ရှိနေသည်။ အခြားအိမ်များ ဤသို့ထိန်ညီးခြင်းမရှိ။ ဤအိမ် တစ်အိမ်သာ ထိန်ညီးခြင်း ဖြစ်သည်။ ကျောက်ပေဆန်ကား နောက်သို့ တစ်ချက်ကလေး လှည့်မကြည့်ပေ။ ထိုခြံကြီးရှိရာ သို့သာ စိုက်စိုက် စိုက်စိုက်နှင့် သွားနေလေ၏။

ထိုခြံဝသို့ ရောက်သည်နှင့် ပုန်းအောင်းနေသော အစောင့်အကြပ်များသည် တစ္ဆေများသဖွယ် ရိပ်ခနဲ ခုန်ထွက်လာပြီး ကျောက်ပေဆန်ကို တားဆီးကြလေ၏။ ထို့နောက် ကျောက်ပေဆန်ကို ခြံကြီးထဲသို့ ဝင်ခွင့်ပြုလိုက်ကြသည်။

ကျောက်ပေဆန်ဝင်သွားပြီးနောက် အစောင့်အကြပ်များ အလျှိုလျှို ပျောက်ကွယ် သွားကြပြန်သည်။ အတန်ကြာသောအခါ ကျောက်ပေဆန်နှင့် အတူ လူ တစ်ယောက် အိမ်အပြင်သို့ ပြန်ထွက်လာကြ၏။ အိမ်ရှင်ဖြစ်သူ၏ ဝတ်စား

ဆင်ယင်မှုမှာ ပြောင်သက်တောက်ပလှသည်။ သူတို့နှစ်ယောက် စကားတတွတ်တွတ်ပြောနေကြ၏။ ဝေကွမ် မကြားရပေ။

ထိုစဉ် လူရိပ်တစ်ရိပ်သည် ကျောက်ပေဆန်တို့ ရှေ့သို့ ရိပ်ခနဲ ကျရောက်လာ၏။ ကျောက်ပေဆန်တို့ အကြီးအကျယ် အံ့အားသင့် သွားကြသည်။ ထို သူသည် အဝတ်အစား ပြောင်ပြောင်လက်လက် ဝတ်ဆင် ထားသူကိုသာ ဦးညွှတ် အရိုအသေ ပြုသည်။ ဝေကွမ် အသေအချာ ကြည့်မိမှ ထိုသူမှာ တည်းခိုဆောင်၌ ပထမ ရောက်ရှိ တည်းခို နေသူ ဖြစ်ကြောင်း တွေ့ရလေ၏။

ထိုသူကို ကျောက်ပေဆန်တို့က ရယ်ရယ်မောမော စကား ပြောသည်။ ထိုလူကို အရေးတယူဆက်ဆံကြကြောင်း ဝေကွမ် တွေ့ရှိရ၏။

ထိုသူကလည်း ရှိသေလေးစားစွာပင် ပြန်၍ ဆက်ဆံ၏။ စကားသံများ တိုးရာမှ တဖြည်းဖြည်း ကျယ်လာသည်။ ဝေကွမ်သည် စကားသံ ပီသစွာ ကြားရရေးအတွက် ရှေ့သို့ တဖြည်းဖြည်း တိုးသည်။

ပြောင်ပြောင်လက်လက် လူက

'ခင်ဗျား ပြောသလိုဆိုရင် အခြေအနေက တော်တော် ဆိုးနေတဲ့ သဘောပဲ၊ လိုစီအင်တို့ အခြေအနေက ပြိုကွဲသွား ပြီလို့ ဆိုရမလို ဖြစ်နေပြီပေါ့'



'ဟုတ်ပါတယ် အရာကြီး ထန်ဟုန်ဖန်၊ ပေတစ်ရာမြေ လူထုံးမင်းဟာ အတွင်းဒဏ်ရာ ပျောက်ကင်းသွားပြီ ဆိုပေမယ့် သိုင်းပညာကို ပြင်းပြင်းထန်ထန် မသုံးစွဲ နိုင်တော့ပါဘူး၊ ချောင်ချိုတို့ကလဲ အာမှ သိပ်ပြီး အသုံးမကျတဲ့ လူတွေလို့ ဖြစ် နေပါတယ်၊ ဒီကြားထဲ အမည်မသိ လျှို့ဝှက်လွန်းတဲ့ လူ တစ်ယောက်ကလဲ လိုစီအင်တို့ရဲ့ လှုပ်ရှားမှု မှန်သမျှကို တိတ် တဆိတ် ဖျက်ဆီးနေပါတယ်'

ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားသူကား မာစီအင်၏ လူယုံတော် ထန်ဟုန်ဖန် ပေတည်း။ ထိုသူများ အားလုံး တိုင်းပြည်၏ သစ္စာဖောက်များဖြစ်ကြောင်း ဝေကွမ် သိလိုက် ရသောအခါ အုံးမချင်စိတ်များ တဖွားဖွား ပေါ်လာတော့ သည်။

သို့သော် ရှပ်ဆိုးမ၏ စကားကို နားထဲတွင် ကြားယောင် လိုက်မိသဖြင့် ပေါက်ကွဲအံ့ဆဲဆဲ ဒေါသကို ချုပ်ထိန်းထားလိုက် ရသည်၊ ထန်ဟုန်ဖန်၏ စကားသံက ထွက်လာပြန်သည်။

'ဒါနဲ့ လိုစီအင်တို့ဆီကို ဝတ်ရုံနက်ရှင် ရောက်လာခဲ့တယ်ဆို၊ သူကတော့ ဘယ်လိုမှ မလှုပ်ရှားဘူးလား'

'လှုပ်ရှားပါတယ်၊ သူ့စိတ်ထားက သိပ်ပြီး မှုမမှန်တော့ ချန်ချင်တို့ နောက်ကိုသာ သဲကြီးမဲကြီး လိုက်နေပါတယ်၊ ဝေစင်ဟိုင်နဲ့ ပတ်သက်ပြီး ကလဲ့စားချေချင်တဲ့ သဘောပါပဲ'

ထန်ဟုန်ဖန် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ကျောပွတ်မယ်ဆိုတဲ့ မိန်းကလေးကတော့ ပျောက်ချင်းမလှ ပျောက်သွားရတာ ဘာသဘောတဲ့လဲ ဂူလန်တင့်'

ဝေကျွမ်မှာ သည်တော့မှပင် ရင်ထဲ၌ ထိတ်သွားရသည်။

တည်းခိုခန်းမှ ထပ်မံ ရောက်လာသူကား ဂူဆန်ကွေး၏ လက်ရုံးတပည့် ဂူလန်တင့်ပေတည်း။ ကျားပွတ်မယ်၏အကြောင်း ရောက်လာသဖြင့် ဝေကျွမ်မှာ အစွမ်းကုန် နားစွင့်နေရလေတော့၏။

★

## အခန်း (၁၃)

## ဆန်းကြယ်သော တိုက်ကွက်

ဂူလန်တင့်က ဂရုမစိုက်သည့် လေသံဖြင့်

'ကျားပွတ်မယ် ဆိုတာကလဲ ဘာမို့လို့လဲ ဆရာကြီးရယ်၊ သူက ဝေကျွမ် ဆိုတဲ့ ချန်ချင်ရဲ့ တပည့် ချာတိတ်ကလေးကို စွဲလမ်းနေတာပဲ၊ အဲဒီ ဝေကျွမ်လဲ ဘယ်ထွက်သွားမှန်းမသိ ပျောက်သွားရော သူလဲ စုပ်စမြုပ်စ ပျောက်သွားတော့တာပါပဲ၊ ဘာမှ အားကိုးမရတဲ့ မိန်းကလေးပါ၊ သိုင်းပညာ ထက်မြက်သလောက် အချစ်ရေးထဲမှာ နစ်မွန်းနေတာပါ'

ဂူလန်တင့်၏ ရွတ်ချစကားများကို ဝေကျွမ် အံကြိတ်၍ နားထောင်နေ၏။ သူတို့အနေဖြင့် ကျားပွတ်မယ်၏ စေတနာမေတ္တာကို မည်သို့ နားလည် သဘောပေါက်ပါမည်နည်း။

သူတို့ အဓိကထားနေသည်မှာ သစ္စာ၊ မေတ္တာ မဟုတ်ပေ။ တိုင်းပြည်သစ္စာဖောက်ကြရန်သာ။

ထန်ဟုန်ဖန်က ရယ်လိုက်ပြီး

'ဝါတိတ် ဆိုတာလဲ ချန်ချင်ရဲ့ တပည့်ပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စီကောင်က ဘယ်လိုကနေ ဘယ်လို သိုင်းပညာ ထက်မြက်လာတယ် မသိဘူး၊ ဝေစင်ဟိုင်လို ဆရာကြီးတစ်ယောက်ကိုတောင်မှ အနိုင်တိုက်ခိုက်လိုက်တော့ သိုင်းလောက တစ်ခုလုံး တော်တော်ကလေး ဂယက်ရိုက်သွားတယ်၊ အရင်က ကျုံရိမှဲ နာမည်လွှမ်းခဲ့သမျှဟာ ဝါတိတ်ရဲ့ အရှိန်အဟုန်ကို မကျော်လွှားနိုင်လောက်အောင် ဖြစ်သွားတော့တာပဲ'

'ဒီကြားထဲမှာ ဘာတွေ ထူးသေးသလဲ ဂူလန်တင့်'

ဂူလန်တင့် ခဏမျှ စဉ်းစားနေပြီးမှ

'ဘာမှတော့ သိပ်မရှိပါဘူး၊ ဆရာကြီး ဝူဆန်ကွေးတို့ဆီမှာ ဖြစ်ပျက်သွားတဲ့ ကိစ္စကိုတော့ ဆရာကြီး သိမှာပေါ့'

ထန်ဟုန်ဖန် မျက်မှောင်ကြုတ်သွား၏။

'ဘာကိစ္စလဲ၊ စူးကျေးရွှာ ကိစ္စလား'

ဂူသန်တင့် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့....စူးကျေးရွာနဲ့ ပတ်သက်တဲ့ ကိစ္စပါပဲ၊ စူးကျေးရွာကို ကျွန်တော်တို့ မီးတင်ရှို့ပြီး လျံယိစန်းကို ခေါ်လာခဲ့ကြတယ်၊ လမ်းခုလတ်မှာ မိန်းကလေးတစ်ယောက်က ကြားဖြတ်ဝင်တိုက်ခိုက်လို့ ကျွန်တော်တို့ဘက်က တပ်သား ငါးယောက်ကျဆုံးသွားတယ်၊ လျံယိစန်းတော့ ပါမသွားပါဘူး၊ ဆရာ



ကြီး ဝူဆန်ကွေးလဲ ထွက်လာရော သူတို့လဲ ကြိမ်းဝါးပြီး ထွက်ပြေးသွားတော့တာပဲ'

'အဲဒီ မိန်းကလေးက ဘယ်သူတဲ့လဲ'

'ကျွန်တော်တို့လဲ မသိရပါဘူး၊ အသက်ကတော့ ကျော်ပွတ်မယ်တိုလောက်ပဲ ရှိဦးမယ်၊ သိုင်းပညာမှာတော့ တော်တော်ကြီးကို ထက်မြက်တာပါပဲ'

ရုပ်ဆိုးမလေးကို ပြောနေခြင်း ဖြစ်မည်ဟု ဝေကွမ် တွေးလိုက်သည်။ သူ့ရင်ထဲတွင် ဘာကြောင့်မှန်းမသိ အနည်းငယ် လှုပ်ရှားသွားမိ၏။

ထန်ဟုန်ဖန်က ညည်းညည်းညူညူ ပြောလာတော့၏။

'အင်း သိုင်းလောကမှာလဲ မထင်မှတ်တာတွေ ဖြစ်လာနေပြီ၊ ကျုပ်တို့ဘက်ကလဲ ဘယ်လိုမှ ပေါ့ဆကြလို့ မရတော့ဘူး၊ ဆရာကြီး ဝူဆန်ကွေးကို သတိနဲ့နေဖို့ ပြောလိုက်ပါ၊ ပြီးတော့ ဝတ်ရုံနက်ရှင်ကိုလဲ အသက်အသေ ရအောင် ကြိုးစားဖို့ ပြောလိုက်ပါ'

'ကောင်းပါပြီ ဆရာကြီး ထန်ဟုန်ဖန်၊ နောက်ထပ် ကျွန်တော့်ကို ဘာများ မိန့်မှာစရာ ရှိပါသေးသလဲ ခင်ဗျာ'

ထန်ဟုန်ဖန် ခေါင်းမော့ကာ စဉ်းစား၏။ ထောကြာမှ—

'ထူးထူးထွေထွေတော့ ဘာမှ မရှိတော့ပါဘူး၊ လျံယိစန်းကိုသာ အဆိပ်ပဒေသာ ပုရပိုက်ကျမ်း ဘယ်မှာ ထားသလဲ ဆိုတာ မရ ရအောင် မေးပါ၊ ဆက်ပြီး ခေါင်းမာနေဦးမယ် ဆိုရင် ကျုပ်ကိုယ်တိုင် လာပြီး ဆုံးမမယ်လို့ ပြောလိုက်ပါ'

'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဂူလန်တင့် နှုတ်ဆက် စကား ဆိုကာ ခြံဝင်းထဲမှ ခုန်ပျံထွက်လိုက်သည်။ ဝေကွမ်သည် ထိုသူ့နောက်သို့ လိုက်မည် စိတ်ကူးလိုက်၏။ သို့သော် သူ မလိုက်ဖြစ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဂူလန်တင့် ခုန်အထွက်တွင် အပြင်မှ လူရိပ်တစ်ရိပ် ခုန်ဝင်လာပြီး ဂူလန်တင့်ကို လေထဲ၌ ဖမ်းဆီးလိုက်သောကြောင့်ပေတည်း။

ထိုသူသည် ဂူလန်တင့်၏ သွေးကြောကို ဖမ်းပိတ်ပြီး အံ့ဩနေသူများ ရှေ့သို့ ခုန်ဆင်းလာ၏။

ထန်ဟုန်ဖန့်နှင့် ကျောက်ပေဆန်တို့ နှစ်ယောက် အထိတ်တလန့် ဖြစ်သွားပြီး နောက်ဆုတ်သွားကြ၏။ ဝေကွမ်သည်ပင် အံ့အားသင့်သွားမိသည်။ ဂူလန်တင့်ကို ကုပ်ပိုးမှ ဆွဲကာ ခုန်ဝင်လာသူမှာ ကျားပွတ်မယ် ဖြစ်နေသောကြောင့်ပေတည်း။

'ဟင်၊ မင်း....မင်း....ကျားပွတ်မယ်'

ထန်ဟုန်ဖန့်က ထစ်ထစ်ငေါ့ငေါ့ ပြော၏။

ကျားပွတ်မယ်က ကိုယ်ကလေး လှုပ်ကာ ရယ်လိုက်ပြီး....

'ဟုတ်တယ်၊ ကျွန်မ ကျားပွတ်မယ် မေလွှမ်ပဲ'

'မင်း ဘာကြောင့် ဒီလို လုပ်ရတာလဲ၊ ဂူလန်တင့်ဟာ မင်းရဲ့ ရန်သူမို့လို့လား'

'ဒီအချိန်မှာ ကျွန်မအတွက် မိတ်ဆွေတွေ၊ ရန်သူတွေ ခွဲခြားနေစရာ မလိုဘူး၊ ကျွန်မ သိချင်တာကို ဖြေရင် မိတ်ဆွေပဲ၊ သိလျက်နဲ့ ထိန်ဝှက်ထားရင် ရန်သူပဲ'



ထန်ဟုန်ဖန့်မှာ ကျားပွတ်မယ်ကို ကြည့်ပြီး တအံ့တဩကြီး ဖြစ်နေ၏။ ဝေကွမ်မှာလည်း ယခုမှပင် ကျားပွတ်မယ်၏ နာမည်ကို သိခွင့်ရတော့သည်။

'မင်း ဘာတွေ ပြောနေတာလဲ မေလွှမ်၊ ဘာကို သိချင်ရတာလဲ'

'ကျွန်မ သိချင်တာကတော့ အစ်ကို ဝေကွမ် ဘယ်မှာ ရှိနေသလဲ၊ အန္တရာယ်ကျရောက်နေပြီလား ဆိုတာပဲ'

ထန်ဟုန်ဖန့် လှောင်ရယ်ကလေး ရယ်လိုက်၏။ ပြီးမှ....

'သိပ်ရယ်စရာ ကောင်းပါလားကွာ၊ မင်း စိတ်တွေ မှန်မှ မှန်သေးရဲ့လား မေလွှမ်၊ မင်း ရူးနေပြီလား'

ထိုမေးခွန်းကို ကျားပွတ်မယ် သေချာစွာ ပြန်ဖြေပါ၏။ ထိုအဖြေစကားကြောင့် ဝေကွမ်မှာ ရင်ခွင်တစ်ခုလုံး လျှင်ခါလှုပ်သကဲ့သို့ သွက်သွက်ခါ သွားရလေတော့၏။

'ဟုတ်တယ်၊ ကျွန်မ ရူးနေပြီ၊ မေလွှမ်ဆိုတဲ့ ကျားပွတ်မယ်ဟာ အရူးပဲ၊ ကျွန်မ စိတ်ထဲမှာ ဘာမှ မရှိတော့ဘူး၊ အစ်ကို ဝေကွမ် တစ်ယောက်ပဲ ရှိတော့တယ်၊ သူ ပျောက်နေတာ ကြာပြီ၊ သူ့ကို ရှင်တို့ ဒုက္ခပေးထားကြသလား၊ ကျွန်မကို အမှန်အတိုင်း ပြောပါ'

'မေလွှမ် မင်း လုပ်ရပ် တွေဟာ လုံးဝကို မှားနေပြီ၊ ဝေကွမ်ဆိုတဲ့ကောင် အလကားကောင်....'

'တိတ်စမ်း....'

ထန်ဟုန်ဖန်စကားဆုံးအောင် အပြောမခံဘဲ ကျာပွတ်မယ် မေလွှမ်က အောင်ခေါက်ကို တားဆီးလိုက်သည်။ ဝေကွမ်သည် ကျာပွတ်မယ်က သူ့အပေါ်ထားရှိသော မေတ္တာကို နက်ရှိုင်းစွာ ခံစားမိလိုက်လေပြီ။ ယခုအချိန်တွင် သူနှင့်ပတ်သက်ပြီး သူမမျာ အရှုံးတစ်ပိုင်း ဖြစ်နေခဲ့ပြီ မဟုတ်ပါလား။

'ရှင့်စကားကို ပြင်ပြောပါ၊ အစ်ကို ဝေကွမ်ကို ကျွန်မ ရှေ့မှာ ဘယ်တော့မှ မလေးမစား မပြောပါနဲ့'

'ဟား...ဟား ဟား'

ထန်ဟုန်ဖန် ရယ်လိုက်ပြန်သည်။ ထို့နောက် တင်းမာ ခက်ထန်စွာပင် ပြော၏။

'မေလွှမ် မင်း တော်တော် ခက်ပါလား၊ ဝေကွမ်ကို ဝေကွမ်လို့ မခေါ်လို့ ငါက ဘယ်လိုခေါ်ရဦးမှာလဲ၊ပြီးတော့ မင်းက ငါ့ကို အမိန့်သံ အာဏာသံနဲ့ဆက်ဆံရအောင် မင်းက ဘယ်လောက်များ သိုင်းပညာအဆင့်ရှိနေလို့လဲ'

ထိုအခါ ကျာပွတ်မယ်က တခစ်ခစ် ရယ်လေတော့သည်။

'သိုင်းပညာအဆင့် ဟုတ်လား၊ ရှင်ကကောဘယ်လောက်များ သိုင်းပညာအဆင့်မြင့်နေလို့လဲ၊ ရှင်က သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင် ဖြစ်နေပြီလား၊ ဒီမှာ ထန်ဟုန်ဖန်'

ထန်ဟုန်ဖန်မှာ ကျာပွတ်မယ်၏ ခပ်ထန်ထန်စကားအပြင် သူ့နာမည်ကိုပါ တိုက်ရိုက်ကြီး ခေါ်ဝေါ် လိုက်သော ကြောင့် မျက်နှာ အပျက်ကြီးပျက်သွားရသည်။ အနားမှ



ကျောက်ပေဆန်သည်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားရ လေ၏၊

'ရှင်ဟာ ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုသိရဲ့လား၊ ရှင့်လို လူမျိုးကို ရှင့်တို့ရဲ့ လက်အောက်က အမျိုးသားသစ္စာဖောက် တွေကသာ ဆရာခေါ်၊ သခင်ခေါ်တော့မပေါ့၊ ကျွန်မလို လူမျိုးက ရှင့်ကိုဆရာခေါ်ဖို့ ခဲယဉ်းသားပဲ၊ အေး ဒါပေမယ့် ကျွန်မ ရင်ထဲမှာရှိတဲ့ အစ်ကို ဝေကွမ်ကိုတော့ အမြတ်မီး ကျွန်မထက် မြင့်တဲ့နေရာ၊ မြတ်တဲ့ နေရာမှာ ထားတယ် ဆိုတာ ရှင်တို့ သိထားလိုက်ပါ၊ သူ့ကို မဖွယ်မရာ ပြောရင် ဆက်ဆံရင်ပဲ ဒီလူဟာ ကျွန်မ ရန်သူပဲ'

တိုစဥ် ကျောက်ပေဆန် ဝင်ပြောလာလေ၏။

'မိန်းကလေး၊ မင်းစကားတွေက သိပ်ကို ရင့်သီးရိုင်းပျ လွန်းနေပြီ၊ တို့က မင်းကို အရင်တုန်းကတည်းက အကူးအလူး အဆက်အဆံရှိခဲ့ဖူးတဲ့ လူချင်းမို့ သည်းခံနေကြတာ၊ မင်းက တဖြည်းဖြည်း ပိုပြီး ရိုင်းပျ လာတယ်၊ မင်း လက်ထဲက ဂူလန်တင့်ကို လွှတ်ပေးလိုက်ပါ၊ မင်းသိချင်တဲ့ ဝေကွမ် ကိစ္စကိုလဲ ကျုပ်တို့ မသိဘူး'

ကျာပွတ်မယ်က ဂူလန်တင့်ကို လွှတ်မပေးပေ။ ဂူလန် တင့်မှာ သွေးကြောပိတ် ခံထားရသဖြင့် မျက်ဖြူဆိုက်နေ သည်။

'ရှင်တို့ ကျွန်မကိုလိမ်ညာနေတယ်၊ အစ်ကို ဝေကွမ်ဟာ စောစောကလေးကတင်ကပဲ ကျွန်မ ရှေ့နားက ရိပ်ခနဲ ဖြတ်

သွားတယ်၊ ကျွန်မ နောက်က အတင်းပြေးလိုက်တာ မမီတော့ဘူး၊ ရှင်တို့ ဟောဒီ မြံကြီးနားမှာပဲ ပျောက်သွားခဲ့တယ်၊ ရှင်တို့ သူ့ကို ဖမ်းချုပ်ထားပြီ မဟုတ်လား'

ထန်ဟုန်ပန့်က

'မင်းကို ငါပြောပြီးပြီ မဟုတ်လား၊ ဝေကွမ်ကို ငါတို့က ဘာကြောင့် ဖမ်းထားရမှာလဲ၊ မဖမ်းပါဘူး'

'ရှင်တို့က ဝံပုလွေလို၊ မြွေပွေးလို လူတွေပဲ၊ သူ့ကို ဖမ်းချုပ် ထားရင် ထားမှာပေါ့၊ ကိုယ့်အသက်ဘ လွှဲရင် ကျန်တဲ့ လူတွေရဲ့အသက်ကို အသက်လို့အောက်မေ့ကြတဲ့ လူတွေမှမဟုတ်ဘဲ'

'ကျာပွတ်မယ်.... မင်းစကားတွေ သိပ်စော်ကားနေပြီ၊ မင်းကိုယ်မင်း နားထင်သွေးရောက်နေသလား၊ မင်းလက်ထဲက ဂူလန်တင့်ကို လွှဲပေးလိုက်စမ်း'

ကျောက်ပေဆန်၏ အော်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ကျာပွတ်မယ်က ကိုယ်ကလေး လှုပ်ခါ သွားအောင် ရယ်လိုက်လေ၏။

'အဟင်း....ဟင်း... ဟင်း၊ သူရဲကောင်းကြီးကလဲ ဒေါသတော်တော်ကြီးတာကိုး၊ ရော့...ရှင်တို့လူ'

ပြောပြောဆိုဆိုပင် သူမလက်ထဲမှ ဂူလန်တင့်ကို ကျောက်ပေဆန် လက်အတွင်းသို့ ပစ်ပေးလိုက်သည်။ ကျောက်ပေဆန်မှာ ကမန်းကတန်း ဖမ်းယူ လိုက်ရ၏။ ဂူလန်တင့်မှာ မလှုပ်မယှက် ဖြစ်နေဆဲပင်။



'ရှင်တို့လူကို ရှင်တို့လက်ထဲ ပြန်ထည့်ပေးလိုက်လို့ ကျွန်မကို ကြောက်နေတယ်လို့ မထင်နဲ့၊ တန်ဖိုးမရှိတဲ့ လူတစ်ယောက်ရဲ့ သွေး ကျွန်မ လက်နဲ့ အပေမခံချင်လို့ ပြန်ပေးလိုက်တာပဲ'

'တောက်....'

ကျောက်ပေဆန် တောက်ခေါက်လိုက်သည်။ ကျာပွတ်မယ်ကို စားတော့ ဝါးတော့မတတ် ကြည့်လိုက်၏။ ဂူလန်တင့်ကို မြေကြီးပေါ်တွင် အလိုက်တသင့်ကလေး ချထားလိုက်ပြီး

'ကျာပွတ်မယ်....မင်းကို လက်ပိုက်ကြည့်နေလို့ မရတော့ဘူး၊ မင်းစကားတွေက မိုက်ရိုင်းလွန်းလှတော့ နောင်ကို လိပ်လိပ်မာမာ ပြောတတ်အောင် မင်းကို ကောင်းကောင်း ဆုံးမပေးရတော့မယ်'

သူသည် စကားဆုံးသည်နှင့် ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။ ထို့နောက် ကျာပွတ်မယ်၏ ရင်ဝတည့်တည့်ဆီသို့ ရွတ်ဘရက် ထိုးစိုက်ချလိုက်လေတော့သည်။

• • •

ကျာပွတ်မယ်သည် ကျောက်ပေဆန်၏ ဓားချက် သူမ ရင်ဝသို့ နီးကပ်လာသည့်တိုင် ရှောင်တိမ်းခြင်း၊ ထိတ်လန့်ခြင်း မရှိသေးပေ။ ရင်ဝနှင့် သုံးလက်မခန့်အကွာမှ ကိုယ်ကို လျှပ်မြက်သလို ယိမ်းနွဲ့လိုက်သည်။ ကျောက်ပေဆန်၏ ဓားရှည်က သူမကို မထိုးမိတော့ဘဲ လေထုကိုသာ ထိုးခွဲသွားသည်။

'ရှုပ်....'

ကျားပွတ်မယ်မှာ အနီးကပ် ရှောင်ပြီးသည်နှင့် ကိုယ်ကို မှောက်ကိုင်းကာ လက်ဝါးရိုက်ချက် တစ်ချက် ထုတ်လိုက်၏။

'ဖြန်း...'

ကျောက်ပေဆန်၏ ဘယ်ဘက်ပါးပြင်မှာ သွေးရောင် လွှမ်းသွား၏။ ကျောက်ပေဆန်သည် တိုက်ပွဲစစချင်း ကျားပွတ်မယ်၏ ပါးအရိုက်ကို ခံလိုက်ရသောကြောင့် အကြီးအကျယ် ရှက်ဒေါသ ထွက်သွားလေ၏။ ထို့ကြောင့် သူ့ဓားရှည်ကို စကြာပမာ ဝှေ့ယမ်းကာ တရစပ် တိုက်ခိုက်လေတော့သည်။

ရှမ်း....ရှမ်း...ရှမ်း'

ကျားပွတ်မယ်ကား မည်သည့် လက်နက်မျှ မထုတ်ချေ။ သူ၏ နာမည်ကြီး ကျားပွတ်ကိုပင် ထုတ်မသုံးပေ။ ကျောက်ပေဆန်ကို လက်နက်မဲ့ ယှဉ်ပြိုင်နေ၏။

သူမ၏ ခန္ဓာကိုယ်ကလေးမှာ လိပ်ပြာကလေးတစ်ကောင်လေဘွင် ဝဲပျံနေသည့်အလား လှုပ်ရှားနေသည်။ ကျောက်ပေဆန်မှာ သူ၏ အထက်မြက်ဆုံး၊ အကောင်းဆုံးသော ဓားရေး ဓားကွက်များကို ထုတ်ဖော်တိုက်ခိုက်သော်လည်း ကျားပွတ်မယ်၏ အင်္ကျီစကိုပင် ထိအောင် မတိုက်နိုင်ရှာပေ။ သူသည် အကြမ်းတမ်းဆုံး အရက်စက်ဆုံး တိုက်ကွက်များဖြင့် တိုက်စစ်ဆင်နေ၏။ သို့တိုင် ကျားပွတ်မယ်က အေးအေးဆေးဆေးပင် ရှောင်တိမ်း တိုက်ခိုက်နေနိုင်သည်။ ကျောက်ပေဆန်က ကြမ်းတမ်းလာလေ သူမက ပေါ့ပါးလာလေလေပင်။

'ဖြန်း....ဖြန်း...ဖြန်း'



ဤမျှ ဓားရိပ်များ ယှက်ဖြာနေသည့်ကြားမှပင် ကျားပွတ်မယ်၏ လက်များက ကျောက်ပေဆန်၏ ပါးကို တဖြန်းဖြန်း ချလိုက်လေ၏။ သုံးချက်တိတိ ဆက်ကာ ပါးရိုက်လိုက်ခြင်းဖြစ်သည်။

ကျောက်ပေဆန်မှာ အတော်ကလေး စိတ်ချောက်ချားသွားသည်။ မခံမရပ်နိုင်အောင်လည်း ဖြစ်သွားသည်။ ထန်ဟုန်ဖန့် ရှေ့တွင် ဤကဲ့သို့ အစော်ကားခံလိုက်ရသဖြင့် ပို၍ ရှက်သွားသည်။

သူသည် ထန်ဟုန်ဖန့်နှင့် အဆင့်တူပမာ ဆက်ဆံခဲ့သည် မဟုတ်ပါလော။ ထို့ပြင် သူ့အား အရှက်တကွဲ အကျိုးနည်းဖြစ်နေစေသူမှာ ကြီးကြီးမားမား ယောကျ်ားသားကြီးမဟုတ်ပေ။ ငယ်ရွယ်လှသော မိန်းမပျိုကလေးဖြစ်နေသည်။ ကျောက်ပေဆန်မှ စိတ်မဆိုးလျှင် အဘယ်သူ စိတ်ဆိုးနိုင်ပါအံ့နည်း။

ကျောက်ပေဆန်သည် ဓားချက်ကို ခေတ္တ ရပ်ဆိုင်းပြီး ကျားပွတ်မယ်ကို အသေအချာ စိုက်ကြည့်လိုက်၏။ သူ့မျက်နှာ တစ်ပြင်လုံးမှာ မှုးရောင်နေချေပြီ။ သူ့နှုတ်ခမ်း ထောင့်စွန်းနှစ်ဘက်မှသည်း သွေးများ ယိုစီးကျနေ၏။

'ကျားပွတ်မယ်....မင်းရဲ့ ကျားပွတ်ကို ထုတ်လိုက်ပါ၊ မင်းကိုငါ လက်နက်မဲ့ မတိုက်ခိုက်ချင်ဘူး'

ကျားပွတ်မယ်က လှောင်ရယ်ကလေး ရယ်လိုက်၏။

'အဟင်း ဟင်း....တော်တော် ရယ်စရာကောင်းပါလား၊ လက်နက်မဲ့ တိုက်ခိုက်တာတောင်မှ ရှင့်မျက်နှာမှာ အပ်ချုပ်စရာ

ရှိသေးရဲ့လား၊ ကျွန်မရဲ့ကျားပွတ် ထုတ်လိုက်ရမယ်ဆိုရင် ရှင်ဟာ စကြာဝဠာ အပြင်ဘက်ကို လွင့်ထွက်သွားလိမ့်မယ်’

ကျောက်ပေဆန်မှာ ထူး၍ပိုကဲ ဒေါသ မထွက်တော့။ ကျားပွတ်မယ် ပြောသမျှကို အံကြိတ် ခံလိုက်သည်။

‘မင်း ဘာမှ အပိုတွေ ပြောမနေနဲ့ ကျားပွတ်မယ်၊ မင်းရဲ့ ကျားပွတ်ရှည်ကိုသာ ထုတ်လိုက်ပါ၊ ငါ မင်းရဲ့ ကျားပွတ်ရှည်ကြောင့် ပျံ့နှံ့သွားမယ်ဆိုရင် စကြာဝဠာ အပြင်ဘက်မကလို့ ဘယ်ကိုပဲ ရောက်ရောက် ငါ ကျေနပ်ပါတယ်’

ဝေကွမ်မှာ ကျောက်ပေဆန်၏ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်သွားသည်။ လက်နက်မဲ့ ယှဉ်ပြိုင်၍မှပင် ကျားပွတ်မယ်ကို နိုင်အောင် မတိုက်ခိုက်နိုင်လျှင် အဘယ်မှာလျှင် လက်နက်ဖြင့် နိုင်အောင် တိုက်နိုင်ပါမည်နည်း။

ယခုသော်ကား ကျောက်ပေဆန်က ကျားပွတ်ရှည်ကို ထုတ်ခိုင်းနေချေပြီ၊ ဝေကွမ်သည် ကျောက်ပေဆန်၏ အတွင်းစိတ်ကို ခန့်မှန်းနေလေ၏။

ကျားပွတ်မယ်က ခနဲ့ ပြုံးပြုံးကာ....

‘ကောင်းပါပြီလေ၊ ရှင်က ဒီလောက်အထိတောင် သေချင်နေမှတော့ ရှင့်စိတ် ကျေနပ်အောင် ကျွန်မက လုပ်ပေးရမှာပေါ့’

ခါးတွင် ပတ်ချည်ထားသော ကျားပွတ်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် လေထဲတွင် သုံးချက်မျှ ဝှေ့ယမ်းပစ်လိုက်၏။

‘ရှမ်း....ရှမ်း....ရှမ်း’



လေထုကို ထိုးခွဲသွားသည့် ကျားပွတ်သံက ညဉ့်ယံကို တုန်ခါသွားစေ၏။

ကျောက်ပေဆန် ကောက်ကျစ်စွာပြုံးလိုက်သည်။ ထို့နောက် သူ၏ ဓားရှည်ကို ဝှေ့ယမ်းကာ စတင် တိုက်ခိုက်လေတော့သည်။

‘ဝှီး ...ဝှီး....ဝှီး....’

ကျောက်ပေဆန်၏ တိုက်ကွက်များက စောစောကနှင့် မတူတော့။ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပင် ပြောင်းလဲ၍ လာခဲ့သည်။ စောစောက ပျော့သည်ဟု ထင်ရသော ဓားချက်များက မြွေဆိုး မြွေဟောက်ပမာ ထိတ်လန့်စရာ ကောင်းလာသည်၊ အကွက်ပြောင်း အကွက်လွှဲများကလည်း နက်ရှိုင်းလာ၏။

ကျားပွတ်မယ်သည် ကျောက်ပေဆန်အပေါ် အထင်သေးနေသဖြင့် ခပ်အေးအေးပင် တိုက်နေသည်၊ ကျားပွတ်ကို ဝှေ့ယမ်းကာ သာမန် သဘောမျိုးသာ တိုက်ခိုက်နေသည်။ ယခု ကျောက်ပေဆန်၏ တိုက်ကွက်များက ကြောက်စရာ ကောင်းလောက်အောင် ပြောင်းလဲလာသည့်အခါတွင်မူ သူမ အနည်းငယ် အံ့ဩသွား၏။ သူမ တန်ပြန်တိုက်သည့် အခါတွင်မူ စောစောကလို အထက်စီးမှ တိုက်ခွင့်မရတော့ဘဲ အောက်မှသာ ခုခံရတော့သည်။

ဝေကွမ်သည် ကြည့်ရင်း တအံ့တဩ ဖြစ်လာ၏။ ကျောက်ပေဆန်သည် သူ့ သိုင်းပညာများကို လျှို၍ တိုက်ခိုက်ခဲ့သည့် အရိပ်အယောင်များကို မြင်လာရသည်။

သို့သော် တစ်ချက် စဉ်းစားရသည်မှာ ပါးနှစ်ဘက်ကို အရိုက်ခံပြီး မည်သူမျှ သိုင်းပညာကို လျှို့ထား ချန်ထားမည် တော့ မဟုတ်ပေ။

ထို့ကြောင့် ကျောက်ပေဆန်၏ သိုင်းကွက်ကို ပို၍လေ့လာ ရတော့၏။

ကျောက်ပေဆန်၏ ဓားသိုင်းပညာကား 'ရေဆန်ဖြတ်ကူး ငါးဖယ်လူး' တိုက်ကွက်ပင်တည်း။

ထိုတိုက်ကွက်သည် တစ်ဘက်မှ လက်နက်ဖြင့် တိုက်ခိုက်မှု မိမိကလည်း လက်နက်ဖြင့် တိုက်ခိုက်ပြီး၊ တစ်ဘက်မှ ကြမ်းတမ်း သွက်လက်လာလေ မိမိဘက်မှ ပို၍ကြမ်း၊ ပို၍သွက်လက်ပြီး ပို၍ တိုက်ခိုက်အား ကောင်းလာလေလေ ဖြစ်ပေသည်။ ငါးဖယ်များ ရေဆန်တက်သကဲ့သို့တည်း။

ဝေကွမ်မှာ ထိုသို့ တွေးမိလိုက်သည်နှင့် ရင်ထဲတွင် အထိတ်တလန့် ဖြစ်သွားရသည်၊ ဤအချက်ကို ကျာပွတ်မယ် သတိမပြုမိလျှင် အလူးအလိမ့် ခံရပေတော့မည်။

ယခုအတိုင်း ဆိုလျှင် ကျာပွတ်မယ်မှာ ရေဆန်ဖြတ်ကူး ငါးဖယ်လူး တိုက်ကွက်အကြောင်းကို ရိပ်မိပုံ မရသေးပေ။ ဝေကွမ် စိုးရိမ်စိတ် ဝင်လာမိ၏။

ကျာပွတ်မယ်သည် သူ၏ ကျာပွတ်ရှည်ကို တရွှမ်းရွှမ်း ဝှေ့ယမ်းရင်း တိုက်ခိုက်နေသည်။ သို့သော် ကျောက်ပေဆန်၏ အပြင်းအထန် တိုက်ခိုက်မှုများကြောင့် သူမ၏ ကျာပွတ်ရှည်မှာ တိုးမပေါက်အောင် ဖြစ်နေရသည်။



သူမသည်လည်း အံ့ဩနေပေပြီ၊ ကျောက်ပေဆန်၏ တိုက်ကွက်များမှာ တစ်စထက်တစ်စ ပို၍ ပြင်းထန် ကြမ်းတမ်းလာခဲ့လေပြီ၊ သူမ၏ ကျာပွတ်တိုက်ကွက်ကိုလည်း ချေဖျက်တိုက်ခိုက်နိုင်စွမ်း ရှိနေသည်။ လက်နက်မဲ့ တိုက်ခိုက်ခဲ့စဉ်က အနိုင်ယူနိုင်ခဲ့ပါလျက် လက်နက်ဖြင့် တိုက်ခိုက်သောအခါမှ အဘယ့်ကြောင့် ဤသို့ ခက်ခဲရသည်ကို ကျာပွတ်မယ် မတွေးတတ်အောင် ဖြစ်နေလေ၏။

သူမ၏ ကျာပွတ်ရှည်တိုက်ကွက်အပေါ် တစ်ဘက်မှ အထင်အမြင်သေးသွားမည်ကိုလည်း စိုးရိမ်လာသည်။ သူမ၏သက်တမ်း တစ်လျှောက် ထိန်းသိမ်းလာခဲ့သော ကျာပွတ်မယ် ဟူသည့် ဘွဲ့သည် ကျောက်ပေဆန်နှင့် တွေ့ကာမှ အသုံးမကျ ဖြစ်ရတော့မည်လော။

ထို့ကြောင့် ကျာပွတ်မယ်သည် တိုက်ကွက်ကို ပြောင်းလဲလိုက်၏၊ ကျာပွတ်သည်စက်ဝိုင်းကြီးတစ်ခုလို တရစပ် လည်ပတ်နေရာမှ တစ်ခါတစ်ခါတွင်လည်း သွားဆာနေသော မြွေဆိုးတစ်ကောင်ပမာ ကျောက်ပေဆန်၏ လည်တိုင်ဆီသို့ တိုးဝင်သွားတတ်သည်။ ယင်းတိုက်ကွက်ကား 'နဂါးရင်ခွဲ' တိုက်ကွက်ပင်တည်း။

နဂါးရင်ခွဲတိုက်ကွက်သည် ပြင်းထန် အားပါလှ၏။ ကွက်ပြောင်းကွက်လွှဲ များပြားလှ၏၊ ရန်သူ၏ သေကွင်းသေကွက်များဆီသို့သာ ကျာပွတ်များက ဦးတည်သွားသည်၊ ဆင့်ပွားကွက်များကလည်း ရှုပ်ထွေး လှန်းလှသည်။ ယင်းကျာပွတ်

တိုက်ကွက်သည် သူမအတွက် ဂုဏ်ယူထားရသောတိုက်ကွက်ပင် ဖြစ်သည်။

ကျောက်ပေဆန့်မှာ ကျားပွတ်မယ်၏ တိုက်ကွက်ပြောင်းလဲလာပုံ၊ မြင်းသန်ရက်စက်လာပုံကိုမြင်ရသည့်အတွက် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်လေသည်။ ကျားပွတ်မယ်ကိုလည်း မခံချင်အောင် သွေးထိုးနှိုးဆွ ပေးလိုက်သည်။

'ဘယ့်နှယ်လဲ ကျားပွတ်မယ်ရဲ့၊ မင်းရဲ့ကျားပွတ်နဲ့ ငါ့ကို စကြာဝဠာအမြင်ဘက်ရောက်အောင် ရိုက်ထုတ်ပစ်လိုက်စမ်းပါ၊ ဘယ့်နှယ်ကြောင့် ကျုပ်ကိုညှာနေရတာလဲ'

ကျားပွတ်မယ် မခံမရပ်နိုင်အောင် ဖြစ်သွားသည်။ အံကိုတင်းတင်းကြိတ်လိုက်ပြီး မြင်းထန်စွာ တိုက်ခိုက်ပြန်တော့သည်။ ဤကား ကျားပွတ်မယ်၏ အမှားပင်တည်း။ သူမက ဤသို့တိုက်ခိုက်လေ ကျောက်ပေဆန့်၏ ဓားကွက်များက ပို၍လုံခြုံ၊ ပို၍ထက်မြက်၊ ပို၍တိုက်ကွက်အားကောင်းလာလေ ဖြစ်နေ၏။

'ရှမ်း...ရှမ်း....ရှမ်း'

'ဝှစ်....ဝှစ်....ဝှစ်'

ကျားပွတ်ရှည်၏ လေထုတိုးခွဲသံနှင့် ဓားရှည်၏ ဝေ့ယမ်းသံက လေထဲ၌အသံမျိုးစုံ မြင်ပေါ်စေလေ၏။

'ထန်း....ထန်း'

ကျားပွတ်နှင့်ဓားရှည်တို့ ထိခတ်သွားကြ၏။ ကျားပွတ်မယ် နောက်သို့ ခြေလှမ်းနှစ်လှမ်း ဆုတ်သွားရသည်။

ကျောက်ပေဆန့်က တဟားဟား ရယ်မောလေတော့၏။



'ဟား....ဟား....ဟား....ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ ကျားပွတ်မယ်၊ လာပါကွယ့်...ကျုပ်ရဲ့ ဦးခေါင်းကို မင်းရဲ့ ကျားပွတ်ရှည်နဲ့ ဖြတ်တောက်ပစ်လိုက်စမ်းပါ'

ကျားပွတ်မယ်ကား မည်သို့မျှစဉ်းစားမရအောင်ဖြစ်လာ၏။ ကျောက်ပေဆန့် တမုဟုတ်ချင်း ပြောင်းလဲ တိုးတက်လာပုံက သူမအတွက် အံ့ဩစရာဖြစ်နေသည်။ သူမ၏ ကျားပွတ်ကိုလည်း သံသယဝင်သလို ဖြစ်လာမိသည်။ မခံချင်စိတ်သည် သူမ၏ ရင်ထဲ၌ မီးတောက်သကဲ့သို့ထွက်ပေါ်လာပြန်သည်။ ထို့ကြောင့် ကျားပွတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ တရကြမ်းဝေ့ယမ်း ပြန်လေတော့၏။

'ရှမ်း....ရှမ်း'

ယခုတစ်ခါ သူမထုတ်ဖော်တိုက်ခိုက်လိုက်သည့် တိုက်ကွက်မှာ 'လေဆန် လှိုင်းတွန်း' တိုက်ကွက် ဖြစ်၏။ ကြမ်းတမ်းသလောက် ရက်စက်ပေသည်။ သူမ၏ နောက်ဆုံး လက်ကျန် တိုက်ကွက်လည်း ဖြစ်သည်။

ကျောက်ပေဆန့်ပြုံးလိုက်ပြီး ဓားကိုဝင့်လိုက်၏။ ကျားပွတ်ရှည်၏ ဝေ့ယမ်းမှုနှင့်အတူ သူ၏ဓားရှည်ကလည်း အလိုက်သင့်ပင် လှုပ်ရှားသွား၏။ ကွမ်းတစ်ယာညက်ခန့် ကြာလျှင်ကား နှစ်ယောက်စလုံးမှာလက်ရည်တူ ရှိနေဆဲရှိ၏။ သို့သော်ကျားပွတ်မယ်၏ ကွက်ပြောင်းတစ်ခု ပြောင်းလဲလိုက်ပြီးသည်နှင့် အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။

ကျောက်ပေဆန်၏ ခေါင်းဦးချွန်က ကျားပွတ်မယ်၏ဘယ်ဘက် ရင်ခုံဦးကို ထိုးခွဲလိုက်သောကြောင့်ပေတည်း။

☆

## အခန်း (၃၈)

## လက်နက်ချင်း အပြိုင်

ဝေကွမ်ရှင်ထဲ ထိတ်သွားမိသည်။ မိမိအနေနှင့် ဤကဲ့သို့ ဆက်လက်ပုန်းကွယ်နေ၍ မဖြစ်တော့ဟုသိလိုက်သည်။ကြာလျှင် ကျားပွတ်မယ်၏အသက်အန္တရာယ်ပင် စိုးရိမ်စရာ ရှိနေပေသည်။ သူမ၏ တိုက်ကွက် မြင်းထန်စွာ ထုတ်ဖော်တိုက်ခိုက်လေလေ အရှုံးနှင့်ခက်ခက်ခဲခဲ ရင်ဆိုင်ရလေလေ ဖြစ်ပေတော့မည်။

ကျားပွတ်မယ်ကား အငြိုးမပြေ အခဲမကြေသော မျက်လုံးများဖြင့် ကျောက်ပေဆန်ကို စိုက်ကြည့်လိုက်သည်။ သူမ၏ မာနစိတ်ကား မီးကျီးခဲကဲ့သို့ ရဲရဲနီနေလေပြီ။ ကျောက်ပေဆန်အား သူသေကိုယ်သေတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေပြီ။

'ရှမ်း....'

ကျောက်ပေဆန်ကား၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်နေ၏။ သူ့လှိုန်စွာ ကျေနပ်အားရနေလေပြီ။

သို့သော် ကျာပွတ်မယ် ဒေါ်သာကြီး ခုနဝင်မလာခဲ့ချေ။ အကြောင်းမှာ သူတို့နှစ်ယောက်၏ အကြားသို့ လူရိပ်တစ်ရိပ် ရုတ်တရက် ခုန်ပျံကျရောက်ခဲ့သောကြောင့်ပေတည်း။

'ဟင်....'

ကျောက်ပေဆန် အံ့အားသင့်သွား၏။ ကျာပွတ်မယ်မှာ သူ၏ ကျာပွတ်ရှည်ကို ရုပ်သိမ်းလိုက်၏၊ ကြားထဲမှ ဝင်ရှုပ် သူကို အော်ငေါက်လိုက်၏။

'ဖယ်စမ်း....ဘာကြောင့် ရှင်က ဝင်ရှုပ်ချင်ရတာလဲ၊ ရှင် ဘယ်သူလဲ'

ကျာပွတ်မယ်မှာ ဆံမုတ်ဆိတ်များနှင့် ရှုပ်ပွနေသော ဝေကွမ်ကို လုံးဝ မမှတ်မိနိုင်ပေ။

ဝေကွမ်သည် သူ့ကို ကျာပွတ်မယ်က မမှတ်မိကြောင်း သိရှိသွား၏။ ထို့ကြောင့် ကျာပွတ်မယ်ကို စကားတုံ့ပြန်ခြင်း မပြုဘဲ ကျောက်ပေဆန်ကိုသာ ရင်ဆိုင်လိုက်တော့သည်။

'မိန်းကလေး တစ်ယောက်နဲ့ တိုက်ခိုက်နေရတာကို ခင်ဗျား ကိုယ်ခင်ဗျား သိပ်ဂုဏ်ယူနေသလား ကျောက်ပေဆန်'

ဝေကွမ်၏ စကားကို ကျောက်ပေဆန် မခံမရပ်နိုင် ဖြစ်သွားသလို ကျာပွတ်မယ်လည်း မခံနိုင်အောင် ဖြစ်သွားသည်။ သူမအား သာမန် မိန်းကလေး တစ်ယောက်အလား ချိုးနှိမ် ပြောဆိုလိုက်ခြင်း ဖြစ်သည်ဟု သူမ မှတ်ယူလိုက်ပေသည်။



'ရှင် ဘာဝင်ရှုပ်တာလဲ၊ ရှင် ဖယ်မလား မဖယ်ဘူးလား'

ဝေကွမ်သည် နောက်သို့ လှည့်မကြည့်ချေ။ ကျောက်ပေဆန်ကိုသာ စိုက်ကြည့်နေ၏။ ကျောက်ပေဆန်ကလည်း....

'မင်း ဘယ်သူလဲ၊ ဘာကိစ္စ ဝင်ရှုပ်ရတာလဲ၊ အသက်မသေချင်ရင် ဘေးဖယ်နေလိုက်စမ်း'

နှစ်ယောက်စလုံး၏ ဒေါသက ဝေကွမ်အပေါ်သို့ ကျရောက်သွားကြလေပြီ။

ဝေကွမ်ကား မည်သူ့ကိုမျှ ဂရုမစိုက်ချေ။ ထိုစဉ်မှာပင် ဂူလန်တင့်သည်လည်း သတိရလာခဲ့လေပြီ။ ဂူလန်တင့်သည် ထန်ဟုန်ဖန့်ဘေး၌ အသာပင် ရပ်နေလိုက်သည်။

'ပြောနေတာ မရဘူးလား'

ကျောက်ပေဆန် ဒေါသကို မထိန်းနိုင်တော့ဘဲ ဓားဖြင့် ဝင်ပိုင်းလိုက်သည်။ ဝေကွမ်က ရှောင်တိမ်းလိုက်၏။

'မိန်းမသားကို ငဲ့ညှာရမယ်ဆိုတာ မသိဘူးလား၊ ကျုပ်တို့ ခင်ဗျားတို့လို လူမျိုးချင်း တိုက်တယ်ဆိုရင်တော့ ဘာဖြစ်သလဲ'

'မင်း....မင်း တော်တော် လူပါးဝပါလား၊ ပြောစမ်း.... မင်း ဘယ်သူလဲ'

'ကျုပ် ဘယ်သူလဲ ခင်ဗျား မေးစရာမလိုဘူး၊ ခင်ဗျား ကျုပ်နဲ့ တိုက်ခိုက်မလား၊ မတိုက်ခိုက်ဘူးလား ဆိုတာကိုပဲ ပြော'

ကျာပွတ်မယ် မျက်မှောင်ကြုတ်လိုက်သည်။ ထိုအသံကို ကြားဖူးသည်ဟု သူမ မှတ်ထင်နေခဲ့ရာ ယခုကဲ့သို့ ပီပီသသ ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည့်အခါတွင်မူ ဘာမျှသံသယ မရှိတော့ချေ။ သူမ မျက်နှာတစ်ပြင်လုံး ဝင်းပရွှင်လန်းသွားသည်။

‘အစ်ကို အစ်ကို ဝေကွမ်၊ အစ်ကို ဝေကွမ် မဟုတ်လား’

ဝေကွမ် ဘာမျှ မပြောပေ။ ကျာပွတ်မယ်က ဝမ်းသာအားရ ဝေကွမ်အနီးသို့ ကပ်၍ ရပ်လိုက်၏။

ကျောက်ပေဆန်၊ ဂူလန်တင့်နှင့် ထန်ဟုန်ပန့်တို့သည် ဝေကွမ်ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် စိတ်ထဲတွင် ပေါ့ပေါ့ပါးပါး ဖြစ်သွားကြလေ၏။ ဂူလန်တင့်ကား အဆင့်မရှိသူပီပီ ဝေကွမ်အား ချိုးချိုးနှိမ်နှိမ် ခင်ရောက် လှောင်ပြောင်သရော်လေတော့၏။

‘ဟား…ဟား….ဟား…. ဘယ်သူများလဲလို့ လက်စသတ်တော့ ကျာပွတ်မယ်ရဲ့ နောက်မြီးဆွဲကိုး၊ ဘာမဟုတ်တဲ့ကောင်ကများ ရာရာစစ နောင်ကြီး ကျောက်ပေဆန်ကို ဟိန်းလား ဟောက်လား လုပ်ရဲသတဲ့….လား’

သူသည် ပြောပြောဆိုဆိုနှင့် ရှေ့သို့ တိုးလာသည်။ ဝေကွမ် ဘာမျှ မလှုပ်ရှားခင်မှာပင် ကျာပွတ်မယ်က ရှမ်းခန် ကျာပွတ်ကို ဝှေ့ယမ်းလိုက်သည်။ ကျာပွတ်မယ်က….



‘သစ္စာဖောက် နောက်လိုက်ခွေး၊ ခွေးပါးစပ်က ကြီးကြီးကျယ်ကျယ် စကားတွေ ပြောနေရသေးသလား၊ သေဖို့သာ ပြင်ပေတော့’

ရှမ်းခန် အသံနှင့်အတူ ကျာပွတ် လှုပ်ရှားသွား၏။ ဂူလန်တင့် အထိတ်တလန့် နောက်ဆုတ်သွား၏။

ဝေကွမ်က ကျာပွတ်မယ်ကို တားလိုက်၏။

‘ညီမ ဒေါသမကြီးပါနဲ့၊ ဒီကောင်တွေက ညီမနဲ့ တန်တဲ့သူတွေ မဟုတ်ဘူး’

ကျောက်ပေဆန်မှာ ဝေကွမ် အဆင့်မြင့်လာပုံကို သိမထားသဖြင့် မည်သို့မျှ အထင်မကြီးချေ။ ထို့ကြောင့် အဆင်သေးစကားကိုသာ တွင်တွင် ပြောတော့သည်။

‘သူနဲ့ မတန်ရင် မင်း ဝင်ခဲ့ပါလား၊ ဘာဖြစ်လို့ စကားတွေချည်းပဲ ပြောနေရတာလဲ’

ဝေကွမ်သည် ကျာပွတ်မယ်ကို အသာတွန်းဖယ်လိုက်၏။ ကျာပွတ်မယ်သည်လည်း ဝေကွမ်၏ အဆင့်မြင့် တိုးတက်လာပုံကို မသိချေ။ ထို့ကြောင့် ဝေကွမ်အတွက် စိုးရိမ်တကြီး ပြောလေ၏။

‘အစ်ကို အစ်ကို ဖယ်နေလိုက်ပါ၊ ကျွန်မပဲ သူတို့ကို ရင်ဆိုင်လိုက်ပါ့မယ်’

ကျာပွတ်မယ်က သူ့အပေါ် စိုးရိမ်စိတ် ထားကြောင်း ဝေကွမ် နားလည်သည်။ သို့သော်….ကျာပွတ်မယ်သည် ပခုံး၌

ဒဏ်ရာရသွားသည်။ ကျောက်ပေဆန်၏ ထူးဆန်းသော တိုက်ကွက်ကလည်း အံ့သြစရာကောင်းလှ၏။ အထွံ့ထက်နေပေရာ ကျားပွတ်မယ် ဒုက္ခရောက်နိုင်ပေသည်။

'နေ–ညီမ၊ ညီမက ဒဏ်ရာရနေပြီ၊ အစ်ကိုပဲ တိုက်လိုက်ပါမယ်'

'အစ်ကို ရပါ့မလား'

'စိတ်မပူပါနဲ့ ညီမရယ်၊ သူတို့ကိုတော့ အစ်ကို ယှဉ်နိုင်ပါတယ်'

ဝေကွှမ် ကျားပွတ်မယ်ကို နောက်သို့ တွန်းပို့လိုက်ပြန်သည်။ ထို့နောက် ကျောက်ပေဆန်ဘက်သို့ လှည့်ကာ....

'ကဲ–ခင်ဗျားတို့ စတိုက်ပေတော့၊ နှစ်ယောက်စလုံး တိုက်ခိုက်ချင်တယ်ဆိုရင်လဲ နှစ်ယောက်စလုံး ဝင်လာခဲ့'

'ဟား....ဟား....ဟား'

ကျောက်ပေဆန်၏ လှောင်ပြောင်ရယ်မောသံကြီးက ညဥ့်ယံကို ပဲ့တင်ထပ်သွားစေတော့သည်။

'မင်း အတော်ရယ်စရာ ကောင်းပါလား၊ အပြောကြီးတဲ့ကောင် ဘယ်လိုလဲဆိုတာ သိရအောင် ငါတိုက်ပြီဟေ့'

ကျောက်ပေဆန်၏ ဓားက သွေးဆာနေသော မြွေတစ်ကောင်ပမာ ဝေကွှမ်၏ ရင်ဝတည့်တည့်ဆီသို့ အဝေးမှ ဝင်လာ၏။ ဝေကွှမ်က မရှောင်ဘဲ ဓားကို စောင့်နေလိုက်သည်။



'ရှပ်....'

ဓားရှည် သူ့အနီးရောက်မှ ဝေကွှမ် ဗိုက်ခနဲ လှုပ်ရှားလိုက်သည်။ သူ့တစ်ကိုယ်လုံး လေထဲတွင် မြောက်တက်သွားပြီးလျှင် ကျောက်ပေဆန်၏ နောက်သို့ လှစ်ခနဲ ရောက်သွားသည်။ နောက်ကျောကို လက်ဖြင့်အသာပုတ်လိုက်ပြီး ရယ်ရယ်မောမော ပြောလိုက်လေ၏။

'ဟေ့....လေကို ဘာကြောင့် ဓားနဲ့ ခုတ်နေတာလဲ'

'ရှမ်း....'

ဝေကွှမ်၏ လှောင်ပြောင်သရော်ချက်ကို မခံနိုင်သဖြင့် ဓားဖြင့် နောက်ပြန် တွက်လိုက်ပြန်သည်။ သို့သော် ဝေကွှမ် အရိပ်က သူ့မြင်ကွင်းအတွင်းမှ လှစ်ခနဲ ပျောက်သွားပြန်၏။

ထန်ဟုန်ဖန်နှင့် ဂူသန်တင့်တို့မှာ ဝေကွှမ်၏ လှုပ်ရှားမှုကို ကြည့်ပြီး အံ့သြနေကြ၏။ ကျောက်ပေဆန်မှာကား မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေလေပြီ။

ဝေကွှမ်ကား ခပ်ပြုံးပြုံးပင်။ ကျောက်ပေဆန်၏ လှုတ်ကွက် ဟာကွက်များကို တွေ့နေသော်လည်း တိုက်ခိုက်ခြင်း မရှိပေ။ ကျောက်ပေဆန် အမောပေါက်အောင်၊ စိတ်ကြွလာအောင်သာ စနေသည်။ ဒေါသနှင့် မောပန်း ထိတ်လန့်ခြင်းကြောင့် ကျောက်ပေဆန်၏ မျက်နှာမှာ သရဲ သဘက်အလား ကြောက်စရာ ကောင်းနေတော့သည်။

ကျားပွတ်မယ်ကား ဝေကွှမ်၏ အဆင့်မြင့်လှသော သိုင်းကွက်များကို ကြည့်ပြီး လွန်စွာ ဝမ်းသာအားရ ဖြစ်နေမိ၏။ သူနှင့် ကွဲကွာနေစဉ်အတွင်း ဝေကွှမ်၏ ပညာများ လွန်စွာ

တိုးတက်နေသည်မှာ ယခု သူမ မျက်မြင်ကိုယ်တွေ့ ဖြစ်နေရလေပြီ။

'ဖြန်း....ဖြန်း'

သူမ ကြည့်နေစဉ်မှာပင် ကျောက်ပေဆန်၏ ဖူးရောင်နေသော ပါးပြင်နှစ်ဘက်မှာ ထပ်မံ၍ ရဲတွတ်သွားရပြန်သည်။ သွေးခြောက်စ မှုနေသော နှုတ်ခမ်းထောင့်စွန်းများမှလည်း သွေးများ စီးကျလာပြန်၏။

ကျောက်ပေဆန်သည် ဝေကွမ်ကို အထင်သေးခဲ့မိတာ မှားပြီဟု နားလည် သဘောပေါက် သွားတော့သည်။ သူသည် အံကြိတ်ပြီး ဝေကွမ်ကို အရေးဆိုလိုက်၏။

'ဝေကွမ်....မင်းနဲ့ ငါ့မှာ သွေးကြွေးရှိသွားပြီ၊ ငါ့ရဲ့ သွေးစက်တွေ အတွက် မင်းအသက်ကို နုတ်ယူရလိမ့်မယ်၊ မင်း လက်နက် ထုတ်လိုက်ပါ၊ မင်းနဲ့ ငါ အသေအကြေ တိုက်ခိုက်ကြမယ်'

ဝေကွမ် ထီမထင်သလို ပြုံးလိုက်၏။

'ကျုပ်လက်နက်က ဟောဒီလက်နှစ်ဘက်ပဲ၊ ဒီလက်နှစ်ဘက်နဲ့ပဲ ခင်ဗျားကို ကျုပ်တိုက်မယ်၊ ကျုပ်ကိုသာ နိုင်အောင် တိုက်ပေတော့'

ကျောက်ပေဆန် မဲ့ရွဲ့သွားသည်။ ဝေကွမ်က သူဆင်သည့် အကွက်ထဲ ဝင်မလာသဖြင့် စိတ်ထဲတွင်- မကျေမနပ် ဖြစ်သွားသည်။ သို့သော် မရအရပင် ဝေကွမ်အား လက်နက်ထုတ် တိုက်ခိုက်ရန် တိုက်တွန်းနေလေတော့၏။



'မင်းကို ငါက လက်နက်နဲ့ အသာစီးယူပြီး မတိုက်ချင်ဘူး၊ ဒါကြောင့် တန်းတူ အခွင့်အရေးပေးနေရတာ၊ မင်းလို လူငယ်တစ်ယောက်ကို လက်နက်နဲ့ အနိုင်ယူတယ်လို့ သိုင်းလောကမှာ သမိုင်းအတင်မခံနိုင်ဘူး၊ မင်းကြိုက်တဲ့ လက်နက်ကိုသာ ထုတ်လိုက်'

'အဟင်း....ဟင်း....လက်နက်နဲ့ အနိုင်မယူချင်လဲ လွယ်ပါတယ်ဗျာ၊ ခင်ဗျား လက်နက် ချထားလိုက်ပေါ့၊ လက်ချည်းသက်သက် တိုက်ခိုက်ကြမယ်'

'လက်နက်မဲ့ တိုက်ခိုက်ရင် ကြာတယ်၊ မင်းနဲ့ ငါက အရှုံးအနိုင်လောက်တင် ယှဉ်ပြိုင်ကြရမှာမဟုတ်ဘူး၊ သူသေကိုယ်သေ တိုက်ကြရမှာ၊ ဒီတော့ လက်နက်ချင်း တိုက်ခိုက်မှ သူသေကိုယ်သေ တိုက်ခိုက်လို့ ဖြစ်လိမ့်မယ်၊ မင်းရဲ့ လက်နက်ကိုသာ ထုတ်လိုက်စမ်းပါ'

ဝေကွမ် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။ ထို့နောက် အေးဆေးတည်ငြိမ်စွာပင်

'ကျုပ်မှာ ဘာလက်နက်မှ မပါဘူး၊ လက်ချည်းပဲ လာခဲ့တာ၊ ခင်ဗျားတို့ အမြင်ပဲ၊ ဒါပေမယ့် ခင်ဗျားက လက်နက်နဲ့ တိုက်ခိုက်မှ ကျေနပ်နိုင်မယ်ဆိုရင်လဲ ကျုပ် လက်နက်နဲ့ တိုက်ခိုက်ပါ့မယ်၊ ညီမ....အစ်ကို့ကို မင်းရဲ့ ကျာပွတ် ခဏပေးပါ'

ဝေကွမ်က ဝှံ့ဝှံ့ရဲရဲပင် ကျာပွတ်မယ် မေလွှမ်ထံမှကျာပွတ်ရှည်ကိုလှမ်း၍ တောင်းလိုက်လေ၏။

★

## အခန်း (၂၉)

## အမှား မြင်သူ

ဝေကျွမ်က ကျားပွတ်ရှည်ကိုယူပြီး လေထဲတွင် ဝှေ့ယမ်းလိုက်၏။

'ရှမ်း... ရှမ်း.... ရှမ်း'

ကျောက်ပေဆန် ကျေနပ်သွား၏။ သူလိုချင်သည့်အကွက်ထဲသို့ ဝေကျွမ်ဝင်လာခဲ့ပြီ မဟုတ်ပါလော....။

ကျားပွတ်မယ်ကား တစ်ခါသေဖူးပြီဖြစ်၍ ပျဉ်ဖိုးနားလည်နေပေပြီ။ ဝေကျွမ်ကျားပွတ်ကို ဝှေ့ယမ်းနေစဉ် လှမ်းအော်သတိပေးလေ၏။

'အစ်ကို....သတိထား'



ဝေကျွမ် ကျားပွတ်မယ်ကို ပြုံး၍သာပြုံးပြသည်။ ထို့နောက် ကျားပွတ်ရှည်ကိုဝှေ့ယမ်းကာ စတင်တိုက်ခိုက်တော့သည်။ သူ့တိုက်ခိုက်မှုမှာ မြင်းထန်လှသည်။ မုန်တိုင်းတိုက်ခိုက်သည့်အလား မြင်းထန်လွန်းလှ၏။

ကျောက်ပေဆန်ကား ဝေကျွမ်၏ တိုက်ကွက် မြင်းလေလေ ဝမ်းသာလေလေ ဖြစ်နေ၏။ ဝေကျွမ်ကို အလျင်အမြန်ပင်အနိုင်ရလိမ့်မည်ဟုယူဆလိုက်သည်။ ထို့ကြောင့် သူ၏လက်စွဲ 'ရေဆန်ဖြတ်ကူး၊ ငါးပယ်လူး' တိုက်ကွက်ကိုပင် ခင်းကျင်းတိုက်ခိုက်တော့သည်။

ဝေကျွမ်သည် စိတ်ထဲကကျိတ်၍ပြုံးလိုက်၏။ ဤတိုက်ကွက်၏ သဘောသဘာဝများကို စောစောကတည်းကပင် သူသိရှိပြီးခဲ့လေပြီ။ မည်ကဲ့သို့ ချေဖျက်ရမည်ဆိုသည်ကိုလည်း သိပြီးခဲ့လေပြီ။ သို့သော်.... သူသည် ချက်ချင်းမချေဖျက်ပေ။ ကျောက်ပေဆန် ဝမ်းသာချင် ဝမ်းသာပါစေတော့ဟူသည့် သဘောမြင့်စေတနာ လွှတ်ပေးထားလိုက်သည်။

ကျောက်ပေဆန်၏ တိုက်ကွက်များထဲ၌ပင် အသာပင်မျောလိုက်သွားသည်။ ကျောက်ပေဆန်ကား ဝမ်းသာပြီးရင်း ဝမ်းသာနေ၏။ ထို့ကြောင့် ဓားကိုစက်ဝိုင်းခြမ်းသဏ္ဍာန် ဝှေ့ယမ်းပြီး ဝေကျွမ်ရင်ညွန့်ဆီသို့ ထိုးသွင်းလိုက်သည်။ ဝေကျွမ်ကား ကျားပွတ်မယ်ကဲ့သို့ လက်လွှတ်စပယ်မတိုက်ခိုက်။ အလိုက်သင့်မျောလိုက်နေရာမှ တစ်ကိုယ်လုံးရှိခွန်အားကို လျှော့ချလိုက်ပြီး ကျားပွတ်တိုက်ကွက်ကိုလည်း ပြောင်းလဲလိုက်သည်။

'ရှမ်း....'

ဝေကွမ်၏ရင်ညွန့်အနီးသို့တိုးဝင်လာသော ကျောက်ပေဆန်၏ ခါးရှည်မှာ လွဲချော်သွား၏။ ဝေကွမ်၏ကျားပွတ်က သူ့ ခါးကိုင်လက်ကို ရစ်ပတ်သွားလေတော့သည်။

'ပတ်—'

ကျောက်ပေဆန် အကြီးအကျယ် ထိတ်လန့်သွားလေ၏။ ဝေကွမ်၏မျက်နှာကိုလည်း အထူးအဆန်း သတ္တဝါတစ်ကောင် သဖွယ် မျက်လုံးပြူး မျက်ဆန်ပြူးကြည့်နေမိ၏။ သူ့လက်ကို လှုပ်ကြည့်သည်။ လှုပ်၍ရပေ။ ကျားပွတ်ရှည်ကဖို၍တင်းကျပ်စွာပင် ရစ်တွယ်လာသည်။ ခါးကိုင်လက်ကို ပြောင်းလဲရန် ကြိုးစားလိုက်လျှင်ပင် ဝေကွမ်က ကျားပွတ်ကို မြွေတွန့်သလို ဆတ်ခနဲတွန့်လိုက်၏။

'ရွပ်—'

ကျောက်ပေဆန်၏လက်က နောက်ပြန် လည်သွားပြီးလျှင် သူ၏ ဘယ်ဘက်လက်မောင်းအား ခါးရှည်က တိုက်ခိုက်သွားတော့သည်။

'အား—'

ကျောက်ပေဆန်မှာ နာကျင်စွာ အော်လိုက်မိသည်။ သွေးများက ဖြာခနဲကျသွား၏။ ဝေကွမ်က ခနဲ့ပြုံး ပြုံးလိုက်ကာ…

'အဲဒါ တူညီတဲ့ဒဏ်ရာပေးလိုက်တာပဲ၊ ခင်ဗျားဘာလုပ်ချင်သေးသလဲ'

သူသည်ပြောပြောဆိုဆိုပင် ကျားပွတ်ရှည်ကို ဖျတ်ခနဲပြန်လည် ရုပ်သိမ်းလိုက်၏။ ကျောက်ပေဆန်မှာ ဒေါသ ဟုန်းဟုန်း ထသွားသည်။



ဂုလန်တင့်ကား၊ ထိတ်လန့်ချောက်ချားလွန်းသဖြင့် နေစရာ မရှိတော့လောက်အောင် ဖြစ်နေတော့သည်။

ကျားပွတ်မယ်ကား၊ ဝမ်းအသာကြီး သာနေ၏။ ဝေကွမ်ကိုလည်း အထင်ကြီးလေးစားစွာ ကြည့်နေမိသည်။

ကျောက်ပေဆန် သူ၏အင်္ကျီကို လက်မောင်းမှဆုတ်ဖြဲလိုက်သည်။ ထို့နောက်ချိုင်းအောက်မှ သွေးကြောမကြီးကိုထိုးပိတ်လိုက်၏။ သွေးအထွက်ရပ်တန့်သွားမှ ခါးရှည်ကို ကိုင်မြှောက်ကာ ဆက်လက်တိုက်ခိုက်သည်။

သူ၏ခါးကွက်များက အကွက်စိတ်လာ၏။ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်လာ၏။ ဝေကွမ်ကလည်း သူ၏ကျားပွတ်ရှည်ကို ဝှေ့ယမ်းကာကွယ်နေရသည်။ ကျောက်ပေဆန်၏တိုက်ခိုက်မှုအရှိန်အဟုန် ပြင်းထန် လွန်းသောကြောင့် ဝေကွမ်သည်ပင်လျှင် အမှားအယွင်းမရှိအောင် သတိထားနေရတော့သည်။

နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေရတော့သည်။

ကျားပွတ်မယ်သည် ဝေကွမ် နောက်သို့ ဆုတ်ပေးနေရသည်ကို ကြည့်ပြီး အံ့ဩမိသည်။ ကျောက်ပေဆန်၏ ထက်မြက်သော ခါးကွက်များကို သူမ တွေ့ဖူးခဲ့ပြီး ဖြစ်ရာ ဝေကွမ်တစ်ယောက် ထိုခါးကွက်များအကြား၌ အရှုံးပေါ်မည်ကို လွန်စွာ စိုးရိမ်မိ၏။ တိုက်ကွက် ငါးကွက် ကြာသောအခါ ဝေကွမ်မှာ နောက်သို့ ဆုတ်ပေးနေရာမှ ဖျတ်ခနဲ ကိုယ်ကို လှည့်လိုက်၏။ ကျားပွတ်ရှည်သည်လည်း အတွန့်တွန့် အလိပ်လိပ် ဖြစ်ကာ ကျောက်ပေဆန်၏ ခါးရှည်ကို ရစ်ပတ်သွားတော့သည်။

'ရှမ်း....'

ဝေကွမ် လက်ကို အတင်း ဆောင့်ဆွဲလိုက်၏။ ကျောက်ပေဆန်မှာ ဓားရှည်ကို လက်မှ လွတ်ထွက်မသွားစေရန် တောင့်ခံထား၏။ တစ်ဆက်တည်းပင် ဘယ်လက်ကို လှုပ်ရှားရန် ဟန်ပြင်လိုက်သည်။

'အား....'

သူ၏ သတိလက်လွတ်ဖြစ်မှုက သူ့ကို အခြေအနေ ဆိုးရွားသွားစေသည်။ ဘယ်လက်မှာ လှုပ်လိုက်သည်နှင့် မခံမရပ်နိုင်အောင် နာကျင်သွားသည်။ ဓားကို လက်မှ လွှတ်လိုက်ရတော့သည်။

'ဖြုတ်....'

ဝေကွမ်က အပေါ်သို့ မြောက်တက်လာသော ဓားရှည်ကို ရုတ်ဘရက် ဖမ်းယူလိုက်၏။ ထို့နောက် ကျောက်ပေဆန်အား

'ကိုယ့်လက်နက်ကိုမှ နိုင်အောင် မကိုင်နိုင်တော့ဘူးလား။ ရော့....ကိုယ့်ဓားကို ကိုယ် လာယူချေ'

ဝေကွမ်က ဓားရိုးကမ်းပေးကာ သရော်လိုက်၏။ ကျောက်ပေဆန်မှာ အကြီးအကျယ်ပင် ရှက်ရွံ့သွားရလေ၏၊ သိုင်းသမားတစ်ယောက်အဖို့ သူ၏ လက်နက် သူ့လက်ထဲမှ လွတ်ထွက်သွားရခြင်းသည် ရှက်ဖွယ်လိလိ အဖြစ်ဆိုးပင် ဖြစ်လေ၏။

သူသည် ဝေကွမ်၏ လက်ထဲမှ ဓားရှည်ကို ကြည့်ပြီး ဒေါသနှင့် ရှက်စိတ်တို့ ပုံးလွှမ်းပြီး အသားများ တဆတ်ဆတ် တုန်နေတော့၏၊ ဓားရှည်ကို ပြန်လည်း လိုချင်၏၊ ပြန်ယူရန်လည်း



ရှက်လည်း ရှက်၊ ဝံ့လည်း မဝံ့ရဲပေ။ ထိုအချိန်မှာပင် ဝေကွမ်က ဓားရှည်ကို သူ့ထံသို့ ပစ်ပေးလိုက်လေတော့သည်။

'ဝှစ်....'

ကျောက်ပေဆန်မှာ ဓားရှည်ကို လိုချင်ဇောဖြင့် ပေါ့ပေါ့ဆဆပင် အငမ်းမရ လှမ်းဖမ်းလိုက်၏။ ဤသို့ ပြုလုပ်လိုက်ခြင်းမှာ သူ့အတွက် နောက်ထပ် တစ်ကြိမ် အမှားတစ်ခုကို ကျူးလွန်လိုက်ခြင်းပင် ဖြစ်တော့သည်။

ဝေကွမ်မှာ ဓားရှည်ကို ရိုးရိုးတန်းတန်း ပစ်ပေးလိုက်ခြင်း မဟုတ်ပေ၊ အတွင်းအား ထုတ်ကာ လှမ်းပစ်ပေးလိုက်ခြင်း ဖြစ်သည်။

ကျောက်ပေဆန်က ပေါ့ပေါ့ဆဆ လှမ်းဖမ်းလိုက်သောအခါ သူ့တစ်ကိုယ်လုံး တုန်ခါ၍ ထိုကျင်သွားရလေတော့သည်။ တဆက်တည်းပင် သူ့လက်ထဲမှ ဓားရှည်သည်လည်း မြေကြီးပေါ်သို့ ပြုတ်ကျသွားရ၏၊

ဝေကွမ်က ရယ်မောလိုက်ပြီး

'ဓားတစ်ချောင်းကိုတောင်မှ မိအောင် မဖမ်းနိုင်တော့ဘူးလား၊ ဒီလောက်အောင် ညံ့ဖျင်းနေရင် သိုင်းသမားလို့ အခည်ခံမနေပါနဲ့တော့'

ကျောက်ပေဆန် မည်သို့မျှ ပြန်ပြော နိုင်စွမ်း မရှိတော့။ ဝေကွမ်ကိုသာ မီးတောက်လုမတတ်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏၊ ထို့နောက် ဓားရှည်ကို ရုတ်ဘရက် ကောက်ယူကာ သူ့ရင်ဝသို့ လျှပ်တစ်ပြက် ထိုးစိုက်ချလိုက်၏။

'ရှမ်း....'

သူ၏ လှုပ်ရှားမှုနှင့်အတူ ဝေကွမ်၏ ကျာပွတ်ရှည်ကလည်း ရိပ်ခနဲ လှုပ်ရှားသွား၏။ ကျောက်ပေဆန်၏ ဓားကိုင် လက်ကို ရစ်ပတ်မိသွားပြီးလျှင် ရင်ဝသို့ ထိုးစိုက်မချနိုင်အောင် ဆွဲထားလိုက်တော့သည်။

'မိုက်မဲလှချည်လား၊ ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေချင်ရတာလဲ၊ သိုင်းလောကမှာ အမြင့်ဆုံးတောင်ထက် ပိုမြင့်တဲ့ တောင်ထိပ် ရှိတယ်ဆိုတဲ့ ဥပမာ စကားကို ခင်ဗျား မသိဘူးလား၊ ခင်ဗျား ဒီလိုလုပ်လို့ ခင်ဗျားအတွက် ဘာအကျိုးထူးမှာလဲ၊ ခင်ဗျား ဒီလိုလုပ်လိုက်လို့ ကျုပ်ကို နိုင်သွားမတဲ့လား၊ အမှားမရှိတဲ့လူ၊ အရှုံးမရှိတဲ့ သိုင်းသမားဆိုတာ လောကမှာ မရှိဘူး၊ အကျိုးမဲ့ မသေချင်ပါနဲ့ဗျာ'

ဝေကွမ်သည် စကားဆုံးသည်နှင့် ကျာပွတ်ကို ရုပ်သိမ်းလိုက်၏။ ကျောက်ပေဆန်သည် ဝေကွမ်ကို ငေးစိုက် ကြည့်နေသည်။ ထိုအကြည့်၌ နာကျည်းခြင်း၊ အာဃာတ ထားခြင်းတို့ လုံး၀ မပါပေ။ လေးစားသော အကင်ကြီးသော အကြည့်မျိုးသာလျှင် ဖြစ်ပါ၏။

'ဘယ့်နှယ်လဲ၊ ခင်ဗျား ကိုယ့်ကိုယ်ကို သတ်သေချင်သေးသလား၊ ဒီလို သတိပေးလျက်နဲ့မှ နောက်ထပ် အသိဉာဏ်နည်း မိုက်မဲနေဦးမယ်ဆိုရင်တော့ ကျုပ်မတားတော့ပါဘူး၊ ခင်ဗျားသဘောပဲ'

ဝေကွမ်သည် ခပ်အေးအေးပင် ကျောက်ပေဆန်ကို ကြည့်နေ၏။ ကျောက်ပေဆန်က ဓားရှည်ကို ဓားအိမ်အတွင်းသို့



ထိုးသွင်းလိုက်ပြီးလျှင် ဝေကွမ်အား ဦးညွှတ် အရိုအသေပေးလိုက်၏။

'ငါ နားလည်ပြီ၊ မင်းကို ငါ ရှုံးတယ်၊ ရှုံးရတာကိုလဲ ငါ ကျေနပ်တယ်၊ မင်းရဲ့ သတိပေးစကားကိုလဲ ငါ ကျေးဇူးတင်တယ်၊ မင်းဟာ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်သွားပြီ၊ ငါ့ သိုင်းပညာကို ငါ တိုးတက်အောင် ကြိုးစားမယ်၊ ဒါပေမယ့် မင်းကို ငါ ဘယ်တော့မှ ကလဲ့စားမချေဘူးလို့ ကတိပေးတယ်'

ပြောပြောဆိုဆိုပင် ရိပ်ခနဲ ပြေးထွက် သွားတော့သည်။ စိတ်ဓာတ်ပြောင်းလဲသွားသော ကျောက်ပေဆန်ကို ထန်ဟုန်ပန်မှာ နားမလည်နိုင်အောင် ဖြစ်သွား၏။ ကျောက်ပေဆန်ကို တားဆီးရန် ခုန်ပျံလိုက်၏။ သို့သော် ဝေကွမ်က သူ့ရှေ့မှ တားဆီးပြီး ဖြစ်နေသည်။ ထန်ဟုန်ပန် ဝေကွမ်ကို ဒေါသ မျက်လုံးဖြင့် ကြည့်လိုက်ပြီး....

'မင်း ဘာလုပ်တာလဲ၊ ရှေ့က ဖယ်ပေးစမ်း'

ဝေကွမ် ပြုံးလိုက်လေ၏။

'ခင်ဗျားက ဘာလုပ်မှာမို့ ကျုပ်က ဖယ်ပေးရမှာလဲ'

'သူ့ကို ငါ ဆုံးမရမယ်၊ ဒီကောင် ဆရာစွာဖောက်၊ သတ္တိမရှိတဲ့ကောင်၊ သူ့အတွက် ထိုက်တန်တဲ့ အပြစ် ငါ ပေးရမယ်'

'ဟား.... ဟား.... ဟား.... သတိသံဝေဂ ရသွားတဲ့လူကို ခင်ဗျားက အပြစ်ပေးချင်သေးသလား၊ သူ့ရဲ့ အသိစိတ်ဓာတ်တွေ မှန်ကန်သွားအောင် ဖြောင့်မတ်တဲ့ လမ်းကြောင်းပေါ်

ရောက်အောင် လုပ်ပေးလိုက်ဘာ ကျုပ်ပဲ၊ သူ့ကို မသုံးမဝင် ကျုပ်ကို အရင်ဆုံး သုံးမပေတော့'

ထန်ဟုန့်ဖန့် မခိုးမခန့် ရယ်လိုက်၏။

'မင်းက မင်းကိုယ်မင်း သိပ်ဟုတ်နေပြီလို့ ထင်နေသလား၊ ကျောက်ပေဆန်ကို နိုင်တာလောက်နဲ့ ကိုယ့်ကိုယ်ကို အထင်တကြီး ဖြစ်နေသလား၊ မင်းက ဇီလောက်တောင် တောင်းဆိုလာမှတော့ ငါကလဲ မင်းကို အကြောင်းပြရသေးတာပေါ့'

ထန်ဟုန့်ဖန့်က လက်နှစ်ဘက်ကို ရင်ဝ၌ ထောင်လိုက်၏၊ ဟန်ပြင်လိုက်သည်။

ဝေကျွမ်ကလည်း ကျောပွတ်ရှည်ကို ကျောပတ်မယ် မေလွှမ်ထံသို့ ပစ်ပေးလိုက်ပြီး ထန်ဟုန့်ဖန့်နှင့် ရင်ဆိုင်လိုက်လေတော့၏။

ထန်ဟုန့်ဖန့်၏ လက်တည်ပုံကို ကြည့်ရုံနှင့်ပင် ဟွာတန်းဂိုဏ်း၏ သိုင်းကွက်ကို စတင်အသုံးပြုတော့မည်ကို ဝေကျွမ် သိလိုက်၏။ ဝေကျွမ် ထင်မှတ်ထားသလိုပင် ထန်ဟုန့်ဖန့်က ဟွာဘန်းဂိုဏ်း၏ 'ကျောက်လက်ဝါး' တိုက်ကွက်ကို စတင် ထုတ်ဖော်တိုက်ခိုက်၏။ သူ၏ တိုက်ကွက်များမှာ ပြင်းထန်လှန်းလှ၏၊ အတွင်းအား ကောင်းမွန်သူတစ်ဦး ဖြစ်သော ကြောင့် သူ့လက်သီးတစ်ချက် ထိမိလိုက်သည်နှင့် မသေသော်မှ အတွင်းဒဏ်ရာ အကြီးအကျယ် ရရှိသွားနိုင်ပေသည်။

★

## အခန်း (၆၀)

### ဒုတိယအကြိမ် သင်ခန်းစာ

လက်သီးနှင့် လက်ဝါး တွဲစပ်တိုက်ကွက်များက မုန်တိုင်းတိုက်ခတ်သည့်နှယ် ပြင်းထန် ရက်စက်လှ၏။ ဝေကျွမ် ရှောင်တိမ်းရုံသာ ရှောင်တိမ်းပေးနေ၏။ ထန်ဟုန့်ဖန့်၏ လက်သီးနှင့် လက်ဝါးများက ဝေကျွမ်၏ မျက်နှာအနီးသို့ သိုးကာသီကာ ဖြတ်ကျော်သွားကြ၏။

ထန်ဟုန့်ဖန့် ကိုယ်တိုင် ဝင်ရောက် တိုက်ခိုက်သောအခါ သူ၏ ကိုယ်ရံတော် အစောင့်တပ်သားများမှာ ဝိုင်းအုံ၍လာကြတော့သည်။

သို့သော် တိုက်ပွဲစည်းအတွင်းသို့ မဝင်ရဲကြပေ။ အတွင်းအား ပြင်းထန်ကောင်းမွန်သူချင်း တိုက်ခိုက်နေကြသည်မို့ မိုက်မိုက်

ကန်းကန်း၊ ဝင်းထုက်တိုက်ခိုက်မိပါက အကြီးအကျယ်ပင် ထိခိုက်ဒဏ်ရာရ နစ်နာသွားနိုင်ပေသည်။

အစောင့်တပ်သားများကို ကျားပွတ်မယ်က မျက်ခြည်ပြတ်မခံ၊ တစ်ချက်ကလေးမျှ အလွတ်မပေးဘဲ အခြေအနေစောင့်ထိန်းထားသည်။ တိုက်ပွဲစည်းဝိုင်းအတွင်းသို့ တစ်စုံတစ်ယောက် ဝင်သည်ဆိုလျှင် သူမ၏ ကျားပွတ်ရှည်က ငဲ့မိန့်နှုတ်ခြွေသွားမည် ဖြစ်ပေသည်။ ကျားပွတ်မယ်မှာ ဝေကွမ်တို့ တိုက်ပွဲကို ကြည့်လိုက်၊ အစောင့်တပ်သားတို့၏ အခြေအနေကို စောင့်ကြည့်လိုက်နှင့် မအားမလပ်နိုင်အောင် သတိထားနေရပေသည်။

ဝေကွမ်ကား ထန်ဟုန်ဖန်၏ တိုက်ကွက်များကို ရှောင်တိမ်းပေးနေဆဲဖြစ်၏။ ထန်ဟုန်ဖန်မှာ သူ့လက်ဝါးလက်သီးတို့ ဝေကွမ်ကို မထိဘဲ အချည်းအနှီး ဖြစ်နေရသည်မို့ စိတ်ထဲတွင် မကျေနပ် နိုင်အောင် ဖြစ်မိသည်။ ထို့ကြောင့် အရှိန်အဟုန်မြင့်တင်ကာ ကြမ်းကြမ်းတမ်းတမ်း ရက်ရက်စက်စက် တိုက်ပြန်သည်။

'ဝှီး...ဝှီး...'

လက်သီးရိပ် လက်ဝါးရိပ်များ အရာအထောင် ထပ်နေ၏။ ဝေကွမ်စိတ်ထဲက ကျိတ်ပြုံးလိုက်ပြီးလျှင် ကေရာဇာ မဟာသိုင်းကျမ်းထဲမှ 'ကျောက်တုံးလှိုင်းပုတ်' တိုက်ကွက်ကို စတင်ထုတ်သုံးလိုက်၏။

'ဖတ်'

'ဖတ်'



'ဝုန်း'

ထန်ဟုန်ဖန်၏ လက်မောင်းနှစ်ဘက် ထုံကျဉ်သွားသည်။ ရင်ဝဘည့်တည့်သို့ ဝေကွမ်၏လက်သီးချက် ကျရောက်သွားကာ လူသည်လည်း နောက်သို့ခြေလှမ်းဆယ်လှမ်းခန့် ဒယီးဒယိုင် ဆုတ်ခွာ သွားရတော့သည်။

ဝေကွမ်က ဆက်လက်မတိုက်ခိုက်ဘဲ အသာပင်ရပ်ကြည့်နေ၏။ ထန်ဟုန်ဖန်မှာ အတွင်းအားဖြင့် တောင့်ခံထားလိုက်သော ကြောင့် အတွင်းဒဏ်ရာရရှိခြင်း မဖြစ်လိုက်။ သို့သော် သူ့ရင်ခေါင်းထဲ၌မူ အောင့်နာနာကြီးဖြစ်၍နေကာ ဝေကွမ်ကို အထိတ်တလန့်လေး ကြည့်နေမိ၏။

'ဟင်....မင်းကများ ငါ့ကိုထိအောင် တိုက်ခိုက်နိုင်တယ်ပေါ့ ဟုတ်လား၊ မင်းကိုအသေသတ်မယ်... အသေသတ်မယ်ကွ'

ဒေါသကြောင့် တရှူးရှူးတရှဲရှဲ ဖြစ်လာပြီးလျှင်ဂူလန်တင်ထံမှ ဓားရှည်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ ကျားပွတ်မယ်သည် ဝေကွမ်အတွက် လန့်စွာတိုးရိမ်သွားသည်။

ဝေကွမ်တွင် လက်နက် မပါရှိသည်ကို သူမ သိရှိထား၏။ ထို့ကြောင့် ကျားပွတ်ရှည်ကို လက်ထဲတွင် ဆကိုင်လျက်....

'အစ်ကို....ကျားပွတ်ပစ်လိုက်မယ်'

ဝေကွမ်က နောက်သို့မလှည့်ဘဲ....

'နေပါစေညီမ၊ လက်နက်မလိုပါဘူး'

ကျားပွတ်မယ် အံ့သြသွားသည်။ ထန်ဟုန်ဖန်သည်ကျောက်ပေဆန်ကဲ့သို့မဟုတ်။ ကျောက်ပေဆန်ထက် များစွာအဆင့်မြင့်သော သိုင်းသမားတစ်ယောက် ဖြစ်၏။ ကျောက်ပေဆန်ကို

ဘောင်မှ လက်နက်နှင့်ယှဉ်ပြိုင်ရလျှင် ထန်ဟုန်ဖန်ကိုလက်နက်မဲ့ ယှဉ်ပြိုင်၍ ဖြစ်နိုင်ပါမည်လား။ ကျားပွတ်မယ်မှာ ဝေကွမ် အတွက် စိတ်မချနိုင်အောင် ဖြစ်မိ၏။

'ဖြစ်ပါ့မလားအစ်ကို၊ ကျွန်မကျားပွတ်...'

'ကိစ္စမရှိပါဘူး၊ အစ်ကို့ကို စိတ်ချပါ'

ထိုအချိန်မှာပင် ထန်ဟုန်ဖန့်မှာ ဓားရှည်ကို စက်ဝိုင်းခြမ်း သဏ္ဌာန် ဝှေ့ယမ်းလျက် ဝေကွမ်ထံသို့ တိုးဝင်လာခဲ့ပြီဖြစ်၏။ ဝေကွမ် အသာပင်ရှောင်တိမ်းနေ၏။ သူ၏ရှောင်တိမ်းနေပုံမှာ အသက်မပါသော အရုပ်ကလေးတစ်ရုပ် ကြိုးဆွဲရာ အတိုင်း ကနေသည့်နှယ် ရှိ၏။

'ရှီး... ရှီး....'

ထန်ဟုန်ဖန့်ဓားရှည်က ဝေကွမ်၏ရင်ဘတ်၊ လက်မောင်း၊ မျက်နှာတို့အနီးတွင် ပါးပျဉ်းထောင်နေသော မြွေတစ်ကောင် အလား ပွတ်သပ် ဖြတ်သန်းသွား၏။ တိုက်ကွက်ဆယ်ကွက်သို့ ရောက်လျှင် ဝေကွမ်မှာ ဟန်ချက် လွဲချော်သွားရသည်။ လူ တစ်ကိုယ်လုံး လဲကျလုမတတ် ယိမ်းယိုင်သွား၏။

ထန်ဟုန်ဖန့်စိတ်ထဲက ကျိတ်ပြုံးလိုက်၏။ တမဟုတ်ချင်း မှာပင် ဓားရှည်ကိုဝင့်ကာ ဝေကွမ်၏ရင်ဝတည့်တည့်သို့ ထိုးချ လိုက်တော့သည်။

'အစ်ကို...'

ကျားပွတ်မယ်မှာ လွန်စွာမှပင် ထိတ်လန့်တုန်လှုပ်သွားမိပြီး အလန့်တကြား အော်ဟစ်လိုက်မိ၏။



အော်ဟစ်ရင်းပင်သူမ၏မျက်လုံးများကျွတ်ထွက်ကျလုမတတ် ပြူးကျယ် ဝိုင်းစက် သွားသည်။ ထန်ဟုန်ဖန့်၏ ဓားရှည်မှာ ဝေကွမ်၏ရင်ဝတည့်တည့်သို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာ သော်လည်း၊ လမ်းခုလတ်မှာပင် ရပ်တန့်သွားခဲ့၏။ အဘယ် ကြောင့်ဆိုသော် ဝေကွမ်က ထိုဓားမြှားကို လက်ဝါးနှစ်ဘက် ဖြင့် ညှပ်ထားလိုက်သောကြောင့်ပေတည်း။

ထိုအခါ ထန်ဟုန်ဖန့် အကြီးအကျယ် တုန်လှုပ်သွားတော့ သည်။ မယုံကြည်နိုင်လောက်သော မျက်လုံးများဖြင့်ဝေကွမ် ကိုကြည့်လိုက်၊ မိမိ၏ဓားရှည်ကိုကြည့်လိုက် ဖြစ်နေ၏။

ဝေကွမ်က ခနဲ့ခနဲ့သော ပြုံးပြလိုက်သည်။

ထန်ဟုန်ဖန့်အံကြိတ်ကာ အတွင်းအားထုတ်လျက် ဓားကို ဆွဲနုတ်ယူလိုက်သည်။ ဆွဲနုတ်၍မရပေ။ ဝေကွမ်ကဣန္ဒြေမပျက် ပင် လက်ဝါးနှစ်ဘက်ဖြင့် ညှပ်ထား၏။ ထန်ဟုန်ဖန့်သည် မေးကြောကြီးများ ထောင်ထလာအောင် ဆွဲနုတ်ပြန်သည်။ ကျောက်တောင်ကြားတွင် ဖိညှပ်နေသော ဓားကို ဆွဲနုတ်နေ သကဲ့သို့ ဓားသည်တစ်စက်မှာလေးမျှ မလှုပ်မရှားခဲ့ပေ။

ရှက်ရွံ့ခြင်း၊ ထိတ်လန့် တုန်လှုပ်ခြင်းတို့ကြောင့် သူ့ တစ်ကိုယ်လုံးတွင် ဇောချွေးများပြန်လာသည်။ သူက အားစိုက် ခွန်စိုက် ဓားကို ဆွဲနုတ်နေသော်လည်း ဝေကွမ်က ဟန်မပျက် အေးဆေးတည်ငြိမ်စွာ ဓားကို ထိန်းထားသည်။ ထိုအဖြစ် အတွက် ထန်ဟုန်ဖန့် လွန်စွာ မခံချင်အောင် ဖြစ်မိသည်။

သို့သော် အခြေအနေသည် မခံချင်ဖြစ်ရုံမျှတစ်ပါး မည်သို့မျှ မတတ်နိုင်သော အခြေအနေဖြစ်နေ၏။ ထို့ကြောင့် သူ့စိတ်ထဲ

တွင် ရှက်ဖြည်းပင် အကြံတစ်ခု ရလာ၏။ လွတ်နေသော သူ့ဘယ်ဘက်ဖြင့် စေကွမ်၏ မျက်နှာကို ကျောက်လက်ဝါး တိုက်ကွက်ဖြင့် ရိုက်ချလိုက်ခြင်းပေသည်။

'ဝုန်း....'

မြည်ဟည်းသံကြီးက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ထန်ဟုန်ဖန့်အပေါ် ပေါ်တန်တန်ပင်တွေးကာ လက်ဝါးရိုက်ချက် ထုတ်လိုက်သလို စေကွမ်ကလည်း ဓားကို လက်တစ်ဘက်ဖြင့် ညှပ်သုပ်ကိုင်ပြီး ကျန်လက်တစ်ဘက်ဖြင့် ခုခံပေးလိုက်သည်။

လက်ဝါးနှစ်ခု ပူးကပ်သွားသည်နှင့် ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း စေကွမ်သည် အတွင်းအားကို ပို့လွှတ်ပေးလိုက်ရာ ထန်ဟုန်ဖန့်၏ခန္ဓာကိုယ်လုံးမှာ ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို တုန်တုန်ယင်ယင် ဖြစ်သွားတော့၏။ နောက်ဆုံး ဓားကိုင်လက်ကို လွှတ်လိုက်ရကာ နောက်သို့ ဆုတ်ပေးလိုက်ရတော့သည်။

သူ့မျက်လုံး နှစ်လုံးသည် ပုစွန်မျက်လုံးလို ပြူးထွက်နေသည်။ သူ့ဝတ်ရုံ တစ်ခုလုံးတွင်လည်း ဇောချွေး၊ ကြောက်ချွေးများကြောင့် ရွဲရွဲနစ်နေခဲ့ပြီ။

လူအများပေါ်၌ မောက်မာ ထောင်လွှားခဲ့သော၊ ရက်စက်ယုတ်မာခဲ့သော ထန်ဟုန်ဖန့် တစ်ယောက် မိမိရှေ့တွင် ထိတ်လန့်ချောက်ချားကာ တုန်တုန်ယင်ယင်ဖြစ်နေသည်ကို စေကွမ်သည် အရသာရှိရှိ ရပ်ကြည့်နေမိတော့၏။

ကျော်ပွတ်မယ်၏ အံ့ဩဝမ်းသာမှုကား ဆိုဖွယ်ရာ မရှိတော့ချေ။ သူမသည် စေကွမ်ကို အာမည အဝကတည်းက သူမ၏ နှလုံးသားတွင် စွဲနစ် နှစ်သက်ခဲ့ပေသည်။ ယခုကဲ့သို့ထိတ်ထိတ်ပြ



သိုင်းသမားကြီး ဘဝသို့ ရောက်ရှိလာသော ယခုပါတ်စ်ကား ပို၍ပင် လေးစား အားကိုးစွာ ချစ်ရတော့သည်။

စေကွမ်သည် သူ့လက်ထဲတွင် ရှိနေသော ထန်ဟုန်ဖန့်၏ ဓားကို ထန်ဟုန်ဖန့်ဆီသို့ ကမ်းပေးလိုက်၏။ ထန်ဟုန်ဖန့် မယူရဲချေ။ ဓားရိုးကို အဆိပ်ရှိ သတ္တဝါတစ်ကောင်အလား ကြောက်ကြောက်ရွံ့ရွံ့ကြည့်နေမိသည်။ စေကွမ်၏ အတွင်းအား အခြေအနေကို သူကိုယ်တိုင် စမ်းသပ် တွေ့ရှိခဲ့ပြီးပြီ မဟုတ်ပါလော။ အမိုက်တိုးကာ ဓားရိုးကို ကိုင်လိုက်ပါက ဧကန္တ ဘဝ ရောက်သွားရမည်ကို သူ စိုးရိမ်နေ၏။

'ရော့လေဗျာ.... ခင်ဗျား ဓား ပြန်ယူပါ'

စေကွမ်က ရှေ့သို့ ခြေတစ်လှမ်း တိုးပေး၏။ ထန်ဟုန်ဖန့် အထိတ်တလန့် နောက်သို့ ခြေတစ်လှမ်း ဆုတ်၏။

'ဟဲ...ဟဲ....ဟဲ....ယူလေဗျာ၊ ခင်ဗျားဓား ပြန်မယူတော့ဘူးလား၊ ကျုပ်က ရိုရိုသေသေ ပေးနေတာပါ'

ထန်ဟုန်ဖန့်မှာ အယောင်ယောင် အမှားမှားဖြင့် လက်နှစ်ဘက်ကို ရှေ့သို့ ဆန့်ထုတ် လှမ်းယူမလို လုပ်မိသေး၏။ စေကွမ်က ဓားကို သူ့လက်ဖြင့် မိအောင် ရှေ့ဆန့်တိုးပေးလိုက်သော အခါ သူ သတိပြန်ရကာ အချောက်ချောက် အချားချားဖြင့် နောက်ဆုတ်သွားပြန်လေ၏။ လက်နှစ်ဘက်ကိုလည်း အလျင်အမြန်ပင် နောက်သို့ ဝှက်ကွယ်လိုက်မိသည်။

'မယူဘူး....မယူချင်ဘူး'

ထန်ဟုန်ဖန့် အယောင်ယောင်-အမှားမှား အော်လေ၏။ စေကွမ် ရယ်လိုက်သည်။

'ဟား...ဟား...ဟား... ကိုယ့်ဓားတောင်မှ ကိုယ် ပြန်မယူတော့ဘူးလား၊ ဒီဓားက သရဲ သဘက်စီးနေတဲ့ ဓားအတုံးကြီး ဖြစ်နေပြီလား'

ဝေကွမ်က ဓားကို လက်ဖြင့် ဆကြည့်နေမိသည်။ ဓားရှည်မှာ ခါးလယ်မှ ကိုင်ထားသည့်တိုင် အရှိုးဘက်မှ တဆတ်ဆတ် လှုပ်နေတော့သည်။

'ဘယ်လိုလဲ...ခင်ဗျားအတွက် ဒီဓားက အသုံးမဝင်တော့ဘူးလား၊ ဒီလိုဆိုရင်တော့ ဘာလုပ်ရမှာလဲ၊ ကျုပ်ကလဲ ဒီဓားမျိုးကို တုတ်တစ်ချောင်းလောက်တောင်မှ တန်ဖိုးမထားဘူး၊ ဒီတော့ တုံးနေတဲ့ ဓားကို ပန်းပဲဖိုထဲ ထည့်ပြီး မြင်းခွာ လုပ်ပစ်ဘာပဲ ကောင်းပါတယ်'

ပြောပြောဆိုဆိုပင် သူသည် ဓားကိုဆတ်၍ လှုပ်ခါလိုက်ရာ ဓားသည် ချွမ်းခနဲ မြည်ပြီး ကျိုးကျသွားလေတော့၏၊ ဝိုင်းအုံနေသောအစောင့်တပ်သားများမှာ အလန့်တကြား အာမေဋိတ်သံများ ပြုပြီး နောက်ဆုတ်သွားကြလေတော့၏။

★

အခန်း (၆၁)

အဆိပ်ဘုရင်ဖြစ်ရေးသို့

ဝေကွမ်သည် ဓားကျိုးကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီး သူ့လက်နှစ်ဘက်ကို ပွတ်သပ်နေလိုက်သည်။

ထန်ဟုန်ဖန့်မှာ ကြက်သီးတဖြန်းဖြန်းထပြီး တစ်ကိုယ်လုံး နတ်ကျသလို တုန်ယင်နေ၏။ လုံးဝ ရှုံးနိမ့်သွားပြီ ဖြစ်၍ ထန်ဟုန်ဖန့် ခေါင်းမဖော်ရဲတော့ချေ၊

ဂုဏ်တင့်ကား ဆိုဖွယ်ရာ မရှိတော့ချေ။ သူ၏ ဓားရှည် ပျက်စီးသွားရသည်က တကြောင်း၊ ဝေကွမ်ကို နောက်မြီးဆွဲ ရှုတ်ချ မိခဲ့၍ တကြောင်း၊ သူ့ ရှေ့ရေးကို ရင်မဆိုင်နိုင်အောင် ဖြစ်နေရတော့သည်။

'ဂူလန်တင့်'

ဝေကျွမ်၏ ခေါ်သံကြောင့် ဂူလန်တင့်မှာ လန့်ဖျပ်သွားလေတော့၏။ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လှမ်းကြည့်သည်။

'နောက်မြီးဆွဲနဲ့ တစ်ပွဲလောက် တိုက်ကြည့်ဦးမလား'

ဂူလန်တင့် ကပျာကယာပင် လက်နှစ်ဘက်ကို ရှေ့သို့ထုတ်ကာ တစ်ခါခါ တစ်ယမ်းယမ်းလုပ်လျက်

'မ....မတိုက်....မတိုက်တော့ ပါဘူးဗျာ၊ မတိုက်ဝံ့တော့ပါဘူး၊ နောက်.... နောက်မြီး.... နောက်မြီးဆွဲ ဆိုတာလဲ ယောင်ယမ်းပြီး ပါးစပ်က ထွက်သွားတာပါ ခင်ဗျာ၊ အခုဆိုရင် ခင်ဗျားဟာ သိုင်းလောကရဲ့ ထိပ်တန်း သိုင်းဆရာကြီးတစ်ယောက်ပါ ခင်ဗျာ၊ ဒီလိုလူမျိုးနဲ့ ကျွန်တော် ဘယ်မှာယှဉ်ဝံ့ပါ့မလဲ'

ဝေကျွမ်ဆတ်ခနဲဖြစ်သွား၏။ ဂူလန်တင့်၏ ချီးမြှောက်စကားများက သူ့အခြေအနေကို ဒက်တိ ထုတ်ဖော် ပြောပြလိုက်သကဲ့သို့ ဖြစ်နေပေသည်။ ဂူလန်တင့်သည် သူ့ကေရာဇာသိုင်းကျမ်းကို လေ့ကျင့်နေကြောင်း သိနေသလားဟု တွေးကာ စိုက်ကြည့်နေသည်။

ဂူလန်တင့်သည် မိမိ အက်သာရာ သက်သာကြောင်း ချီးမြှောက်ပြောဆိုလိုက်ပါမှ မိမိအား ယခုကဲ့သို့ စူးစူးရဲရဲကြည့်လာသည်ကို တွေ့ရသောအခါ ပို၍ အမြီးကုတ်သွားလေတော့၏။

'ဂူလန်တင့်'



ဝေကျွမ်က ထပ်ခေါ်လိုက်၏။

ဂူလန်တင့် မျာမျာသလဲ ဖြင်သွားရပြန်သည်။

'ခင်...ခင်ဗျာ....ဘာများ အမိန့်ရှိလိုပါသလဲ ခင်ဗျာ'

'ခင်ဗျား အခု ဘယ်ကိုသွားမလဲ'

'ကျိနန်'

ပါးစပ်မှ လွတ်ခနဲ ထွက်သွားသည်။ စင်စစ် ဂူလန်တင့်ထိုအချက်ကို ထုတ်ပြောရန်မဟုတ်ချေ။ ရုတ်တရက် ဖြစ်၍လန့်ထုတ်ပြောမိခြင်းသာ။ သို့သော်....ချက်ချင်း တွေခြေဆယ်ပြီးပြန်မေး၏။

'ခင်ဗျားက ဘာလုပ်မလို့ မေးရတာလဲ'

'ကျုပ် ဘာလုပ်ဖို့ မေးမေး ခင်ဗျား ပြန်မေးနေစရာမလိုဘူး၊ ခင်ဗျားဆရာ ဂူဆန့်ကွေးကို ပြောလိုက်ပါ၊ အခုတစ်ပတ်အတွင်း လျှိုယိစုန်းကို လွှတ်ပေးရင် လွှတ်ပေး၊ မလွှတ်ပေးရင် ကျုပ်ကိုယ်တိုင်လာခဲ့မယ်လို့ ပြောလိုက်'

ဂူလန်တင့်ငြိမ်နေ၏၊ ဝေကျွမ် ဘာမျှဆက်မပြောတော့ဘဲ ကျွဲပွတ်မယ်အနီးသို့ လျှောက်သွားသည်။ အစောင့်အကြပ်များမှာ ဘာလုပ်ရမည်မသိ ဖြစ်နေကြသည်။ ထန်ဟုန်ဖန့်မှာလည်း အမိန့်မပေးနိုင်အောင် ငိုင်တွေနေ၏၊ သူ့ခြံဝင်းအတွင်းမှ အစောင့် အကြပ်များ၏ အခြေအနေကို သူကောင်းစွာ သိရှိသားသည်။ ဝေကျွမ် မပြောနှင့် ကျွဲပွတ်မယ်၏ ကျွဲပွတ်ချက်အောက်တွင်ပင် ဇိဝိနပြုတ်ကြွသွားနိုင်သဖြင့် ယခုကဲ့သို့ ငြိမ်သက်နေခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ထန်ဟုန်ဖန့် ယူဆပေသည်။

ဝေကွမ်က ထန်ဟုန်ဖန့်တို့ကို တစ်ချက် ကြည့်လိုက်ပြီးနောက်

'ထန်ဟုန်ဖန့် ခင်ဗျားကို ကျုပ် အခုတစ်ခါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် သည်းခံခွင့်လွှတ်လိုက်မယ်၊ ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေကို ပြုပြင်ပါ၊ သစ္စာဖောက်စိတ်ဓာတ်တွေကို ဆေးကြောလိုက်ပါ၊ ခင်ဗျားရဲ့ အကျင့်စရိုက်တွေ မပြောင်းဘူး၊ မဟုတ်တဲ့အလုပ်တွေကို ရပ်တန့်ကမရပ်ဘူးဆိုရင်တော့ ကျုပ်ကို အဆိုးမဆိုပါနဲ့၊ တစ်တိုင်းပြည်လုံးရဲ့ ဟန်တရုတ် အမျိုးသားတွေနဲ့ စာရင် ခင်ဗျားရဲ့ အသက်ဟာ ဘာမှ တန်ဖိုးမရှိပါဘူး၊ နောက်တစ်ခါဆိုရင် ကျုပ် အသတ်ပဲ'

စကားဆုံးသည်နှင့် ဝေကွမ်သည် ကျားပွတ်မယ်ကို လက်ဆွဲကာ ခြံဝင်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။ ထန်ဟုန်ဖန့်မှာ မခံချိမခံသာ ဖြစ်နေသော်လည်း ဘာမျှ မပြောရဲချေ။ ဝေကွမ်တို့ ပျောက်ကွယ်သွားသောအခါမှ....

'တောက်....လူဝါ၊ ဝလွှီကွာ၊ သိမယ်၊ မင်း ငါ့အကြောင်း သိစေရမယ်'

သူ့ကြုံးဝါးသံကြောင့် ဂူလန်တင့်မှာ ခေါင်းထောင်ထလာသည်။

'ဒီကောင် သိပ်ဟုတ်သေးတာ မဟုတ်ပါဘူး၊ ဆရာကြီးက သိုင်းလောကနဲ့ အဆက်အသွယ်ပြတ်၊ အလေ့အကျင့် ပြတ်နေလို့ အခုလို ဖြစ်သွားရတာပါ၊ မခံချင်စိတ်နဲ့ ဆက်လေ့ကျင့်လိုက်ရင် တစ်လအတွင်းမှာ ဝေကွမ်ရဲ့ အရေခွံကို ခွာလိုက်နိုင်ပါတယ်'



ထန်ဟုန်ဖန့်သည် ဂူလန်တင့်ကို မလိုတမာ ချောင်းကြည့်၏။ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ စကားအမျိုးမျိုး ပြောသဖြင့် ဒေါသဖြင့် ကြည့်ခြင်းပင်။ ဂူလန်တင့် အမြီးကုတ်သွား၏။ သို့သော် ထန်ဟုန်ဖန့်မှာ ဂူလန်တင့်ကို အကြာကြီး ဒေါသ မထွက်ချေ။

'ဟုတ်တယ်၊ မင်းပြောတာ မှန်တယ် ဂူလန်တင့်၊ ကျုပ်က သိုင်းလောကနဲ့ အဆက်ပြတ်နေခဲ့တာ ဆယ်နှစ်တောင်ရှိပြီ၊ နောက်ပြီး မလေ့မကျင့်ဘဲ အသောက်အစား အပျော်အပါးနဲ့ နေခဲ့တာများပြီကိုး၊ ပြင်းပြင်းထန်ထန် လေ့ကျင့်မယ်ဆိုရင် ဖြစ်နိုင်သေးပေမယ့် ကျုပ်ရဲ့ အသောက်အစား အပျော်အပါးတွေကြောင့် တော်တော်ကြီး ခက်ခဲလိမ့်မယ်'

'ဆရာကြီးထင်လို့ပါ၊ တကယ်တမ်း လေ့ကျင့်ကြည့်ရင် ဆရာကြီး ဒီကောင့် ပညာလောက်ကို အသာကလေး ကျော်လွှားသွားနိုင်ပါတယ်'

ထန်ဟုန်ဖန့် ခေါင်းကို ခါယမ်းလိုက်၏။

'မဟုတ်ဘူး၊ မင်းပြောသလို မဖြစ်နိုင်ဘူး၊ ကျုပ်အကြောင်း ကျုပ်သိတယ်၊ ကျုပ်ရဲ့ သိုင်းပညာအကြောင်းကိုလဲ ကျုပ်သိတယ်၊ ဒီလောက် လွယ်လွယ်ကူကူနဲ့ ဖြစ်နိုင်မယ်ဆိုရင် ကျုပ် အပြင်းအထန် လေ့ကျင့်တော့မှာပေါ့၊ ဝေကွမ်ကို ကျုပ် ကြုံးဝါးခဲ့တာက သူ့ကို သိုင်းပညာနဲ့ အနိုင်ယူဖို့ မဟုတ်ဘူး'

'ဒါ....ဒါဖြင့် ဘာပညာနဲ့ အနိုင်ယူမှာလဲ ဆရာကြီး'

ထန်ဟုန်ဖန့် အဝေးသို့ မျှော်ငေးနေသည်။ သူ့မျက်လုံးထဲ၌ ယုတ်မာရက်စက်မှု၊ အကြံကြီး ကြံစည်မှုတို့ အရိပ်ထင်

နေ၏။ သူသည် ဂူလန်တင့်၏ မေးခွန်းကို ချက်ချင်း မဖြေပေ။ သူသည် အံကို တင်းတင်းကြိတ်လိုက်၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အခြား လက်ဝါးတစ်ဘက်ကို လက်သီးဖြင့် ထိုးလိုက်၏။

'အဆိပ်၊ ဒီကောင့်ကို အဆိပ်ပညာနဲ့ သတ်မယ်'

ဂူလန်တင့် ပခုံးကလေး တွန့်သွား၏။ ထန်ဟုန်ဖန့်ကို စောဒကတက်မိသည်။

'အဆိပ်နဲ့ သတ်မယ်ဆိုရအောင် ဆရာကြီးဆီမှာ အဆိပ်ရှိလို့လား။ ပြီးတော့ သူ့ကိုကော အဆိပ်ခတ်နိုင်မှာမို့လား'

'ဟား...ဟား...ဟား'

ထန်ဟုန်ဖန့်သည် စိတ်လက် လက်လှတ် ဟားဟားဟား ရယ်မောသည်။ ပထမဆုံးအကြိမ် ကြည်ကြည်သာသာ ရယ်မောခြင်းပေတည်း။

'ဘယ်က အဆိပ်ရမလဲ ဟုတ်လား၊ လျှံယီစန်းတစ်ယောက်လုံး မင်း ဘယ်နားသွားထားမလဲ၊ သူ့ကို ကျုပ်ကိုယ်တိုင် စစ်မေးမယ်၊ သူ့ဆီက အဆိပ်ပဒေသာကျမ်းကို မရရအောင် ယူမယ်၊ ဒါဆိုရင် ကျုပ် အဆိပ်ဘုရင် တစ်ယောက်ဖြစ်ပြီပေါ့၊ အဆိပ်မျိုးစုံကို နိုင်နင်းသူ တစ်ယောက်ဖြစ်ပြီပေါ့၊ ဒီလောက် အဆိပ်ပညာတွေ ကျွမ်းကျင်နေမှ သိုင်းပညာကို ကျုပ်က ဘာလို့ အထင်ကြီးလေးစား သင်နေရတော့မှာလဲ'

ဂူလန်တင့်သည် ထိုအချက်ကို မတွေးမိခဲ့ပေ။ ဤနည်းလမ်းကား ဖြတ်လမ်းနည်းလမ်းပင်။



'ဒါပေါ့၊ အဆိပ်ပဒေသာကျမ်းရမှတော့ သိုင်းပညာကို ဒီလောက် အားကိုးစရာလဲ မလိုဘူး၊ ကြောက်စရာလဲ မလိုတော့ဘူးပေါ့၊ သိုင်းပညာနဲ့လဲ လူတစ်ယောက်ရဲ့ အသက်ကို သတ်လို့ ရတာပဲ၊ အဆိပ်ကလဲ လူတစ်ယောက်ကို သတ်နိုင်တာပဲ၊ သတ်တာချင်း အတူတူ မပင်မပန်းနဲ့ သတ်တဲ့အလုပ်ကို လုပ်ရမယ်၊ ဒီကောင့်ကို အဆိပ်နဲ့သတ်ရမယ်၊ ပြီး သူ့အပေါင်းပါတွေကိုပါ သတ်ရမယ်၊ ဟား ဟား ဟား....ဒီလိုဆိုရင် ငါဟာ တရုတ်နန်းတွင်းကိုပါ ချယ်လှယ်နိုင်တဲ့သူ ဖြစ်ပြီပေါ့၊ ဟား....ဟား....ဟား'

ထန်ဟုန်ဖန့်သည် သူ့အတွေးနှင့်သူ ကျေကျေနပ်နပ်ကြီး ရယ်မောနေတော့သည်။

ဂူလန်တင့်သည် ထန်ဟုန်ဖန့်ကို ငေးမော ကြည့်နေမိ၏။ ထို့နောက် သူ့စိတ်ထဲ၌ဖြစ်နေသောသံသယစကားကို ထုတ်ဖော်ပြောပြ လိုက်လေ၏။

'ဆရာကြီးကို လျှံယီစန်းက အဆိပ်ပဒေသာပုရပိုက် ထုတ်ပေးပါ့မလား ဆရာကြီး၊ ပြီးတော့သူက မီးရှို့ပစ်လိုက်ပြီလို့ တွင်တွင်ပြောနေတာ'

'ဘာလို့ ထုတ်မပေးရမှာလဲ၊ မင်းတို့စစ်မေးတာနည်းလမ်းမကျလို့ပေါ့ကွ၊ ကျုပ်စစ်မေးရင် ပေါ်လာစေရမယ်၊ ကျုပ်မှာ နှိပ်စက်နည်းပေါင်းထောင်ခြောက်ထောင်လောက်ရှိတယ်၊ အဲဒီထဲက တစ်နည်း သောက်သုံးလိုက်ရင်ပဲ မင်း လျှံယီစန်း ချက်ချင်း အန်ထုတ်မှာကွ'

ဂူလန်တင့်က ထပ်၍....

'တကယ်လို့သူက အမှန်တကယ် မီးရှို့ပစ်ခဲ့ပြီ ဆိုရင်ကော ဆရာကြီး ဘယ်လိုလုပ်မလဲ'

'မီးရှို့လိုက်ပြီဆိုတာမင်းတို့ကိုညာပြောတာပါကွာ၊ တကယ်တမ်း မီးရှို့ခဲ့ပြီဆိုရင်လဲဒီပုရပိုက်ကို သူကောင်းကောင်းဖတ်ပြီးဖြစ်နေလိမ့်မယ်၊ အဆိပ်ကျမ်းမှန်းသိရင် ဒီလောက်အဖိုးတန်တာကို သူအလွတ်ကျက်မှတ် ထားမှာပါ၊ မီးရှို့ပစ်လိုက်ပြီဆိုရင်လဲ သူ့ဆီက အဆိပ်နည်း တစ်နည်းနှစ်နည်းလောက် တောင်းယူထားလိုက်ရုံပဲ'

'ဟာ....ဟုတ်သားပဲ၊ ဟား....ဟား....ဟား'

ကိုယ့်စိတ်ကူးနှင့်ကိုယ်၊ ကိုယ့်အကြံအစည်နှင့်ကိုယ် ကြည်နူးကာ နှစ်ယောက်သား ရယ်မောနေလိုက်ကြသည်။ လျှို့ယိစန်းထံမှအဆိပ်ကို မည်သို့တောင်းယူလိုက်မည်၊ မည်သို့ပေ်စပ်လိုက်မည်၊ ဝေကွမ်တို့လူစုကို မည်ကဲ့သို့အဆိပ်ခတ်သတ်မည် အစရှိသည်တို့ကို အကွက်ချ စီစဉ်ကာ ပျော်နေကြပြန်သည်။

အတန်ကြာမှဂူလန်တင့် ဆတ်ခနဲဖြစ်သွားသည်။ တစ်စုံတစ်ခုကို သတိရသွားသည်။

'ဟာ... ဒုက္ခပဲ'

သူ့အာမေဋိတ်သံကြောင့် ထန်ဟုန်ဖန့်ပင် လန့်ဖျပ်သွားသည်။

'ဘာဒုက္ခလဲ ဂူလန်တင့်၊ ဘာကြောင့် အလန့်တကြားအော်ရတာလဲကွ'

'ဝေကွမ် - ဝေကွမ်'

'ဟင်....ဝေကွမ်လာပြန်ပြီလား၊ ဘယ်မှာလဲ'



'လာတာမဟုတ်ဘူး၊ သွားမှာ - သွားမှာ၊ စောစောကကျွန်တော်တို့ လျှို့ယိစန်းအကြောင်းပြောနေတာ သူကြားခဲ့လိမ့်မယ်၊ ဒါကြောင့် လျှို့ယိစန်းကို တစ်ပတ်အတွင်းလွှတ်ပေးဖို့ သတိပေးသွားတာပေါ့၊ ပထမတော့သူ ကျွန်တော်တို့ထားတဲ့ လျှို့ယိစန်းရှိနေရာကို သိပုံမရဘူး၊ ကျွန်တော့်ကို ဘယ်သွားမလို့လဲလို့မေးတယ်၊ ကျွန်တော်ကလဲ လွှတ်ခနဲကျိနန်လို့ပြောလိုက်မိတယ်၊ သူ....သူ....ကျိနန်ကိုလိုက်သွားမှာပဲ၊ သူလိုက်သွားရင် လျှို့ယိစန်း ချုပ်ထားတဲ့ ကျွန်တော်တို့နေရာကို ရောက်မှာပဲ ပြီး....ပြီး....'

'တော်တော့....မဆက်နဲ့တော့၊ တို့ဒီမှာ ဆက်နေလို့မရတော့ဘူး၊ လျှို့ယိစန်းဆီမရောက်ခင် ညတွင်းချင်း ငါတို့ခရီးထွက်မှဖြစ်လိမ့်မယ်၊ ငါပါမင်းနဲ့အတူ လိုက်ခဲ့မယ်'

သူသည် စကားဆုံးသည်နှင့်ခန်းမဆောင်ကြီးထဲသို့ ဝင်ကာ ယူငင်စရာရှိသည်တို့ကိုယူလေ၏။ ထို့နောက် ကျိနန်ဘက်သို့ စတင် ခရီးထွက်ကြ လေတော့သည်။

## အခန်း (၆၂)

## ကျားပွတ်မယ်၏ ဝန်ခံချက်

ကျားပွတ်မယ်ကား အလွန်ပင် ပျော်ရွှင် ကြည်နူးနေ၏။ အနယ်နယ်အရပ်ရပ်သို့ ခြေရာထပ်မျှလိုက်လံရှာဖွေခဲ့၍ မတွေ့ရသူကို ယခုမမျှော်လင့်ဘဲ တွေ့နေရပြီ မဟုတ်ပါလော...။ သူမသည် ဝေကျွမ်း၏ လက်မောင်းကိုကိုင်၍ ခရီးဆက်နေလေ၏။

နေရောင်ခြည်က နွေးထွေးစွာ ထွက်ပေါ်လာခဲ့ပြီ။ ကျားပွတ်မယ်နှင့် ဝေကျွမ်းတို့နှစ်ယောက်သည်လည်း နေရောင်အောက်တွင် ကြည်နူးလန်းဆန်းစွာ လျှောက်လှမ်းနေကြပြီ။ နွေဦးအစကို လွန်မြောက်သွားခဲ့ပြီမို့ ပတ်ဝန်းကျင်တစ်ခုတွင် ကြည်လင်ရှင်းလင်းနေ၏။ အပူရှိန် အပူငွေ့တို့ကလည်း ရိုက်ခတ်စပြုလာခဲ့လေပြီ။



ကျားပွတ်မယ်နှင့်ဝေကျွမ်းတို့နှစ်ယောက်မှာ တောရိပ်၊ လျှိုရိပ်ရှိသော လမ်းကြောအတိုင်း အရိပ်ခိုလျှောက်ခဲ့ကြသဖြင့် အပူဒဏ်ကို သိသိသာသာ မခံစားကြရပေ။

ထို့နောက် တစ်ချက်ကလေးမျှ အနားမယူဘဲ ဆက်တိုက်ခရီးထွက်လာကြသဖြင့် ပင်ပန်းနေကြသည်ကား အမှန်ပင်။

မသာယာန်းကလေးတစ်ခုအကွေ့သို့ အရောက် ထင်းရှူးပင်ကြီး တစ်ပင်အောက်တွင် ခေတ္တမျှ နားလိုက်ကြ၏။ မလှမ်းမကမ်းတွင် စမ်းချောင်းငယ်ကလေး တစ်ခု ရစ်ခွေ စီးဆင်းနေသဖြင့် သောက်ရန် ရေအတွက် မပူပင်ရပေ။ ရေဘူးများတွင် ရေဖြည့် ကြ၏။ သစ်ပင်အောက်တွင် ပြန်ထိုင်မိကြလျှင် ကျားပွတ်မယ်မလှမ်းက ဝေကျွမ်းအား တိုးညင်းစွာ မေးလေ၏။

'ကျွန်မတို့ ဘယ်ကို သွားကြမှာလဲ အစ်ကို'

'ကျိုနန်ကို သွားကြမယ်လေ'

'ကျိုနန်မှာ ဘာကိစ္စရှိလို့လဲ'

ဝေကျွမ်းက ကျားပွတ်မယ်ကို ငဲ့ကြည့်လိုက်ပြီး ရှင်းပြ၏။

'ကျိုနန်မှာ ဝူဆန်ကွေးရှိတယ်'

'အစ်ကိုက သူတို့ အဲဒီမှာရှိမယ် ဆိုတာ သိလို့လား'

'ခေါ်ခေါ်က အစ်ကို ဂူသန်အင့်ကို မေးလိုက်တယ်မဟုတ်လား၊ ဘယ်ကိုသွားမလဲလို့၊ သူက ကျိုနန်ကို သွားမယ်လို့ လွှတ်ခနဲ ပြောလိုက်တယ်လေ'

'အဲဒီလို ပြောတာနဲ့ပဲ၊ ကျိုနန်မှာ ဝူဆန်ကွေးတို့ ရှိနေရောတဲ့လား အစ်ကိုရယ်'

ဝေကွမ် ခေါင်းညိတ်ပြလိုက်သည်။

'ရှိတယ်ညီမ၊ စောစောက ညီမ သူ့ကို အကြောပိတ်ပြီး ခေါ်လာခဲ့တယ် မဟုတ်လား၊ အဲဒါ သူ တည်းခိုဆောင်ကို ပြန်မယ်၊ အဲဒီ တည်းခိုဆောင်ကမှ ကျိန်နန်ကို သွားပြီး သတင်းပို့မှာပဲ'

'သူက အစ်ကိုနဲ့အတူ တစ်ဆောင်တည်းမှာ တည်းခိုခဲ့တာ မဟုတ်ဘူးလား၊ ဘာကြောင့် အခုကျမှ သူ့အကြောင်းတွေ သိနေရတာလဲ'

'အစ်ကိုက သူ့ကို ဂူလန်တင့်မှန်းမှမသိဘဲ၊ ရိုးရိုး သိုင်းသမား ခရီးသွား ဧည့်သည် တစ်ယောက်လို့ပဲ ထင်ခဲ့တာ၊ ကျောက်ပေဆန် သူ့ဆီကို ရောက်လာမှ စိတ်ထဲမှာ သံသယ ဝင်လာတယ်၊ ဒါနဲ့ သူတို့နောက်က နောက်ယောင်ခံ လိုက်ရင်း အခုလို တွေ့ကြရတော့တာပါပဲ'

ကျားပွတ်မယ် ထိုအကြောင်းအရာများကို စိတ်မဝင်စားပေ။ သူမ အပါးတွင် ဝေကွမ်ရှိနေလျှင် သူမ ဘာကိုမျှ စိတ်မဝင်စားတော့ပေ။ သို့သော် ဝေကွမ် ရုတ်တရက် ပျောက်သွား ခဲ့ရသည့် အကြောင်းကိုကား သူမ စိတ်ဝင်စား၏၊ ထို့ကြောင့် ဝေကွမ်အား မေး၏။

'အစ်ကိုက ဘာကြောင့် ကျွန်မဆီက ထွက်သွားပြီး ဘယ်တွေကို ရောက်သွားရတာလဲ'

ထို မေးခွန်းအတွက် ဝေကွမ် အဖြေ ခက်သွားသည်။ အမှန်အတိုင်း ပြောရပါမည်လား။ လိမ်ညာ ပြောရပါမည်လား၊ ဝေခွဲ ချင့်ချိန်နိုင်စွမ်း မရှိရှာပေ။



'ဘာဖြစ်လို့ ဒါတွေ မေးရတာလဲ ညီမ'

မေလွမ်က နှုတ်ခမ်းလေးစူလိုက်ပြီး ကလေးငယ် ဝင်ဦး ပမာ နွဲ့ဆိုးဆိုးသည့် လေသံဖြင့်

'သိချင်လို့ မေးတာပဲ၊ မမေးရတော့ဘူးလား၊ အစ်ကို့ စကားသံတွေက သိပ်ပြီး သူစိမ်းဆန်တာပဲ'

ဝေကွမ် ရယ်နေလိုက်၏။ အဖြေရခက်သော စကား အတွက် လမ်းကြောင်းပြောင်း၍ ပြောမိသည်။

'ညီမကတော့ကွာ၊ တကယ့်ကို ကလေးဆိုးကြီး ကျနေ တာပဲ၊ ဒီအသက်အရွယ် ရောက်နေပြီ၊ ကလေးစိတ် မကုန် သေးဘူး'

ပြောပြောဆိုဆိုပင် မေလွမ်၏ နဖူးကလေး ကိုလည်း လက်သီးဆုပ်ဖြင့် ထုလိုက်၏။ မေလွမ် လွန်စွာကြည်နူးသွား သည်။ ဝေကွမ်၏ ပခုံး ကလေး ပေါ်တွင်လည်း အသာ အယာပင် နွဲ့မှီလိုက်သည်၊

'ညီမ'

'ရှင် အစ်ကို'

'အစ်ကို တစ်ခုမေးမယ်နော်၊ ညီမဖြေမလား'

ကျားပွတ်မယ် ရင်အစုံသည် လျှင် လျှပ်သကဲ့သို့ တုန်ခါ သွား၏။ ဝေကွမ်မေးမည့်မေးခွန်းသည် အဘယ် ကဲ့သို့သော မေးခွန်းမျိုးပါလဲ။

ဝေကွမ်ကို မျက်နက်ကလေး စောင်းကပ်ကြည့်ကာ

'ပြောလေအစ်ကို၊ ဘာပြောချင်လို့လဲ'

'ညီမ အစ်ကို့ကို ဘာကြောင့် လိုက်ရှာရတာလဲ'

‘ဪ....အစ်ကိုရယ်’

မေလွှမ်းမှာ ဝေကျွမ်း၏ မသိသားဆိုးရွားလှသော အမေး စကားကြောင့် ညည်းညည်းညူညူ မရှုတ် မိလိုက်တော့သည်။

‘အစ်ကို့ကို ဘာဖြစ်လို့ လိုက်ရှာရတာလဲ ဟုတ်လား၊ မေးမှ မေးရက်ပလေတယ်ရှင်၊ အစ်ကို့ကို အစ်ကို့ဆရာ ချန်ချင်ဆီက ခေါ်ထုတ်လာခဲ့တာ ကျွန်မပါ၊ ကျွန်မဆီကနေ အစ်ကို ပျောက်ချင်းမလှ ပျောက်သွားတယ်ဆိုတော့ အစ်ကို့ အတွက် ညီမ ပူပန်ရတော့မှာပေါ့၊ ကျွန်မ လိုက်မရှာရဘူးတဲ့လား အစ်ကိုရယ်’

ဝေကျွမ်း ပြုံးလိုက်၏၊ ကျားပွတ်မယ်ကို နှစ်သက် ကြည်နူးသော အကြည့်များဖြင့် ကြည့်နေ၏။ ကျားပွတ်မယ် ရှက်ပြုံးကလေး ပြုံးကာ မျက်လွှာချထားလိုက်သည်။

‘ညီမဟာ ငပတစ်ရာမြေ့ရဲ့ တပည့်မလေးဆိုတာ အမှန်ပဲလားဟင်’

ကျားပွတ်မယ် ခေါင်းထောင်မိသည်။ ထိုနောက် သက်ပြင်းချလိုက်ပြီးလျှင်

‘ဘာဖြစ်လို့ မေးရတာလဲ အစ်ကိုရယ်’

‘ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုနဲ့ ညီမတို့ကြားမှာ ရပ်တည်ချက် လွဲမှားတာမျိုးတွေ မဖြစ်စေချင်လို့ပါကွယ်’

‘အစ်ကို ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်မ သိပါတယ်၊ အလိုလိုနေရင်း သိသွားရင် မကောင်းဘူးလား အစ်ကို၊ ကျွန်မ ဒီအကြောင်းတွေ မပြောချင်ဘူး’

ဝေကျွမ်း ခေါင်းကို ခါယမ်းပစ်လိုက်သည်။



‘အစ်ကို့ကို စကားတွေ ရှောင်လွှဲ ပြောမနေပါနဲ့တော့၊ အခုအချိန်ဟာ အရေးကြီးတဲ့ အစိတ်အပိုင်းကို ရောက်နေပြီ၊ အစ်ကိုတို့တစ်တွေဟာ လမ်းဆုံမှာ တွေဝေပြီး ရပ်နေရတော့မယ့် အချိန် မဟုတ်ဘူး၊ အားလုံးကို ကွဲကွဲပြားပြား သိထားမှ ဖြစ်လိမ့်မယ်’

ကျားပွတ်မယ် မေလွှမ်း တခဏမျှ ငြိမ်သွား၏။ ပြီးမှ စကား ဆက်ပြောလေ၏။

‘ဘယ်လို အရေးကြီးတာလဲ အစ်ကို’

‘အခု အစ်ကိုတို့ ဘယ်ကိုသွားမယ် ဆိုတာ ညီမ သိတယ် မဟုတ်လား’

‘ကျိုနန်ကို သွားကြမှာလေ’

‘ဟုတ်တယ်၊ ကျိုနန်မှာ အပြစ်မရှိတဲ့ ပြည်သူ တစ်ယောက် အနှိပ်စက် အညှဉ်းဆဲခံနေရတယ်၊ သူ့ကို အစ်ကိုတို့ သွားကယ်တင်ရမယ်၊ အေး....အဲဒီ ကျိုနန်မှာရှိတဲ့ ဝူဆန်ကွေးတို့ဟာ ဘယ်လို လူတွေဆိုတာ ညီမ သိတယ် မဟုတ်လား’

ကျားပွတ်မယ် ခေါင်းညိတ်ပြ၏။ ဝေကျွမ်းကိုလည်း ချစ်ရည်လွှမ်းသော အကြည့်များဖြင့် ကြည့်နေလိုက်သည်။

‘ဝူဆန်ကွေးတို့ဟာ တရုတ်ပြည်သား အားလုံးကို အတိဒုက္ခ ရောက်အောင် လုပ်နေကြတယ်၊ အပြစ်မဲ့တဲ့ လျှ ယိစန်း တစ်ယောက်တည်းကို မဟုတ်ဘဲ ရွာကျေးရွာ တစ်ရွာလုံးကို မီးတင်ရှို့ပစ်လိုက်ကြတယ်၊ အစ်ကိုဟာ အရင်ကလို တာဝန် မသိတဲ့ ဝေကျွမ်း တစ်ယောက် မဟုတ်တော့ဘူး၊ ပြည်သူတွေကို နှိပ်စက် ညှဉ်းပန်းနေတဲ့ ဒုစရိုက်သားတွေကို တိုက်ခိုက်ရလိမ့်

မယ်၊ တစ်ကိုယ်တော် သူရဲကောင်းဆန်ဆန် တိုက်ခိုက်လို့မရဘူး ဆိုတာ အစ်ကို သိတယ်၊ ဒီနေ့တော့ သွေးစည်းညီညွတ်တဲ့ အစုအဝေးကို ဖွဲ့စည်းရမယ်'

'အစ်ကို့ကို ကျွန်မ ပြောပူးသွားပဲ၊ အစ်ကို့ကို ကျွန်မ ဘယ်တုန်းကမှ မခွဲဘူး၊ ရုပ်တည်ချက်ချင်းလဲ အမြဲ တူညီနေမယ် ဆိုတာလေ'

ဝေကွမ် တခဏမျှ တွေငိုင်နေပြီးမှ

'ကောင်းပြီလေ၊ အစ်ကို ပြောမယ်၊ အစ်ကို တိုင်းပြည်သစ္စာဖောက်တွေကို တိုက်ဖျက်မယ်၊ အစ်ကို့နဲ့ အတူ ညီမ လက်တွဲ ပါဝင်မယ် ဆိုပါတော့နော်'

'တိုင်းပြည်သစ္စာဖောက် ဆိုတာ ဝူဆန်ကွေးကို ပြောတာလား'

'ဟုတ်တယ်၊ ဝူဆန်ကွေး တစ်ယောက်တည်း မဟုတ်ဘူး၊ ပေတစ်ရာမြွေ အပါအဝင် ထန်ဟူန်ဖန့်၊ လိုစိအင် အားလုံးကို ပြောတာပဲ'

ဝေကွမ်က ကျာပွတ်မယ်ကို အကဲခတ်နေ၏။ ကျာပွတ်မယ်သည် တခစ်ခစ် ရယ်မောလေတော့သည်။

'ခစ်....ခစ်....ခစ်'

ဝေကွမ် နားမလည်နိုင်အောင် ဖြစ်သွား၏။ မေလွှမ်ကို တအံ့တဩ ကြည့်လိုက်မိသည်။

'အစ်ကိုရယ် တကယ်ပဲ ရိုးလိုက် အလိုက်တာ လွန်ပါရောလား၊ အစ်ကို ဒီလောက်အထိ ကျွန်မနဲ့ ပူးပူးကပ်ကပ်နေခဲ့ပြီး ကျွန်မ အကြောင်းကို နည်းနည်းလေးမှ မရိပ်မိဘူးလား'



'ဘာ...ဘာကို ရိပ်မိရမှာလဲ ညီမ၊ အစ်ကို တကယ်ပဲ မသိပါဘူးကွယ်'

'အဟင်း....ဟင်း....အစ်ကိုရယ်၊ ကျွန်မ ဘာတွေ လုပ်နေသလဲ၊ ပေတစ်ရာမြွေရဲ့ တပည့်လို့ အစ်ကို့ကို ပြောထားပေမယ့် သူ့ရဲ့ ဩဇာကို ကျွန်မ နာခံခဲ့သလား၊ သူ့ခိုင်းစေချက်တွေကို ကျွန်မ အတိအကျ လုပ်ခဲ့မိသလား၊ အစ်ကို့ ဘမြင်ပါပဲလေ၊ ကျွန်မ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ အစ်ကို သိပါတယ်'

ဝေကွမ် စဉ်းစားနေလိုက်မိသည်၊ ကျာပွတ်မယ် မေလွှမ်မှာ သူမ၏ စကားအတိုင်းပင် ပေတစ်ရာမြွေ၏ ခိုင်းစေချက်များကို အတိအကျဆောင်ရွက်ပေးခဲ့သူ မဟုတ်ပေ။ သူက ဆောင်ရွက်မပေးသလို ပေတစ်ရာမြွေကလည်း သူမအား ရွေးလောနက်နက် ညွှန်ကြားခိုင်းစေသည် မဟုတ်။ ထို့ပြင် သူမမှာ စိတ်သဘောထား ကြမ်းတမ်း ရုန့်ရင်းသယောင် ရှိသော်လည်း နှလုံးသား ဖြူစင်နေသည်ကို တွေ့ရ၏။

ယောကျ်ားကလေးတစ်ယောက်သဖွယ် ဖျတ်ဖျတ်လတ်လတ် ကြမ်းကြမ်းရမ်းရမ်း ရှိသော်လည်း မကောင်းမှုကို လွန်ကျူးခဲ့သူ မဟုတ်ပေ။

ကျာပွတ်မယ် မေလွှမ်သည် အမှန်တကယ်ပင် ရိုးသားသူ တစ်ယောက် ဖြစ်ခဲ့ပေသည်။

သို့တိုင် သူ့စိတ်ထဲတွင် သံသယ အနည်းငယ် ရှိနေပါ၏၊ ပေတစ်ရာမြွေသည် သူမ၏ ဆရာ ဆိုသော အသိစိတ်က လုပ်ရမည့် အလုပ်၊ လုပ်ရမည့် ခြေလှမ်းတို့ကို အနှောင့်အယှက် အဟန့်အတား ဖြစ်နေစေ၏၊ ထို့ပြင် သူ့စိတ်ထဲတွင် မရှင်း

မလင်း ဖြစ်နေသော အကြောင်းအချက် တစ်ခု ရှိနေသေး၏။ ထိုအချက်ကား

ဝေကွမ် ပြောသင့်မပြောသင့်၊ မေးသင့်မမေးသင့် စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေ၏။ သို့သော် နောက်ဆုံးတွင်ကား ထိုအချက်ကို မေးလိုက်မိ၏။

'ဟုတ်ပါပြီ၊ ညီမပြောတာတွေကို အစ်ကိုသဘောပေါက်ပါပြီ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲအစ်ကို'

'ဒါပေမယ့်....ညီမဟာ ဘာဖြစ်လို့အစ်ကို့ဆရာ ချန်ချင်ကို ဆန့်ကျင်ရတာလဲ၊ သူနဲ့အတိုက်အခံ ဖြစ်ချင်ရတာလဲ'

'အစ်ကိုက ဒီကိစ္စအပေါ်မှာ သံသယရှိနေလို့လား'

ဝေကွမ် လေးလေးနက်နက်ပင် ပြော၏။

'ဟုတ်တယ်၊ အစ်ကိုသံသယရှိနေတယ်၊ ဆရာချန်ချင်ဟာ တရုတ်အစ်မျိုးသားလုံး ကျွန်သဘောက်ဘဝ မရောက်ရအောင် ကယ်တင်နိုင်ဖို့ ကြိုးစားနေတဲ့လူတစ်ယောက်ပါ၊ သူ့ရဲ့အသက်ကိုးအိမ်စည်းစိမ်တွေနဲ့ ရင်းနှီးပြီးလှုပ်ရှားနေတဲ့လူတစ်ယောက်၊ ဒီလိုလူတစ်ယောက်ကို ညီမက အတိုက်အခံ လုပ်တယ်၊ သူ့လုပ်ရပ်တွေကို လှောင်ပြောင်ရှုတ်ချချင်သလို ရှိနေတယ်ဆိုတော့ အစ်ကို ညီမကို ဘယ်လို ကောက်ချက်ချရမလဲ'

ကျာပွတ်မယ် နှုတ်ခမ်းကလေးကို တွန့်ရှုံ့သာ ပြုံးလိုက်၏၊ ထို့နောက် ဝေကွမ်အား ပြုံးပြုံးကလေးကြည့်ကာ....

'အစ်ကိုက ကျွန်မကိုဒီလိုယူဆတာပဲလား'



'အမြင်မှာဒီလိုပဲ ဖြစ်နေတာပဲ မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ ညီမကလျှို့ဝှက်လွန်းနေတာကိုး၊ ဒီလောက်လျှို့ဝှက်ထားရင် ဘယ်သူပဲဖြစ်ဖြစ် စိတ်ဝင်စားတယ်၊ ကာဆီးထားတဲ့ကန့်လန့်ကာနောက်မှာ ဘာတွေရှိသလဲဆိုတာ လူတိုင်းသိချင်ကြတာပဲ၊ အဲဒီတော့ ကန့်လန့်ကာ မဖွင့်ခင်မှာ အမျိုးမျိုးတွေးကြလိမ့်မယ်၊ အစ်ကိုသံသယရှိတာ မှားနေပြီလားညီမ....'

ကျာပွတ်မယ် နှုတ်ခမ်းကလေးကိုကိုက်လိုက်သည်။ ဤနေရာတွင် မြတ်သားမှုဖြစ်တော့မည်။ ဝေကွမ်ပြောသလိုကန့်လန့်ကာကို ပိတ်ဆီးထား၍မဖြစ်တော့။ ထို့အတူ ဝေကွမ်သည်လည်း ပွင့်လင်းမှု ဖြစ်ပေတော့မည်။

'ဒီမှာအစ်ကို...'

ကျာပွတ်မယ်၏လေသံက လေးနက်နေ၏။ ဝေကွမ် သူမထံမှ မည်သို့သော စကားသံများ ထပ်မံ ထွက်ပေါ်လာမည်ကို စောင့်စားနေ၏။

'ကျွန်မကိုမေးသလို အစ်ကို့ကိုလဲပြန်မေးရလိမ့်မယ်၊ အစ်ကို ဘာကြောင့်ကိုယ့်ဆရာရင်းဖြစ်တဲ့ ချန်ချင်ကို စွန့်လွှတ်ခဲ့သလဲ၊ မျိုးချစ်ပုဂ္ဂိုလ် တစ်ယောက်ကို ကျောခိုင်းပြီး ဘာကြောင့် ကျွန်မနောက်ကို လိုက်ခဲ့သလဲ'

ကျာပွတ်မယ်၏ မေးခွန်းက ထိရောက်လှသည်။ ဝေကွမ် ပြန်ဖြေရန် စကားစရှာမရအောင် ဖြစ်နေမိသည်။

အတန်ကြာမှ....

'အစ်ကိုပြောခဲ့ပြီးပြီ မဟုတ်လား၊ အစ်ကိုဟာအရင်တုန်းက ဝေကွမ် မဟုတ်တော့ဘူးလို့'

'အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တယ်လေ၊ အဲဒီတုန်းက အစ်ကိုဟာ ဘာကိုမှ ဂရုမထားခဲ့တဲ့ လူတစ်ယောက်၊ သိုင်းပညာကိုလဲ ရည်ရွယ်ချက် မရှိဘဲ သင်လာခဲ့တဲ့ လူတစ်ယောက်၊ တိုင်းရေးပြည်ရေးကိုလဲ စိတ်မဝင်စားတဲ့ လူတစ်ယောက်၊ အခုတော့ အစ်ကိုဟာ အရင်ကနဲ့ ဆန့်ကျင်ခဲ့ပြီ၊ ကိုယ်တတ်ထားတဲ့ သိုင်းပညာနဲ့ တိုင်းပြည့်ရန်ကို ကာကွယ်ရမယ်ဆိုတာ နားလည်ခဲ့ပြီ'

ကျားပွတ်မယ်က ဝေကွမ်ကို ပြုံးကြည့်လိုက်၏။

'ညီမ မေးနေတာက အစ်ကိုဟာ ဘာဖြစ်လို့ကိုယ့်ဆရာအရင်းကို ပစ်ပယ်ပြီး ကျွန်မနောက်ကို လိုက်ခဲ့ရသလဲဆိုတာ မေးနေတာပါ'

'ဒါ....ဒါ....ဒါကတော့'

ဝေကွမ်ရေလည်အောင်ပြောမပြတတ်ပေ။ ကျားပွတ်မယ်က တခစ်ခစ် ရယ်လေ၏။

'အစ်ကိုဟာ ယောကျ်ား တစ်ယောက်ပါ၊ ယောကျ်ားတစ်ယောက်ကတောင်မှ ပြောရမယ့်စကားကို ပြောမထွက်နိုင်ဖြစ်နေရင် ကျွန်မကကော ဘာပြောရမတဲ့လဲ၊ အစ်ကိုစဉ်းစားကြည့်ပါ၊ ကျွန်မတာမိန်းမသားလေ၊ အစ်ကို မပွင့်လင်းရင် ကျွန်မကကော ဘယ်လိုလုပ်ပွင့်လင်းနိုင်မှာလဲ၊ ဒီလောက်အထိ ပြောရတာတောင်, ကျွန်မအဖို့ လွန်လွန်းလှပါပြီ အစ်ကိုရယ်'

ဝေကွမ်သက်ပြင်းချလိုက်မိတော့သည်။ ထို့နောက်ကျားပွတ်မယ် မျက်လွှာကို အတန်ကြာစိုက်ငေး ကြည့်နေ မိပြန်သည်။



ကျားပွတ်မယ်၏ ရှက်ရိပ်ရှက်ငွေ့ ကို သမ်းနေသော မျက်နှာကလေးမှာ ချစ်စဖွယ် လှပနေတော့သည်။

ညီမ....'

ကျားပွတ်မယ် မတုံ့ပြန်။ အဝေးသို့ ငေးရီကြည့်နေ၏။ ဝေကွမ်က ဆက်၍ပြော၏။ ထိုစကားသံများကသူ့နှလုံးသားမှ စိမ့်ယိုစီးလာသဖြင့် တုန်ယင် လှုပ်ခတ် နေတော့သည်။

'ညီမရယ်၊ အစ်ကို ဘာမှဖုံးကွယ်မနေတော့ပါဘူး၊ ညီမကို မြင်ရတဲ့နေ့ကတည်းက အစ်ကိုစွဲလမ်းခဲ့တယ်၊ ညီမ ထားပစ်ခဲ့တဲ့ ဟောဒီ ဦးထုပ်ကလေးကိုတောင်မှ အစ်ကို ကိုယ်နဲ့ မကွာ အမြဲမပြတ် သိမ်းဆည်းထားခဲ့ပါတယ်'

ဝေကွမ် သူ့ရင်ခွင်ထဲမှ ထည့်သွင်းထားသည့် ကျားပွတ်မယ်၏ ဦးထုပ်ကလေးကို တယုတယ ထုတ်ပြလိုက်သည်။ ကျားပွတ်မယ်မှာ ထိုဦးထုပ်ကလေးကိုကြည့်လိုက်၊ ဝေကွမ်၏ မျက်နှာကလေးကို ငေးကြည့်လိုက် ဖြစ်နေသည်။

'အစ်ကို ညီမကို သိပ်ချစ်တယ်၊ ဒါကြောင့်လဲ အစ်ကိုဟာ ဆရာသမားကို ပစ်ပယ်ပြီး ညီမနောက်ကို လိုက်ခဲ့ ရတာပဲပေါ့'

'အစ်ကိုရယ်'

ကျားပွတ်မယ်မှာ ရင်ထဲ တသိမ့်သိမ့် တုန်ခါသွားသည်။ သူမ ကြားလိုသည့် စကားများကို ကျော်ခဲ့ရပါပြီ၊ မခက်ပါလော....၊ ဝေကွမ်က ပြောလက်စ စကားကို ဆက်ပြောနေသေး၏။

'ညီမကို အစ်ကိုချစ်တယ်...၊ အစ်ကို့ကို စိတ်ဆိုးသလား ဟင်'

'အစ်ကိုရယ် ပြောရခက်ပါလားကွယ်၊ ကျွန်မ....ကျွန်မလဲ အစ်ကို့လိုပါပဲတဲ့ ရှင်ရယ်'

ဝေကျွမ် ကျာပွတ်မယ်ကို ရင်ခွင်ထဲသို့ ဆွဲသွင်းကာ နဖူးကလေးကို အသာအယာ နမ်းလိုက်သည်။ ကျာပွတ်မယ်က ဝေကျွမ်၏ ရင်ခွင်ထဲမှ မျက်လွှာကလေး လှန်ကြည့်လိုက်ပြီး

'အစ်ကို'

'ဟင်'

'ကျွန်မဟာ အစ်ကို့ကို အသက်နဲ့ယှဉ်ပြီ၊ ချစ်သွားမယ် ဆိုရင် အစ်ကို ယုံတယ်မဟုတ်လားဟင်'

ဝေကျွမ်ပြုံးလျက် ခေါင်းညိတ်လိုက်၏။

'တကယ်ပါ အစ်ကိုရယ်၊ ကျွန်မဟာ အသည်းမာတဲ့ မိန်းမသားတစ်ယောက်ပါ၊ တော်ရုံတန်ရုံ ကိစ္စတွေမှာ စိတ်ခိုင်ခိုင်ထားနိုင်တဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် အစ်ကို့ကို မြစ်ထဲမှာ တွေ့လိုက်ရကတည်းက ကျွန်မ စိတ်ထဲ ဘယ်လိုဖြစ်သွားရတယ် မသိအောင် လှုပ်ရှား သွားခဲ့ရတယ်၊ မိန်းကလေးက စချစ်ရတဲ့ ဘဝမျိုး ရောက်ရတော့တာ ပါပဲ၊ ဒါကြောင့်ပဲ အစ်ကို့ကို သိုင်းပညာတတ်ကျွမ်းရဲ့လား ဆိုတာ ဆန်းစစ် ကြည့်လိုက်မိပါယ်၊ ပြီးတော့ အစ်ကို့ ဦးထုပ်ကလေးကိုလဲ အမှတ်တရအဖြစ် ယူလာခဲ့မိတယ်'

'ဪ....ဒီလောက်တောင်ပဲလွှား ညီမရယ်'



'အစ်ကိုနဲ့ ပထမအကြိမ် တွေ့ပြီး အစ်ကို့ သိုင်းပညာကို ဆန်းစစ်ပြီးတာနဲ့ ကျွန်မ စိတ်ထဲမှာ အတော်ပဲ မကောင်းနိုင်အောင် ဖြစ်သွားရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဟာ သိုင်းပညာအရာမှာ တော်တော်လေး နိမ့်ကျနေလို့ပါပဲ'

'ဟုတ်မှာပေါ့လေ၊ အဲဒီတုန်းက အစ်ကိုက သိုင်းပညာ သင်ကြားတာကို အပြင်းအထန်မှ မလေ့ကျင့်ခဲ့ပဲ'

ကျာပွတ်မယ်က ခေါင်းညိတ်လျက် ဆက်ပြောသည်။

'ဒါနဲ့ ကျွန်မ အစ်ကို့ဆီကို နောက်တစ်ခေါက် ပြန်လာခဲ့တယ်၊ အဲဒီအချိန်မှာ အစ်ကို့ဆရာ ချန်ချင်ဆီကို ချောင်ချိုတို့ လူစုက အုပ်စုလိုက် တိုက်ခိုက်နေတဲ့ အချိန်ပေါ့၊ ကျွန်မ ဘာမှ မလုပ်ဘဲ အသာ စောင့်ကြည့်နေခဲ့တယ်၊ အခြေအနေက မကောင်းဘူး၊ အစ်ကို တော်တော်လေး အလူးအလိမ့်ခံနေရပြီး ကြည့်ရင်း ကြည့်ရင်း ကျွန်မ စိတ်ထဲ မရိုးမရွ ဖြစ်လာတယ်၊ ဒါကြောင့် ဝင်ကူတိုက်ပြီး အစ်ကို့ကို ခေါ်ထုတ်လာခဲ့ရတာ ပါပဲ'

'ဒါနဲ့ပဲ အစ်ကို့ကို ညီမက သိုင်းပညာ သင်ပေးမိတယ် ဆိုပါတော့'

'ထားပါတော့လေ၊ အဲဒီက စလို့ပဲ အစ်ကို့ရဲ့ အားနည်းနေတဲ့ သိုင်းပညာရပ်တွေကို ကျွန်မ သင်ပေးခဲ့တယ်၊ ဒီနေရာမှာ ကျွန်မ ဟန်ဆောင်ခဲ့ရတာ တစ်ခု ရှိတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ကျွန်မဟာ မိန်းကလေး တစ်ယောက် ဖြစ်နေတယ်၊ ကျွန်မရဲ့ သိုင်းပညာ ဘယ်လောက်ပဲ ထက်မြက်နေ ထက်မြက်နေ အစ်ကို အထင်ကြီးမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်မဟာ

ပေတစ်ရာ-မြွေ လုထုံးမင်ရဲ့ ကပည့်လို့ အစ်ကို့ကို ပြောခဲ့ရတာပါပဲ'

'ဒို့....မဟုတ်ဘူးလား'

ကျာပွတ်မယ်မေလွမ်းက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ကာ

'မဟုတ်ဘူး၊ ပေတစ်ရာမြွေဟာ ကျွန်မနဲ့ ဘာမှ ပတ်သက်တာ မဟုတ်ဘူး၊ ဒါပေမယ့် သူက ကျွန်မရဲ့ အခြေအနေကို ကောင်းကောင်းသိတယ်၊ ကျွန်မက လိုလိုလားလားပဲ သူ့အရိပ်မှာ ခိုလှုံပါရစေလို့ တောင်းဆိုလိုက်တော့ သူ သိပ်ကို ဝမ်းသာသွားခဲ့တယ်၊ ယှဉ်ကြမယ်ဆိုရင် သူဟာ ကျွန်မကို တိုက်ကွက်တစ်ရာကျော် နှစ်ရာနဲ့ နိုင်အောင် မတိုက်နိုင်ဘူး၊ အဲဒီလိုလူတစ်ယောက်က သူ့ဆီမှာ ခိုလှုံဖို့ တောင်းဆိုလာတော့ သူ့အတွက် ဂုဏ်ဘက်တယ်ဆိုပြီး လက်ခံလိုက်တယ်'

'ဪ....'

ဝေကွမ်မှာ တအံ့တဩ နားထောင်နေရလေ၏။ ကျာပွတ်မယ်က စိတ်လိုလက်ရပင် ရှင်းပြနေပြန်သည်။

'အဲဒီလို သူ့ဆီမှာ ခိုလှုံပြီးတော့ ကျွန်မ ဘာစဉ်းစားသလဲဆိုတော့ ကျွန်မက အစ်ကို့ကို စပြီး ချစ်ရတဲ့သူ၊ ဒီတော့ အစ်ကို့ရဲ့ အထင်ကြီး လေးစားမှုကို ခံယူချင်လာတယ်၊ ဒီကမှတစ်ဆင့် အစ်ကို့ မေတ္တာကို ရနိုင်လိမ့်မယ်လို့ ကျွန်မ တွက်မိတယ်လေ၊ ဒါကြောင့် ကျွန်မ ဘာလုပ်သလဲ သိလား၊ အစ်ကို့ဆရာရင်း ချန်ချင်ကို ပညာပြ တိုက်ခိုက်ရတော့တာပဲ၊ အစ်ကို့



ရှေ့မှာ သူ့ကို အနိုင်ယူနိုင်မှ အစ်ကိုက ကျွန်မကို အထင်ကြီးနိုင်တော့မှာကိုး'

ဝေကွမ် ရင်ထဲတွင် ဆွတ်ပျံ့စွာ ခံစားလိုက်ရတော့သည်။ ကျာပွတ်မယ်၏ အကြင်နာတရား၊ မေတ္တာဟရားကား ကြီးမားလှချေတကား။

'ဘာကယ်တော့ အစ်ကိုရယ်....ကျွန်မ အဲဒီလို လုပ်ခဲ့ရတာတစ်ချက်ခုတ် နှစ်ချက်ပြတ်ပါပဲ၊ ဒီလို လုပ်လိုက်တာနဲ့ အစ်ကို့အထင်ကြီးမှုရပြီး ဆရာ ချန်ချင်ဆီကို ပြန်မသွားနိုင်သလို ပေတစ်ရာ-မြွေရဲ့ ယုံကြည်မှုကိုလဲ ရရှိနိုင်တာကိုး၊ ကျွန်မ စိတ်ကူးမလွဲခဲ့ပါဘူး၊ အစ်ကိုဟာ ကျွန်မ အပေါ်မှာ ယုံကြည်မှုရှိလာသလို ပေတစ်ရာ-မြွေကလဲ ကျွန်မကို အားကိုးလာခဲ့တယ်၊ ဒါကြောင့်လဲ သူတို့ရဲ့ လှုပ်ရှားမှု မှန်သမျှ မဆိုကို သတင်းပို့ပေးနိုင်ခဲ့တာပဲပေါ့'

'ဟင်...'

ဝေကွမ် အကြီးအကျယ်ပင် အံ့အားသင့်သွား၏။ ကျာပွတ်မယ် မေလွမ်းကို အထင်ကြီးသော အကြည့်များဖြင့် ငေးကြည့်နေမိလေတော့၏။

★

## အခန်း (၆၃)

### သူရာနိမိတ်ဖတ်ဖြဲ အဘိုးအို

ကျဉ်းပွတ်မယ် မေလွမ်က တိုးညင်းစွာ မေးလိုက်လေ၏။

'အစ်ကို အုံ့ဩသွားသလားဟင်'

ဝေကျွမ်မှာ ယခုမှ အသက်ဝင်လာသည့် လူတစ်ယောက်နှယ် ဖြစ်ကာ

'ဟုတ်တယ် ညီမ၊ အစ်ကို တကယ်ပဲ အံ့ဩသွားမိတယ်၊ ညီမရဲ့ မမ ဆိုတာက ဘယ်သူ့ကို ပြောတာများလဲဟင်'

'မမဆိုတာ ကျွန်မရဲ့ မမ ခဲ့ဒမကို ပြောတာပဲပေါ့ အစ်ကို၊ ကျွန်မတို့မှာ ညီအစ်မ နှစ်ယောက်ပဲ ရှိကြတယ်၊ နှစ်ယောက်စလုံးလဲ သိုင်းပညာကို တတ်ကျွမ်းကြတယ်၊ ဒါကလဲ ဖေဖေ့ရဲ့ အမွေကို ဆက်ခံတယ်လို့ ဆိုနိုင်ပါတယ် အစ်ကို'



'ညီမ ဖေဖေက ဘယ်သူလဲ၊ အစ်ကို မသိရဘူးလား'

'အခုမှတော့ သိရမှာပေါ့ အစ်ကိုရယ်၊ ဖုံးကွယ် ထိန်ဝှက်နေစရာမှ မလိုတော့ပဲ၊ ဖေဖေက အရင်တုန်းက သိုင်းလောကမှာ နာမည်ကျော် ထင်ရှားခဲ့တဲ့ ဓားစက်ပျံ ထန်ကျန်ဖု ဆိုတာပဲ အစ်ကို'

ဝေကျွမ် သက်ပြင်းကိုသာ ရှိုက်လိုက်မိတော့သည်။

'ကျွန်မ ကြားဖြတ် ပြောရဦးမယ်၊ ကျွန်မတို့ ညက တိုက်ခိုက်ခဲ့ကြတဲ့ ထန်ဟုန်ဖန့်ရဲ့ အိမ်ကို အစ်ကို့ဆရာ ချန်ချင်တို့အဖွဲ့ ရောက်ခဲ့ကြတယ်၊ အဲဒီမှာ ကျောက်ပေဆန်တို့ အုပ်စုနဲ့တွေ့ပြီး တော်တော်ကလေးပဲ အခြေအနေမလှအောင် ဖြစ်ခဲ့ကြရတယ်၊ ကျွန်မ ရောက်သွားတဲ့ အချိန်နဲ့ကြုံလို့ အစ်ကို့ဆရာတို့ အုပ်စုကို မျက်နှာဖုံးစွပ်ပြီး ကယ်တင်ခဲ့ရသေးတယ်'

'ဟင်....ဆရာတို့ကို ညီမ ကယ်တင်ခဲ့သေးတယ် ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်မဟာ သူတို့ကို အစ်ကို့ရှေ့နဲ့ ပေတစ်ရာခြားတို့ ရှေ့မှာဆိုရင် မူလမျက်နှာနဲ့ ရန်ပြုတိုက်ခိုက်ခဲ့ပေမယ့် ကွယ်ရာမှာတော့ သူတို့ရဲ့ အန္တရာယ် မှန်သမျှကို ကာကွယ်ပေးခဲ့ပါတယ်၊ ဒါကလဲ ဘာကြောင့်လဲ ဆိုတော့ အစ်ကို့ဆရာ ဆိုတဲ့ အသိစိတ်ကလေးရှိသလို ဆရာချန်ချင်ဟာ တကယ့်ကို လေးစားကြည်ညိုထိုက်တဲ့ လူတစ်ယောက်၊ သိုင်းပညာအရာမှာ ထိပ်သီးအဆင့်ရောက်အောင် မထက်မြက်လှပေမယ့် ကိုယ့်အသက်စည်းစိမ်ကိုတောင် ဂရုမစိုက်ဘဲ တိုင်းပြည်အတွက် ဖွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေတဲ့လူတစ်ယောက် ဖြစ်နေလို့ပါပဲ'

ဝေကွမ်မှာ ပုံဝတ္ထုတစ်ပုဒ်ကို နားထောင်ရသလို ဖြစ်နေလေ၏။ ကျားပွတ်မယ်က သူ့ကို ချစ်ခင်ကြင်နာသော အကြည့်ဖြင့် ကြည့်ပြီး ဆက်ပြောသည်။

'ကျွန်မဟာ တရုတ်အမျိုးသမီး တစ်ယောက်ပါ အစ်ကို၊ တရုတ်ပြည်မှာပေါက်ဖွားပြီး ယန်စီမြစ်ရေကိုသောက်သုံးလာခဲ့တဲ့သူပါ၊ ကိုယ့်မြေကို ကိုယ်ချစ်သလို ကိုယ့်အမျိုးသားပေါ်မှာလဲ ကိုယ်သစ္စာရှိပါတယ်၊ ကိုယ်နိုင်သလောက် ကိုယ်စွမ်းသလောက် အဖတိုင်းပြည်ကြီးကိုကာကွယ်စောင့်ရှောက်မှာပါ၊ ဒါကြောင့်ပဲ ကျွန်မကျားပွတ်မယ်ဆိုတဲ့ ဘွဲ့အမည်ကို ခံယူလိုက်တယ်၊ စရိုက်ကြမ်းကြမ်း၊ စိတ်ကြမ်းကြမ်းနဲ့ သိုင်းလောကထဲမှာ လှုပ်ရှားခဲ့တယ်၊ ပေတစ်ရာမြေအောက်မှာအတွင်းလူယုံအဖြစ်ဝင်ရောက်ပြီး သတင်းယူ စုံစမ်းခဲ့တယ်'

'ဩော်.. ညီမက အတွင်းသူလျှို လုပ်နေတာကိုး'

'ဟုတ်တယ်၊ ကျွန်မအတွင်းသူလျှို လုပ်နေခဲ့တယ်၊ပြီးတော့ သတင်းတွေကို ကျွန်မရဲ့မမဆီကို ပို့ပေးခဲ့တယ်၊ မမက အဲဒီသတင်းတွေကို ယူပြီး တစ်ကိုယ်တော်လှုပ်ရှားခဲ့တယ်၊ တကယ်တော့ ကျွန်မတို့ဟာ သိုင်းလောကနဲ့အဆက်အသွယ် ကင်းပြတ်နေတဲ့ သူတွေပါ၊ ဖေဖေက မထင်မရှားတိမ်မြုပ်ခဲ့လို့ ကျွန်မတို့ညီအစ်မလဲ သီးခြားပဲနေလာခဲ့ကြရတယ်၊ ဒါကြောင့်ကျွန်မတို့ဆီမှာ သိုင်းလောကအသိုင်းအဝန်း တော်တော်လေးပဲနည်းပါးခဲ့ရတယ်၊ ဒါပေမယ့် ညီအစ်မနှစ်ယောက်စလုံး တိုင်းပြည်ကိုကာကွယ်ဖို့ ကြိတ်ပြီးလုပ်ဆောင်ခဲ့ရတယ်၊ ဒါဟာ ကျွန်မတို့ရဲ့အားနည်းချက်ပဲ၊ အသိုင်းအဝန်း မရှိတော့ လုပ်ရတာ ထင်



သလောက်မတွင်ကျယ်ဘူး၊ ဖေဟန့်အတား လုပ်ရုံလောက်သာ လုပ်နိုင်ခဲ့တယ်၊ ဆရာချန်ချင်တို့နဲ့ပူးပေါင်းဖို့ကလဲ မဖြစ်တော့မှန်ဘူး၊ အစ်ကို့ရဲ့အထင်ကြီးမှု ရယူလိုတာနဲ့ ဆရာချန်ချင်ကို အနိုင်တိုက်ပြခဲ့လို့ ကျွန်မအပေါ်မှာ အထင်လွဲမှား နေခဲ့ပြီ၊ ကျွန်မပြောသမျှကိုလဲ ယုံကြည်မှာမဟုတ်တော့ဘူး၊ ဒါကြောင့် သူ့ကို အကာအကွယ်ပေးဖို့လောက်ပဲ ပေးနိုင်တော့တယ်'

ဝေကွမ်မှာ ယခုမှပင်ကျားပွတ်မယ်၏မလွှမ်းကို ရှင်းလင်းသဲကွဲစွာ မြင်တွေ့ရတော့သည်။ လေးစားချစ်ခင်သော အကြည့်ဖြင့်လည်း ငေးကြည့်နေမိသည်။

'အစ်ကို ကျွန်မပြောတာတွေကို ယုံရဲ့လားဟင်'

'ယုံပါတယ်ညီမရယ်၊ ယုံတာထက် ညီမရဲ့အကြောင်းတွေကို မထင်မှတ်ထားတာတွေ ကြားလိုက်ရလို့ သေလဲလေးစားအံ့လဲအံ့ဩမိပါတယ်'

'ဒါထက် အံ့ဩစရာရှိသေးတယ် အစ်ကို'

'အံ့ဩစရာရှိသေးတယ်... ဟုတ်လား'

'ဟုတ်တယ်အစ်ကို....အစ်ကို့ပညာသင်ဆရာ အစ်ကိုဝါတိတ်အကြောင်းပဲ'

'ဟင်....'

ဝေကွမ်မှာ ပါးစပ် အဟောင်းသားလေး ဖြစ်သွားရ၏။

'အစ်ကို ဝါတိတ်ဟာလဲ အစ်ကို့လိုပဲ ဆရာချန်ချင်ဆီက သူ့ကိုယ်သူစိတ်ပျက်ပြီးထွက်လာခဲ့တယ်၊ အဲဒီအချိန်မှာဖေဖေနဲ့ သွားတွေ့ခဲ့ရတယ်၊ ဖေဖေဟာ ဘုရားကျောင်းပျက်တစ်ခုထဲမှာ ဒဏ်ရာတွေနဲ့ လဲနေခဲ့တယ်၊အဲဒါကိုသူကယ်ပြီးပြုစုပေးခဲ့တယ်၊

ဒါကြောင့်ဖေဖေက သူ့ကို သားတပည့်အဖြစ် ခေါ်ထားပြီး သိုင်းပညာ သင်ပေးလိုက်တာပဲ'

'ဪ...ဒါကြောင့်မို့ နောင်တော်ဝါတိတ်ကသိုင်းပညာမှာ ဘာမှုဟုတ်ချင်၊ တိုးတက်လာခဲ့တာကို။ ဒါနဲ့ နေစမ်းပါဦး၊ ညီမရဲ့ဖေဖေက ဘာကြောင့် ဒဏ်ရာတွေ ရလာခဲ့ရတာတဲ့လဲ'

'ဒါကိုတော့ ကျွန်မတိတိကျကျ မသိပါဘူး၊ အကြမ်းဖျင်းပြောရရင် ဖေဖေနဲ့လူထူးလူဆန်းကြီးတစ်ယောက် အဲဒီဘုရားကျောင်းဝင်းထဲမှာ တွေ့ကြတယ်၊ ရန်ငြိုးရန်စမရှိဘဲဖေဖေ့ကို ဓားစက်ပျံထန်ကျန်ဖု မဟုတ်လားလို့မေးပြီး တိုက်ခိုက်တော့တာပဲ၊ ဘုသိ ဘာသိဆိုတော့ ဖေဖေကဘာမှပြန်မလုပ်ဘဲ ရှောင်နေသေးတယ်၊ နောက်ပိုင်းကျတော့ ဘယ်လိုမှရှောင်လို့တိမ်းလို့ မရတော့ဘဲ ခုခံ ရတော့တယ်၊ ဖေဖေဟာ သိုင်းလောကရဲ့ အထိကရဖြစ်တဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးကိုပဲ ရှုံးနိမ့်ခဲ့ရဖူးတယ်၊ ဒါပေမယ့် အဲဒီလူထူးလူဆန်းကြီးကိုတော့ဘယ်လိုမှ မယှဉ်နိုင်ဘဲ ဒဏ်ရာအကြီးအကျယ်ရပြီး ရှုံးနိမ့်သွားရပြန်တယ်၊ ဒီနောက်ပိုင်း ဖေဖေဟာ သိုင်းပညာကို စိတ်ကုန်ပြီး ဘာမှ မလုပ်တော့ဘဲ မြုပ်လက်စဓာတ်ကို ပြန်ပြီး ဖုံးကွယ် ထားလိုက်တော့တယ်'

'အဲဒီ လူထူးလူဆန်းဆိုတာက ဘယ်သူတဲ့လဲ'

'ဖေဖေလဲ အတိအကျမသိပါဘူး၊ စိတ်ထင်နဲ့ ပြောတာကတော့ ဝတ်ရုံနက်ရှင် ကျင်းရှောင်မိန်လို့ ဆိုတာပဲ'

ဝေကျွမ် မျက်မှောင်ကြုတ်သွားမိသည်။ ထန်ဟုန်ဖန်၏ ဂူလန်တင့်ကို ပြောနေသည့် စကားများကိုလည်း ပြန်လည်ကြားယောင်မိ၏။ မေလွှမ်၏ ဖခင် ဓားစက်ပျံ ထန်ကျန်ဖု



အား တိုက်ခိုက်သွားခဲ့သူမှာ ထို ဝတ်ရုံနက်ရှင် ကျင်းရှောင်မိန်ပင် ဖြစ်ရမည်ဟု သူ တွက်ဆမိလိုက်တော့သည်။

'ဝတ်ရုံနက်ရှင် ကျင်းရှောင်မိန်တဲ့...လား'

'ဟုတ်တယ် အစ်ကို၊ အဲဒီ ကျင်းရှောင်မိန်က သိုင်းလောကထဲမှာ ငုပ်လျှိုးကွယ်ပျောက်နေတဲ့ သူလို့ ဖေဖေက ပြောတယ်၊ ဖေဖေ့ကို ယှဉ်နိုင်တဲ့သူထဲက တွက်ကြည့်မယ်ဆိုရင် သူ တစ်ယောက်ပဲ ရှိတာမို့ ဖေဖေကလဲ သူ့ကိုပဲ စွပ်စွဲလိုက်ရတာပေါ့၊ မျက်နှာကိုတော့ သေသေချာချာ မမြင်ရပါဘူး၊ ဝတ်ရုံနက်ကြီးကိုသာ ဝတ်ထားပြီး၊ သူ့နာမည်ကိုလဲ ထုတ်ဖော် မပြောခဲ့တော့ အပ်ကျမတ်ကျ စွပ်စွဲဖို့က အတော့်ကို ခက်တဲ့ ကိစ္စပါပဲ'

'အင်း....'

ဝေကျွမ်သည် သက်ပြင်းကို လေးလေးပင်ပင်ကြီး ချလိုက်မိသည်။

'ဒါဆိုရင်တော့ အစ်ကိုတို့ အများကြီး အခက်အခဲတွေ တွေ့ရတော့မယ်'

'ဘာဖြစ်လို့လဲ အစ်ကို၊ အစ်ကိုက သူ့ကို သိလို့လား'

'သိလို့တော့ မဟုတ်ဘူး ညီမ၊ အဲဒီ ဝတ်ရုံနက်ရှင်ဟာ သိုင်းလောကထဲကို ဝင်ရောက်လာခဲ့ပြီ၊ ပြီးတော့ တိုင်းပြည်သစ္စာဖောက်တွေနဲ့အတူ လက်တွဲနေပြီ၊ သူ့အန္တရာယ်ဟာ မသေးဘူး။ ညီမ ဖေဖေ ဓားစက်ပျံ ထန်ကျန်ဖုကိုတောင် အနိုင် တိုက်ခိုက်နိုင်တယ်ဆိုတော့ အစ်ကိုတို့အတွက် သိပ်ကို ခက်ခဲနေပြီ၊ ဝေစင်ဟိုင်ကို အနိုင်တိုက်ခိုက်နိုင်ခဲ့တဲ့ နောင်ကြီး

ဝါတီဟ်ဟာ အခုဆိုရင် သိုင်းလောကမှာ တော်တော်ကလေး နာမည်ထွက်လာပြီ၊ သူ့အတွက် အန္တရာယက ပိုကြီးလာသွား မှန်ပြီ၊ ညီမ ပေးစေတောင်မှ မနိုင်တဲ့ ကျင်းရှောင်မိန်ကို ဘယ်ပိုလုပ်ပြီး၊ အနိုင် တိုက်ခိုက်နိုင်ပါမလဲ'

ကျော့ပွတ်မယ်မှာ ဝေကွမ်၏ စကားကြောင့် မျက်လုံး ကခဲလား ပြူး ကျယ် ဝိုင်းစက်သွားတော့သည်။

'ဝတ်ရုံနက်ရှင် ကျင်းရှောင်မိန်နှင့် ပေတော်ရာမြေတို့ ပူးပေါင်းမိသွားပြီ၊ ဟုတ်လားအစ်ကို'

'ဟုတ်တယ် ညီမ၊ သူ့အန္တရာယ်က သေးတာ မဟုတ်ဘူး၊ ဒီအတိုးကြီးက စိတ်ထားကလဲ မမှန်ဘူးဆိုတော့ ပိုပြီး သတိ ထားရလိမ့်မယ်'

'ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ အစ်ကို'

ဝေကွမ်က ခဏမျှ စဉ်းစား၏။

'ဘယ်လိုလုပ်ကြမလဲဆိုတာ အစ်ကိုလဲ မပြောတတ်သေးဘူး၊ ဖြစ်လာမယ့် ပြဿနာကို ကြည့်ရှင်းရတော့မှာပဲ၊ မီးစင်ကြည့် ကရမယ်သဘောပဲပေါ့'

မေလွှမ် ဝေကွမ်ကို သံသယအကြည့်ဖြင့် ကြည့်နေလိုက်၏၊ သူမ အကြည့်ကြောင့် ဝေကွမ်မှာ မနေတတ် မထိုင်တတ် ဖြစ် သွားသည်။

'အစ်ကို့ကို ပြောဖို့ အခုမှ သတိရတယ်၊ အစ်ကိုက ကျွန်မ ထက် သိုင်းပညာမှာ ထူးချွန်နေပြီပဲ၊ အစ်ကို သူ့ကို ယှဉ်ပြိုင် မရနိုင်ဘူးလား'

'ရှုံးမှာတော့ မသိဘူး၊ ယှဉ်တော့ ယှဉ်ကြည့်ရမှာပေါ့'



'ကျွန်မ ပြောမယ် အစ်ကို၊ ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာ ကျွန်မက မမထက် သိုင်းပညာမှာ နည်းနည်းပိုသာတယ်၊ ပြီးတော့ မေမေနဲ့ သူတင်ကိုယ်တင် ယှဉ်ကစား နိုင်လောက်တဲ့ အဆင့်လဲ ရှိတယ်၊ အစ်ကိုက ကျွန်မ ရှုံးမလိုဖြစ်နေတဲ့ ကျောက်ပေဆန်ကို ဝင်ပြီး၊ အနိုင်ယူနိုင်တယ်ဆိုတော့ ကျွန်မထက် သာသွားပြီ၊ ဒီတော့ အစ်ကို ဝတ်ရုံနက်ရှင်ကို ကောင်းကောင်းကြီး ယှဉ်နိုင်တာပေါ့'

ဝေကွမ် ပြုံး လိုက်၏။

'ကျောက်ပေဆန်က ဘယ်လောက်အဆင့်ရှိတဲ့ လူမို့လို့လဲ၊ ညီမက သူ့ကို အလွယ်တကူ နိုင်နိုင်သားပဲ၊ သူ့ပရိယာယ်ကြောင့်သာ ညီမ အာက်တွေ့ပြီး ရှုံးမလို ဖြစ်သွားရတာပါ၊ သူ့တိုက်ကွက်ကို ကိုယ်က ဖြိုင်းမြိုင်းထန်ထန် ရင်ဆိုင်တိုက်ခိုက်လေ သူ့ကျော့ကွင်းထဲ တိုးဝင်မိပြီး၊ အရှုံးနဲ့ ရင်ဆိုင်ရလေ ဖြစ်မှာပဲ၊ ဒီအချက်ကို ညီမက သတိလက်လွတ် ဖြစ်ခဲ့ရလို့ အခုလို ဖြစ်ခဲ့ရတာပဲ'

'အစ်ကို ဒါတွေ ဒီလောက်သိရတာ ဘာကြောင့်လဲ၊ သိုင်းပညာ တစ်နှံ့ထိုး တိုးတက်လာဟာလဲ ဘယ်လိုကနေ ဘယ်လို တိုးတက်လာခဲ့ရတာတုံးလဲ'

'တစ်ချိန်ချိန်ကျရင် ညီမ သိအောင် အစ်ကို ပြောပြမှာပါမယ်၊ အခု အချိန်မှာတော့ တိုင်းရေး ပြည်ရေး ကိစ္စကလေးတွေကိုပဲ ခေါင်းထဲထား စဉ်းစားပါ ညီမရယ်'

ကျော့ပွတ်မယ်က မျက်စောင်းကလေး ထိုးလိုက်၏။ ဝေကွမ်က ပြုံးကာ မေလွှမ်ကို သိမ်းဖက် ထားလိုက်သည်။

'လွှတ်ပါ အစ်ကိုရယ်၊ ကျွန်မ အသက်ရှူရ ကျပ်လာပြီ၊ ကျိနန့်ကို သွားဖို့ အချိန်လဲ မရှိတော့ဘူး မဟုတ်လား'

ဝေကွမ်က မေလွှမ်ကို လွှတ်ပေးလိုက်ရသည်။ ထိုစဉ် ရှေ့မှ လူရိပ်တစ်ရိပ် ရုတ်တရက် ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရတော့သည်။

ထိုလူကိုမြင်သည်နှင့် ဝေကွမ် အံ့အားအသင့်ကြီး သင့်သွားရလေ၏။ ထိုလူရိပ်မှာ သစ်ရွက်တစ်ရွက် လေထဲတွင်လွင့်မျောပါသွားသည့်နှယ် ပေါ့ပါး သွက်လက်လွန်းလှ၍ ဖြစ်သည်။ ထိုလူသည် သူတို့မြင်ကွင်းထဲမှ ရိပ်ခနဲ ပျောက်ကွယ်သွားသည်။ ကျောပွတ်မယ်မေလွှမ်က ဝေကွမ်ကိုအကဲခတ်၏။ ဝေကွမ်မျက်နှာတွင် အံ့ဩမှုတို့ အရိပ်ထင်နေသည်ကို တွေ့သဖြင့်....

'အစ်ကို အဲဒီလူကိုသိသလား'

'သိတာပေါ့၊ သိတာမှ ရင်းရင်းနှီးနှီးကိုသိတာ'

'ဘယ်သူတဲ့လဲ'

'သူ့ကိုယ်သူတော့ ရုပ်ဆိုးမလို့ ခေါ်တာပဲညီမ၊ နာမည်အတိအကျတော့ မသိရပါဘူး'

'ဟင်_ ရုပ်ဆိုးမ ဟုတ်လား'

ကျောပွတ်မယ်မှာ အံ့အားသင့်သွား ရတော့သည်။ သူမက ဝေကွမ်ကိုလည်း စိုက်ကြည့်လိုက်ပြီး_

'အဲဒီမိန်းကလေးနဲ့ အစ်ကိုနဲ့ ရင်းရင်းနှီးနှီး သိထားတယ်လား'

ကျောပွတ်မယ်၏ စကားသံက ဝန်တိုစိတ်များ ရောပြွမ်းနေ၏။



ဝေကွမ် ကျောပွတ်မယ်ကို နှစ်သိမ့်ပြုံး ပြုံးပြလိုက်သည်။ ထို့နောက် အေးအေးဆေးဆေးပင် ပြောပြသည်။

'သူက အစ်ကို့ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲပေးလိုက်တဲ့ လူတစ်ယောက်ပဲ၊ အစ်ကို့သိုင်းပညာအဆင့်အတန်းအခုလောက် တိုးတက်လာအောင် သူ့ရဲ့အကြံပြုချက်တွေ ပါတယ်လို့ပြောနိုင်တယ်၊ တစ်နည်းပြောရရင်တော့ သူဟာ အစ်ကို့ကျေးဇူးရှင်ပဲ ပေါ့ကွယ်'

မေလွှမ်၏မျက်နှာကလေး အနည်းငယ်ညှိုးရော်သွား၏။ မိမိက ဝေကွမ်၏ အထင်တကြီး လေးစားမှုကို ခံယူလိုသည်။ ထို့ကြောင့် မိမိမလုပ်သင့်သည့် အလုပ်များကို လုပ်ခဲ့၏။ သူ အထင်ကြီးအောင် ကြိုးစားခဲ့၏။ ထိုက်သင့်သလောက်ရခဲ့ပါ၏။ ယခုဝေကွမ်ကား သူ့ထက်အထင်ကြီးသော ကျေးဇူးဝင်ထိုက်သော သူတစ်ယောက်ကို တွေ့ရှိသွားခဲ့လေပြီ။

'ဒါ.. ဒါဆိုရင် အစ်ကိုက ကျွန်မဆီက ထွက်သွားပြီး သူ့ဆီကို ရောက်သွားတာပေါ့'

ဝေကွမ် ခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်၏။

'သူ့အကြံပြုချက်ကြောင့် ထွက်သွားခဲ့ရတာပါ၊ သူ့ဆီကိုတော့ အစ်ကိုမသွားခဲ့ပါဘူး'

ကျောပွတ်မယ် အနည်းငယ်ရင်ထဲတွင် ပေါ့သွား၏။

'အစ်ကို့ကို သူကပညာသင်ပေးလိုက်တာ မဟုတ်ဘူးလား'

'သူသင်ပေးလိုက်တာ မဟုတ်ပါဘူး၊ သူယိုက်တဲ့နည်းနဲ့ သူကလမ်းညွှန်သလိုတော့ လုပ်ခဲ့တယ်၊ ဒါကြောင့်သူ့ကျေးဇူး အစ်ကို့အပေါ်မှာ ရှိတယ်လို့ ပြောတာပေါ့'

ဝေကွမ်က တစ်ဆက်တည်းပင် ရုပ်ဆိုးမနှင့် ပတ်သက်သည့် အကြောင်းအချက် အချို့ကို ရှင်းပြလိုက်၏။ ထိုသို့ ဝေကွမ် ရှင်းပြလိုက်မှပင် ကျောက်တယ်မှာ ဟင်းခနဲသက်ပြင်းချမိလေ၏။ သည်မနာလိုသဝန်တိုသည့်စိတ်များလည်း နေလာနှင်းပျောက် သည့်နှယ် ပျောက်ကွယ်သွားတော့သည်။

"ဒြော် ဒါကြောင့်ကို၊ အဲဒီမိန်းကလေးက အစ်ကိုပြော သလိုဆိုရင် ရုပ်ဆိုးအလောက် အသံသာပြီး သိုင်းပညာမှာလဲ တော်တော် ထက်မြက်မှာပေါ့နော်၊ သူပါ ကျွန်မတို့ဘက်က ပါလာပြီဆိုရင် သိပ်တော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ ဝတ်ရုံ နက်ရှင် ကျင်းရှောင်မိန်ကို ပူးပေါင်းပြီးတိုက်ကြရင် နိုင်လောက် ပါတယ်"

ဝေကွမ်ဘာမျှ မပြောတော့ပေ။ ကျိုနန်သို့ ခရီးဆက်ရန် အချက်ပြပြီး နားနေရာမှ ထလိုက်ကြလေတော့၏။

နေကခြစ်ခြစ်တောက်ပူလာခင်နေသဖြင့် သူတို့နှစ်ယောက်မှာ အရိပ်ရရာတောပေါ်များမှ ရွေးချယ်၍ သွားနေရ၏။ ရေနှင့် အရိပ်များရသည့် နေရာတွင် ခဏခဏ အနားယူကြသည်။ နေချိုလာမှ ခရီးပြင်း နှင်ကြ၏။ ခရီးစဉ်အတွင်း ချစ်သူ နှစ်ယောက် စကားဖောင်ဖွဲ့ပြောလာကြသော်လည်း မေလွမ်က ချစ်သူပျောက် ရှာပုံတော်ခရီးကို လုံးဝမပြောချေ။ ဝေကွမ် ကလည်း ကေရာဇာ မဟာသိုင်းကျမ်းကိစ္စကို လုံးဝမပြောဘဲ ချန်ထားလေ၏။

ဤသို့နှင့် ကျိုနန်နှင့် အလှမ်း သိပ်မဝေးလှသော မြို့ကလေး တစ်မြို့သို့ ရောက်လာခဲ့သည်။ ထိုမြို့သို့ ရောက်သည့်အချိန်၌



ညဉ့်အမှောင် သမ်းနေခဲ့လေပြီ။ အစာ မရှိဘဲနှင့် မည်သည့် သတ္တဝါမျှ လန်းလန်းဆန်းဆန်း မလှုပ်ရှားနိုင်ပေ။ ထို့ကြောင့် သူတို့ စုံတွဲသည် စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ခဲ့ကြ လေ၏။

ထိုစားသောက်ဆိုင် ကလေးမှာ အတော်ပင် စိုစိုပြည်ပြည် စည်စည်ကားကား ရှိလှသည်၊ ဆိုင်တွင်းသို့ ဝင်လိုက်သည်နှင့် စားသောက်နေကြသူများ၏ ကျွက်စီကျွက်စီ ဆူညံဆူညံ အသံ များကို ကြားရ၏။

မြို့ငယ်သေးလောက် လူက လွန်စွာစည်ကားနေသဖြင့် ဝေကွမ် စိတ်ထဲတွင် အနည်းငယ်ပင် သံသယဖြစ်မိ၏။ မေလွမ်မှာ ယခု ထက်တိုင် ယောကျ်ားကလေးတစ်ဦးပမာ ဝတ်ဆင်ထားသဖြင့် ညဘက် ခရီးထွက်လာရသည့် သူတို့ခရီးစဉ်မှာ လွန်စွာ အဆင် ပြေနေပေတော့သည်။

ဆိုင်တွင်းသို့ ရောက်လျှင် ထောင့်ကျကျ အကွန်ဆုံး စားပွဲ တစ်လုံးတွင် နေရာ ယူလိုက်သည်။ အရက် တစ်ကရားနှင့် ဟင်းလျာများ၊ ပေါက်စီများ မှာယူ၏။ စားပွဲထိုး လာချ ပေးသော စားသောက်ဖွယ်ရာတို့ကို တစ်ဘက်မှ စားရင်း တစ်ဘက်မှ အခြားလူများ၏ စကားသံများကို နားစွင့်နေမိ ကြတော့သည်။

ယခင်ကဆိုလျှင် ဝေကွမ်အနေနှင့် မည်သို့မျှ ခွဲခြားတတ် မည် မဟုတ်သော်လည်း ယခု အခါတွင်ကား ဆိုင်တွင်းမှ လူများ၏ ဥပဓိရုပ်ရည်ကို ကြည့်ကာ သရုပ်ခွဲတတ်နေခဲ့လေပြီ။ သူတို့နှင့် မျက်စောင်းထိုး ပြတင်းပေါက်နှင့် နီးကပ်သည့်နေရာ

တွင် ထိုင်နေကြသည့် လူနှစ်ယောက်ကို သူ သတိပြုမိသည်။ သိုင်းလောကသားများ ဖြစ်ကြောင်းကို ဝေကွမ် တစ်တစ်ချ ပြောနိုင်ပေသည်။

ထိုလူနှစ်ယောက်မှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ် ဆက်သို့ ကူးရောက်စပြုနေသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများလည်း ထူထပ်စွာပေါက်နေသည်။ အားပါးတရ သောက်ချလိုက်သော အရက်များက ဖိတ်စင်ကာ မုတ်ဆိတ်များပေါ်တွင် စီးကျနေသည်။ ကြမ်းကြမ်းရမ်းရမ်း လူများဖြစ်ကြောင်း ထိုအပြုအမူများက သက်သေပြနေလေ၏။

သူတို့နှင့်ကပ်လျက် စားပွဲရှည် တစ်ခုတွင်ကား တူညီဝတ်စုံ ဝတ်ဆင်ထားသော လူခြောက်ယောက် ရှိ၏။ သိုင်းသမား နောက်ပေါက်ကလေးများ ဖြစ်ပုံရ၏။ မတက်တတတ် ပညာ အရှိန်များက သူတို့၏ ငယ်နုသော မျက်နှာပေါ်သို့ ထင်ဟပ်နေကြသည်။

တစ်ဆိုင်လုံးကို ထီမထင်သည့်နှယ် ကျယ်လောင်စွာ ပြောဆိုနေကြသည်။ တစ်ဆိုင်လုံးမှာ သူတို့၏ အသံဗလံများကြောင့် ဆူညံနေခြင်း ဖြစ်တော့သည်။

သူတို့ ခြောက်ယောက်ကား ထိုဆရာကြီး နှစ်ယောက်၏ နောက်လိုက်နောက်ပါများ ဖြစ်ပုံရ၏။ သူတို့ဆရာများအပေါ်တွင်လည်း အတော်ပင် အားကိုးအားထားပြုကြဟန် တူသည်။ ဝေကွမ်က အသာပင် အရက် မျှဉ်းသောက်ပြီး ကျာပွတ်မယ် မေလွမ်ကို မျက်နှာရိပ်ပြလိုက်၏။ မေလွမ်ကလည်း အကင်းပါး



သည်။ ထိုစားပွဲဝိုင်း နှစ်ဝိုင်းကို နားစွင့် အကဲခတ်နေတော့သည်။

လူငယ်ကလေး ခြောက်ယောက်မှာ အလွန်အကျွံ သောက်ထားကြပုံ ရသည်။ အာလေး လျှာလေး ဖြစ်နေကြသည်။ ငြင်းကြ ခုံကြ ဆူညံနေကြသည်။ မကြာမီ ငြင်းခုံမှု ပြင်းထန်လာ၏။ ရိုက်နှက်ထိုးပုတ်တော့မည့်နှယ် တင်းမာလာ၏။ ထိုစဉ် မျက်နှာသွယ်သွယ် ပါးတစ်ဘက်တွင် အမာရွတ်ကြီး ရှိသော အဘိုးအိုက စားပွဲခုံကို လက်ဝါးဖြင့် ပုတ်ပြီး ဟန့်တားလိုက်၏။

'ဖုန်း....'

ထိုအသံကြောင့် တစ်ဆိုင်လုံး ငြိမ်သက် တိတ်ဆိတ်သွားသည်။

'တိတ်ကြစမ်း၊ ဘာကြောင့် ဒီလောက် ဆူနေရတာလဲ၊ ဒီမှာ စားသောက်နေတာ မင်းတို့ချည်းပဲ မဟုတ်ဘူး၊ တခြားလူတွေ ဘယ်လောက် အားနာစရာကောင်းသလဲ၊ အထူးသဖြင့် ယောဟိုက စုံတွဲကလေး တစ်တွဲကိုပေါ့'

ထိုအမာရွတ်နှင့် အဘိုးအိုက ဝေကွမ်တို့ထံသို့ လက်ညှိုးညွှန်ပြ ပြောဆို၏။ ဝေကွမ်မှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ သူကဲ့သို့ပင် ကျာပွတ်မယ်လည်း တုန်လှုပ်သွား၏။ ထိုအဘိုးအိုကပင် ရယ်မောလိုက်ပြီး သူ့စကားကို ဆက်ပြောပြန်သည်။

'ကြည့်ကြစမ်း....ဘယ်လောက် လိုက်ဖက် တင့်တယ်တဲ့ စုံတွဲ တစ်တွဲလဲ၊ မင်းတို့ အားမကျဘူးလား'

လူငယ်ခြောက်ယောက်က ဝေကွမ်တို့ဆီသို့တစ်ပြိုင်နက်တည်း လှမ်းကြည့်လိုက်ကြသည်။ မေလွှမ်မှာ စိတ်ဆတ်သူပီပီ ထိုအကြည့်များကြောင့် ဆတ်ခနဲ မတ်တတ် ထရပ်လိုက်၏။

'ငိုင်းစိုင်းလှချည်လား'

မေလွှမ် ပြောပြောဆိုဆိုပင် သူပ်ရှားဟန် ပြင်၏။ သို့သော် ဝေကွမ်က အလျင်အမြန် တားဆီးထားလိုက်၏။ အဘိုးအိုက လှောင်ရယ်ကလေး ရယ်လိုက်သည်။

'ဟား....ဟား....ဟား....ဘယ်လိုဖြစ်ရတာလဲ ကလေးရဲ့၊ လိုက်ပါကင်တယ်တဲ့စုံတွဲတစ်တွဲကိုမြမိတာနဲ့ပဲ ဒီလောက်တောင် ဆတ်ဆတ်ခါ နာရသတဲ့လား၊ ဒါက ဂုဏ်ယူစရာစကားပါ၊ ဘာကြောင့် ဒီလောက်ဒေါသကြီးချင်ရတာလဲ၊ လူကလေးက လှလှနဲ့ ဒေါသကိုမွေးရင် မလှမပ ဖြစ်သွားမှာပေါ့ကွယ်'

ကျွာပွက်မယ်မေလွှမ်မှာ ထိုအဘိုးအိုကိုသာ မမှိတ်မသုံကြည့်နေ၏။ စောစောက ကျက်စီကျက်စီ ဖြစ်နေခဲ့သော လူငယ်ခြောက်ယောက်ထဲမှ တစ်ယောက်က ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ပြီး....

'ဆရာကြီးကလဲ ဒီလို မလောက်လေး မလောက်စားတွေကို များ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပြောနေရသေးတယ်၊ ကျွန်တော်နည်းနည်းလောက် ဆုံးမပေးလိုက်မယ်၊ ဒါမှ သူတို့ ယဉ်ကျေး သိမ်မွေ့သွားကြမှာ'

သူသည် ပြောပြောဆိုဆိုပင် ခုန်ထွက်လိုက်၏။ သို့သော် အဘိုးအိုက သိမ်းငှက်တစ်ကောင် ပျံဝဲလာသည့်အလား ခုန်ပျံ



လာပြီးလျှင် သူ့ရှေ့မှပိတ်ဆီးရပ်လိုက်၏။ တစ်ဆက်တည်းပင် သူ့ညာလက်ကလည်း မြောက်တက်သွား၏။

'ဖြန်း....'

သွေးကြွနေသော လူငယ်၏ပါးပြင် တစ်ဘက်မှာ လက်ငါးချောင်းရာ ထင်သွား၏။ လူငယ်သည် ဆရာဖြစ်သူအဘိုးအိုကို အံ့ဩ ထိတ်လန့်စွာ ကြည့်နေမိသည်။ အဘယ့်ကြောင့် သူ့ပါးကိုရိုက်သည်ကို သူနားမလည်တဲ့ ဖြစ်နေပုံရသည်။

'ကိုယ့်နေရာ ကိုယ်သွားနေစမ်း၊ မင်းက ဘာကောင်မို့လို့ စွာကျယ်ကျယ် လုပ်ချင်ရတာလဲ'

ပါးရိုက်ခံရသောလူငယ်မှာ အဘိုးအိုကို ဘာမျှမပြောရဲဘဲ သူ့အပေါင်းအသင်းများရှိရာ စားပွဲဆီသို့ ခပ်ကုတ်ကုတ်လေး ပြန်သွားပြီး ထိုင်နေလိုက်သည်။ ကျန်လူငယ် ငါးယောက်မှာ ကိုလူငယ်၏အဖြစ်ကိုမြင်ရပြီး အသံတိတ်သွားကြသည်။

အဘိုးအိုက ကျွာပွတ်မယ် မေလွှမ်အား ခင်မင်နှစ်လိုဖွယ် အပြုံး ပြုံးပြကာ....

'ခွင့်လွှတ်ပါမိန်းကလေး၊ ကျုပ်တပည့်တွေ ရိုင်းပျသွားခဲ့တာကို ကျုပ်တောင်းပန်ပါတယ်'

မေလွှမ်က အင်းမလုပ် အဲမလုပ် နှုတ်ဆိတ်၍သာနေ၏။ ဝေကွမ်မှာ အဘိုးအို၏ အပြုအမူ အပြောအဆိုတို့ကိုကြည့်ပြီး မိမိတို့အား မည်သို့ဆက်ဆံချင်သည်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။ အဘိုးအိုထံမှ ထပ်မံပေါ်ထွက်လာမည့်စကားများကိုလည်း အာရုံစူးစိုက် နားထောင်နေမိသည်။

‘မိန်းကလေးကိုမြင်ရုံနဲ့ ကျုပ်သိတယ်၊ မိန်းကလေးဟာ ကျောပွတ်မယ် မဟုတ်လား’

အဘိုးအိုရဲ့ စကားကြောင့် စောစောကလူငယ် ခြောက်ယောက်မှာ အံ့အားသင့်သွားကြ၏။ မေလွမ်းကို ငေးကြောင်ကြည့်နေမိကြသည်။

မေလွမ်းက တည်ငြိမ်စွာပင် ပြော၏။

‘ဆရာကြီးက ဘယ်သူများပါလဲ၊ ဘာကြောင့်ကျွန်မတို့ကို အခုလိုနှောင့်ယှက်ရတာလဲ’

‘ကျုပ်က နှောင့်ယှက်တာ မဟုတ်ပါဘူး မိန်းကလေး၊ မိန်းကလေးတို့ကို ချီးကျူးဂုဏ်ပြုလိုက်တာပါ၊ ကျုပ်မိန်းကလေးတို့စုံတွဲဝင်လာတာကို မြင်ကတည်းက ချမ်းမြေ့သွားရတယ်၊ လိုက်ဖက်ညီတဲ့ အတွဲတစ်တွဲမို့လို့ပေါ့၊ မိန်းကလေးကကျောပွတ်မယ်ဆိုရင် ဟောဟိုကသူငယ်က ဝေကွမ်းဆိုတာ ထင်ပါရဲ့’

ဝေကွမ်း မျက်မှောင်ကြုတ်လိုက်သည်။ မိမိမှာသိုင်းလောကတွင် ထင်ပေါ်သူတစ်ယောက်မဟုတ်ပေ။ အညတရသိုင်းသမားလေး တစ်ဦးသာဖြစ်သည်။ ယခု အဘိုးအိုက မိမိကိုကျောပွတ်မယ်နှင့်တွဲယှဉ်ပြီး သိနေသည်ဆိုသောအခါ တစ်စုံတစ်ရာသော ထူးခြားလျှို့ဝှက်ချက်များ ရှိနေပေရော့မည်ဟုအတပ်သိလိုက်၏။

‘ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဝေကွမ်းပါ’

‘အင်း… ကျုပ်ထင်တဲ့ အတိုင်း မလွဲပါလား၊ ကျုပ်ကို မောင်ရင်တို့ သိကြသလား’

ဝေကွမ်း ခေါင်းခါယမ်းပြလိုက်၏။



‘မသိမှုပါဘူးခင်ဗျာ၊ ကျွန်တော်တို့က သိုင်းလောကထဲကို မနေ့တစ်နေ့ကမှ ရောက်လာတဲ့ သူတွေဆိုတော့ ဘဘတို့ကို မသိနိုင်တာ ကျွန်တော်တို့ရဲ့ ညံ့ဖျင်းချက်ကြောင့်ပါပဲ’

‘ဟား….ဟား – ဟား… ကြိုက်ပြီဟေ့၊ ကျုပ်ကလဲ အဲဒီလို ပွင့်လင်းတဲ့ လူမျိုး ကိုမှသဘောကျတာမှတ်ထား၊ ကျုပ်နာမည် လန်ကျုံးကျူတဲ့’

ကျောပွတ်မယ်မှာ တအံ့တဩ ဖြစ်သွား၏။ ဝေကွမ်းကား မည်သို့မျှ လှုပ်ရှားခြင်း မဖြစ်ပေ။ ဤအမည်ကို သူ သိရှိကြားဖူးခြင်း မရှိခဲ့ပါချေ၊ ထို့ကြောင့် ငြိမ်နေ၏။

ကျောပွတ်မယ်ကား အလျှင်အမြန်ပင် အရိုအသေ ပေးလိုက်သည်။

‘ဘဘ ဘဘက ‘သူရာနိမိတ်ဖတ်’ ဆရာကြီး လန်ကျုံးကျူ ပါလား၊ သမီးတို့ မပွယ်မရာ မှားယွင်း စော်ကားမိတာရှိခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ဘဘ’

သူရာနိမိတ်ဖတ် လန်ကျုံးကျူက အားပါးတရ ရယ်မောလိုက်သည်။ သူ့ ရယ်မောသံမှာ ကျေနပ်ပီတိ ဖြစ်ခြင်းတို့ ရောယှက် ပါဝင် နေပေသည်။

‘မိန်းကလေး… မင်းဟာ ကျုပ် ကြားထားတာ လောက် မဆိုးပါကလား၊ ကျုပ်သိထားရတာကတော့ မင်းဟာ တော်တော်ကလေး မောက်မာတယ်၊ ကြမ်းတမ်းတယ်တဲ့၊ အခုတော့လဲ မင်းက သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး ရှိသားပဲ၊ ဒီတစ်ခါတော့ ကျုပ် တွက်ကိန်း မှန်သွားပြန်ပြီ ဟေ့’

စေကွန်မှာ ထိုအဘိုးအိုကို နားမလည်နိုင်အောင် ဖြစ်နေပါသေးသည်။

ကျားပွတ်ချယ် မေလွှမ်းကမူ အဘိုးအို ဝန်ကျုံးကျူးနှင့် အကောင်းဆုံး အဆင်ပြေပြေ ပြောနေတော့သည်။

'ဘဘရဲ့ ကျော်ကြားမှုကို သမီး သိထားပါတယ်၊ ဘဘလို ပုဂ္ဂိုလ်မျိုးနဲ့ အခုလို တွေ့ဆုံရတာ သမီး တကယ်ပဲ ဝမ်းသာလှပါတယ်၊ ဘဘဟာ ပျော်းပျော်နေတတ်တယ်၊ အရက်ကို နှစ်ခြိုက်ခုံမင်တယ်၊ ဘဘရဲ့ နိမိတ်ဖတ် ဟောကိန်းထုတ်ချက်တွေဟာ မလွဲမသွေ မှန်ကန်တက်တယ်ဆိုတာတွေကို သမီး သိထားပါတယ် ဘဘ'

'ဩော်...မိန်းကလေးက ကျုပ်အကြောင်းတွေ တော်တော်ကလေးပဲ သိထားပေတာကို'

စေကွမ် သူ့ကိုယ်သူ စိတ်ပျက်သွားမိတော့သည်။ သူ ထင်မှတ်ထားသလို ဆေးရည်နိမိတ်ဖတ် လန်ကျုံးကျူးဟူသည် သိုင်းလောက လူဆိုးကြီး မဟုတ်ချေတကား။

## အခန်း (၆၄)

## သတင်းပေးသူ

မေလွှမ်းက နှင်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်ကာ....

'ဟုတ်ပါတယ် ဘဘ၊ ဘဘကို တွေ့ဆုံသိကျွမ်းရတဲ့ အထိမ်းအမှတ် အနေနဲ့ သမီးတို့ဆီက အရက်တစ်ခွက်၊ တစ်ဖလားလောက် သောက်စေချင်ပါတယ်'

'ဟဲ....ဟဲ....ဟဲ.... မိန်းကလေးက ကျုပ်ကို အရက်တိုက်ပြီး နိမိတ်ဖတ်ခိုင်းဦးမလို့နဲ့ တူတယ်၊ ရပါတယ်ကွယ်၊ ရပါတယ်၊ ကျုပ်က အရက် သိပ်ကြိုက် ပေမယ့်လို့ မိန်းကလေးကိုတော့ အရက်မသောက်ရရင်လဲ နိမိတ်ဖတ် ဟောကိန်းထုတ်ပေးနိုင်ပါတယ်'

'အို....ဒီလို သဘောမျိုး မဟုတ်ပါဘူး ဘဘရယ်၊ သမီးက ဘဘကို တကယ့် စိတ်ရင်းစေတနာနဲ့ ညှို့ဝတ်ပြုတာပါ'

'မိန်းကလေးက ဘယ်လိုပဲ ညှို့ဝတ်ပြုပြု၊ ကျုပ် မိန်းကလေးတိုက်တဲ့ အရက်ဆင်ခွက်ကိုတော့ ငြင်းဆိုရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးရဲ့ ကျေးဇူးတွေ ကျုပ်ဆီမှာ ထပ်မတင်စေချင်တော့လို့ ပါပဲ'

'ရှင်....'

ကျာပွတ်မယ် မျက်လုံးကလေး ဝိုင်းစက်သွားရလေသည်။ အံ့သြသွားသည်။

'ကျွန်မရဲ့ ကျေးဇူး ဟုတ်လား ဘဘ'

'ဟုတ်တယ် မိန်းကလေး၊ မိန်းကလေးဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိတယ်၊ လွန်ခဲ့တဲ့တစ်လလောက်က မိန်းကလေး ဟိုနန်ပြည်နယ်ဘက်ကို ရောက်ခဲ့တယ် မဟုတ်လား၊ အဲဒီမှာ မိန်းကလေးဟာ လေးသည်တော် သူရဲကောင်းတစ်ဦးနဲ့ စကားအခန့်မသင့်ဖြစ်ပြီး ပညာပြိုင်ခဲ့ကြတယ်၊ မိန်းကလေးရဲ့ကျာပွတ်စက်ဝိုင်းယဲ့ကို လေးသည်တော်ရဲ့ မြားတံတွေက တိုးမဝင်နိုင်ခဲ့ဘူး၊ အဲဒီမှာတင် လေးသည်တော် စိတ်ဓာတ်ကျပြီး လေးနဲ့ မြားကို တစ်သက်လုံး မသုံးတော့ပါဘူးလို့ ကတိသစ္စာဆိုသွားခဲ့တယ်'

'အဲဒီ ကိစ္စနဲ့ ဘဘနဲ့ ဘာပတ်သက်လို့လဲ'

'ပတ်သက်တာပေါ့ မိန်းကလေးရယ်၊ အဲဒီ လေးသည်တော်ဟာ ကျုပ်ဆီကို လာတဲ့ လေးသည်တော်ပဲ၊ ကျုပ်နဲ့ ပညာချင်းပြိုင်ကြဖို့ ကြုံးဝါးပြီး ထွက်လာခဲ့တာပဲ၊ မိန်းကလေး



ကိုသူ ရှုံးသွားတော့ ဒီလို ငယ်ငယ်ချယ်ချယ် မိန်းကလေးတစ်ယောက်ကိုတောင်မှ ရှုံးနိမ့်သွားတယ်ဆိုရင် ကျုပ်နဲ့ဆို ပြောစရာ မလိုတော့ဘူးလို့ တွက်ဆပြီး နောက်ပြန်လှည့်ခဲ့တာကို၊ တကယ်တမ်း ယှဉ်ပြိုင်ကြမယ်ဆိုရင် ကျုပ်အဖို့ မလွယ်ဘူး၊ သူ့မြားတံအောက်မှာ ကျုပ်သေချင်သေ၊ မသေချင် ဒဏ်ရာအနာတရ အကြီးအကျယ် ဖြစ်သွားနိုင်တယ်'

ကျာပွတ်မယ်က ရယ်ပြုံးလိုက်ပြီး—

'မဟုတ်တာ ဘဘရယ်၊ ဘဘလို လူက သူ့လက်အောက်မှာ ရှုံးနိမ့်မယ်တဲ့လား၊ သမီးက ဘဘထက်ပဲ သိုင်းပညာ သာလွန်နေမယ်တဲ့လား၊ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ကျေးဇူးရှာကြံတင်မနေပါနဲ့ ဘဘရယ်'

'ကျုပ် တကယ်ပြောနေတာ မိန်းကလေး၊ မိန်းကလေး တွက်သလို တွက်မယ်ဆိုရင် ဟုတ်ကောင်း ဟုတ်နိုင်လိမ့်မယ်၊ မှန်ကောင်း မှန်နိုင်လိမ့်မယ်၊ အဲဒီအချိန်တုန်းကတော့ ယှဉ်မယ်ဆိုရင် ကျုပ် သူ့မြားတံအောက်မှာ ဒုက္ခရောက်သွားရမှာပဲ'

ဝေကွမ်က ကြားဖြတ်၍ ဝင်မေးသည်။

'ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ၊ ဘဘမှာ ဆိုးဆိုးရွားရွား အခြေအနေတစ်ခု ရှိနေလို့လား'

'ဟုတ်တယ် မောင်ရင်လေး၊ အဲဒီတုန်းက ကျုပ်ဟာ အတွင်းဒဏ်ရာတစ်ခု ရထားခဲ့တယ်၊ အပေါ်ယံ ဟန်ကောင်းပေမယ့် ကိုယ့်အတွင်းဒဏ်ရာကို ကိုယ်ပဲ သိတယ် မဟုတ်လား၊

အဲဒီ ဒဏ်ရာနဲ့ ကျုပ် သူ့ကို ဘယ်လိုလုပ် ယှဉ်နိုင်မလဲ၊ ဒါ ကြောင့် မိန်းကလေးဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိတယ် ပြောတာပေါ့'

'ဒါက မထင်မှတ်တဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားရတာပဲ ဘဘရယ်၊ ကျေးဇူးလို့ ပြောဖို့ မသင့်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ ကျွန်မတို့ တိုက်တဲ့ အရက် တစ်ခွက်လောက်ကိုတော့ သောက် ကောင်းပါတယ်'

သူရာနိမိတ်ဖတ် လန်ကျူးကျူ ရယ်မောလိုက်ပြန်သည်။

'ဟား....ဟား....ဟား....နေပါစေတော့ မိန်းကလေးရယ်၊ ကျုပ် အရက် သောက်တာ တော်တော်ပဲ များနေပါပြီ၊ မိန်းကလေးတို့ရဲ့ စေတနာ သဒ္ဓါတရားကို ကျုပ် အသိအမှတ် ပြုပါတယ်၊ ကျုပ်ကလဲ မိန်းကလေးတို့ကို စေတနာ တုံ့ပြန်ပေး လိုက်ပါမယ်'

'ဘာများလဲ ဘဘ၊ ကျွန်မတို့ကို နိမိတ်ဖတ် ဟောကိန်း ထုတ်ဦးမလို့လား'

'မဟုတ်ပါဘူးကွယ်၊ မင်းတို့ရဲ့ အနာဂတ်က ဗီလောက်အထိ ချောမော ဖြောင့်ဖြူးနေတာကို ကျုပ် နိမိတ်ဖတ်လို့ကော ဘာ ထူးမှာလဲ၊ ကျုပ်ပြောချင်တာက သတင်းတစ်ပုဒ်နဲ့ လက်ဆောင် တစ်ခုကို စေတနာ တုံ့ပြန်ချင်တာပါ'

ဝေကွမ်သည် လန်ကျူးကျူကို စိတ်ဝင်စားစွာ ငေးကြည့် နေလိုက်၏။ လန်ကျူးကျူက အေးဆေး တည်ငြိမ်စွာပင် ပြော၏။



'မနေ့က ဗီဆိုင်ကို လူသူးလူဆန်း နှစ်ယောက် ရောက်လာ တယ်၊ ကျုပ်က အရက်မသောက်ရရင် မနေနိုင်တဲ့လူ ဆိုတော့ ဒီဆိုင်မှာ အမြဲလိုလို ရှိနေတာကိုး၊ အဲဒီ လူနှစ်ယောက်ဟာ အရက်နဲ့ စားစရာတွေ မှာပြီး စား သောက် ကြတယ်၊ တစ်ယောက်က ကျုပ်တို့ အရွယ်လောက် ရှိပြီ၊ တစ်ယောက် ကတော့ မောင်ရင်လေးတို့လောက်ပဲ ရှိဦးမယ်'

'ဟုတ်ကဲ့....ကျွန်တော် စိတ်ဝင်စားပါတယ် ဘဘ၊ ဆက်ပြီး ပြောပါခင်ဗျာ'

'သူတို့နှစ်ယောက် စားသောက်ကြရင်း ပြောတဲ့ စကားသံ တွေကို ကျုပ် ကြားမိတယ်၊ အဲဒါတွေကတော့ ချန်ချင်ကို သတ်မယ်၊ ဝါတိတ်နဲ့ လျှိုဝှက် သိုင်းသမားကိုလဲ အမျိုးဖြုတ် မယ်၊ ဝေစင်ဟိုင်အတွက် လက်စားချေမယ်လို့ အသိုးကြီးက တဖွဖွ ပြောနေတယ်၊ သူ ဒီလိုပြောလာအောင် မောင်ရင်လေး တို့လောက်ရှိတဲ့ သူငယ်က အားတီးပေးနေတယ်၊ ချန်ချင် ဘယ်လောက် မောက်မာကြောင်း၊ မကောင်းကြောင်း၊ ဆိုးရွားလွန်းကြောင်း အမျိုးမျိုး သွေးထိုးပေးတယ်၊ အသိုး ကြီးကလဲ ချက်ချင်းပဲ ထသတ်တော့မလို ဆိုင်ထဲက လူတွေကို ချန်ချင်ကို သိလား၊ ဝါတိတ်ကို သိလား၊ ကျုံရိကို သိလား၊ ဘယ်မှာရှိသလဲနဲ့ လျှောက်မေးကြတယ်၊ လူတွေကလဲမသိကြလို့ မသိဘူး ပြောကြတာပေါ့၊ ဒီတော့မှ စားပွဲမှာ ငြိမ်ငြိမ် ပြန် ထိုင်ပြီး ချန်ချင်နဲ့ ပတ်သက်တဲ့ လူအားလုံးကို သတ်မယ်လို့ ကြုံးဝါးသွားပြန်ရော'

ဝေကွမ် ခေါင်းညိတ်လိုက်၏။

'ကျွန်တော်သိပြီ ဘဘ၊ အဲဒီ အဘိုးအိုဟာ ဝတ်ရုံနက်ရှင် ကျင်းရှောင်မိန် ဆိုတာပဲ'

'ဟင်....'

ထိုစကားကြောင့် လန်ကျုံးကျူမှာ အံ့အားသင့်သွားရလေတော့သည်။

'ဝတ်ရုံနက်ရှင်က သိုင်းလောကနဲ့ အဆက်အသွယ် ပြတ်နေပြီပဲ၊ ဘာကြောင့် မင်းတို့နဲ့ ရန်ငြိုးရန်စ ရှိရတာလဲ'

ဝေကွမ်က အကျိုးအကြောင်းကို နားလည်လွယ်ရုံ အကျဉ်းရုံး ရှင်းပြလိုက်သည်။

လန်ကျုံးကျူ နားလည် သဘောပေါက်သွားသည်။

'ဪ....ဒီလိုတွေ ဖြစ်ပျက်လာခဲ့တာကိုး၊ နေဦးကွယ်၊ မောင်ရင်လေးတို့အတွက် သတင်းတစ်ခု ကျန်သေးတယ်'

'ဘာများလဲ ဘဘ'

'မောင်ရင်လေး ခုနက ပြောခဲ့တဲ့ ဝေစင်ဟိုင်ဟာ ပြီးခဲ့တဲ့ တစ်ပတ်လောက်ကပဲ ဒီမြို့ကိုဖြတ်ပြီး ကျိန်ဘက်ကို ထွက်သွားခဲ့ပြန်တယ်၊ သူ့ ဘယ်ဘက် လက်တစ်ဘက် မရှိတော့သလို သူ့ မျက်နှာကလဲ သိပ်ပြီး ခက်ထန်လွန်းနေတယ်၊ ဒေါသနဲ့ အာဃာတ အရိပ်တွေလဲ လွှမ်းနေတယ်၊ ကြည့်ရတာတော့ ဝါဿိဘ်ကို ပြန်ပြီး ကလဲ့စားချေတော့မယ် ထင်တယ်'

'ဟုတ်ချင်လဲဟုတ်မှာပေါ့ ဘဘရယ်၊ သိုင်းလောကကြီးရဲ့ စိတ်ပျက်စရာကောင်းတဲ့အချက်ဟာ အဲဒါပဲပဲ၊ မှားမှားမှန်မှန် ကိုယ်ခံရရင် ပြန်လက်စားချေဖို့ ကြိုးစားတော့တာပဲ'



'အေးလေ...ကျုပ်ကတော့ မင်းတို့ကို သတိထား ဆင်ခြင်နိုင်ဖို့ သတင်းပေးရတာပဲ၊ ထူးထူးထွေထွေ ဘာမှထပ်မပြောချင်တော့ပါဘူး၊ အဲ....ဒါပေမယ့် မင်းတို့ကို ကျုပ်လက်ဆောင်ပေးရဦးမယ်'

လန်ကျုံးကျူက အင်္ကျီရင်ဘတ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်ယူလိုက်သည်။ ဆေးလုံးကလေးသုံးလုံး ၎င်း၏လက်ထဲတွင် ပါလာ၏။

'ထင်စန်းတောင်ပေါ်က နှယ်ကြာနတ်ပန်းနဲ့ဖော်စပ်ထားတဲ့ဆေးတစ်ပါးပဲ၊ အသက်ကယ်ဆေးလောက် အစွမ်းမထက်ပေမယ့် ဒဏ်ကြေဆေးထက် အများကြီးသာတယ်၊ သောက်လို့လိမ်းလို့ ရှုလို့အကုန်ရတယ်၊ ကျုပ်အတွင်းဒဏ်ရာဟာဒီဆေးနဲ့ ပျောက်ခဲ့တာပေါ့'

ဝေကွမ် လက်ခံယူလိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ဘဘ'

ဦးညွှတ်ဂါရဝပြု အရိုအသေပေးလိုက်၏။

ကျာပွတ်မယ်မေလွှမ်ကလည်း ကျေးဇူးစကား ပြော၏။

လန်ကျုံးကျူက ဆက်၍ပြောသည်။

'ငါတို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဟောဟိုကထိုင်နေတာကတော့ ငါ့မိတ်ဆွေ 'ခြေလှမ်းတစ်ရာဝါစင်ကု' ဆိုတာပဲ'

ဝေကွမ် အလျင်အမြန်ပင် ထိုအဘိုးအိုအား ဦးညွှတ်အရိုအသေ ပြုလိုက်၏။

'ကျွန်တော် ဝေကွမ်ပါ ခင်ဗျာ၊ အခုလို သိုင်းလောကရဲ့ ဝါစဉ်ကြီး ပုဂ္ဂိုလ်တွေနဲ့ တွေ့ရတာ ဝမ်းသာ လှပါတယ်၊

ကျွန်တော်တို့ လူငယ်တွေအပေါ် စေတနာထား ဂရုတစိုက် ဆက်ဆံကြတာကိုလဲ အများကြီး ဝမ်းသာပါတယ်ခင်ဗျာ'

ခြေလှမ်းတစ်ရာ ဝါခင်ကုသည် ခေါင်းညိတ်ရုံသာ ခေါင်းညိတ်ပြခဲ့သည်။ ကျောပွတ်မယ် မေလှမ်း စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။

'သူကဒီလိုပဲကွယ့် သိပ်ပြီးနှုတ်နည်းတယ်၊ မသိတဲ့လူကတော့ တစ်မျိုးတစ်မည် ထင်ကြမှာပေါ့ကွယ်၊ ကဲ....ကဲ ကျုပ်တို့လဲ သွားကြမယ်၊ မောင်ရင်လေးတို့ကော ခရီး ဆက်မှာလား၊ နားမှာလား'

'အတိအကျ မပြောနိုင်သေးဘူး ဘဘ၊ အဆင်ပြေသလို လုပ်သွားရမှာပါပဲ'

ဝေကွမ်းကို ကျောပွတ်မယ်လှမ်းကြည့်၏။ ဝေကွမ်းကငြိမ်သက်စွာ ထိုင်နေသည်။

'ကျုပ်ပြောတာတွေကိုတော့ သတိထားနော်မောင်ရင်လေး၊ အရေးကြုံရင် ကျုပ်ရဲ့ဆေးလုံးကလေးတွေကို ထုတ်သုံးပါ၊ကဲ.... ကျုပ်တို့သွားပြီ'

ပြောပြော ဆိုဆိုပင် သူ့ လူများကို အချက် ပြပြီးလျှင် ဆိုင်တွင်းမှ ထွက်ခွာသွားကြတော့သည်၊ သူတို့ဆိုင်အပြင်သို့ ရောက်သည်နှင့် ကျောပွတ်မယ်က ဝေကွမ်းကိုတိုးတိုးမေးလေ၏။

'အစ်ကိုကလဲ ကျွန်မတို့ ခရီးထွက်ကြမှာ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ အခြေအနေအရပဲလို့ ပြောလိုက်ရတာလဲ၊ အစ်ကိုက အစီအစဉ် ပြောင်းပစ်မလို့လား'



ဝေကွမ်းကျောပွတ်မယ်ကို ပြုံးပြလိုက်သည်။ ညင်သာသိမ်မွေ့သည့် လေသံဖြင့် တိုးတိုးပြန်ပြောသည်။

'မဟုတ်ဘူးညီမ၊ အစ်ကိုအစီအစဉ်မပြောင်းပါဘူး၊လူတိုင်းကို ယုံကြည်လို့မရတဲ့အချိန်မှာ အမှန်အတိုင်း ထုတ်ဖော်မပြောကြတာ အကောင်းဆုံးပဲမဟုတ်လား ညီမရယ်'

ကျောပွတ်မယ်အားဘာပေါက်သွား၏၊ ဝေကွမ်းတစ်ယောက် အစစအရာရာ မြော်မြင်စဉ်းစားတတ်နေသည်ကို သူမ ကျေနပ်သွားလေ၏။

## အခန်း (၆၅)

## အရက်သမား စကားမတည်

လရောင်က မှုန်တမှုန်လင်းနေသည်။ ဝေကွမ်တို့သည် ထို လရောင်အောက်တွင်ပင် အပူအပင် အကြောင့်ကြမဲ့စွာ ခရီး ဆက်နေကြသည်။ လေပြည်နှင့်အတူပါလာသော တောပန်းရနံ့ များက သူတို့၏စိတ်ကို ကြည်လင် လန်းဆန်းစေသည်။ ခရီး အသွားရ တွင်ကျယ်စေသည်။

'ညီမ'

'ဘာလဲ အစ်ကို'

'စောစောက သူရာနိမိတ်ဖတ် အဘိုးအိုနဲ့ ခြေလှမ်းတော်ရာ ဝါစင်ကုတ္တိုကို ကြည့်ပြီး ညီမ စိတ်ထဲ ဘယ်လိုထင်မိသလဲ'



'ဟင့်အင်း....ကျွန်မတော့ ဘယ်လိုမှ မထင်တတ်ဘူး၊ နိမိတ် ဖတ် အဘိုးအိုက ကျေးဇူးတရားသိတတ်တယ်၊ ခင်မင်လေးစားဖို့ ကောင်းတယ် ဆိုတာလောက်ပဲ နားလည်တယ်'

ဝေကွမ် ပြုံးလိုက်၏။

'သူ့စကားတွေကိုကော ညီမ စိတ်ထဲ သံသယ မဝင်ဘူး လား'

'ဘာမှ သံသယမဖြစ်ပါဘူး၊ သူပြောတာတွေက တကယ်ပဲ ဟုတ်မှန်နေတာပဲ'

'ဒါပေမယ့် အစ်ကိုနဲ့ ညီမကို ကြိုပြီး သိထားတာကိုကော သံသယ မဖြစ်မိဘူးလား၊ ညီမကို လူချင်း မမြင်ဖူးသေးဘဲ ကျာပွတ်မယ်လို့ စခေါ်တယ်၊ အစ်ကို့ကိုလဲ ဝေကွမ်လို့ အပ်ကျ မတ်ကျ ပြောနိုင်ခဲ့တယ်၊ ဒါတွေဟာ သံသယဝင်စရာ စဉ်းစား စရာ မကောင်းဘူးလား'

ကျာပွတ်မယ်သည် ထိုအခါကျမှ သူမ ထူးအသည့် အဖြစ်ကို စဉ်းစားမိတော့သည်။

'ဟုတ်တယ်နော် အစ်ကို၊ ကျွန်မ အဲဒါကို သတိမထားမိ လိုက်ဘူး'

'ဒါတင် ဘယ်ကဉီးမလဲ၊ အင်ကိုတို့ကို သတင်းပေးတာ တွေကလဲ အစ်ကိုတို့ နှစ်ယောက်စလုံး အလေးဂရုထားနေရတဲ့ ဝတ်ရုံနက်ရှင်ရဲ့ သတင်းနဲ့ ဝေစင်ဟိုင်ရဲ့ သတင်းတွေ ဖြစ်နေ တယ်၊ ဝေစင်ဟိုင်ဟာ ဝါတိတ်ကို ကလဲ့စားချေမှာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒီလောက်အထိ မြန်ဆန်လိမ့်မယ်လို့ အစ်ကို မထင်ဘူး၊ ပြီးတော့ သူ့မျက်လုံးတွေက သိပ်ပြီး မရှိသေးဘူး။

အဲဒါကို ရယ်ရယ်ပြီး ဟန်ဆောင် ဖုံးဖိတ်ပစ်လိုက်တယ်၊ အစ်ကိုက သူ့တပည့်တွေကို ဂရုတစိုက်ကြည့်နေမိတော့ သူတို့ရဲ့ မျက်လုံးတွေထဲမှာ လျှို့ဝှက်ချက်တွေ ရှိနေတာကို မြင်နေရတယ်'

'ညီမကတော့ သူ့အပေါ်မှာ သံသယရှင်းရှင်းထားလို့ ဒါတွေကို ဂရုမထားလိုက်မိဘူး အစ်ကိုရယ်၊ အစ်ကိုက အခု ကျတော့လဲ တော်တော့်ကိုပဲ စေ့စပ်သေချာနေပါလား'

ကျောပွတ်မယ်က ဝေကွမ်ကို ချီးကျူးလိုက်၏။ ဝေကွမ်က စဉ်းစားပြီး ဆက်ပြောလေ၏။

'အစ်ကိုတော့ သူတို့ကို မရိုးသားဘူးလို့ ထင်တယ်၊ သူ့စကားတွေက မှန်သလိုလိုနဲ့ အချိတ်အဆက် မမိချင်ဘူး၊ တစ်စုံတစ်ရာ ထူးခြားနေတာလဲ အမှန်ပဲ၊ အထူးသဖြင့် ခြေလှမ်း တစ်ရာဝါးခင်ကုဟာ အတော်ကြီးကို ဟန်လုပ်ထားနေရတယ်၊ ဒါကြောင့် စကားမပြောတဲ့ နှုတ်ဆိတ် ငြိမ်သက်နေတာပေါ့၊ စကားများရင် အမှားပါတတ်တယ် မဟုတ်လား'

'အင်း....အစ်ကို ပြောတာတွေက ဖြစ်နိုင်စရာတော့ ရှိပါတယ်၊ ဒါပေမယ့် သူတို့က ကျွန်မတို့နဲ့ ရန်ဘက်ဖြစ်နေမယ်ဆိုရင် ဘာဖြစ်လို့ မတိုက်ခိုက်ရတာလဲ၊ အရက်ဆိုင်မှာ စကားများပြီး ပြဿနာဖြစ်လာပြီပဲ၊ အဲဒါကို ရမည်ရှာပြီး တိုက်ခိုက်ရင် မရနိုင်ဘူးတဲ့လား'

ဝေကွမ် အနည်းငယ် စဉ်းစားဟန်ပြုသည်။ အတန်ကြာမှ

'အစ်ကိုလဲ အဲဒါကိုပဲ စဉ်းစားမိပါတယ်၊ ဘာဖြစ်လို့ မတိုက်ခိုက်သလဲ ဆိုတာကိုပဲပေါ့၊ တစ်မျိုးမျိုး တစ်ဖုံဖုံတော့



အကောက်ကြံထားတာ ရှိကောင်း ရှိလိမ့်မယ်၊ ဘယ်လို ကောက်ကျစ် ယုတ်မာထားတယ် ဆိုတာတော့ အစ်ကိုလဲ မတွေးတတ်ဘူး'

ကျောပွတ်မယ်သည် အခြေအနေကို ပြန်သုံးသပ်လိုက်၏။ အရက်ဆိုင်ထဲသို့ စတင် ဝင်ရောက်ခဲ့ပုံ၊ နိမိတ်ဖတ် အဘိုးအိုတို့နှင့် တွေ့ပုံ၊ စကားစမြည် ပြောဆိုပုံ၊ လက်ဆောင်ပေးပုံတို့ကို အစမှအဆုံး ပြန်လည်တွေးတော စဉ်းစားလိုက်မိသည်။ အတန်ကြာလျှင် သူ့ခေါင်းထဲ၌ ဖျတ်ခနဲ အတွေး တစ်ခု လက်သွားသည်။

'နေဦး၊ အစ်ကို....ကျွန်မ သတိထားမိတာ တစ်ခုရှိတယ်'

'ဘာလဲ ညီမ'

'ဆေးလုံး....လန်ကျုံးကျူ ပေးတဲ့ ဆေးလုံးလေး အစ်ကို ယူခဲ့တယ် မဟုတ်လား'

'အေး... ဟုတ်တယ်၊ ဟောဒီမှာလေ'

ဝေကွမ်က သူ့ရင်ခွင်ထဲသို့ နှိုက်ကာ ဆေးလုံးကို ထုတ်ယူလိုက်သည်။ ထို့နောက် ကျောပွတ်မယ်အား လက်ဝါး ဖြန့်ပြ၏။ ဆေးလုံးက လိပ်ဥခန့်အရွယ် ရှိနေသည်။ သာမန် ဆေးလုံးများထက် ကြီးမားနေ၏။

'ဟင်....ဆေးလုံးတွေကလဲ ကြီးကြီးပဲ၊ အဲဒါ ကျွန်မရဲ့ သံသယပဲ၊ လန်ကျုံးကျူဟာ ဆေးလုံးထဲမှာ အကောက်ကြံ ထားမလား မပြောတတ်ဘူး'

'အကောက်ကြံလို့ကော ဘယ်လိုလုပ်ထိရောက်မှာလဲ ညီမရဲ့၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အစ်ကိုတို့က ဒီဆေးလုံးကို ဒဏ်ရာရမှ

စားကြရမှာ မဟုတ်လား၊ အဆိပ်ဆေးလုံးဆိုရင်လဲ အဲဒီတော့မှ အဆိပ်တက်သေနိုင်တာပေါ့'

ကျားပွတ်မယ် မေလွှမ် ငိုင်သွားပြန်သည်။ အတန်ကြာမှ...

'မဟုတ်သေးဘူး၊ အစ်ကို၊ အဲဒီ ဆေးလုံးကို အဆိပ်အနေနဲ့ ထည့်ပေးထားတာတော့ မဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာလဲဆိုတာကိုသာ ကျွန်မ မပြောတတ်တာ'

ဝေကွှမ် ထိုဆေးလုံး၊ သုံးလုံးကို လက်ဝါးပေါ် တွင် ဖြန့်ပြီး အတန်ကြာကြာ ကြည့်နေလိုက်၏။ မည်သည့် ထူးခြားချက်ကိုမျှ ရှာမတွေ့။

'ဘာလဲတော့ မသိဘူးကွာ၊ ဒီလူတွေ ကောက်ကောက် ကျစ်ကျစ်နဲ့ လုပ်ကြမယ်ဆိုတာကိုတော့ အစ်ကို့စိတ်ထဲက မလွဲ မသွေ သံသယရှိနေတာပဲ၊ အခု ဘာကိုမှ ရှာမရဘူးဆိုတော့ ဟောဒီ ဆေးလုံးအပေါ်မှာပဲ သတ္တုချရတော့မယ်'

'ဘာမှ လုပ်မနေနဲ့ အစ်ကို၊ အဲဒီဆေးလုံးဟာ ဘယ် လောက်ပဲ တန်ဖိုးရှိနေရှိနေ၊ အစ်ကို့စိတ်ထဲမှာ သံသယရှိတယ် ဆိုရင် လွှတ်ပစ်လိုက်တာပဲ ကောင်းပါတယ်'

ဝေကွှမ် ခေါင်းညိတ်ပြလိုက်၏။ စဉ်းစားမနေတော့ဘဲ လက်ထဲမှ ဆေးလုံးသုံးလုံးကို ပစ်ပေါက် လွှတ်ပစ်လိုက် တော့သည်။

'ကဲ ဒီပစ္စည်းကို လွှတ်ပစ်ပြီဆိုတော့ စိတ်ထဲမှာ သံသယ ရှင်းသွားတာပေါ့၊ ဒီပြင် ဘာမှ ကလီကမာ လုပ်စရာ မရှိတော့ ပါဘူး၊ အစ်ကိုတို့ သတိထားပြီး သွားကြရမှာပေါ့'



ပြောပြီးသည်နှင့် ခရီးဆက်ပြန်သည်။ သူတို့နှစ်ယောက်၏ ခြေလှမ်း ဆယ်လှမ်းမျှ လှမ်းအပြီးတွင် နောက်ဘက်ဆီမှ ပေါက်ကွဲသံကြီး တစ်သံကို ကြားလိုက်ရတော့သည်။

'ဝုန်း....'

ဝေကွှမ်နှင့် ကျားပွတ်မယ်တို့ ခြေလှမ်း တုံ့ရပ်သွားကြ သည်။ နောက်ဘက်သို့ အထိတ်တလန့် လှည့်ကြည့်လိုက်၏။ စောစောက သူတို့ လွှတ်ပစ်ခဲ့သော ဆေးလုံးများ နေရာမှ ပေါက်ကွဲသွားခြင်း ဖြစ်ပေတော့သည်။

'ဟင်....'

ဝေကွှမ်မှာ အထိတ်ထိတ်အပျာပျာ ဖြစ်ကာ ကျားပွတ် မယ်ကို လှမ်းကြည့်လိုက်မိ၏။ ကျားပွတ်မယ်၏ အံ့အားသင့် နေသော မျက်လုံးများနှင့် ဆုံတွေ့လိုက်၏။ နှစ်ယောက်စလုံး တဒင်္ဂမျှ ကြက်သေ သေသွားကြသည်။

'ကြောက်စရာပါလား'

ဝေကွှမ်က တီးတိုး ရေရွတ်လိုက်မိ၏။ နိမိတ်ဖတ် အဘိုး အိုး၏ လုပ်ကြံမှုက သူတို့နှစ်ယောက်စလုံး၏ နှလုံးသားကို အေးခဲသွားမတတ် ဖြစ်စေခဲ့သည်။

'လူဖြောင့် စိတ်တို၊ လူချို စိတ်ကောက်ဆိုတာ ဒါမျိုးပါ လား၊ ကျွန်မကတော့ သူ့ကို စိတ်သဘောထား နူးညံ့သိမ်မွေ့ တယ်လို့ အောက်မေ့ထားခဲ့တာ၊ အခုတော့ ကောက်ကျစ် ယုတ်မာလှချည်လား၊ သူ့စကားတွေဟာ တစ်ခုမှ မမှန်ကန်ဘဲ လုပ်ကြံလီဆယ် ပြောတာတွေချည်းပဲပေါ့'

မေလွှမ်က မှတ်ချက်ချသည်။

ဝေကွမ် သက်ပြင်းချလိုက်သည်။

'ကံကြီးပေလို့ပေါ့.... တို့သာ စဉ်းစား အဆင်အခြင် မရှိခဲ့ရင် အခုအချိန်မှာ ဖရိုနဲ့အသား တစ်စစီ ဖြစ်သွားယောက်ပြီ၊ ဒီအဘိုးကြီး ဒီလောက်အထိ ကောက်ကျစ်လိမ့်မယ်လို့ မအင်မိခဲ့ဘူး၊ သူ့စကားတွေ မဆီလျော်တာကို တွေးမိလို့ အသက်ဘေးက လွတ်သွားရတာ၊ အင်း....သိုင်းလောကမှာ အရိုးခံစိတ်နဲ့ လူတိုင်းကို ယုံကြည်လို့ မရတော့ဘူး၊ အခုအချိန်အခါက ပိုပြီး ဆိုးရွားတာပေါ့၊ တိုင်းပြည် အခြေအနေက မငြိမ်မသက်၊ တောမီးလောင် တောကြောင် လက်ခမောင်းခတ်နေကြပြီ'

'အဲဒီ လက်နက်ပုန်းကို ဘယ်လို ခေါ်သလဲ အစ်ကို'

'အစ်ကိုလဲ မပြောတတ်ဘူး၊ တော်တော် ကလေးကို ကြောက်စရာ ကောင်းတာပဲ၊ ယမ်းဘီလူးတွေနဲ့ လုပ်ထားတဲ့ လက်နက်ပုန်းတစ်မျိုး ဖြစ်မှာပေါ့၊ ဒီအဘိုးကြီးဟာ အဆိပ်ထက်ကို ကြောက်စရာ ကောင်းနေတာပဲ၊ ဒါကြောင့် ခြေလှမ်းတစ်ရာ ဝါးစင်ကု မျက်နှာပျက်နေတာကိုး၊ ရှုတ်တရက်မျှားပေါက်ကွဲသွားမလားဆိုတဲ့ သဘောမျိုး ဖြစ်လိမ့်မယ်'

'ဆန်းတော့ ဆန်းတယ်နော်၊ စားသောက်ဆိုင်ထဲမှာတော့ မကွဲဘဲ အခုမှ ပေါက်ကွဲရတယ် ဆိုတော့'

ဝေကွမ် ခေါင်းခါယမ်းပြလိုက်၏။

'မစဉ်းစားတတ်အောင်ပါပဲကွယ်၊ ကဲ....ကဲ....တို့လဲ ခရီးဆက်ကြရအောင်၊ ဒီလိုဆိုရင် ကျိန်မှာပြဿနာတွေ အများကြီးကို ရင်ဆိုင်ဖြေရှင်းရမှာ အသေအချာပဲ၊ ညီမသတိရှိနော်၊



တတ်နိုင်သမျှ ဒေါသကို ချုပ်ထိန်း၊ ညီမရဲ့ သိုင်းပညာထက်မြက်ပေမယ့် ဒေါသကို မထိန်းသိမ်းနိုင်ရင် အမှားအယွင်းတွေ တွေ့တတ်တယ်'

'ကောင်းပါပြီတဲ့ရှင်၊ ကျွန်မကိုချည်း သတိပေးမနေနဲ့၊ အစ်ကိုလဲ သတိထားဦး၊ အခုအချိန်မှာ အစ်ကိုက အရင်ဝေကွမ် မဟုတ်တော့ဘူး၊ ထန်ဟုန်ဖန့်တို့ရဲ့ ရန်သူတော် ဝေကွမ် ဖြစ်နေပြီ၊ သတိထားထားပေတော့'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စိုးရိမ်ပူပန်စိတ်ဖြင့် သတိပေးရင်း ခရီးဆက်ခဲ့ကြသည်။

လရောင်သည် စောစောကထက်ပို၍ ဝင်းလက်လာသည်။ အပူငွေ့မစင်သေးသော်လည်း လေပြည်က စိတ်ကို အနည်းငယ်လန်းဆန်းစေ၏။ ညခရီးဖြစ်၍ ခရီးတွင်လှသည်။ အသွားအလာကင်းရှင်းသဖြင့် ကိုယ်ဖော့ပညာကိုသုံးကာ ပြေးခဲ့ကြ၏။ ယခင်က ကျောက်ပွတ်မယ်ကို မီအောင်မလိုက်နိုင်ခဲ့သောဝေကွမ်မှာ ယခုအချိန်တွင်ကျောက်ပွတ်မယ်ကိုအရှိန်လျော့စောင့်ဆိုင်းနေရသည့်အဝသို့ ရောက်နေခဲ့လေပြီ။

ကျောက်ပွတ်မယ်မှာ ဝေကွမ်၏တိုးတက်မှုများကိုကြည့်ကာ ပီတိဖြစ်နေမိ၏။ ဝမ်းသာနေ၏။ ယခင်ကဆိုဝေကွမ်အဘယ့်ကြောင့်ဤသို့ တိုးတက်လာသည်ကို လွန်စွာသိချင်ခဲ့၏။ ယခုသော်ဝေကွမ် မပြောချင်မှန်းသိသဖြင့် သူမ မမေးတော့ပေ။ သူမအဖို့အရေးကြီးဆုံးမှာ ဝေကွမ်တစ်ယောက် သူမအနီးတွင်ရှိနေရန်ပင် မဟုတ်ပါလား၊

ထမင်းအိုး တစ်လုံးကျက်နိုင် ကြာသောအခါ ဝေကွမ်တို့ နှစ်ယောက် မြစ်ကမ်းပါးတစ်ခုအနီးသို့ ရောက်လာကြသည်။ ထိုမြစ်ကို ဖြတ်ကျော်ပြီးမှ ကျိန်နက်ကိုကူးရမည် ဖြစ်၏။ သူတို့ ရောက်လာခဲ့သည့်နေရာက မြစ်ဆိပ်မဟုတ်သဖြင့် လှေကူးတို့ မရှိ။ ရွှေဘွင်ဆီးခံနေသော မြစ်ပြင်ကြီးကိုကြည့်ကာ အခက် တွေ့သွားကြ၏။

'လှေတစ်စင်းမှလဲ မတွေ့ရပါကလား၊ ကျွန်မတို့ ဟိုဘက် ကမ်းကို ဘယ်လိုကူးကြမလဲအစ်ကို'

ဝေကွမ်သည် မြစ်ဆိပ်တစ်ခုခုကို ရှာဖွေရမည်ဖြစ်ကြောင်း စဉ်းစားနေ၏။ သူသည် မြစ်ပြင်ကျယ်ကြီးကို ကြည့်လိုက်၏။ လရောင်ဆမ်းထားသဖြင့် ငွေသင်ဖြူးကြီး တလွန့်လွန့် လူးနေ သည့်နှယ် ရှိ၏။ လှိုင်းကြက်ခွပ်ကလေးများ ထနေပုံမှာအလွန် ကြည့်ကောင်းလှသည်။

ထိုစဉ်မှာပင် မြစ်အညာဘက်ဆီမှ မည်းမည်းအစက်ကလေး တစ်စက်ကို လှမ်းမြင်လိုက်ရ၏။ ဝေကွမ်အားတက်သွားသည်။ လှေတစ်စင်း မြစ်ရေစီးကြောင်းအတိုင်း စုန်မျောလာခြင်း ပင်တည်း။

'ညီမရေ....လှေတစ်စင်းတော့ ရောက်လာပြီ၊ အကူအညီ တောင်းကြည့်ရင် ရလိမ့်မယ်ထင်တယ်'

ဝေကွမ်က ဝမ်းသာအားရလှမ်းပြောလိုက်သည်။ ကျားပွတီ မယ်သည်း ထိုလှေကိုမြင်သားပုံရ၏။ သူမ မျက်နှာတွင်လည်း ဝမ်းသာရိပ်တို့ ထင်ဟပ်နေ၏။ မကြာမီ လှေငယ်ကလေးသည် သူတို့နှင့် မလှမ်းမကမ်းဆီသို့ရောက်ရှိလာ၏။ လှေပေါ်မှာပါလာ



သူကိုလည်း သဲကွဲစွာတွေ့ရ၏။ လူလတ်ပိုင်းအရွယ်လူတစ်ယောက် သာတည်း။

'မိတ်ဆွေ....ကျေးဇူးပြုပြီး ကျုပ်တို့ကို တစ်ဘက်ကမ်း ပို့ပေးပါ'

ဝေကွမ် လှမ်းအော်ဟိုက်၏။ အကူအညီ တောင်းလိုက်၏။ သို့သော် လှေရှင်ထံမှ မည်သည့်တုံ့ပြန်သံမျှ ထွက်မလာချေ။ လှေရှင်သည် ရေကြောင်းအတိုင်း ဆက်လက်လှော်ခတ်သွားရာ ဝေကွမ်နှင့်ကျားပွက်မယ်တို့မှာ အကြီးအကျယ်စိတ်ပျက်သွားကြ ရတော့သည်။

## အခန်း (၆၆)

## ရေထောင်ချောက်

မြစ်ပြင်ကြီးက ဆီးခံနေပြီး ကူးတို့လှေသမားတလည်း မိမိတို့ကို ရှိလေသည်မျှမထင်မှတ်ဘဲ ဖြတ်ကျော် လှော်ခတ်သွားလေရာ ဝေကွမ်တို့စုံတွဲမှာ ဘာလုပ်ရမှန်း မသိအောင်ပင် ဖြစ်သွားကြတော့သည်။

'လှေသမားကလဲ အကူအညီမရတဲ့အပြင် အဖက်တောင်မှ လုပ်မသွားဘူး၊ ဒီလိုပုံဆိုရင်တော့ကျွန်မတို့ မနက်မိုးလင်းအောင် စောင့်ရတော့လို ဖြစ်နေပြီ'

'မနက်အထိစောင့်ရင် အချိန်တွေ နောက်ကျသွားလိမ့်မယ်၊ ဒီညပဲ မဖြစ်ဖြစ်တဲ့နည်း'နဲ့ ကူးရလိမ့်မယ်၊ နည်းလမ်းရှာကြည့်ကြရသေးတာပေါ့'



ဝေကွမ်က ပြောပြောဆိုဆိုပင် မြစ်ကြောင်းတစ်လျှောက် လိုက်ကြည့်သည်။ လှေနှင့်တူသည့်အရိပ်အယောင်ကိုပင်မမြင်ရ။ ထိုစဉ်မှာပင် ကျားပွတ်မယ်၏အသံကို သူကြားလိုက်ရသည်။

'အစ်ကို....အစ်ကို'

ဝေကွမ်သည် သူမထံပြန်လှည့်လာခဲ့၏။ ကျားပွတ်မယ်ကား သူ့ကိုတစ်နေရာသို့ လက်ညှိုးထိုးပြလိုက်၏၊ သူမလက်ညှိုးညွှန်ပြသည့်နေရာက ငှက်ပျော တောအုပ်ကလေး ဖြစ်၏။ ဝေကွမ် ရုတ်တရက် နားမလည်နိုင်ဘဲ တအံ့တဩလေး ကြည့်ကာ....

'ဘာလဲညီမ၊ ဘာကိုပြနေတာလဲ'

'ဟိုမှာလေ အစ်ကိုရဲ့၊ အသေအချာ ကြည့်ပါဦး၊ အဲဒါ ကျွန်မတို့အတွက် ကူးတို့လှေပဲပေါ့'

'ငှက်ပျောပင်တွေပဲ၊ အဲဒီထဲမှာ လှေ ရှိနေလို့လား'

ကျားပွတ်မယ်က ခစ်ခနဲ ရယ်လိုက်ပြီး

'အစ်ကိုကလဲ....အဲဒီထဲမှာ ဘယ်က လှေရှိမှာလဲ၊ လှေလဲ မလိုတော့ပါဘူး၊ အဲဒီ ငှက်ပျောပင်တွေနဲ့ ဟိုဘက် ကမ်းကို ကူးကြတာပေါ့၊ မဟုတ်ဘူးလား'

ဝေကွမ်မှာ တည့်ဘည့်ပြောမှ ရိပ်မိတော့၏။ ချက်ချင်းပင် ငှက်ပျောပင် နှစ်ပင်ကို ခုတ်ကာ အသက်မျှား သင်ပြီး ရေထဲ ချ၏။ ထို့နောက် ငှက်ပျောတုံးကို တွယ်မှီကာ ရေစုန်မျှော လျက် တစ်ဘက် ကမ်းဆီသို့ ကူးခတ်ကြတော့သည်။ သူတို့ နှစ်ယောက် ရေလယ်သို့ ရောက်သည့်အချိန်တွင် စောစောက လှေအခလေးက အထက်သို့ ပြန်၍ ဆန်တက် လှော်ခတ်လာသည်ကို တွေ့လိုက်ကြရသည်။

'အစ်ကို...ဟိုလှေသမား ကျွန်မတို့ဘက်ဆီကို ပြန်ပြီးကူးလာပြန်ပြီ၊ သိပ်တော့ ရိုးသားပုံ မရဘူး'

ကျားပွတ်မယ်က ဝေကွမ်ကို လေသံဖြင့် ပြော၏။ ဝေကွမ်လည်း ထိုလှေငယ်ကို သတိထား ကြည့်နေ လိုက်၏၊ တဖြည်းဖြည်း သူတို့နှင့် နီးကပ်လာခဲ့သည်။ လူလုံးလည်း အတော်ကလေး သဲကွဲစွာ မြင်လိုက်ရ၏။ လှေပေါ်တွင် ပါလာသူကား ခြေလှမ်းတစ်ရာ ဝါစင်ကု ဖြစ်နေလေသည် တကား။

ဝေကွမ်နှင့် ကျားပွတ်မယ်တို့ နှစ်ယောက် တအံ့တသြလေး ဖြစ်နေကြ၏၊ ဝါစင်ကုက သူတို့အနီးသို့ ရောက်သည်နှင့်

'ဟား... ဟား... ဟား.... ကြွက်စုတ်ကလေး နှစ်ကောင်ပါလား၊ စူသိုအိုက်လို့ ရေဆင်းကူး နေကြတယ် ထင်တယ်၊ ဟား ဟား ဟား'

သူ့လှောင်ပြောင် ရယ်မောသံကြောင့် ဝေကွမ်ရော ကျားပွတ်မယ်ပါ ဒေါသထွက်သွားကြရသည်။

'ခင်ဗျား အတော်မိုက်ရိုင်းတဲ့ လူပါလား၊ ခင်ဗျား ဝါစင်ကု မဟုတ်လား'

'ဟုတ်တယ်၊ ငါ ဝါစင်ကုပဲ၊ မင်းတို့ရဲ့ သေမင်းတမန်တော်လို့ ခေါ်ရင်လဲ ရနိုင်တာပေါ့'

ဝါစင်ကု၏ စကားအဆုံးတွင် မြစ်အကွေ့ကလေးဆီမှ လှေငယ်ကလေးများ အလျို အလျို ထွက်လာတော့သည်။ ဝေကွမ်နှင့် ကျားပွတ်မယ်တို့ နှစ်ယောက်မှာ အကြီးအကျယ် ထိတ်လန့်သွားကြလေတော့၏။



ဝါစင်ကုနှင့် သူ့ရာနိမိတ်ဖတ် အဘိုးအို လန်ကျုံးကျူတို့သည် အကွက်ကျကျစီစဉ်ထားကြခြင်းပေတည်း။ ယမ်းဘီလူးထုပ်နှင့် အပိုင်လုပ်ကြံ၏၊ မအောင်မြင်သည့်အတွက် နောက်ထပ်လုပ်ကြံပြန်သည်။ ဤအချက်သည်လည်း အတော်ကလေး အကွက်ကျပြန်သည်။ ရေလယ်ခေါင်တွင် လုပ်ကြံခံရသည့် ကိစ္စမှာ အတော်ကြီး အကိုနာသော အချက်ပေတည်း။

ဝေကွမ်မှာ ရေကူးတတ်သူ မဟုတ်ပေ။ ထို့အတူ ကျားပွတ်မယ် မေလွမ်သည်လည်း ရေကို ကျွမ်းကျွမ်းကျင်ကျင် ကူးခတ်တတ်သူ မဟုတ်ပေ။ ထို့ကြောင့် ဝါစင်ကုတို့ လှေများကို ကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားရခြင်း ဖြစ်ပေသည်။

တစ်ခဏအတွင်းမှာပင် လှေငယ်များက သူတို့နှစ်ယောက်ကို ဝန်းရံလိုက်ကြသည်။ နောက်မှ ပေါ်လာသော လှေငယ်များတွင်ကား နိမိတ်ဖတ်အဘိုး အိုနှင့် သူ့တပည့် လူငယ် ခြောက်ယောက်တို့ ပါလာကြသည်။ ဝေကွမ်သည် ထိုလူအင်အားကို ကြည့်ပြီး မည်သို့ တိုက်ခိုက်ရမည်ကို တွက်ချက်နေလေ၏။ ထို့နောက် ကျားပွတ်မယ်အား တိုးတိုး ပြောလိုက်သည်။

'ညီမ အခြေအနေကြည့်ပြီး လှုပ်ရှားကြမယ်၊ ဟိုခြောက်ယောက်က အရေးမကြီးဘူး၊ ဝါစင်ကုနဲ့ လန်ကျုံးကျူကိုပဲ သတိထားရမယ်၊ ညီမက ဝါစင်ကုကို ဂရုစိုက်ထိန်း၊ အစ်ကို လန်ကျုံးကျူကို ထိန်းမယ်'

ကျားပွတ်မယ် ခေါင်းညိတ်ပြလိုက်၏။

လန်ကျုံးကျူက သူတို့နှစ်ယောက်ကို ကြည့်ကာ

'ဘယ်လိုလဲ မိန်းကလေး၊ မင်းကို ကျုပ် နိမိတ်ဖတ်ပေးရဦးမလား၊ ဟဲ...ဟဲ... ဒီတစ်ခါ နိမိတ်ဖတ်ရရင်တော့ မင်းတို့နှစ်ယောက် ယမမင်းဆီကို အလည်အပတ် သွားရမယ့်ကိန်းမြင်သကွယ့်၊ ဟဲ ဟဲ ဟဲ'

'ဟား ဟား ဟား'

လန်ကျုံးကျူ၏ နောက်လိုက် တပည့်ခြောက်ယောက်၏ သောင်ပြောင် ရယ်မောသံများ ထွက်လာ၏။

ဝေကျွမ်က လန်ကျုံးကျူအား လှမ်းပြောသည်။

'ဘာဘ...ခင်ဗျားဟာ သိုင်းလောကမှာ ဝါစဉ်ကြီးတဲ့ လူတစ်ယောက်ပါ၊ ဘာဖြစ်လို့ ကိုယ့်ထက် ဝါစဉ်ငယ်ပြီး ကိုယ့်မြေးလောက် အရွယ်ရှိတဲ့ ကျွန်တော်တို့နှစ်ယောက်ကို လုပ်ကြံချင်ရတာလဲ၊ ကျွန်တော်တို့နဲ့ ဘာဘမှာ ဘာရန်ငြိုး ရန်စတွေရှိနေလို့လဲ'

'ဟား...ဟား...ဟား...ကြောက်နေပြီလားကွ၊ မင်းတို့နဲ့ ငါ ဘာရန်ငြိုး ရှိသလဲ ဟုတ်လား၊ မင်း ကောင်မလေးကို မေး ကြည့် လိုက် စမ်း၊ သူ အနိုင်ယူခဲ့တဲ့ လေးသည်တော်သူရဲကောင်း ကျန်နေကြည်ဟာ ငါ့တပည့်ပဲ၊ ငါ့တပည့်အတွက် မင်းတို့ကို လက်စားချေရမှာကွ'

'ဒါက မေလှမ် တစ်ယောက်တည်းနဲ့ ဆိုင်တဲ့ ကိစ္စပဲ၊ ကျွန်တော်က ဘာကြောင့်ကြားက ဓားစာခံ ဝင်ပါရမှာလဲ ဘာဘခင်ဗျာ၊ ဘာဘရဲ့ဆေးလုံးယမ်းဘီလူးတွေနဲ့ လုပ်ကြံတဲ့ကိစ္စဟာလဲ ရက်စက်ရာကျပါတယ်ဗျာ'



ဝေကျွမ်က တမင်ပင် စကားကြောရှည် လေကြောရှည်နေခြင်း ဖြစ်သည်။ သူတို့အား ချက်ချင်းမသတ်ဖြစ်လေလေ၊ သူတို့အတွက် လွတ်မြောက်ခွင့် ရှိလေလေပင်။

'မင်းတော်တော် အလွတ်ရှန်းတတ်ပါလားကွဟေ...ကိုယ့်ချစ်သူအတွက်ကိုယ့်အသက်ကိုစွန့်ဝံ့စွန့်ရဲရဲဘာအချစ်သူရဲကောင်းတွေရဲ့ နှလုံးသားပဲကွ၊ မင်းရဲ့မလှမ်နဲ့ ပတ်သက်လာမှတော့ မင်းလဲသူ့ ဆိုးကျိုးလေးတွေကို ခံစားရမှာပေါ့ပြီးတော့ မင်းဟာ ထန်ဟုန်ပန်တို့ကို ပညာပြသွားသေးတယ် မဟုတ်လား၊ မင်းရဲ့ပညာကို ကြည့်ချင်လို့ ငါအခုလို စီစဉ်လိုက်ရတာပဲ'

'ကျွန်တော့်ပညာကိုကြည့်ချင်ရင် ကမ်းပေါ်မှာတိုက်ခိုက်ပါတော့လား ဘာဘရယ်၊ ဘာဖြစ်လို့ မတော်မတရား လုပ်ကြံပညာစမ်းချင်ရတာလဲ၊ ဘာဘအနေနဲ့ ကျွန်တော့်ကို ဒီလိုဒုက္ခသုက္ခရောက်နေတဲ့အချိန်မှာ အနိုင်ယူလိုက်ရလို့လဲ ဂုဏ်တက်မသွားပါဘူး၊ ဘာဘရဲ့ သိက္ခာသမာဓိတွေဆောင်မှ ကျသွားနိုင်ပါသေးတယ်'

'ဟား...ဟား...ဟား...ဝေကျွမ်၊ မင်းဟာအခုမှရုတ်တရက်ပေါ်ထွက်လာတဲ့ လက်သစ်သိုင်းသမားဖြစ်ပေမယ့် နှုတ်ရေးကတော့ တကယ့်ကိုကြွယ်ဝပါပေတယ်၊ စစ်ပွဲဆိုတာမတရားတာဘယ်တော့မှ မရှိဘူးကွ၊ ချောင်ပိတ်နေတဲ့ခွေးကို ရိုက်ရတာထက် လှောင်ချိုင့်ထဲကခွေးကိုရိုက်ရတာက ပိုပြီး ကျိန်းသေတယ်၊ ငါ့မှာဂုဏ်သိက္ခာတွေ သမာဓိတွေရှိတယ်လို့ မင်းကို ဘယ်သူပြောသလဲ'

'ဘာဘဟာ သူရာနိမိတ်ဖတ် အဘိုးအို မဟုတ်လား'

လန်ကျုံးကျူ ရယ်လိုက်ပြန်သည်။ ထို့နောက်ဆက်လက်၍ ...

'မင်းသိပ်အပါလား၊ သူရာဆိုတာအရက်ကွ၊အရက်သောက်တဲ့သူမှန်သမျှ စိတ်တည်ငြိမ်မှု ဘယ်တော့မှမရနိုင်ဘူး၊ အဲဒီလိုစိတ်မတည်ငြိမ်တာနဲ့အမျှ သမာဓိဆိုတာလဲ မရှိတော့ဘူး၊အရက်သမားတွေရထားတဲ့ငါ့မှာ ဘယ်လိုလုပ်သမာဓိရှိနိုင်တော့မှာလဲ၊ ဘယ်မှာသိကွာ ရှိတော့မှာလဲကွ'

ဝေကွမ် ငြိမ်သွားသည်။ ထို့နောက် ကျားပွတ်မယ်ကို ငဲ့စောင်းကြည့်ကာ မျက်ရိပ်ပြလိုက်၏။

'ဗွမ်း....'

ရေလုံးများက ဖွာခနဲလွင့်စဉ်ထွက်လာသည်။ ကျားပွတ်မယ်မေလွမ်နှင့် ဝေကွမ်တို့၏ ခန္ဓာကိုယ်သည်လည်း အပေါ်သို့ ရုတ်တရက် မြောက်တက်သွားကာ အနီးရှိ တပည့်လက်သားများ၏ လှေပေါ်သို့ကျရောက်သွားသည်။

လှေထဲမှရန်သူများ ဒေးကြောင်နေစဉ် ဝေကွမ်နှင့်မေလွမ်တို့၏ခြေထောက်များ လှုပ်ရှားသွား၏။

'ဝုန်း... ဝုန်း'

'အား....အား'

'ဗွမ်း....ဗွမ်း'

ရန်သူလူငယ်နှစ်ယောက်တို့ ရေထဲသို့ လွင့်စဉ်ကျသွားတော့၏။ သူရာနိမိတ်ဖတ်အဘိုးအိုနှင့် ဝါစင်ကုတို့ နှစ်ယောက်မှာ မျက်နှာကွက်ခနဲ ပျက်သွားကြသည်။ တစ်ပြိုင်တည်း လိုလိုပင် ဝေကွမ်တို့၏ လှေကလေးပေါ်သို့ ခုန်ကူးလာခဲ့ကြတော့သည်။



နှစ်ယောက်စလုံး၏ ကိုယ်ဖော့ပညာကား အံ့မခန်းထူးချွန်လှသည်။ လှေနံနှစ်ဘက်ကို ခြေချမိသည့်တိုင် လှေကလူးမသွား၊ လှုပ်မသွားချေ။ ညင်သာစွာပင် ကျရောက်လာ၏။

'ရွမ်း....'

လရောင်တွင်ငွေမျှင်တန်းနှစ်ချက်ပြက်လက်သွား၏။ ဝါစင်ကုနှင့် လန်ကျုံးကျူတို့၏ ဓားနှစ်ချောင်းပင်တည်း။

ဝေကွမ်သည် တည်ငြိမ်စွာပင် စောင့်ကြည့်နေ၏။

ကျားပွတ်မယ်က သူ၏ကျားပွတ်ကို အံ့ဘုတ်လိုက်သည်။

'ရွမ်း....'

နှစ်ဘက်စလုံးမှာ အတန်ကြာငြိမ်နေသေးသည်။ လှေငယ်တစ်စင်းပေါ်တွင် လူလေးယောက် တိုက်ခိုက်ရမည့် အလုပ်မှာ လွယ်ကူလှသည် မဟုတ်ပါချေ။

ဝေကွမ်က အရိုအသေပြုလျက်....

'ဘဘဟွာ ကျွန်တော်တို့ဖက် အတွေ့အကြုံအရရော၊ ဝါစဉ်အရရော၊ အများကြီး ကြီးမားလှပါတယ်၊ အခုလိုရင်ဆိုင်ရတာ မကောင်းပါဘူး၊ ဒါပေမယ့်ဘဘကိုယ်တိုင်က ဆန္ဒရှိနေတယ်ဆိုတော့ ကျွန်တော်တို့မငြင်းပါဘူး၊ တစ်စုံတစ်ရာအနာအဆာရှိခဲ့ရင် ဒီလောက်နဲ့ပဲကျေနပ်ပြီး ရန်ငြိုးမဖွဲ့ဖို့တောင်းပန်ပါရစေခင်ဗျာ'

'ဟား....ဟား....ဟား'

ဝါစင်ကု၏ ရယ်မောသံမှာ မြစ်ယံကျယ်ကြီး၌ ပဲ့တင်ထပ်နေလေတော့သတည်း။

★

## အခန်း (၆၇)

## အကောက်ကြီးသူ အတွက် ဆုလာဘ်

ဝေကွမ်သည် အေးစက်မာကျောသော မျက်လုံးများဖြင့် ဝါစင်ကုကို ကြည့်လိုက်၏။ သို့သော် ဝါစင်ကု မဖြုံပေ။

'အနာအဆာတွေ၊ ဒဏ်ရာဒဏ်ချက်တွေ ပြောမနေစမ်းပါနဲ့၊ မင်းတို့ကိုတော့ ဒီ ကျူကျန်းမြစ်ထဲမှာ ငါးစာကျွေးပစ်လိုက်မယ်၊ ရေသတ္တဝါတွေအတွက် အစာဒါန လုပ်ပစ်လိုက်မယ်၊ ဟား....ဟား....ဟား'

ဝါစင်ကုသည်လည်း သိုင်းလောကတွင် နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါပေ။ ခြေလှမ်းတစ်ရာဘွဲ့ ရလောက်အောင်ပင် သူ့ တိုက်ကွက် တစ်ချက်မိလိုက်ပါက ခြေလှမ်းတစ်ရာအတွင်း လဲကျသေဆုံးသွားရမည်သာ ဖြစ်ချေသည်။



သူ ခေါင်းမော့ ရယ်မောနေစဉ်မှာပင် ကျားပွတ်မယ်၏ ကျားပွတ်က ရိပ်ခနဲ ပြေးထွက်သွား၏။

'ရွှမ်း...'

'ထန်း....'

ဝါစင်ကု သတိရှိပါ၏။ ကျားပွတ်မယ် လှုပ်ရှားလိုက်သည်နှင့် သူ့ဓားက ဆီးခံထားပေးလိုက်ပြီး ဖြစ်နေ၏။

'အလစ် တိုက်ချင်လို့လား မိန်းကလေး၊ မင်း လောက်မညာလေးနဲ့ အကောက်မကြံချင်စမ်းပါနဲ့'

ပြောပြောဆိုဆိုပင် ဝါစင်ကု စတင် တိုက်ခိုက်တော့၏။ ဓားရိပ်မှာ စက်ဝိုင်းခြမ်းသဏ္ဌာန် ဖြာထွက်လျက် ကျားပွတ်မယ်ဆီသို့ တိုးဝင်လာသည်။

ကျားပွတ်မယ်ကလည်း လှေနံကို ခြေထောက်ဖြင့် မြဲအောင်ထိန်းနင်းလျက် ကျားပွတ်ကို အစွမ်းကုန် ဝှေ့ယမ်းကာကွယ်နေရ၏။ သူတို့နှစ်ယောက် တိုက်ခိုက်မှု ပြင်းထန်သဖြင့် လှေငယ် ယိမ်းထိုးနေလေတော့သည်။

တစ်ဘက်တွင်ကား....

ဝေကွမ်က လန်ကျုံးကျူကို စိုက်ကြည့်နေ၏။ လန်ကျုံးကျူက ဝေကွမ်ကို ခနဲ့ပြုံး ပြုံးကာ...

'ဘယ့်နှယ်လဲ ဝေကွမ်၊ သူတို့နှစ်ယောက် တိုက်နေကြပြီ၊ မင်းနဲ့ငါပဲ ကျန်တော့တယ်၊ မင်း လက်နက် ထုတ်လိုက်လေ'

'ကျွန်တော် လက်နက် မထုတ်တော့ပါဘူး၊ ဘဘကို လက်ချည်း သက်သက်ပဲ တိုက်ခိုက်ပါ့မယ်'

'မင်းက သေတာတောင်မှ အကြိတ်အနယ် ရင်ဆိုင်ပြီး မသေချင်ဘူး၊ ငါ့ကို လွယ်လွယ်နဲ့ သွားချင်တာကိုးကွ၊ ငါ့ သိက္ခာကျအောင် မလုပ်ချင်စမ်းပါနဲ့'

ထိုစကားကို ကြားသောအခါ ဝေကွမ် ခွက်ခွက်လန် ရယ်မောလေတော့၏။ ရယ်စရာပေကိုး။

'ကျစရာ ဘာအမှ ဘာသိက္ခာများ ရှိနေသေးလို့လဲ၊ ဘာ ကပဲ ပြောခဲ့တာ မဟုတ်လား၊ အရက်သမားစကား အလကား ဆိုတာ၊ အရက်သမားမှာ ဘာသိက္ခာမှ မရှိဘူးဆို'

လန်ကျုံးကျူ ဒေါသပုန် ထသွားတော့၏။ မြေပေါ်၌ ဆိုလျှင် ထခုန်လေသည်လား မသိပေ။

'ခွေးကောင်လေး၊ ဘာစကား ပြောတာလဲ'

'လူစကား ပြောတာလေ'

'ခွေးကောင် ခွေးလို သေစေရမယ်'

'ဘာဘာ ကျွန်တော့်ကို သတ်ချင်နေတာပဲ၊ ဘယ်လိုနည်းနဲ့ပဲ သေသေ သေအောင်သာ လုပ်ပါ၊ ကျွန်တော့်ကို ဘဲထုတ်ပါ ညာထုတ်ပါနဲ့ ဘာဖြစ်လို့ အမိန့်ပေးနေရတာလဲ၊ ရွှံ့နဲ့လုပ်တဲ့ ကြောင်ရုပ် ဖြစ်ပါစေ ကြွက်သေတာသာ လိုရင်းမဟုတ်လား။ ကျွန်တော့်ကို သေအောင်သာ တိုက်ခိုက်ပါ'

ဝေကွမ်က သူ့အရိုးနှင့်သူ့ ပြန်ဆိုးလိုက်သဖြင့် သူရာနိမိတ် ဖတ် လန်ကျုံးကျူမှာ အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ခါ နာကျည်းနေရတော့၏။

'ဟင်....မင်း မင်း၊ ငါ့ကို စော်ကားတယ်၊ ဗိုလ်လောက် ကောင် ဖြစ်တဲ့ကောင် သေဖို့သာ ပြင်ထားပေတော့'



'ရှမ်း...'

စကားပင်မဆုံးသေး၊ သူ၏ ဓားရိပ်က လက်ခနဲ ဖြစ်ကာ ဝေကွမ်ထံသို့ အဟုန်ပြင်းစွာ ဝင်ရောက်လာသည်။ ဝေကွမ် ကား တည်ငြိမ်စွာပင် ရပ်လျက် ရှိနေသေး၏။ ဓားဦးအချွန် သူ့ရင်ဝသို့ ရောက်လုနီးချိန်တွင်မှ လူကို နောက်သို့ လှန်ချပေး လိုက်သည်၊ ခြေဖဝါးကက်ဟန်ချက်က မပျက်သွား။ လှေလည်း လှုပ်မသွား။ လန်ကျုံးကျူ၏ဓား သူ့မျက်နှာပေါ် ကျော်ဖြတ် သွားမှ ညာလက်ကို မြှောက်ကာ လန်ကျုံးကျူ၏ ရင်ဝကို ကုတ်ဆွဲလိုက်သည်။

'ဗုစ်...'

လန်ကျုံးကျူ မျက်လုံးပြူးသွားသည်။ အလျင်အမြန်ပင် ဓားရှည်ကို ပြန်ရုပ်သိမ်းလျက် လူကို နောက်သို့ ဆုတ်ပေးလိုက် ရသည်။ ဝေကွမ်မှာ ဆက်လက်၍ နောက်ကျွမ်း ပစ်ကာ ဝါစင်ကု၏ လှေကလေးဆီသို့ ကူးသွားလိုက်၏။ လန်ကျုံး ကျူကလည်း တစ်ပြိုင်နက်တည်းပင် ထိုလှေကလေးပေါ်သို့ ခုန်လိုက်လာသည်။

သူတို့နှစ်ယောက်၏ တိုက်ကွက်များကား ကြောက်ခမန်းလိလိ ပြင်းထန်လှတော့သည်။ သူတို့နှစ်ယောက် လှေပေါ်တွင် မရှိ ကြတော့သဖြင့် ဝါစင်ကုနှင့် မေလွမ်တို့ နှစ်ယောက်လည်း လွတ်လွတ်လပ်လပ် တိုက်ခိုက်လာနိုင်ကြသည်။ ပထမပိုင်းတွင် ဝါစင်ကုက အပေါ်စီးမှ တိုက်ခိုက်နေနိုင်ခဲ့သည်။

ကျာပွတ်ရှည်မှာ နေရာ ကျဉ်းမြောင်းလျှင် တိုက်ခိုက်ရ ခက်ခဲသော လက်နက်ဖြစ်ပေသည်။ လူလေးယောက်တိုက်ခိုက်

နေစဉ်က သူမ၏ ကျားပွတ်ရိုက်ချက် အဝော်များများမှာ အရာမရောက်ဘဲ ဖြစ်ခဲ့ရသည်။ ဝေကွမ် တို့အကြား လေ့တစ်ဒီး ဆီသို့ ရောက်သွားသောအခါမှ နေရာကျယ်သွားပြီး ကျားပွတ် တိုက်ကွက်များလည်း အရာရောက်လာသည်။

ထို့ကြောင့် မေလွမ်မှာ အောက်စည်းမှ တက်လာ၏၊ တဖြည်းဖြည်း လက်ရည်တူယှဉ်သာနိုင်ပြီး ဝါစင်ကု၏ခေါးလိုပ် များကို ထိန်းလာနိုင်ခဲ့သည်၊ တစ်ချက်တစ်ချက် ထုတ်သုံး လိုက်သော သူမ၏တိုက်ကွက်များက ဝါစင်ကုကို အကျဉ်း အကျပ် ကျသွားအောင် ဒုက္ခပေးနိုင်ပေသည်၊ ဝါစင်ကုမှာ တိုက်ခိုက်ရင်း အံ့ဩလာ၏။ သူထင်မှတ် ထားသည်ထက် ကျားပွတ်မယ် အစွမ်းထက်နေသောကြောင့်တည်း။ ထို့ကြောင့် မည်သို့ အကောက်ကြံရမည်ကို စဉ်းစားတွေးတော လာတော့ သည်။

ထိုစဉ် မေလွမ်၏ ကျားပွတ်ရှည်က သူ့ဓားရှည်ကို ရစ်ပတ် သွားတော့သည်။ ဝါစင်ကု အကြီးအကျယ် ထိတ်လန့်သွား ၏။ သတိတစ်ချက်လွတ်သွားမိသည်နှင့် မိမိ၏ လက်နက်ကို ရန်သူက ချုပ်ကိုင်ထားလိုက်လေပြီ။ ကိုယ့်ကိုယ်ကို စိတ်ထဲက ကျိတ်၍ ကျိန်ဆဲနေမိသည်။ ကျားပွတ်မယ်က သူမ၏ ကျားပွတ် ကို မြှေလိမ်သလို ဟွန့်လိုက်၏။

'ဖြတ်....'

ဝါစင်ကု၏ ဓားရှည်က ထိုကျားပွတ် လှိုင်းတွန့် ထဲတွင် အလိုက်သင့် လှုပ်ရှားရင်း ဓားရှည်ကို အမိအရ ပြန်လည် ဆွဲနုတ်လိုက်သည်။ သို့သော် ဤအချက်ထား ဝါစင်ကု၏



အမှားပင် ဖြစ်တော့သည်။ သူ့ဓားရှည် ကျားပွတ်ကြားမှ လွတ်မြောက်ရန်အတွက်သာ စိတ်အာရုံစေခနေပြီး ဖြစ်ပေါ် လာမည့် အကျိုးဆက်ကို မစဉ်းစားမိချေ။

ကျားပွတ်မယ်မှာ ထိုသို့ ကျားပွတ်ရှည်ကို မြွေတွန့်သကဲ့သို့ လိမ်တွန့် လိုက်သည်မှာ ဟန်ပြ တိုက်ကွက်သာ ဖြစ်ချေ၏။ ဝါစင်ကုက သူ၏ဓားရှည်ကို အမိအရ ဆွဲထုတ်လိုက်သည်နှင့် သူမ၏ ကျားပွတ်ကို ဆတ်ခနဲဆွဲနုတ်ပြီး လက်မြန်ပက်ရိုက်ချ လိုက်တော့သည်။

'ရှမ်း....'

'အို....'

ဝါစင်ကု အလန့်တကြား ဖြစ်ကာ ကိုယ်ကို နောက်သို့ ယိမ်းရှောင် ပေးလိုက်၏။ သို့သော် ကျားပွတ်ရှည်က သူ့ ညာလက်မောင်းကိုတား ထိသွား၏။ အင်္ကျီလက်မောင်းမှာ ဖြခနဲ စုတ်ပြဲသွားရတော့သည်။

'မင်း....မင်း....မင်းက ငါ့ကိုညာနေတာကို အခွင့်ကောင်း ယူတယ်ပေါ့လေ၊ သေဖို့သာပြင်ပေတော့'

ဝါစင်ကု၏ ဒေါသများ ပေါက်ကွဲလာ၏။ ဓားရှည်မှာ စက်ရဟတ်ပမာ လှည့်ပတ်လာ၏၊ ပြင်းထန်သော အရှိန် အဟုန်တို့ဖြင့် ကျားပွတ်မယ်ထံ ဝင်ရောက်လာသည်။ ဓားသွား သည် လေထုကို တရကြမ်း ထိုးခွဲလာသည်၊ လေတိုးသံ တစ်ရှမ်းရှမ်းမြည်ဟည်းလာသည်။

ကျားပွတ်မယ် မေလွမ်သည် ဝါစင်ကု၏ အသေအကြေ တိုက်ခိုက်လာသည့် တိုက်ကွက်များကိုကြည့်ပြီး အနည်းငယ်

ထိတ်လာမိ၏။ အမှားမခံနိုင်သော အခြေအနေသို့ ဆိုက်ရောက်လာပြီ မဟုတ်ပါလား....။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှု အရှိန်အဟုန် ပြင်းထန်လာသလို ဝေကွမ်နှင့် လန်ကျုံးကျူတို့၏ တိုက်ကွက်များကလည်း ကြောက်မက်ဖွယ် ကောင်းနေပေသည်။ လန်ကျုံးကျူ၏ နောက်လိုက် တပည့်ခြောက်ယောက်အနက် နှစ်ယောက်ကျဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း နောက်ထပ် ကျန်ရစ်သည့် တပည့် လေးယောက်မှာ ဝေကွမ်ကို ဝင်ပြီး တိုက်ခိုက်မည် ထကဲကဲဖြစ်နေ၏။

မိမိတို့၏ ဆရာဖြစ်သူကို လက်နက် မပါဘဲ လက်ချည်းသက်သက် ရင်ဆိုင်ကာ သူတင်ကိုယ်တင် ယှဉ်ပြိုင်တိုက်နေသည့် လူငယ်တစ်ဦးကို သူတို့စိတ်ထဲတွင် မနာလိုစိတ်ဖြစ်လာမိ၏။ အလစ်တွင် ဝင်ရောက် တိုက်ခိုက်လိုက်လျှင် မြန်မြန်ဇီဝိန်ချုပ်သွားလိမ့်မည်ဟု ခပ်တိမ်တိမ်ပင် ယူဆ ထားကြသည်။

ထိုအထဲ၌ အတော်ကလေး အဆင်ခြင်ဉာဏ် နည်းပြီး ကောက်ကျစ် ယုတ်မာသည့် လူငယ်တစ်ယောက်သည်အလစ်ကို ချောင်းနေ၏။ ထိုလူငယ်မှာ လန်ကျုံးကျူ တပည့်များထဲတွင် အထက်မြက်ဆုံးဖြစ်သလို အမောက်မာဆုံး၊ ကိုယ့်ကိုကိုယ် အထင်အကြီးဆုံးလည်း ဖြစ်သည်။ အရက်ဆိုင်ထဲတွင် စားသောက်စဉ်ကပင် ဝေကွမ်အပေါ် သူ မနာလို ဝန်တိုစိတ်ရှိနေခဲ့သည်။



ကျားပွတ်မယ်ကဲ့သို့ နာမည်လည်းကျော် လှလည်းလှပသော အိန်းကလေးမျိုးကို ဝေကွမ်တွဲနေသည်ကိုလည်း သူ မကြည့်ချင်သလို ဖြစ်နေ၏၊ ထို့ကြောင့် စားသောက်ဆိုင်တွင် ဝေကွမ်ကို ဆုံးမရန် ထရပ်ခဲ့သေး၏၊ သို့သော် လန်ကျုံးကျူ၏ ပါးအရိုက်ခံလိုက်ရသဖြင့် နောက်သို့ ပြန်ဆုတ် ခဲ့ရသည်။

ထိုစဉ်ကတည်းက သူသည်ဝေကွမ်အပေါ်၌ အငြိုးထားခဲ့ပေသည်။ ထို့ကြောင့် ယခုလိုအကြိတ်အနယ် တိုက်နေချိန်မျိုးတွင် လက်စားချေရန် အကောင်းဆုံးဟုစိတ်ကူးပြီး အလစ်လုပ်ကြံရန်ချောင်းမြောင်းခြင်းဖြစ်တော့သည်။ ယခုအချိန်တွင် ဝေကွမ်သည် ရှေ့ဘက်ဆီသို့သာ အာရုံ စိုက်နေပေသည်။ ထိုအချိန်တွင် မိမိက အခွင့်ကောင်းယူပြီး နောက်ဘက်မှ တိုက်ခိုက်လိုက်လျှင် သေချာပေါက် ဒုက္ခပေးနိုင်မည်ဟု သူယူဆလေ၏။

သူသည် ဓားရှည်ကို လက်ထဲတွင်ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ ဝေကွမ်ခမျာမှာ ဘာမျှမသိရှာပေ။ လန်ကျုံးကျူ၏ တိုက်ကွက်များကိုသာ ဂရုတစိုက် ရှောင်တိမ်းပေးနေသည်။ သူလန်ကျုံးကျူ၏ တပည့်ဘက်သို့ ကျောပေးတိုက်ခိုက်လိုက်စဉ် သူ့နောက်ကျောဘက်ဆီမှ လေအေး တစ်ချက်ရှတ်တရက် ဝင်ရောက် တိုးဝင်လာသည်ကို စိတ်ထဲက ခံစားလိုက်ရ၏၊ ဆင်္ဃမအာရုံဟု ခေါ်ရမည်လား မသိပေ။

ထိုအချိန်မှာပင် လန်ကျုံးကျူ၏ဓားရှည်က သူ့ရင်ဝဆီသို့ တိုးဝင်လာခဲ့ပြီ ဖြစ်၏၊ ဝေကွမ်မှာ ရှေ့နောက်ညှပ်ပိတ်မိနေရချေပြီ။ ကြောက်စရာကောင်းသော အခြေအနေဖြစ်သော်လည်း

လွန်စွာထိုးတက်နေသော သိုင်းပညာအခံအရ ကျိတ်ပြုံးမိ၏။ သူသည် ရုတ်ခြည်းပင် ညာလက်ကိုရှေ့ထုတ်၊ဘယ်လက်ကို နောက်သို့ ပစ်လိုက်၏။

ဟန်မပျက်၊ ခြေလှမ်းမရွေ့။ တိုးဝင်လာသော လန်ကျုံးကျူ၏ဓားရှည်ကို ညာဘက်လက်ညှိုး လက်မဖြင့် ဆတ်ခနဲ ဖမ်းယူလိုက်၏၊ ထို့အတူ နောက်မှ ဝင်လာသော ဓားရှည်ကိုလည်း ဘယ်လက်ညှိုး၊လက်မဖြင့် အသာ ညှပ်ထားလိုက်၏။

'ဖြတ်... ဖြတ်'

လန်ကျုံးကျူ ရှူးရှူးရှားရှားဖြစ်ကာ ဓားကိုဆွဲနုတ်၏၊ မရ၊ ပြုတ်တူဖြင့်ညှပ်ထားသော ပစ္စည်း တစ်စုံတစ်ခုကိုဆွဲနုတ်နေရသည့်နှယ် သူ့စိတ်ထဲခံစားလိုက်ရ၏။ မျက်လုံးပြူးထွက်မတတ်ပင် ဝေကွမ်ကိုကြည့်နေသည်။ အံ့ဩစိတ်တို့ သူ့ဝယ်ထိပ်သို့တက်လာခဲ့ပြီး ဘယ်လက်တစ်ဘက်ဖြင့် ဝေကွမ်၏ရင်ဝသို့ ရိုက်ချလိုက်တော့သည်။

'ဝုန်း....'

ဤအခြေအနေမျိုးတွင် ဝေကွမ်အနေနှင့် မည်ကဲ့သို့ရှောင်တိမ်းနိုင်ပါမည်နည်း။ ရှေ့မှ လန်ကျုံးကျူ၏ဓားကိုညာလက်ဖြင့် ထိန်းထားရ၏။ နောက်မှဓားရှည်ကိုလည်း ဘယ်လက်ဖြင့် ထိန်းထားရသည်။ လန်ကျုံးကျူ၏ လက်ဝါး ရိုက်ချက်ကို ရှောင်တိမ်းနိုင်စွမ်းမရှိလျှင် ခုခံမှုပြုရပေလိမ့်မည်။

မည်သို့ ခုခံမည်နည်း။

ထိုအချိန်တွင်ပင်လန်ကျုံးကျူ၏တပည့်မှာလည်း ဝေကွမ်က သူ့ဓားရှည်ကို ထိန်းချုပ်ထားသည်မို့ စိတ်ထဲတွင် အကြီး



အကျယ် ထိတ်လန့်ခဲ့ပြီဖြစ်၏၊ အကောက်ဉာဏ်ကြီးသူပီပီ သူ၏ဓားရှည်ကို ထိန်းချုပ်ခံနေရချိန်တွင် လန်ကျုံးကျူ ကဲ့သို့ပင် ဝေကွမ်၏ ကျောပြင်ပေါ်သို့ လက်ဝါးရိုက်ချက်တစ်ချက်ရိုက်ချလိုက်လေ၏။ ဝေကွမ်မှာ မည်သို့ခုခံရပါမည်နည်း။

လက်နှစ်ဘက်စလုံးက မအားလပ်။ ထို့အတူ ရှေ့နောက်တစ်ပြိုင်နက်တည်း တိုက်ခိုက်လာသည်ကို ရှောင်တိမ်းဖို့ကမလွယ်၊ ခုခံရလျှင်လည်း လက်နှစ်ဘက်ကို အသုံးပြုရမည်။ ထိန်းချုပ်ထားသောဓားများကို လက်မှ လွှတ်ပေးလိုက်ရလိမ့်မည်။

လက်ဝါး နှစ်ဘက်ကလည်း ကျောနှင့် ရင်ဘတ်အနီးသို့ရောက်လုချေပြီ။ ထိုစဉ်မှာပင် ဝေကွမ်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆတ်ခနဲကုန်သွား၏။ ကျောရိုးမဲ့ သတ္တဝါ တစ်ကောင်ကဲ့သို့ အရိုးအဆစ်များ ပျော့ပျောင်းသွား၏။ ခန္ဓာကိုယ်မှာ မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်သွား၏။ ဒူးညွှတ်ကာ ပျော့ခွေလာ၏။ လှေဝမ်းဗိုက်ပေါ်သို့ ဝပ်ကျသွား၏။

သို့သော် သူ့လက်နှစ်ဘက်ကမူ ကျားသစ်တစ်ကောင်၏ လျင်မြန်မှုနှုန်းဖြင့်လှုပ်ရှားသွားသည်။ ဓားကိုင်သက်နှစ်ဘက်ကို ကြက်ခြေခတ် ပစ်လိုက်၏။ ထို တိုက်ကွက်ကား 'အရိုးမြေမြေကျားသစ်' တိုက်ကွက်ပင်တည်း။

'စွပ်....'

'အား__'

ဓားဦးချွန် နှစ်ခုက လန်ကျုံးကျူနှင့် သူ့တပည့်ထံသို့ အသီးသီး တိုးဝင်သွားကြသည်၊ တပည့်လုပ်သူမှာ သိုင်းပညာ

အခြေခံအား နိမ့်ကျသူဖြစ်၍ ရှောင်တိမ်းရန် မတတ်နိုင်ခဲ့ပေ။ လန်ကျုံးကျူကလည်း သူ့အချိန်ကို ထိန်းသတ်ရန်မလွယ်ချေ။ လက်ဝါးရိုက်ချက် တစ်ချက်တည်းသာ ဖြစ်စေ၊ ဓားချက် တစ်ချက်တည်းသာဖြစ်စေ တိုက်ခိုက်ခဲ့ပါက သူ့အချိန်ကိုပြန် ထိန်းနိုင်၏။

ယခုမူကား အားနှစ်ခုကိုတစ်ပြိုင်နက်တည်း ရုပ်သိမ်းရမည့် အပြင် ဝေကွမ်၏ဆွဲလှှင့်လိုက်သောအချိန်ကိုပါ ထိန်းချုပ်ရမည် ဖြစ်၍ မည်သို့မျှမတတ်သာတော့ပေ။ သူ့ဟန်ချက်ကို အလျင် ထိန်း၏။ လက်ဝါးကို ရုပ်သိမ်း၏။ တစ်ဖန်ရွှေမှ လာသော ဓားကို ရှောင်ပြန်၏။

ဤကဲ့သို့ ဇယ်ဆက်သလို လှုပ်ရှားရသည့်အမှုကို တော်ရုံ တန်ရုံ သိုင်းသမား တစ်ယောက်အဖို့ ပြုလုပ်နိုင်မည် မဟုတ် ချေ၊ အတွေ့အကြုံ ရင့်ကျက်လှသော လန်ကျုံးကျူကား တတ်နိုင်သမျှ ရှောင်လေ၏။ သို့တိုင် ရွှေမှ ဓားသွားက သူ့ဘယ်ဘက် လက်မောင်းကို ထိုးစိုက်သွားမိချေသေးသည်။

ရွှေမှ မောက်မာ ဝင့်ကြွားလှသော သူ့တပည့်ကား အဖြစ် ဆိုးလှချေ၏။ လန်ကျုံးကျူ၏ ဓားသွား သူ့ရင်ဝတည့်တည့်သို့ တိုးဝင် နစ်မြုပ်ကာ သွေးဘိမ်းရှင်ရှင်တို့ ပန်းထွက်လာခဲ့၏။ လူသည်သည်း မျက်လုံးကြီးများ ပြူးထွက်ကာ ရေထဲသို့ ပွမ်းခနဲ လိမ့်ကျ သေဆုံးသွားရလေတော့သည်။

☆

အခန်း ( ၆၈ )

## ကောက်ကျစ်သူ၏ နိဂုံး

လန်ကျုံးကျူ အကြီးအကျယ် ထိတ်လန့်သွားသည်။ သူကဲ့သို့ပင် လှေပေါ်တွင် ရှိနေကြသေးသော သူ့တပည့် သုံးယောက်မှာလည်း သွေးပျက်မတတ် ကြောက်ရွံ့သွားကြ သည်။ သူတို့တစ်သက်တွင် ဤမျှ ထက်မြက်သော တိုက်ကွက် မျိုးကို မမြင်ဖူးကြချေ။ ဤမျှ ခက်ခဲသော လျင်မြန်သော အကျဉ်းအကျပ်ကြားထဲမှ ရှောင်ထွက် တိုက်ခိုက်ပုံ တိုက်ခိုက် နည်းကို မြင်နေရသည်မှာ တကယ်ပင် ဟုတ်ပါ၏လောဟု တွေးတောနေရတော့သည်။

သူတို့၏ ခေါင်းဆောင်ကြီး၊ အခြေအနေမကောင်းလျှင် ဝင်၍ တိုက်ခိုက်လိုက်မည်ဟု စိတ်ကူးထားသော သူတို့၏ စိတ်ကူးများ

လေနှင့်အတူ လွင့်ပျောက်သွားကြကုန်၏။ အချောက်ချောက် အချားချား ဖြစ်ကာ အသက်ပျောက်ပြီး ရေထဲ မျောသွားသော သူတို့၏ နောင်တော်ကြီးကို ကြည့်လျက် ခြေဖျား လက်ဖျားများ အေးစက်ကုန်၏။

ဝေကွမ်သည် လေအလျင်ကဲ့သို့ လဲကျနေရာမှ ရုတ်တရက် ခုန်ထလာ၏။ သည်တော့မှ မှင်တက် ငိုင်ငူနေသည့် လန်ကျုံးကျူ လှုပ်ရှား အသက်ဝင်လာသည်။ လက်မှ နာကျင်နေသည့် ဒဏ်ရာကိုပင် ဂရုမစိုက်နိုင်ဘဲ ဝေကွမ်ကို ရင်ဆိုင်ရတော့သည်။ သို့သော် သူသည် အကောက်ကြံရန် ထပ်မံ စိတ်ကူးဆဲပင်။

လန်ကျုံးကျူ သူ့လက်ကို ပြန်ရုပ်လိုက်သည်။ ဓားရှည်ကို ညာလက်မှ ဘယ်ဘက်သို့ ပြောင်းရွှေ့ ကိုင်ဆောင်လိုက်သည်။ ထို့နောက် အိတ်အတွင်းဆီသို့ လက်ကို ထိုးနှိုက်လိုက်၏။

ဝေကွမ် မျက်လုံးများ အရောင်တောက်သွား၏။ စိုးရိမ်စိတ်က ရင်ဝသို့ တက်ဆောင့်လာသည်။ အဘယ်မှာလျှင် မဆောင့်တက်ဘဲ နေပါမည်နည်း။ သူသည် လန်ကျုံးကျူ၏ ယမ်းဘီလူး လက်နက်ပုန်းကို သတိရလိုက်ပြီ မဟုတ်ပါလော။

ယမ်းဘီလူး လက်နက်ပုန်း....။

ထိုအသိဝင်လာသည်နှင့် သူ နှေးကွေး၍ မရတော့ကြောင်း နားလည်လိုက်သည်။ လန်ကျုံးကျူက အိတ်အတွင်းသို့ လက်နှိုက်နေဆဲပင် သူ့ကိုယ်က လေထဲသို့ မြောက်တက်သွား၏။ သူ့ညာခြေက လန်ကျုံးကျူ၏ ညာဘက် လက်မောင်းကို ခတ်ကန်မိလျက်သား ဖြစ်သွား၏။



'ဝုန်း—'.

လန်ကျုံးကျူမှာ အိတ်တွင်းသို့ လက်နှိုက်ရန်သာ အာရုံစိတ်စောနေသဖြင့် ဝေကွမ်၏ လျပ်ပြက်သည့်အလား လျင်မြန်သည့် ကန်ချက်ကို တိမ်းရှောင်နိုင်ရန် အချိန်မရလိုက်ပေ။ သို့ဖြင့် ဝေကွမ်၏ ကန်ချက်ကို ထိထိမိမိကြီး ခံလိုက်ရကာ ညာလက်မောင်းအရင်း အဆစ် ပြုတ်သွားလေတော့၏။

သို့သော် လန်ကျုံးကျူ၏ ဖွဲ့စိတ်ဓာတ်ကား ကြောက်စရာကောင်းအောင်ပင် ပြင်းထန်လှန်းလှချေ၏။

ဒဏ်ရာကို ဂရုမစိုက်၊ နာကျင်မှုကို သတိမရ။ မျက်လုံးများတွင် သွေးမျှင်တန်းများ သမ်းယှက်လာအောင် ရဲရဲနီလာ၏။ ဘယ်လက်ဝါးက သံချောင်းများပမာ တောင့်တင်းလာသည်။ အသင့်ရပ်နေသော ဝေကွမ်ထံသို့ ကျားနာတစ်ကောင်ပမာ ခုန်အုပ်ကာ ရိုက်ချက်တစ်ချက် ထုတ်လိုက်တော့သည်။

'ဝုန်း'

ရိုက်အား ပြင်းထန်လွန်းလှသည်။ နွားမတမ်း တစ်ကောင်ပင်လျှင် ထို ရိုက်ချက် တစ်ချက် ထိလိုက်ရုံနှင့် နံရိုးများ ကျိုးကြေကာ ဗုန်းခနဲလဲကျ သေဆုံး သွားနိုင် လောက်ပေသည်။ သို့သော် ဝေကွမ်က လိပ်ပြာကလေး တစ်ကောင် ပျံ့ဝဲသလို ပျံ့ဝဲရှောင်တိမ်းသွား၏။

လန်ကျုံးကျူမှာ သူ၏ အပြင်းအထန်ဆုံးသော လက်ဝါး ရိုက်ချက် အချည်းနှီး ဖြစ်သွားသဖြင့် လွန်စွာ စိတ်ထိခိုက်သွားသည်။ ဝေကွမ်က တမင်ပင် ဒေါသကို ဆွပေးလိုက်သည်။

'ဘယ်လိုလဲဘဘ၊ ဒီတစ်ခါတော့ ကျွန်တော်က နိမိတ် ဖတ်ပေးရဦးမှာလား၊ ကျွန်တော် နိမိတ်ဖတ်ရမယ်ဆိုရင်တော့ ဘဘဟာ မကြာခင်မှာပဲ ရေသတ္တဝါတွေရဲ့ အစာ ဖြစ်ရ ရှာတော့မယ်'

လန်ကျုံးကျူ ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။ ရင်အစုံမှာ နီမှဲ့ချည်မြင့်ချည်ဖြစ်လာ၏။ ဖားဖိုထိုးသကဲ့သို့ ဖြစ်လာ၏။

'မင်းကများ ငါ့ကို စော်စော်ကားကား လုပ်ရတယ်လို့၊ မင်းကိုမှ စိစိညက်ညက်မချေရရင် မကျေဘူးဟေ့'

သူသည် ပြောပြောဆိုဆိုပင် ညာခြေဖြင့် သိမ်းပက်ကန် လိုက်ပြန်သည်။ ဝေကွမ်က ခါးကိုနွဲ့ရှောင်လိုက်၏။ လန် ကျုံးကျူက တစ်ဆက်တည်း ဘယ်လက်ဝါးဖြင့် ရိုက်ပြန် သည်။ ဝေကွမ်သည် ဒီတစ်ခါတော့ ရှောင်မပေးတော့ဘဲ သူ၏ ညာလက်ဝါးဖြင့် ခုခံပေးလိုက်တော့သည်။

'ဝုန်း'

အတွင်းအားချင်း ယှဉ်ထုတ်တိုက်ခိုက်ကြခြင်းဖြစ်၍ ကျယ် လောင်သော အသံကြီး မြည်ဟည်းထွက်ပေါ်လာသည်။ နှစ်ယောက်သားမှာလည်း ဟန်ချက် အနည်းငယ်စီ ပျက်သွား ကြ၏။

ဝေကွမ်မှာ လန်ကျုံးကျူကို ကောင်းစွာအနိုင်ယူနိုင်သည့် အခြေအနေတွင် ရှိနေ၏၊ မူလက သူ့စိတ်ထဲတွင် အချိန်ဆွဲ တိုက်ခိုက်ကာ မခံချင်အောင်ဆွပေးမည်။ ပြီးမှ သူ့အရည် အချင်းကို သိနားလည်လာအောင် တိုက်ခိုက်မည်ဟုစိတ်ဆုံး



ဖြတ် ထားခဲ့၏။ သို့သော် ယခုအခါတွင်ကား သူ အချိန် မဆွဲချင်တော့ပေ။

လန်ကျုံးကျူ၏ လက်ဝါးရိုက်ချက်ကို ခုခံ ပေးလိုက် ပြီးသည်နှင့် မေလွမ်တို့ လှေဆီသို့ မသိမသာလေး အကဲခတ် ကြည့်လိုက်မိသည်။ မေလွမ်မှာ ဝါစင်ကု၏ ခါးရိုပ်အောက် တွင် အလူးအလဲ ခုခံကာကွယ်နေရသည်ကို တွေ့လိုက်ရသဖြင့် သူ့တိုက်ပွဲကို ပို၍ အချိန် မဆွဲ လိုတော့ပေ။ ဤဘက်မှ ပွဲကို သိမ်းနိုင်မှသာ မေလွမ်ကို သူ ကူညီနိုင်မည် မဟုတ် ပါလား...။

ဝေကွမ်စိတ်ထဲတွင် အလောတကြီးဖြစ်လာ၏။ လန်ကျုံး ကျူကို အမြတ် ရှင်းပစ်မည်။ ပြီးမှ ဝါစင်ကုကို ရှင်းပစ် မည်ဟု စိတ်ကူးလာ၏။ ဝါစင်ကုကိုလည်း အချိန်မဆွဲတော့ဘဲ အလျင်အမြန်ပင် တိုက်ခိုက်ပစ်မည်ဟု စိတ်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် သူ့ လက်နှစ်ဘက်ကို အတွင်းအားများ အညီ အမျှ ပို့လွှတ်ထားပြီး တိုက်ခိုက်သည်။

ဤသည်မှာ ဝေကွမ်၏ အတွေးဖြစ်သည်၊ တစ်ဘက်မှ လန်ကျုံးကျူကလည်း သူနှင့်အတူ ဝေကွမ်ကို သေရွာသို့ ခေါ်သွားရန် ဆုံးဖြတ်ပြီးလေပြီ။ ထို့ကြောင့် ဝေကွမ်၏ ရိုက်ချက်ကို လန်ကျုံးကျူက မရှောင်တော့ပေ။ ဝေကွမ် ရိုက်လိုလျှင်ရိုက်ဟူသော သဘောဖြင့် ဟင်းလင်းဖွင့်စောင့်ကြို နေလိုက်သည်။ ဝေကွမ်၏ လက်ဝါးက သူ့ရင်ဝအနီးသို့ ရောက်ရှိတော့မည်။

ဝေကွမ် ရိုက်အုံ့ဆဲဆဲတွင် ကြောက်မက်ချောက်ချားစရာ အသိက ဖြတ်ခနဲ ဝင်လာ၏။ ယမ်းဘီလူး လက်နက်ပုန်း၊ သူ့လက်ဝါးရိုက်ချက် မိလိုက်သည်နှင့် ဝုန်းခနဲ ပေါက်ကွဲပေရော့မည်။

သည်အခါ…

သည်အခါတွင် လန်ကျုံးကျူရော သူပါ သေပွဲသို့ဝင်ရပေတော့မည်။ ထိုအသိ ဝင်လာသည်နှင့် သူ့ လက်ဝါးကို အလျင်အမြန်· ရုပ်သိမ်းရန်ကြိုးစား၏။ သူ့ ကြိုးစားမှုကို ကြိုတင်သိနေသည့်ပမာ လန်ကျုံးကျူကလည်း အသက်ချင်းလဲကာ ရှေ့သို့ ဆီးခံတိုးဝင်ပေးလိုက်၏။ ဝေကွမ်လက်ဝါးနှင့် သူ့ရင်ဘတ်တို့ ထိမိရန် တစ်ထွာခန့်သာ လိုတော့သည်။

ဝေကွမ်အတွက် အခက်ကြုံရလေပြီ။ မည်သို့ပြုလုပ်ရမည်နည်း။ သည်ပုံအတိုင်းသာဆိုလျှင် နှစ်ယောက်စလုံး သေဖွယ်ရာသာ ရှိတော့မည်။

ဝေကွမ်ကား ယခင်ဝေကွမ်မဟုတ်တော့ပေ။ ကေရာဇာမဟာသိုင်းသမားကြီးတစ်ယောက် ဖြစ်နေခဲ့ပြီ။ သိုင်းကျမ်းထဲမှ တိုက်ကွက်များက သူ့လက်နှစ်ဘက်၊ သူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် ဗီဇသဘာဝသဖွယ်စီးဝင်ပူးကပ်နေခဲ့ပြီ။ အပြင်းအထန်ရိုက်ခတ်ခဲ့သော လက်ဝါး ရိုက်ချက်မှာ လေကြော ဖြတ်သည့် စွန်တစ်ကောင်ပမာ တုန့်ရပ်အားပျော့သွားခဲ့၏။ ပြေးဝင်ရှေ့တိုးခဲ့သော လန်ကျုံးကျူ၏ရင်ဘတ်ကို ငွမ်းစ ပန်းပွင့်ပမာ ထိမှန်သွားတော့သည်။



'ဖြတ်....'

ယင်းကား ကေရာဇာ မဟာသိုင်းကျမ်းပါ 'အားပြောင်းလမ်းလွှဲ မန်းကြဲတိုက်ကွက်' ပင်တည်း။

လန်ကျုံးကျူမှာ သူထင်သလို ဖြစ်မလာသည့် အတွက် အကြီးအကျယ် အံ့အားသင့်သွားတော့၏။ ဤသို့သောအရှိန်လွန်ရိုက်ချက်ကို မည်သို့သော ထိပ်သီးပုဂ္ဂိုလ်မျိုးမှ ရုပ်သိမ်းနိုင်မည် မဟုတ်။ ရုပ်သိမ်းနိုင်ဦးတော့ မိမိကရှေ့သို့တိုးဝင်လာခြင်းကြောင့် အချိန်ရှုံးသွားကာ ပြောင်းလဲချက်ပြုလုပ်နိုင်တော့မည် မဟုတ်ပေ။

ယခုသော်ကား ဝေကွမ်မှာ ထိပ်သီးအဆင့်လွန်သိုင်းသမား ဖြစ်နေခဲ့ချေပြီ။ ပြင်းထန်လှသော မုန်တိုင်းလက်ဝါးမှသည် နုပတ်မပျော့ပျောင်းလှသော ပန်းလက်ဝါးအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်မှာ မကြုံစဖူး ထူးကဲလှပေသည်။ သူ့စိတ်ထဲတွင် မယုံကြည်နိုင်လောက်အောင်ပင် မှင်တက်သွားမိသည်။

သို့သော် သူကြာကြာ မှင်တက် မနေနိုင်မီ။ ဝေကွမ်၏ ပန်းပွင့်ပမာ နူးညံ့ ပျော့ပျောင်းသော လက်ဝါး များတရုတ်ခြည်းပင်ကျားတစ်ကောင်၏ လက်သည်းများပမာထက်မြက်လာပြန်သည်။ သူ့ရင်ဘတ်မှအင်္ကျီစကို မလွတ်တမ်း ဆွဲကုတ်လိုက်၏။ ထို့နောက် အတွင်းအားအပြည့်ဖြင့်သူ့တစ်ကိုယ်လုံးကို ကိုင်မြှောက်လိုက်သည်။ လန်ကျုံးကျူတစ်ကိုယ်လုံးလေထဲတွင် မြောက်တက်သွားသည်။ ထို့နောက် လှေနံပါးနှင့်သူ့ဦးခေါင်းတို့ ထိတွေ့သွားတော့သည်။

'ခွမ်း—'

အုန်းသီးကို ခေါနှင့်ခွဲလိုက်သလို ကျယ်လောင်သော အသံကြီးနှင့်အတူ လန်ကျုံးကျူ၏ ဦးခေါင်းခွံမှာ ပွင့်ကြေကာ ဦးနှောက်များ အဖွေးသားထွက်ကျက် အသက်ပျောက်သွားလေတော့သတည်း။

'ဗွမ်း....'

လန်ကျုံးကျူ၏အလောင်းကောင်ကိုဝေကွမ်သည် ရေထဲသို့ ပစ်ချလိုက်သည်၊ ဦးနှောက်ပွင့်သွားပြီဖြစ်သော လန်ကျုံးကျူမှာ ရေစီးနှင့်အတူ မျောပါသွားရှာတော့သည်။

★

## အခန်း (၆၉)

## နိဗ္ဗာန်တစ်ခါ မြင့်တစ်လှည့်

လန်ကျုံးကျူတစ်ယောက် ဝေကွမ်၏ လက်ချက်ကြောင့် သေဆုံးသွားရသည်ကို တွေ့လိုက်ရသောအခါ သူ့တပည့်များ အကြီးအကျယ် ချောက်ချားသွားကြ လေတော့၏၊ ဝေကွမ်ကို ဘီလူးသဘက်ပမာ မှတ်ထင်သွားကြသည်၊ သူတို့လှေဝမ်းထဲမှ တက်များကို အလျင်အမြန်ကောက်ယူပြီး အပြင်းအထန်လှော်ခတ် ထွက်ပြေးသွားကြတော့၏၊ ဝေကွမ်သည် လန်ကျုံးကျူကို အနိုင်တိုက်ခိုက်ပြီးသည်နှင့် မေလွမ်တို့ဘက်သို့ လှည့်လိုက်သည်။

ဝါစင်ကု၏ခေါ်ရှည်မှာ စက်ဝိုင်းခြမ်းသဏ္ဌာန်လှုပ်ရှားလျက် မေလွမ်ကို ထိန်းချုပ်ထား၏၊ မေလွမ်က ကျာပွတ်ရှည်ကို

အစွမ်းကုန် ဝှေ့ယမ်းလျက် ကာကွယ် နေရသည်။ သို့သော် ဝါစင်ကု၏ ဓားသိုင်းကွက်များက တစ်စထက်တစ်စ ပြင်းထန် ကြမ်းတမ်းလာနေသည်။ ကြာလျှင် ကျောပွတ်မယ် ဒုက္ခရောက်မည်မှာ သေချာလှသည်။

သို့သော် ဝါစင်ကုသည်လည်း လန်ကျုံးကျူ၏ အဖြစ်ဆိုးကို မြင်တွေ့ခဲ့ပြီးဖြစ်သည်။ လန်ကျုံးကျူ၏ သိုင်းပညာသည် သူ့ထက်အဆင့်မြင့် သာလွန်ကောင်းမွန်သည်ဖြစ်ရာ ဝေကွမ်နှင့် ယှဉ်လျှင် သူ့အဖို့ ပြောဖွယ်ရာမရှိတော့ပေ။

သို့သော်—လက်ရှိတိုက်ခိုက်နေရသော ကျောပွတ်မယ်မေလွမ် သည်ကား သူ့ထက် သိုင်းပညာအရရော၊ အတွေ့အကြုံနှင့် အတွင်းအားအရပါ နိမ့်ကျနေ၏။ သိုင်းလောကတွင် နာမည် ထွက်နေသည်မှာ ဝေကွမ်မဟုတ်၊ ကျောပွတ်မယ်မေလွမ်သာလျှင် ဖြစ်၏။ အခုမူ အဘယ့်ကြောင့် ဝေကွမ်က ကျောပွတ်မယ်မေလွမ် ထက် အစွမ်းထက်နေရသနည်း။ ဝါစင်ကု မစဉ်းစားတတ် တော့ပေ။

မိမိသေရမည့်အတူတူအချည်းနှီးအကျိုးမဲ့ မသေဆုံးချင်ပေ။

ကျောပွတ်မယ်မေလွမ်ကို သူမသေခင် သေရွာသို့ အလျင် ပို့လိုက်ချင်သေး၏။

ထို့ကြောင့် တိုက်ကွက် အရှိန်အဟုန်ကို မြှင့်တင်နေခြင်း ဖြစ်သည်။ သူ့ဓားရှည် တိုက်ကွက်များက ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြင်းထန်လာသည်။

'ရှမ်း....'



သူ့ဓားရှည်က ကျောပွတ် တိုက်ကွက်ကို ပယ်ဖျက်လိုက်ပြီး မေလွမ်၏ ရင်ဝတည့်တည့်သို့ ထိုးဝင်လာတော့သည်။ မေလွမ် အံ့အားအသင့်ကြီး သင့်ကာ ခုခံရှောင်တိမ်းနိုင်စွမ်း မရှိတော့။

ဝေကွမ်၏ တစ်ကိုယ်လုံးရှိ ကြွက်သားများမှာ တောင့်တင်း သွား၏။ မျက်လုံးထဲတွင် လက်ခနဲ အရောင်တစ်မျိုး ဖြာထွက် သွား၏။ လူခန္ဓာကိုယ်ကလည်း လျှပ်ပြက်သလို လှုပ်ရှားပြီး ဖြစ်နေသည်။

'ဝှစ်....'

သူ့တစ်ကိုယ်လုံး လေထဲတွင် မြောက်တက် တစ်ပတ်ကျွမ်း ပစ်လိုက်၏။ လေထဲတွင် ဇောက်ထိုးရှိနေစဉ်မှာပင် မေလွမ်၏ အင်္ကျီနောက်ကျောစကိုဆွဲယူလိုက်ရာ ဝါစင်ကု၏နောက်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ဝါစင်ကုမှာ သူ့မျက်စိကို သူ မယုံနိုင်အောင် ဖြစ်သွား၏။ မိမိ၏ ဓားဦးချွန်နှင့် ထိတွေ့ရန် နှစ်လက်မမျှအလိုတွင် မေလွမ် တစ်ယောက် ရိပ်ခနဲ ပျောက်သွားခဲ့၏။ အဖြူရောင် အရိပ် တစ်ရိပ် သူ့ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်ကိုသာ တွေ့ လိုက်ရသည်။ သူ ထိတ်လန့်သွားပြီး နောက်သို့ လှည့်လိုက်၏။ ဓားရှည်ကိုလည်း အသင့်ပင် ပြင်ထားလိုက်၏။

ဝေကွမ်မှာ လေပုန်းပေါ်သို့ ခြေချမိသည်နှင့် မေလွမ်ကို သူ့နောက်သို့ ပို့ထားလိုက်သည်။

'ညီမ အနားယူလိုက်ဦး၊ အစ်ကို ဆက်ရှင်းမယ်'

ဝါစင်ကုမှာ အတော်ကြီးကြောက်နေပေပြီ။ ရဲသော်လည်း ပြေးခဲ့စေ ဆိုသည့် စကားအတိုင်း ဝေကွမ်နှင့် ဤနေရာမှ မပျက်

ရင်ဆိုင်နေရသော်လည်း သူ့ဒူးများကား တဆတ်ဆတ် တုန်နေလေပြီ။ သေ့းကြောင်သော သိုင်းသမားသာတည်း။

'ရှမ်း... ရှမ်း'

ဝေကွမ် မသိုးမခန့် ပြုံးလိုက်သည်။ ဝါစင်ကုကို ဂရုမစိုက်ဘဲ ရှေ့သို့ ခြေလှမ်း တစ်လှမ်း တိုးလာသည်။ ဝါစင်ကုက ဓားရှည်ကို ရှေ့သို့ ရှတ်တရက် ထိုးထုတ်လိုက်သည်။

'ဝှစ်....'

ဝေကွမ် ကိုယ်ကို နွဲ့ရှောင်ပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် ညာလက်ဖြင့် ဝါစင်ကု၏ ရင်ဝကို ထိုးထည့်လိုက်၏။ ဝါစင်ကု သူ့ဓားရှည်ကိုပြန်လည်ရုပ်သိမ်းပြီး သူ့ရင်ဝအနီးသို့ ကျံဝင်လာသော ဝေကွမ်၏ ညာလက်ကို ဓားရှည်ဖြင့် ပိုင်းချလိုက်သည်။

စင်စစ် ဝေကွမ်၏ ညာလက် တိုက်ကွက်မှာ ယောင်ပြ တိုက်ကွက်သာ ဖြစ်၏။ ဝါစင်ကု၏ ဓားရှည် ခုတ်ချလာသည်နှင့် ထိုလက်ကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်သည်။ ဘယ်လက်က ဇယ်ဆက်သလိုပင် ဆက်တိုက် လှုပ်ရှားသွားသည်။

'ဖြန်း....'

ဝါစင်ကု၏ ပါးတစ်ဘက် ရဲရဲနီသွားသည်။ ဝါစင်ကုသည် မီးထွက်သုမတတ် မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။ သူ့တစ်သက်တာတွင် ဤသို့ ပါးနားရိုက် စော်ကားခြင်းမျိုးကို မခံရစဘူးပေ။ ရန်သူကို ရှုံးနိမ့်ခဲ့ဖူးသော်လည်း ဤသို့စော်ကားခြင်းမျိုးကိုကား မခံခဲ့ဘူးချေ။



'ဝေကွမ်....မင်း သိပ်မိုက်ရိုင်းပါလား၊ ငါဟာ မင်းအဖေလောက် ရှိတယ်၊ မင်းက ငါ့ကို စော်စော်ကားကား ပါးနားရိုက်ရတယ်လို့၊ မင်း ငါ့ကို သတ်နိုင်ရင် သတ်ပစ်လိုက်'

ဝေကွမ်မှာ စိတ်ဆိုး စိတ်ယုတ်ရှိသူ မဟုတ်ပါ။ ဤလူယုတ်မာများကို မစော်ကားရန် အကြောင်းမရှိပါ။ တရုတ်တစ်မျိုးသားလုံးအား ဒုက္ခပေးနိုင်သူများဖြစ်၍မြန်မြန်ရှင်းလေ တိုင်းပြည်အတွက် ကောင်းလေလေပင် ဖြစ်ပါသည်။

ဝေကွမ်က ရယ်ရင်း

'ဘယ်လိုလဲဗျ၊ အခုမှ ကြောက်စိတ်တွေ ဝင်လာပြီလား၊ စောစောကလို ကျုပ်တို့ကို ငါးစာကျွေးပစ်လိုက်မယ်လို့ ပြောပါဦးလား၊ ခင်ဗျား လူလေးယောက်ကတော့ အခုလောက်ဆိုရင် ဒါနလုပ်လို့ ပြီးလောက်ရောပေါ့၊ ငါးတွေ အတွက် အာဟာရ ဖြစ်ကုန်ကြရောပေါ့'

ဝါစင်ကု ဒေါသ ဖြစ်သွား၏။ သို့သော် သူ့ဒေါသကို ကြိတ်မှိတ် မျိုသိပ်နေရသည်။

'စကားကြီး စကားကျယ်တွေ လျှောက်ပြောမနေနဲ့ မင်းကို ငါပြောပြီးပြီ၊ ငါ့ကို မင်းသတ်နိုင်ရင် သတ်သွား၊ စော်စော်ကားကား ဘာမှ မလုပ်နဲ့'

'ဟား....ဟား....ဟား'

ဝေကွမ်၏ ရယ်သံမှာ မြစ်ယံအထဲ၌ ပဲ့တင်ထပ်သွား၏။

ဝေကွမ်က အေးစက်စက် ဆက်၍ ပြောသည်။

'ခင်ဗျားက သိပ်သေချင်နေပြီလား၊ ဒီလောက်အထိ စိတ်လောမနေပါနဲ့၊ ခင်ဗျားအတွက် ယမမင်းရဲ့ တံခါးမပိတ်သေး

ပါဘူး၊ မသေခင်ကလေးမှာ ခင်ဗျားကို သေခြင်းတရားရဲ့ အရသာတွေ နှစ်နှစ်ခြိုက်ခြိုက် ခံစားသွားစေချင်သေးတယ်၊ ကိုယ်အသာစီးရသော မော်ခဲ့သလောက် ရှုံးနိမ့်ရတဲ့အခါမှာ ဘယ်လို ခံစားရတယ်ဆိုတာကို ခင်ဗျား အသေအချာ ခံစားသွားစေရမယ်'

ဝေကွမ်၏ စကားသံများက နောက်ပိုင်းတွင် တဖြည်းဖြည်း တည်ငြိမ်လေးနက်လာသည်။ ခနဲ့ပြော၊ သရော်ပြောပြောနေခြင်းမျိုး မဟုတ်ဘဲ ပြောသည့်အတိုင်း အမှန်တကယ်လုပ်ဆောင်မည့်ပုံမျိုးပေါ်လွင်နေသည်။ ဝါစင်ကုမှာ ဝေကွမ်၏ ရေခဲဘမျှ စူးရှအေးစက်လှသည့် မျက်လုံးဒဏ်ကြောင့် အနေရ ကျုံ့သလို ခံစားလိုက်ရသည်။

'ဟင်....မင်း မင်း၊ ငါ့ကို....ငါ့ကို'

ချောက်ချားလှန့်သဖြင့် သူ့စကားသံများ ထစ်ငေါ့ တုန်ယင်နေ၏။ ဝေကွမ်ကို မြူမြူးပျာပျာ ကြည့်ကာ ဓားရှည်ကို ဝှေ့ယမ်းလိုက်၏။

'ရှမ်း....'

ဝေကွမ် ဂရုစိုက်။ ရှေ့သို့ တိုးမြဲ တိုးလာခဲ့၏။ ဝါစင်ကုမှာ အယောင်ယောင် အမှားမှား ဖြစ်ကာ နောက်သို့ ခြေလှမ်းဆုတ်လိုက်မိ၏။

'မင်း....မင်း....ရှေ့ထပ်တိုးမလာခဲ့နဲ့၊ ငါ မင်းကို ညှာမှာ မဟုတ်ဘူး'

'ဟား....ဟား....တစ်ယောက်နဲ့ တစ်ယောက် အသေအကြေ တိုက်ခိုက်နေကြတဲ့ နေရာမှာ ဘယ်နေရာမှာ ဘယ်



သူက ဘယ်သူ့ကို ညှာရဦးမှာလဲ၊ လုပ်လေဗျာ၊ ဘာကြောင့် နောက်ဆုတ်နေရတာလဲ၊ ကျုပ်ကို အသေတိုက်ပါတော့လား'

'ယား....'

ဝါစင်ကု၏ မာန်သွင်းအော်ဟစ်လိုက်သံက ကျယ်လောက်စွာ ထွက်ပေါ်လာသည်။ စိတ်မနှံ့သူတစ်ဦး ဓားလွတ်ကိုင် ရမ်းကားနေသည့်ပမာ သူသည် ပရမ်းပတာ တိုက်ခိုက်လေတော့သည်။

'ခုတ်လေဗျာ၊ ကျုပ်ကို ထိအောင် ခုတ်ပါဗျ၊ ခင်ဗျား မခုတ်နိုင်ရင် ကျုပ်အလှည့် ဖြစ်သွားလိမ့်မယ်'

ဝါစင်ကုက ဝေကွမ်ကို ထိအောင် မတိုက်ခိုက်နိုင်ပါ၊

'သိပ်ကြောက်မနေပါနဲ့ဗျာ၊ ကျုပ်က ခင်ဗျားရဲ့ ဦးနှောက်တွေကို ငါးစာ မကျွေးပါဘူး၊ ခင်ဗျားရဲ့ အသားကလေးတွေကိုသာ ငါးစာ ကျွေးပစ်မှာပါဗျ'

မိမိ၏မျက်စိရှေ့မှောက်တွင်ပင် သွေးရဲရဲ သံရဲရဲ ဦးနှောက်တွေ အဖွေးသားဖြင့် သေဆုံးသွားခဲ့ရသော လန်ကျူးကျူ၏ အဖြစ်ကို ပြန်လည်မြင်ယောင်ကာ သူ့တစ်ကိုယ်လုံး ဆတ်ဆတ် တုန်လာမိသည်။

သို့သော် ရန်သူကို တောင်းပန်၍လည်း ငြိမ်း ကျေအေး မည် မဟုတ်။ ထို့ကြောင့် သူ့ဓားကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ထွက်ခတ် ခတ်သွားရန် ဆုံးဖြတ်မိသည်။

'ဝေကွမ်....မင်းမှာ ဘာအစီအစဉ်ရှိလို့ ငါ့ကို အခုလို အချိန်ဆွဲနေရတာလဲ၊ သတ်ချင်ရင် အမြန်သတ်ပစ်လိုက်၊ ပညာရှိ နှိပ်စက်နည်းမျိုးနဲ့ မနှိပ်စက်နဲ့'

'ဟဲ....ဟဲ....ကျုပ်ပြောပြီးပါပကော၊ ခင်ဗျားကို ရွှံ့နှံမ့်ခြင်းရဲ့ အရသာ၊ သေဆုံးခြင်းရဲ့ အရသာတွေကို သိသွားရစေမယ်ဆိုတာလေ၊ ဒါကြောင့် ခင်ဗျားရဲ့ စိတ်ကို လွတ်လွတ်လပ်လပ်ခံစားခွင့်ပေးလိုက်တာပဲ၊ ဒီပြင် ကျုပ်မှာ ဘာအစီအစဉ်မှ မရှိဘူး၊ ချောင်ပိတ်နေတဲ့ ခွေးကို ရိုက်ရတာထက် လှောင်ချိုင့်ထဲက ခွေးကို ရိုက်ရတာက ပိုပြီး အရသာ ရှိတယ်လေဗျာ၊ ခင်ဗျား ခံစားကြည့်စမ်းပါဦး'

'တောက်....'

ဝါစင်ကု တောက် ခေါက် လိုက် ၏။ ကြောက်ရွံ့စိတ်တို့အစား မခံချင်စိတ်နှင့် မာနစိတ်တို့ ဝင်လာလေတော့၏။

သူ့တစ်ကိုယ်လုံး၌ သတ္တိများ ပြည့်ဝလာသည်။ စင်စစ်ကြောက်ကန် ကန်ခြင်းသာ ဖြစ်တော့သည်။ သေမှထူး နေမထူးဘဝကို သုံးသပ်လိုက်မိသဖြင့် သူသည် ဝေကွမ်အား အတွမ်းကုန်ပြန်လှန် တိုက်ခိုက်လေတော့၏။

★

## အခန်း (၄၀)

## မြွေရန်သူ

ဓားရိပ်နှင့် လက်ဝါးရိပ်တို့ ရောယှက်နေလေပြီ။ ဝေကွမ်ဂရုမစိုက်၍ မဖြစ်တော့ပေ။ အသက်ကို ပမာမထားဘဲ တိုက်ခိုက်သူအား ပေါ့ပေါ့ဆဆ တိုက်ခိုက်လျှင် သူ့တွင် အန္တရာယ်ရှိနိုင်ကြောင်း ဝေကွမ် ကောင်းစွာ သိ၏။

ပျားအုံ တစ်အုံလုံးမှ ထွက်ပြူလာသော ပျားကောင်များကို ရှောင်တိမ်းရသည့်နှယ် ဝေကွမ် ရှောင်တိမ်းပေးနေရသည်။ ဝါစင်ကုမှာ ကျားနာတစ်ကောင်ကဲ့သို့ ဖြစ်နေခဲ့လေပြီ။

'ရှမ်း—'

တိုက်ကွက် ငါးဆယ် ကျော်လာခဲ့လျှင် ဝါစင်ကု၏ဓားဦးချွန်က ဝေကွမ်၏ အင်္ကျီလက်ဖျား အစကို ထိုးခွဲသွား

သည်။ ဝေကွမ်၏ဒေါသ ပေါက်ကွဲလေတော့သည်။ တစ်ဘက်က အနုတ်လက္ခဏာ ပြသွားသဖြင့် တစ်ဘက်က လွန်စွာ အားတက်သွား၏။ ဝါစင်ကု တစ်ယောက် လွန်စွာ ပျော်ရွှင်သွား၏။

'ဝုစ်....ဝုစ်'

ဓားရှည်မှာ အသက်ပါသော သတ္တဝါ တစ်ကောင်ကဲ့သို့ ဖြစ်လာ၏။ ဝါစင်ကုမှာ သူ့စိတ်ကို သူ ပြန်လည် စုစည်း ထိန်းသိမ်းနိုင်ခဲ့သဖြင့် အခေါ်ကလေး အခြေအနေ ကောင်း လာသည်။

ဝေကွမ်သည် သာမညသိုင်းသမား မဟုတ်တော့။ ဧကရာဇာ မဟာသိုင်းသမားကြီးတစ်ယောက်ဖြစ်နေခဲ့ပြီ။ မိမိ၏စိတ်ကိုအနိုင် နိုင်ဆုံးဖြစ်အောင် ထိန်းချုပ်နေသည်။ အခက်ခဲကို အလွယ်တကူ ကျော်ဖြတ်နိုင်ရန် ကြိုးစားလာသည်။ ဝါစင်ကု၏ တိုက်ကွက် များကို ရှောင်တိမ်းနေခြင်းထက် တိုက်ကွက်ကို စတင်ထုတ်ဖော် ရန် ကြိုးပမ်းလာတော့သည်။

ပထမဦးစွာသိုင်းကျမ်းထဲမှ 'လင်းယုန်ကြက်သုတ်' တိုက်ကွက် ကို ထုတ်လိုက်သည်။ လရောင်တွင် တဖျပ်ဖျပ် လက်နေသော ဓားအသွား၏ အရှိန်အဟုန် တန့်သွားသည်။

'ဝုန်း....'

တိုက်ကွက် နှစ်ကွက်မျှပင် ဝေကွမ်၏ လက်သီးတစ်လုံးက ဝါစင်ကု၏ ညာဘက်ရင်အုံကိုတူဖြင့်ထုနှက်လိုက်သလို ပြင်းထန် စွာ ထိမှန်သွားတော့၏။ ဝါစင်ကု မဟန်နိုင်တော့။ နောက်သို့



ဆုတ်သွားရ၏။ ရင်ထဲတွင် တစ်စို့ကြီးဖြင့် ထိုးသလို အောင့် နာနာကြီးဖြစ်လျက် ပါးစပ်မှ သွေးများ အန်ကျလာတော့ သည်။

'ဝေါ့...'

သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာသည်။ ကြောက် စိတ်များ ပြန်လည်ဝင်ရောက်လာသည်။ ဝေကွမ်ကိုချောက်ချား တုန်လှုပ်စွာ ကြည့်သည်။ ဝေကွမ်ကား တစ်ခါသေဖူး ပျဉ်ပိုး နားလည် သွားလေပြီ။ လုံးဝ အလျှော့ မပေးတော့ချေ။ ချက်ချင်းခုန်ဝင်ကာ အကြောကို ထိုးပိတ်လိုက်၏။

'ဝုန်း....'

ဝါစင်ကုသည် လှေဝမ်းထဲသို့ အရုပ်ကြိုးပြတ် လဲကျသွား တော့၏။ ဝေကွမ်က သူ့ကိုယ်ပေါ်မှ မိုးကြည့်လိုက်သည်။

'ဘယ်လိုလဲ၊ သေခြင်းတရားရဲ့အရသာကို ကောင်းကောင်း ခံစားနိုင်ပြီလား၊ ကျုပ်လက်ဟာ လူတစ်ယောက်ရဲ့ အသက် တစ်ချောင်းကို ပစ္စလက္ခတ်မနုတ်ယူချင်ဘူး၊ ဒါပေမယ့်ခင်ဗျား လို လူယုတ်မာမျိုးကိုတော့ လွှတ်ထားလို့မဖြစ်ဘူး၊ ရန်ကြင်း ရန်စမှန်သမျှကို အငုတ်တောင်မကျန်အောင်ဖြတ်ပစ်ရမယ်ဆိုတဲ့ စကားရှိဘယ်၊ ခင်ဗျားကို သတ်မှာက ရန်ငြိုးရန်စ မီးပွား လာမှာကို ကြောက်လို့မဟုတ်ဘူး၊ တရုတ်ပြည်သူ ပြည်သား တွေရဲ့ ဘေးအန္တရာယ်ကို ကြိုတင်တားဆီး ပစ်လိုက်ချင်လို့ပဲ၊ ခင်ဗျားကို ကျုပ် အသေ သတ်ပြီးတဲ့နောက် တမလွန်ဝိညာဉ်

တဝန်ပဲလာပြီးစားလဲ့စားချေပါ၊ ကျုပ်ဂရုမစိုက်ဘူး၊ ရှုံးနိမ့်ရင် ကျုပ်ခံစားသွားမယ်၊ တရုတ်ပြည်ကြီး အေးချမ်း သာယာဖို့အတွက် ကျုပ်အသက်ကို ပေးလှူထားပြီးပြီ၊ ခင်ဗျား လိုရာ ဆုတောင်း'

ဝါစင်ကု မျက်လုံးများပြူးနေ၏။ ကြောက်ရွံတော့မဟုတ်ပေ။ ကြောက်သည့်အချိန်များ ကုန်လွန်သွားခဲ့ပြီ။ သူသည် ရဲရဲငြိငြိးတောက်နေသော မီးကျီးမီးခဲကဲ့သို့ရန်ငြိုးစကားပြောဆိုလေတော့သည်။

'ဘာမှတောင်းနေစရာမလိုဘူး၊ ငါ့ဘဝ ငါ့ကုသိုလ်ကံနဲ့ငါ ဖြစ်လာမှာပဲ၊ ဒီလိုဆုတောင်းနေလို့ ငါ့အတွက် ဘာမှ အကျိုးထူးရှိနိုင်မှာ မဟုတ်ဘူးဆိုတာ ငါသိတယ်၊ မင်းနှလုံးသားထဲမှာ စွဲစွဲမြဲမြဲမှတ်သွားဖို့ကတော့ ဒီဘဝမှာ မင်းကိုငါရှုံးနိမ့်ခဲ့ပေမယ့် နောက်ဘဝမှာ မင်းရဲ့အသက်ကို ငါ့လက်နဲ့ ရက်ရက်စက်စက်သတ်ပြမယ်ဆိုတာပဲ၊မှတ်ထားကွ၊ လူဆိုတာနိုင်တစ်ခါ ရှုံးတစ်လှည့်ပဲ၊ ဒီတစ်ခါနိုင်ပြီးရင် နောင်တစ်ခါမင်းရှုံးမှာပဲ၊ အဲဒီသံသရာကို အမြဲမှတ်ထားကွ'

ဝေကျွံ ပြုံးလိုက်၏။

'ကျုပ်ပြောပြီးပြီမဟုတ်လား၊တိုင်းပြည်သစ္စာဖောက်တွေကို သုတ်သင်ရင်းနဲ့ ကျုပ်သေပါစေ၊ ဆယ်ခါပြန်သေပါစေ၊သေရဲတယ်'

သူသည် ပြောပြောဆိုဆိုပင် ဝါစင်ကု၏ သေစေသော အကြောကို ထိုးပိတ်လိုက်လေတော့၏။



'ညီမရေ—တစ်ယောက်တော့အမိုက်ဇာတ် သိမ်းသွားပြန်ပြီ၊ ရှေ့ခရီးဆက်ကြရအောင်'

မေလွှမ်က ပြုံးပြုံးကလေး ခေါင်းညိတ်ပြလေ၏။

ဝေကျွမ်သည် လှေဝမ်းဗိုက်ထဲမှ လှော်တက်တစ်ချောင်းကို ယူကာ လှော်ခတ် လိုက်သည်။ တိုက်ခိုက်နေစဉ် လှေကို ထိန်းကျောင်းခဲ့ခြင်း မရှိသဖြင့် လှေငယ်မှာ ရေလယ်တွင် မျောချင်တိုင်းမျောပါခဲ့သည်။ ယခုအခါတွင်ကား သူတို့ရောက်လာကြသောကမ်းနှင့် အဝေးကြီး ဝေးခဲ့ကြပြီဖြစ်၏။

ဝေကျွမ်က လှေကို အထက်သို့ ဆန်တက်ရန် လှော်ခတ်လိုက်သည်။

မေလွှမ်က

'အစ်ကို အထက်ကို ဆန်တက်မလို့လား'

'အင်းလေ ညီမရဲ့၊ အစ်ကိုတို့ ကမ်းနဲ့ အတော်ကြီးဝေးခဲ့ပြီ မဟုတ်လား၊ အဲဒီကို ပြန်သွားမှ လမ်းကြောင်းပေါ်ကို ရောက်တော့မှာပေါ့'

'နေပါစေ အစ်ကို၊ လှေကို အပေါ် ပြန်ဆန်မတက်နဲ့တော့၊ ဒီနားကပဲ ကမ်းကို ကပ်လိုက်တော့'

'ဒီလမ်းပေါ်က သွားရင် ကျိနန်ကို ရောက်ပါ့မလား'

'ရောက်တယ်အစ်ကို၊ လမ်းကတော့ နည်းနည်းကြမ်းမယ်၊ တောလမ်းခရီးပဲ၊ ဒီလမ်းက ပိုပြီးတော့တောင် ဖြတ်လမ်းကျသေးတယ်၊ လူသွားလူလာ မရှိတော့ လိုသလို အရှိန်နဲ့ အလျင်အမြန် သွားနိုင်တာပေါ့'

ဝေကွမ် ပြုံးပြလိုက်၏။ ဘာမျှ ပြန်မပြောဘဲ လှေကို ကမ်းကပ်သည်။ လှေထဲမှ ဝါစင်ကုကို မဆယ်ထုတ်တော့ဘဲ ရေစုန်အတိုင်း လှေနှင့်အတူ မျောပစ်လိုက်သည်။

မေလွှမ်က သဘောမကျသလို ကြည့်ကာ

'အစ်ကိုက ဘာဖြစ်လို့ သူ့ကို ရေထဲချပြီး အစမဖျောက် ပစ်လိုက်တာလဲ၊ တစ်ယောက်ယောက်က သူ့ အလောင်းကို တွေ့ပြီး ခုနစ်စဉ်အမျှင်တန်းတွေ ဖြစ်ကုန်လိမ့်မယ်'

'ကိစ္စမရှိပါဘူး ညီမရယ်၊ ကြိုးတစ်စကို ဆွဲလိုက် မိပြီးမှတော့ အဲဒီကြိုးစကို အဆုံးအထိ ဖြေရှင်း ပစ်လိုက်ကြ ရမှာပဲ၊ ညီမစိုးရိမ်မနေပါနဲ့တော့၊ သူတို့နဲ့ အတူ လိုက်လာတဲ့ သုံးယောက် လွတ်ထွက်သွားခဲ့ပြီ မဟုတ်လား၊ ပြဿနာကို သူတို့ပါးစပ်ပေါက်တွေနဲ့ ရှုပ်ထွေးသွားမှာ ကျိန်းသေပါပဲ၊ ဝါစင်ကုရဲ့ ဝိညာဉ်လဲ သူ့ ဘာသာသူ လွတ်လွတ် လပ်လပ်နဲ့ မြစ်ကြောင်းအတိုင်း မျောသွားပါစေတော့ကွယ်'

ထို့နောက် မေလွှမ်နှင့်အတူ ကမ်းပေါ်သို့ ခုန်တက်ကာ ခရီးဆက်ခဲ့ကြတော့သည်။

ခုနစ်စဉ်ကြယ် အမြီးထောင်၍ သန်းခေါင်ကိုပင် ကျော် လွန်လာခဲ့ချေပြီ။ အအေးဓာတ်က တဖြည်းဖြည်း လွှမ်းမိုး လာ၏။ တောတောင်တို့၏ ဆိတ်ငြိမ်ခြင်းကို အန်တုကာ ဝေကွမ်နှင့်မေလွှမ်တို့နှစ်ယောက် ခရီးဆက်နေကြသည်။ သူတို့ နှစ်ယောက် စလုံးမှာ ပင်ပန်းနွမ်းနယ် နေကြ သည်ကား အမှန်ပင်...။



ထို့ကြောင့် ခရီးတစ်ထောက် နားပြီး အနားယူကြ၏။ ဝေကွမ်က သိုင်းကျမ်းထဲမှ လေ့ကျင့်စဉ်တစ်ခုကို ကျင့်ကာ သွေးလှည့်ပတ်မှု ပြုလုပ်နေသည်။ မေလွှမ်မှာလည်း အတွင်း အား ကျင့်စဉ်ကို ကျင့်ကာ အနားယူ၏။ သွေးလှည့်ပတ်မှု တစ်ပတ်ပြည့်လျှင် သူမ တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်း လာသည်။ ဝေကွမ်ကို မျက်လုံးဖွင့်ကြည့်လိုက်ရာ တင်ပျဉ်ခွေ ထိုင်ပြီး ကျင့်စဉ်ကို လေ့ကျင့်နေဆဲ ရှိသည်ကို တွေ့လိုက် ရသည်။

ဝေကွမ်ကို အနှောင့်အယှက်ပေးသလို ဖြစ်မည် စိုးသဖြင့် မည်သို့မျှ အသံမပေးဘဲ သစ်ပင်တစ်ပင်ကို မှီကာ ငြိမ်နေလိုက် ၏။ ဝေကွမ် အတွင်းအား လေ့ကျင့်မှုမှာ ကြာမြင့် သဖြင့် မေလွှမ်မှာ သစ်ပင်ကို မှီရင်း အိပ်ပျော် သွားတော့သည်။

'ရှူး ရှူး'

တရှူးရှူးအသံကြောင့် သူမ ဆတ်ခနဲ လန့်နိုးလာသည်။ မြွေတစ်ကောင်၏ နှာမှုတ်သံမျိုးတည်း။ ဝေကွမ်ကို သူမ လှည့်ကြည့်လိုက်၏။ ဝေကွမ်ကား တင်ပျဉ်ခွေ ထိုင်လျက် ကျင့်စဉ်ကို လေ့ကျင့်နေဆဲပင်တည်း။

မေလွှမ် နဖူးကြောကလေးများ ရှုံ့တွအောင် စဉ်းစား လိုက်မိသည်။ ဘာလဲ တရှူးရှူးမြည်နေတာ ဘယ်နေရာက ဘာမြည်နေတာလဲ။ သူမ စိတ်ထဲ သံသယ ဖြစ်လာမိသည်။ ပတ်ဝန်းကျင်ကို ခေါင်းငုံ့ စောင်းကာ ကြည့်ရှု လိုက်၏။ လရောင်က သစ်ကိုင်းသစ်ရွက်တို့ကို ထိုးဖောက် ဖြာကျနေ၏။ ပြောက်တိပြောက်ကျား လရောင် လင်းနေသည်။

မေလွှမ် ဆတ်ခနဲ မတ်တတ် ထရပ်လိုက်မိသည်။

ထိုအသံ ထွက်ပေါ်လာသည့်ဘက်သို့ ခြေလှမ်းငါးဆယ်ခန့် လှမ်းကာ အသေအချာ ကြည့်လိုက်မိသည်။

အမယ်လေး....

မေလွှမ် လန့်အော်ဟစ်လိုက်မိမတတ် ဖြစ်သွားရသည်။ သူကြည့်နေသည့်ဘက်၌ ချုံပုတ်ငယ်တစ်ခု ရှိသည်။ ထိုချုံပုတ်ထဲမှ အနီနှင့်အဝါစပ်ကျားထားသော တောက်ပသည့် အလုံးကြီးနှစ်လုံး။ ပမာဏမှာ ကျပ်ပြားဝိုင်းသာသာခန့် ရှိမည်။ သတ္တဝါတစ်ကောင်၏ မျက်လုံးနှစ်လုံး ဖြစ်မှန်းတော့ မေလွှမ် သိသည်။ ထိုသတ္တဝါသည် မည်သည့် သတ္တဝါဖြစ်မည်နည်း။

မေလွှမ် မစဉ်းစားရဲအောင် ဖြစ်သွားသည်။ ထိုမျက်လုံးကြီးနှစ်လုံးက သူမအား စူးစိုက်ကြည့်နေဆဲ။ လှုပ်ရှားခြင်းကင်းစွာ ငြိမ်သက်နေဆဲ။ သူမ ရင်ထဲ ဖိုသွားမိသည်။ လူတစ်ယောက်နှင့် ရင်ဆိုင် တိုက်ခိုက်ရသည်က အကြောင်းမဟုတ်။

တိုက်နည်းတိုက်ကွက်များဖြင့် ရင်ဆိုင်ဝံ့သေးသည်။ ယခုတွေ့ရှိရသည့် သတ္တဝါကား ပမာဏကြီးမားလှချေ၏။ မည်သည့် သတ္တဝါဖြစ်မည်ကိုပင် မခန့်မှန်းနိုင်သေး။

သူမ ဝေကွမ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ဝေကွမ်မှာ ဘာမျှ မသိပေ။ လေ့ကျင့်မပျက် ရှိနေ၏။ ငြိမ်သက်မှု ငြိမ်သက်နေ၏။

မေလွှမ် အခက်တွေ့သွားသည်။ ဝေကွမ်၏ ကျင့်စဉ်အမည်သို့သော ကျင့်စဉ်မျိုးမှန်း သူမ နားမလည်ပေ။ တစ်စုံတစ်ရာ



အနှောင့်အယှက် ပေးလိုက်မိလျှင် အတွင်းဒဏ်ရာ ရတတ်သဖြင့် ဝေကွမ်ကို လှုပ်ခေါ်ခြင်း မပြုရဲပေ။ မျက်လုံးကြီး နှစ်လုံးကလည်း မလှုပ်မရှား စိုက်ကြည့်နေမြဲသည်။

မေလွှမ် သူ၏ လှုပ်ရှားနေသော စိတ်များကို ပြန်လည်စုစည်းလိုက်၏။ ဖြစ်ပေါ်လာမည့် ပြဿနာကို သူမတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျားပွတ်ရှည်ကို လက်ထဲတွင် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ကာ ထိုမျက်လုံးနှစ်စုံကို ပြန်၍ စိုက်ကြည့်လိုက်သည်။

ထိုစဉ်....

‘ရှူး....ရှူး’

မေလွှမ် မလှုပ်။ စူးစူးရဲရဲပင် စိုက်ကြည့်လိုက်၏။ ချုံပုတ်ငယ်မှာ တဖြည်းဖြည်း လှုပ်ရှားသည်။ မျက်လုံးနှစ်လုံးသည်လည်း မောက်ကြွ မြင့်တက်လာလေ၏။

‘ရှူး....’

မြွေကြီးတစ်ကောင်ပင်တည်း။ မေလွှမ်မှာ လိပ်ပြာလွင့်စဉ်သွားလုမတတ် ဖြစ်သွားရ၏။ မြွေကြီးကား ရောနန္တကြီးမားလှချေသည်တကား။ သူ၏ လုံးပတ်မှာ ပေါင်လုံးတစ်လုံးစာခန့်ရှိ၏။ ပါးပျဉ်းကြီး ထောင်လိုက်ရာ စကော တစ်ချပ်လောက် ကြီးမားလျက် လူတစ်ယောက် မတ်တတ်ရပ်နေသည်ကိုပင် အုပ်မိုးသွားနိုင်လေသည်။

မြွေကြီးက ရှေ့သို့ တဖြည်းဖြည်း တိုးလာခဲ့ပြီ။ သူတို့ လာရာလမ်းတစ်လျှောက်တွင် သစ်ပင်ကလေးများ လဲပြိုကျသွား၏။ မည်သည့် အချိန်ကာလကတည်းက ဤနေရာသို့ ရောက်ရှိနေသည်ကို သူတို့ မသိကြ။ ထို့ ထက်ဆိုးသည်မှာ မြွေကြီး ဤမျှ တရှူးရှူး နှာမှုတ်လျက် ရှေ့သို့ တိုးဝင်လာခဲ့သည်ကို ဝေကွမ် မသိခြင်းပေတည်း။

ကျားပွတ်မယ် မေလွှမ် စိတ်လှုပ်ရှားလာ၏။ မြွေကြီးက သူတို့နှင့် ဆယ်ပေခန့်အကွာသို့ ရောက်လာခဲ့ပြီ။ နှာခေါင်းလည်း တရှူးရှူး မှုတ်နေဆဲပင်။ မေလွှမ်သည် ဝေကွမ် ရှေ့မှ ကာ၍ ရပ်လိုက်၏။

မြွေကြီးက ထိုနေရာသို့ တိုးဝင်လာ၏။ ငါးပေခန့်သာ ကွာတော့သည်။ မေလွှမ် ကျားပွတ်ကို ရွှမ်းခနဲ ဝှေ့ယမ်း လိုက်ပြန်သည်။

'ရှူး....'

မြွေကြီးမှာ နှာမှုတ်သံနှင့်အတူ နောက်သို့ အနည်းငယ် ငို့သွားသည်။ သို့သော် ပါးပျဉ်းကြီးကား ပို၍ မောက်ကြွလာခဲ့၏။

'ရွှမ်း....ရွှမ်း'

မေလွှမ်က ကျားပွတ်ကို အဆက်မပြတ် ရိုက်ခတ်နေသည်။ မြွေကြီးက သူ၏ ပါးပျဉ်းကို ဘယ်ညာ ယိမ်းနေ၏။ မေလွှမ် ကျားပွတ်ရိုက်ချက် သူ့ကိုယ်ပေါ်သို့ ကျမလာသေး။ မြွေကြီး



စိတ်မရှည်သလို မေလွှမ်လည်း စိတ်မရှည်တော့။ ကျားပွတ်နှင့် တိုက်ခိုက်နေ၍ ဤဇာတ် ဤတွင် မပြတ်နိုင်ကြောင်း မေလွှမ် တွက်ချက်မိသည်။

☆

## အခန်း (၄၀)

## လှပသော ကယ်တင်ရှင်

ကျာပွတ်ရိုပ်များ အရောအထောင်ဖြစ်နေ၏။ အရှိန်အဟုန် ပြင်းထန်လွန်းသောကြောင့် ကျာပွတ်နှင့်ထိမိသော သစ်ပ သစ်ကိုင်းတို့မှာ တဖြန်းဖြန်း ကျိုးပဲ့ကုန်သည်၊ မြေကြီးကာ နောက်သို့ လျှောခနဲဆုတ်သွား၏။ ထိုအချိန်တွင်မှ မေလွှမ်မှာ ကျာပွတ်ကိုပစ်ချလိုက်ပြီ၊ ဓားရှည်ကိုကျောပြင်ထက်မှ ဆွဲထုတ် လိုက်၏။

'ရှမ်း....'

မြေကြီး နောက်သို့ဆုတ်သွားသည်။ ဆုတ်ပြေးသွားခြင်း မဟုတ်ပါချေ။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်သည် ဆိုသ သို့ မေလွှမ်တို့အားတိုက်ခိုက်ရန် အရှိန်ယူလိုက်ခြင်း ဖြစ်ပါသည်



မေလွှမ် ဓားရှည်ကို ဝှေ့ယမ်းလိုက်သည်။ မြေကြီးကလည်း ရှေ့သို့ တိုးလာပြန်၏။

'ရှမ်း....'

ဓားရှည်က မြေကြီး၏ပါးပျဉ်းနေရာသို့ တိုးဝင်သွား၏။ မြေကြီးပါးပျဉ်းကိုနောက်သို့ဆုတ်လိုက်၏၊ မေလွှမ်၏ဓားချက် မထိပေ။ မေလွှမ် ဆက်တိုက်ဖြန့်သည်။ ဓားချက်ပါးချက်ခန့် ခုတ်မိပြီးမှ သူ့ခေါင်းထဲသို့ အကြံတစ်ခုဝင်လာ၏၊ ဤအတိုင်း ဆက်လက်တိုက်ခိုက်နေပါက မြေကြီးကို ဟန့်တားထားနိုင်ရုံ သာ ရှိမည်၊ မိမိ လက်ပန်းလာခဲ့လျှင် မိမိရော ဝေကွမ်ပါ နှစ်ယောက်စလုံး အသက် ဆုံးရှုံး သွားဖွယ်ရာ ရှိပေသည်။ ဤသည်ကို မေလွှမ်တွေးမိ၏။

ထိုအတွေး တွေးမိသည်နှင့် တစ်ပြိုင်နက်တည်း ကိုယ်ဖော့ ခုန်ပျံလိုက်၏။ သူမကိုယ်လုံးကလေးမှာ လေထဲတွင် လိပ်ပြာ တစ်ကောင်ပမာ ဝဲလွင့်သွားပြီးလျှင် မြေကြီး၏နောက်ဘက်သို့ ရောက်ခဲ့၏။ တစ်ဆက်တည်းမှာပင် မြေကြီးနောက်သို့ ခေါင်း ပလှည့်နိုင်ခင် ခါးလယ်သို့ဓားဖြင့် ခုတ်ပိုင်း ချလိုက်သည်။

'ဒုန်း....'

မေလွှမ်၏ ဓားကိုင်လက်မှာ ထုံကျဉ်သွားမတတ် ခံစား လိုက်ရ၏။ မြေကြီး၏ခန္ဓာကိုယ်ပေါ်သို့ ထိထိမိမိခုတ်ချလိုက်နိုင် ခဲ့ပါသော်လည်း သံမဏိတုံးတစ်တုံးကို ခုတ်သစ် လိုက်ရသလို ဖြစ်ပြီး ဓားသည် အပေါ်သို့ခုန်ကန်တက်လာသည်။

မေလွှမ် မျက်လုံးပြူး သွားသည်။ အထိတ်တလန့်ဖြစ်ကာ နောက်သို့ ခုန်ဆုတ်လိုက်ရ၏။

'ဝုန်း…'

ထိုသို့ခုန်ဆုတ်လိုက်ခြင်းက သူမအတွက် ကံကောင်းခြင်းပေတည်း။ မြွေကြီးမှာသူမ၏ဓားချက် ခုတ်ချပြီးသည်နှင့် တစ်ပြိုင်တည်း အမြီးရှည်ကြီးဖြင့်မေလွှမ်အားရိုက်ချလိုက်ပြီး ဖြစ်နေ၏။ မေလွှမ် ခုန်ဆုတ်ရှောင်လိုက်သဖြင့် သူမအားမထိမိဘဲမြွေကြီးကို ရိုက်မိကာ တစ်တောလုံး သိမ့်သိမ့်တုန်ခါသွားတော့သည်။

ထိုအချိန်အထိဝေကွှမ်တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေဆဲ။ မြွေကြီးကမေလွှမ်ဘက်သို့ခေါင်းလှည့်မလာဘဲရှေ့သို့သာတိုးနေသဖြင့် မေလွှမ်မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။ ဝေကွှမ်ဆီသို့ မြွေကြီးရောက်သွားခဲ့လျှင် မည်သို့ပြုလုပ်ရပါမည်နည်း။

သူမ၏ဓားကလည်းမြွေကြီး၏အသားကိုမထိုးနိုင်။ သည်တိုင်းလွှတ်ပေးလိုက်လျှင်လည်း မြွေကြီး၏ပေါက်ချက်ဖြင့် ဝေကွှမ်တစ်ယောက် အသက်ပျောက်ရပေတော့မည်။

'ရွှမ်း….'

မေလွှမ်သည် စိုးရိမ်စိတ်ဖြင့် မြွေကြီး၏ကျောပြင်ကိုဓားဖြင့် ဝင်ပိုင်းပြန်သည်။

'ဒုန်း…'

စောစောကအတိုင်းပင် ဓားသည် ပြန်ကန်ထွက်လာသည်။ မေလွှမ်လည်း နောက်သို့ခုန်ဆုတ်ရပြန်၏။ မြွေကြီးကအမြီးဖြင့် ရိုက်ပြန်၏။ တောလုံးညံ့မျှ အသံကြီး ထွက်ပေါ်လာပြန်၏။ ယခုအချိန်တွင်မူ မြွေကြီးက ရှေ့ဆက်မတိုးတော့။ ရပ်နေပြီး တရှူးရှူး နှာမှုတ်နေ၏။



မေလွှမ် အနည်းငယ် အားတက်သွား၏။ မြွေကြီး အမြီး ငြိမ်သွားလျှင် ထပ်မံ ခုတ်ထစ်ပြန်၏။ ဤသို့ဖြင့် မေလွှမ်က ဓားဖြင့်ပိုင်းလိုက်၊ မြွေကြီးကအမြီးဖြင့် ရိုက်လိုက် ဖြစ်နေခဲ့ရာ ပတ်ဝန်းကျင်ရှိ သစ်ပင်အားလုံးမှာ တစ်ဝုန်းဝုန်း ကျိုးကျေကုန်၏။ ဝေကွှမ်ကား ထိုင်ရာမှမထသေးပေ။

ဝေကွှမ်စိတ်ထဲတွင် သံသယဝင်လာမိ၏။ ဤမျှတစ်ဝုန်းဝုန်း တစ်ဒိုင်းဒိုင်း ကမ္ဘာပျက်နေသည့်အလား မြည်ဟည်းနေသည့်တိုင် ဝေကွှမ်တစ်ယောက် ထိုင်ရာမှမထဖြစ်နေခြင်းသည် တစ်စုံတစ်ခုများဖြစ်နေ၍လားဟု စိုးရိမ်လာမိသည်။ သို့သော်…ကြာကြာ မစိုးရိမ်နိုင်ချေ။ ဝေကွှမ်ထံသို့ မြွေကြီး ရောက်မသွားစေရန် ဝင်ရောက် ခုတ်ထစ်နေရတော့သည်။

မေလွှမ် မည်မျှရှောင်တိမ်း နိုင်မည်နည်း။ တစ်ကြိမ်တွင်မူ မြွေကြီး၏အမြီးရိုက်ချက် ထိမှန်သွား ရတော့သည်။

'ဝုန်း….'

မေလွှမ်သည် သည်တစ်ချီတွင်ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပေ။ မြွေကြီး၏အမြီးရိုက်ချက်ကို ရှပ်ထိခံလိုက်ရသည်။ လူတစ်ကိုယ်လုံး လေထဲသို့မြောက်တက်သွားပြီး ဆယ်ပေခန့်အကွာသို့ လွင့်စဉ်သွားရ၏။ ထို့နောက်တွင်ကား သူမဘာတစ်ခုမျှ သတိမရတော့။ ဝေကွှမ်ကိုလည်းကောင်း၊ အခြားအခြားသော အရာများကိုလည်းကောင်း၊ အားလုံး မေ့သွားရလေ၏။

မည်မျှကြာအောင်သူမသတိမေ့မျောသွားခဲ့သည်မသိ။ သူမ မျက်လုံး ပြန်ပွင့် လာသောအခါ အရုဏ် တက်နေပြီကို သိလိုက်ရသည်။ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားသည်ကို မစဉ်းစား

နိုင်မီ သူမသည် ဝေကွမ်ကို ရှေးဦးစွာ သတိရလိုက်ပေသည်။ သူမ ကမန်းကတန်းပင် လူးလဲသကာ အော်ဟစ်လိုက်မိ၏။

'အစ်ကို....အစ်ကိုဝေကွမ်'

အော်ရင်း ဟစ်ရင်းမှ ဝေကွမ်ရှိရာဆီသို့ ပြေး၏။ ခြေလှမ်း နှစ်လှမ်း သုံးလှမ်းခန့် လှမ်းလိုက်မိသည်နှင့် တစ်စုံတစ်ရာကို ခလုတ်တိုက်မိကာ လဲကျသွား၏။ ခလုတ်တိုက်မိသည့် အရာကို မကြည့်အားဘဲ သူမသည် ထနိုင်ရန် ပြေးနိုင်ရန် ကြိုးစားပါသည်။

'အစ်ကို....အစ်ကို ဝေကွမ်'

'မအော်နဲ့....သူ့ကိုအနှောင့်အယှက်မပေးနဲ့'

စူးရှကြည်လင်သော စကားသံကြောင့် မေလွှမ်မှာ တအံ့တဩ ဖြစ်ကာ ငိုင်ကြည့်မိ၏။ သူမ ရှေ့တွင် အသက်နှစ်ဆယ်ခန့်ရှိ ချောချောလှလှ အမျိုးသမီးကလေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

မေလွှမ် နားမလည်နိုင်အောင် ဖြစ်သွားသည်။ မိန်းမပျို ကလေးက ဘယ်ကနေ ဘယ်လို ရောက်လာရတာလဲ။ မြွေကြီး ကော။ ပြီးတော့ အစ်ကို ဝေကွမ်။ အမျိုးသမီးလေးကို ပြန် ကြည့်လိုက်၏။

မိန်းမပျိုလေးက အေးဆေးတည်ငြိမ်စွာပင် စတင် စကား ပြောလာလေ၏။

'ဘာမှ မစိုးရိမ်ပါနဲ့၊ ရှင့်အစ်ကို ဝေကွမ် ဘာမှ မဖြစ်ပါ ဘူး'



မေလွှမ်က ဝေကွမ် ရှိနေမည့်နေရာဆီသို့ လှမ်းကြည့်လိုက် ၏။ ဝေကွမ်ကား ထိုင်နေဆဲပင်။ မေလွှမ်ရင်ထဲ အပူလုံး ကျ သွား၏၊ ထိုမိန်းမပျိုလေးကို မော်ကြည့်လိုက်သည်။

'မြွေကြီးကော....မြွေကြီး ဘယ်ရောက်သွားပြီလဲ'

မိန်းမပျိုလေးက မေလွှမ်ကို ပြုံး၍ကြည့်၏။

သူမ၏ ပထမပုံစံအတိုင်း ပင် အေးဆေးစွာပြောသည်။

'မရှိတော့ဘူး၊ မြွေကြီး ထွက်ပြေးသွားပြီ'

'ရှင်'

မေလွှမ်မှာ မယုံကြည်နိုင်အောင်ပင် ဖြစ်သွားသည်။

'ဘယ်လိုကြောင့် မြွေကြီး ထွက်သွားရတာလဲ'

'ကျွန်မ ရောက်လာတော့ မြွေကြီးက ရှင့်ကို အမြီးနဲ့ယမ်း ထုတ်လိုက်ပြီးနေပြီ၊ ကျွန်မသာ နည်းနည်းနောက်ကျသွားရင် ရှင်တို့နှစ်ယောက်စလုံး သေရမှာမလွဲတော့ဘူး၊ ရှင့်ကို အမြီးနဲ့ ယမ်းပြီးတာနဲ့ နောက်ပြန်လှည့်ပြီး ပေါက်သတ် တော့မယ်၊ ကျွန်မရဲ့အဆိပ်အပ်လက်နက်ပုန်းကြောင့် ရန်မမူနိုင်ပဲထွက်သွား ရတာ'

မေလွှမ်မှာ ထိုစကားကြောင့် ပို၍အံ့ဩသွားရပြန်သည်။

'ဟင်....ရှင့်လက်နက်ပုန်းနဲ့ မြွေကြီးကို ပစ်လိုက်တယ် ဟုတ် လား'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'အို....မယုံနိုင်စရာ ကောင်းလို့ပါ၊ အဲဒီမြွေကြီးကို ကျွန်မ ဓားနဲ့ အကြိမ်ကြိမ် ခုတ်ပြီးပြီ၊ သူ့အရေပြားကို တိုးမပေါက် ဘူး၊ ကြက်ပေါင်တုံးတစ်တုံးကို ခုတ်ထစ်နေရသလိုပဲ၊ ဓားသာ

အပေါ်ကို ခုန်ခုန်ပြီး ကန်ထွက်နေတယ်၊ ရှင့်လက်နက်ပုန်းက သူ့အရေခွံကို ဘယ်လိုလုပ် ထိုးဖောက်နိုင်မှာလဲ'

မိန်းမပျိုလေး၏ မျက်နှာပေါ်၌ အပြုံးကလေး ပေါ်လာပြန်၏။ သူမ အပြုံးက နှစ်လိုချစ်ခင်စဖွယ် ကောင်းလှသည်။ သို့ပြုံးလိုက်ပါမှ သူမ၏အလှများက ပို၍ပင်တောက်ပသွားသည်ဟု မေလွှမ် ထင်လိုက်မိသည်။

'ဟုတ်ပါတယ်၊ ရှင်ပြောတာ မှန်ပါတယ်၊ ဒီ မြွေကြီးက သက်တမ်း၊ အင်မတန်ရှည်တဲ့ မြွေကြီးပါ၊ သူ့အရေခွံက ဓား၊ လှံ လက်နက် တိုးမပေါက်နိုင်ဘူး၊ ဒါပေမယ့် သူ့မှာ အားနည်းချက်တစ်ခုရှိတယ်။ ဓား လှံ လက်နက် မပြောနဲ့၊ သစ်စကလေး တစ်စ ထိမှန်တာတောင်မှ မခံမရပ်နိုင်အောင် နာကျင်သွားမယ့် နေရာတစ်နေရာ ရှိသေးတယ်'

'ဟင်....ဟုတ်ရဲ့လား၊ ဘယ်နေရာပါလိမ့်'

'အဲဒီနေရာက ပေါ်ထွက်လာခဲ့တယ်၊ ရှင် သူ့ဆီက ဘယ်လိုမှ ရှာလို့ ရှာတွေ့ ...... ရှာလို့ ရှတ်တရက် တွေ့နိုင်မှာမဟုတ်ဘူး၊ သူ သိပ် ဒေါသထွက်လာပြီး၊ ပါးပျဉ်း ထောင်လာမယ်၊ ပေါက်သတ်ဖို့ ကြိုးစားလိမ့်မယ်၊ အဲဒီအခါကျမှ ပါးပျဉ်းခွက်ရဲ့ အောက်အနားသုံးလက်မလောက်မှာ အသားနုကလေး တစ်ကွက် ပေါ်လာတတ်တယ်၊ အဲဒီအသားနုဟာ သူ့အသက်အတွက် အန္တရာယ်အပေးဆုံးပဲ၊ ဒါကြောင့်လဲ ရန်သူကို တိုက်ခိုက်ရင်တောင်မှ အထူးသတိထားတယ်၊ နောက်ဆုံးအခြေအနေကျမှသာ ထုတ်ဖော်တတ်တယ်၊ ရှင် သတိမေ့လဲနေတုန်း သူ ပေါက်သတ်မယ် အလုပ် ကျွန်မလက်နက်ပုန်းနဲ့ အဲဒီကို ပစ်လိုက်တာပဲ'



မေလွှမ် မျက်မှောင်ကလေး ကြုတ်လိုက်မိပြီးလျှင်....

'မြွေကြီးက သေမသွားဘူးလား'

'ဟင့်အင်း....တကယ် ဆိုရင်တော့ သေသွားလောက်တာပေါ့၊ ကျွန်မ ကလဲ ရှင့်ကို ပေါက်လုနီးပြီ ဆိုတော့ စိတ်နည်းနည်း လှုပ်ရှားသွားတယ်၊ ဒါကြောင့် လက်မှန်းက တိတိကျကျဖြစ်မလာတော့ပဲ နည်းနည်းလေး တိမ်းချော် သွားခဲ့ရတယ်၊ ပြီးတော့ ကျွန်မရဲ့ အဆိပ်အပ်လက်နက်ပုန်းက အခု ချက်ချင်းထိတာနဲ့ အဆိပ်တက်ပြီး သေတတ်တာမျိုးမဟုတ်ဘူး၊ ဆေးအစွမ်းပြပြီး လနဲ့ချီကြာမှ သေတတ်တာ'

'ဒါဆိုရင် မြွေကြီး ရန်က အေးသွားပြီပေါ့'

'အေးသွားပြီလို့ ပြောရမှာပေါ့၊ လက်နက်ပုန်း ထိတာနဲ့ သူ့ပါးပျဉ်းကို ပြန်ရုပ်သိမ်းပြီး ထွက်ပြေးသွားတော့တာပါပဲ၊ သူ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ရှင် သတိရလာခဲ့တာပဲ'

မေလွှမ်မှာ မိန်းမပျိုလေး ရှင်းပြမှပင် အကြောင်းစုံကို သိရှိ သဘောပေါက်သွားရတော့သည်။

## အခန်း (၃၂)

## အတွေးဝင်ပါ

မေလွမ်းသည် ဝေကျွမ်းကို ကြည့်လိုက်သည်။ ကျောက်ရုပ် ဖြစ်နေသည့်အလား ငြိမ်သက်နေသည်။ မိုးသောက်အလင်းရောင် ထောက်လာသည့်တိုင် ဝေကျွမ်းသည် ထိုင်ရာမှ မထသေးချေ။ ဝေကျွမ်း၏ ရင်ဘတ်မှာ ဖားဖိုအလား နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

မေလွမ်း မျက်မှောင်ကလေး ကြုတ်မိ၏။

'နေပါဦး၊ ဒီလောက် ဆူဆူညံညံတွေ ဖြစ်နေတာကိုတောင် မသိရအောင် သူ့ကျင့်စဉ်က ဘယ်လောက်များ ကောင်းနေလို့လဲ၊ ဘာကျင့်စဉ်များလဲ၊ ရှင် မသိဘူးလား'

အမျိုးသမီးလေးက ပြုံးလိုက်၏။



'ကျွန်မလဲ အတိအကျတော့ ဘယ်သိပါ့မလဲ၊ ဒီလို တင်ပျဉ်ခွေ ထိုင်တယ်၊ ရှူရှိုက် လုပ်တယ်၊ အာရုံကို စုစည်းထားတယ် ဆိုကတည်းက အတွင်းအားကျင့်စဉ် လေ့ကျင့်နေတယ်ဆိုတာ သိသာနိုင်တာပေါ့'

'ဟုတ်ပါပြီလေ၊ အတွင်းအား လေ့ကျင့်စဉ် လုပ်နေတယ် ဆိုတာတော့ ကျွန်မလဲ သိပါတယ်၊ ဘယ်လို လေ့ကျင့်စဉ်လဲ ဆိုတာကိုသာ သိချင်တာပါ'

မိန်းမပျိုလေး တခဏမျှ ငိုင်တွေသွား၏။ နဖူးကြောကလေး များပင် ယောင်ယောင်ကလေး ရှုံ့တွလာသည်ဟု ထင်မိ၏။ ထိုနဖူးကြောကလေး ရှုံ့တွလာမှပင် သူမ၏ အလှက ပို၍ ပေါ်လွင် ထင်ရှားလာသည်ဟု မေလွမ်း ထင်မိသည်။

'အင်း....ပြောရတော့ ခက်သားပဲ၊ သာမန် အတွင်းအား လေ့ကျင့်စဉ် နည်းလမ်းတွေကိုကပဲ များလွန်းနေတော့ သူ့ကျင့်စဉ်ကို ခန့်မှန်းရ ခက်ပါတယ်'

'သူ့ကျင့်စဉ်က အဆင့်မြင့်တဲ့ လေ့ကျင့်စဉ် ဖြစ်မယ်ဆိုတာတော့ သေချာပါတယ်၊ တကယ်လို့သာ သူ့လေ့ကျင့်စဉ် မပြီးဆုံးခင်မှာ အနှောင့်အယှက် ပေးလိုက်မိရင် သူ အတွင်း ဒဏ် ကောင်းကောင်းကြီးရသွားနိုင်တယ်၊ နောက်ဆုံး သိုင်းပညာတွေ အားလုံး ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့်မို့လို့ ရှင့်ကို သူ့ရဲ့ စုစည်းထားတဲ့ အာရုံကလေး ပျက်ပြားမသွားရအောင် အနှောင့်အယှက် မပေးဖို့ ပြောရတာပေါ့'

မေလွှမ် တအံ့တဩ နားထောင်နေရတော့သည်။ ထို့နောက် မိန်းမပျိုလေးအား ဦးညွှတ် အရိုအသေ ပေးလိုက်ပြီးလျှင် ကျေးဇူးတင်စကား ပြောမိသည်။

'ကျွန်မရဲ့ အသက်ဟာ ရှင်ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ အခုလို ကူညီတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်'

မိန်းမပျိုကလေးက ပျာပျာသလဲ အမူအရာဖြင့်....

'အို....ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်၊ ကျွန်မတို့ဟာ အမျိုးသားချင်းတွေပဲ၊ လူသားတစ်ယောက်ရဲ့ အသက်ကို လူသားတစ်ယောက်က ကယ်တင်ရမယ့် တာဝန်ဝတ္တရား ရှိပါတယ်၊ ဒီလောက် အကူအညီကလေးကို ကျေးဇူးတင်စရာ မလိုပါဘူးရှင်'

သူမ ငြင်းဆန်သည့်တိုင် မေလွှမ် ကျေးဇူးစကား ဆိုမြဲ ဦးညွှတ်မြဲ ပြုနေသေးသည်။ ထို့နောက် မိန်းမပျိုလေးကို အတန်ကြာပင် ငေးစိုက်ကြည့်နေမိ၏။ စင်းဖြောင့်သော နှာတံ ညွတ်ကော့သော မျက်ခုံး၊ ကြည်လင်တောက်ပသော မျက်ဝန်း၊ ကော့ညွှတ်ပြေပြစ်သော နှုတ်ခမ်းတို့ဖြင့် မိန်းမပျိုကလေးမှာ လှချင်တိုင်း လှနေသည်။ •

သူမသည် ငယ်ရွယ်ပျိုမျစ်သည်နှင့်အမျှ သိုင်းပညာကိုလည်း အဆင့်မြင့်မြင့် တတ်ကျွမ်းထားလိမ့်မည်ဟု မေလွှမ် ခန့်မှန်းသည်။

အသက်က မိမိယက် သုံးနှစ်ခန့် ငယ်လိမ့်ဦးမည်။ သို့သော်တည်ငြိမ်အေးဆေးမှုက အသက်အရွယ်နှင့် မမျှအောင်ပင်



ရှိနေ၏။ အတွေ့အကြုံ ဗဟုသုတလည်း များပြားပုံရ၏။ မေလွှမ် စိတ်ထဲတွင် ထိုမိန်းမပျိုလေးကို မြင်ရုံနှင့်ပင် ချစ်ခင်သွားမိသည်။

'ကိုယ့်အသက်ကို ကျေးဇူးရှိထားတဲ့ သူဆိုတော့ ကျွန်မ အခုနန်း ရှင့်နာမည်ကို သိပါရစေလား၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လိုအပ်လာခဲ့ရင် ကျွန်မ အသက်နဲ့လဲပြီး ရှင့်ကျေးဇူးကို ပြန်လည်တုံ့ပြန်ပါ့မယ်လို့ ကတိပေးပါတယ်'

'ခစ် ... ခစ် ... ခစ်'

မိန်းမပျိုလေးက ကြည်ကြည်နူးနူးပင် တခစ်ခစ် ရယ်၏။ ထို့နောက် မေလွှမ်ကို တည်တည်ကြီး ကြည့်လျက်....

'နာမည်ဆိုတာ ပညတ်ချက်တွေပဲ ရှင်၊ ကျွန်မက အညာတရ တစ်ယောက်ပါ၊ ကျွန်မ နာမည်ကို မသိချင်ပါနဲ့'

'အို....အညာတရ တစ်ယောက်ရဲ့ အရည်အချင်းက ဒီလောက်အထိ မရှိနိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒီလောက်လဲ ကိုယ့်ကိုယ်ကို နှိမ့်ချမပြောပါနဲ့၊ ကိုယ့်ကျေးဇူးရှင် တစ်ယောက်ရဲ့ နာမည်ကိုမှ မသိရဘူးဆိုရင် မကောင်းလွန်းလို့ ကျေးဇူးမဲ့ရာ ကျလွန်းလို့ပါ'

မိန်းမပျိုလေးသည် အဝေးသို့ ငေးကြည့်နေ၏။ ချက်ချင်း စကားပြန်မပေးပေ။ မေလွှမ်ကသာ နားစိုက်ထောင်ရသည်။ မိန်းမပျိုလေးသည် အတန်ကြာမှ သက်ပြင်းချလိုက်ပြီး....

'ရှင် ဒီလောက် သိချင်နေမှတော့ ကျွန်မပြောရတော့မှာပေါ့၊ ကျွန်မ နာမည် ရှပ်....'

စကားကို တစ်ဝက်တစ်ပျက်မှာပင် ရပ်နားထားလိုက်၏။ တင်ပျဉ်ခွေ အထိုင်မပျက် ရှိနေသည့် ဝေကွမ်ကို ရုတ်တရက် ကြည့်လိုက်သည်။ ထို့နောက် စကားကို တစ်ခွန်းချင်း ပြောချလိုက်တော့သည်။

'ကျွန်မ နာမည်က ရှုမိန်းလို့ ခေါ်ပါတယ်'

မေလွှမ် ပထမ မျက်မှောင်ကြုတ်နေမိ၏။ သူမ၏နာမည်ကို ထုတ်ဖော် ပြောရမည်ကို ဝန်လေးနေခြင်း၊ 'ရှပ်' ဟု ရုတ်တရက် ပြောလိုက်ပြီးမှ စကားကို ရပ်နားထားလိုက်ခြင်း၊ တစ်ဖန် ထိုအစနာမည် 'ရှပ်' မပါဘဲ ရှုမိန်းဟု ပြတ်တောက်တောက် ပြောလိုက်ခြင်းတို့ကြောင့် စိတ်ထဲတွင် အနည်းငယ် သံသယဝင်သွားမိသည်။

သို့သော်... တစ်ခဏချင်းမှာပင် သူ့မျက်နှာ အမူအရာကို အချိုသာဆုံး ထားလိုက်ပြီးလျှင်...

'ဝမ်းသာပါတယ်ရှင်၊ ကျွန်မကတော့ မေလွှမ်ပါ'

မိန်းမပျိုလေးက အသိအမှတ် ပြုသည့်အလား ခေါင်းညိတ် ပြလိုက်၏။ ထို့နောက် မည်သို့မျှ အစမပျိုး နိဒါန်းမဆင်တော့ဘဲ နှုတ်ဆက်စကား ဆိုလိုက်တော့သည်။

'ကျေးဇူးတင်ပါတယ်၊ မမ မေလွှမ်၊ ကျွန်မကို သွားခွင့်ပြုပါဦး'

ပြောပြီးသည်နှင့် လူက ချာခနဲ လှည့်ထွက် သွားတော့သည်။ မေလွှမ်မှာ ပါးစပ် အဟောင်းသားဖြင့် ငေးမော ကျန်ရစ်တော့သည်။ မိန်းမပျိုလေး ရှုမိန်းကား နောက်သို့ လှည့်ကြည့်ခြင်း မပြုတော့ပေ။ သူမ၏ နောက်တွင် မေလွှမ်



တစ်ယောက် ကျောက်ရုပ်သဖွယ် ငေးရပ် ကျန်ရစ် ခဲ့သည်ကို ဂရုမထား၊ သက်ရှိ လူသားနှစ်ယောက် သူမ၏ နောက်တွင် ရှိနေပါသေးကလား ဟူသော အသိပင် မရှိတော့လောက် အောင်ပင် ခပ်သွက်သွက် ထွက်ခွာ သွားလေတော့သည်။

နေရောင်က အတော်ကြီးပင် မြင့်တက် လင်းထိန်လာခဲ့လေပြီ။ လူသွားလမ်းဟု ထီးထီးမားမား မရှိသောကြောင့် ဘောတိရစ္ဆာန်တို့၏ မြည်ကျူးသံများမှတစ်ပါး တိတ်ဆိတ် ငြိမ်သက် လွန်းလှပေသည်။

ရှုမိန်း ထွက်သွားပြီး မကြာခင်မှာပင်

'ဟင်း'

သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သံကြောင့် မေလွှမ် ဆတ်ခနဲတွန့်သတိဝင်လာ၏။ အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ ဝေကွမ်ထံမှ အသံ ထွက်ပေါ် လာခြင်း ဖြစ်ကြောင်း သိလိုက် ရ၏။ ဝေကွမ် ၏ မျက် လုံး များ တဖြည်းဖြည်း ပွင့်လာနေပေပြီ။ ကျင့်စဉ်ပြီးဆုံးသွားပြီဖြစ်၍ ဝေကွမ်မျက်နှာမှာ ကြည်လင်နေသည်။

ဝေကွမ် မျက်လုံး ဖွင့်ကြည့်လိုက်သည်နှင့် ကျာပွတ်မယ် မေလွှမ်ကို တွေ့လိုက်ရ၏။ တင်ပျဉ်ခွေထိုင်နေရာမှ မတ်တတ် ထရပ်လိုက်ပြီး

'စောင့်နေရတာကြာလို့ စိတ်ပျက်နေပြီလားဟင်၊ ညီမ ကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ၊ ဘာများ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ တွေ့နေရလို့လဲ'

မေလှမ်းသည် ဝေကျွမ်၏ မျက်နှာကိုသာ ငေးနေမိသည်။ ချက်ချင်း စကားမပြောနိုင်ပေ။

'ဘာယ်လိုလဲ၊ အစ်ကို မေးတာကို ဖြေပါဦး၊ ညီမ ဘာဖြစ်နေသလဲ'

'အစ်ကို ဘာမှမသိဘူးနော်'

ဝေကျွမ် ခေါင်းခါပြလိုက်၏။ ဤအနီးအနား ပတ်ဝန်းကျင်တွင် သူ အတွင်းအား လေ့ကျင့်နေခိုက် မည်သည့် ပြဿနာများ ဖြစ်ပေါ်ခဲ့လေသနည်း။

'ဒီနေရာမှာ ကြီးမားတဲ့ တိုက်ပွဲကြီးတစ်ခု ဖြစ်ခဲ့တယ်၊ ဒါကို အစ်ကို ဘာမှ မသိဘူး'

'ဟင့်အင်း၊ အစ်ကိုလဲ လေ့ကျင့်ခန်းထဲမှာ နစ်မျောနေလို့ ဘာဆိုဘာမှ မသိလိုက်ရပါဘူးကွယ်'

ကျောပွတ်မယ်မေလှမ်းက မျက်စောင်းလေး ထိုးလိုက်သည်။

'အစ်ကိုက ဘာ ကျင့်စဉ်ကျင့်နေလို့ ဒီလောက်တောင် ပတ်ဝန်းကျင်ကို မသိဖြစ်ရတာလဲ'

'ပထမတော့ အစ်ကိုလဲ ရိုးရိုးသွေးလည်ပတ်မှု ကျင့်စဉ်ကို ကျင့်နေလိုက်တာပဲ၊ သွေးလည်ပတ်နှုန်း တစ်ပတ်လဲ ပြည့်ပြီးရော အာရုံတွေက တစ်နေရာတည်းကို စူးစိုက် ရောက်ရှိသွားတယ်၊ ဟင်းလင်းပြင်ကြီးထဲမှာ လွင့်မျော နေသလို ခံစားလာရတယ်၊ ရင်ထဲက လုပ်ဟာတုန်ယင်မှုတွေ ပျောက်ဆုံးကုန်တယ်၊ ငြိမ်းချမ်းခြင်းရဲ့ အရသာဟာ ဒါပဲလားတော့ မသိဘူး၊ သောကတွေ၊ ဒေါသတွေ မောဟတွေ အားလုံး ဘာမှ မရှိတော့ လောက်အောင် ပျောက်ဆုံး ကုန်တယ်၊



ရင်ထဲမှာလဲ အားသစ်အင်သစ်တွေ တိုးဝင်လာသလိုပဲ၊ လူဟာ အသစ်မွေးလာသလို ခံစားလာရတယ်၊ ဘာဆို ဘာကိုမှ သတိမရတော့ပါဘူး၊ ဟာကယ်လို့သာ အဲဒီတုန်းက အစ်ကို့ အနားမှာ တောင်ကြီး၊ တက်ခုလုံး ပြိုလဲ ကျလာရင်တောင်မှ သိမှာ မဟုတ်တော့လောက်အောင် လက်ရှိ ပတ်ဝန်းကျင်ကို အာရုံထဲက မေ့ပျောက်နေခဲ့တယ်၊ ဒါကြောင့် အစ်ကိုဘာဆို ဘာမှ မသိတာလို့ ပြောရတာပေါ့'

မေလှမ်း ယုံပါသည်။ စောစောက မြေကြီးနှင့် တဝုန်းဝုန်း တိုက်ခိုက်နေသည်ကိုပင် ဝေကျွမ် မသိဘဲ ဖြစ်နေခဲ့သည် မဟုတ်ပါလော။

'ပြောစမ်းပါဦး၊ စောစောက ဘာတွေများ ဖြစ်ခဲ့လို့လဲ ညီမရဲ့'

မေလှမ်းက ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြန်လည် ပြောပြ၏။ ရှုပိန်းက သူမ၏ နာမည်ကို 'ရှုပ်'ဟု ဆိုပြီးကာမှ ရှုပိန်းဟု ပြန်လည် ပြောဆိုပုံတို့ကိုပါမကျန် ပြောပြလိုက်၏။

ဝေကျွမ် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွား၏၊ မေလှမ်းကို ဖျတ်ခနဲ ကြည့်ကာ

'အဲဒီပိန်းကလေးက ရှုပိန်းတဲ့လား၊ ညီမနဲ့ရွယ်တူလောက်ပဲ ရှိတယ်လား'

'ဟုတ်တယ် အစ်ကို၊ သူ့ကို ကြည့်ရတာ သိုင်းပညာမှာ အတော်ကလေး ထူးချွန်ထက်မြက်ပြီး အတွေ့အကြုံ ဗဟုသုတလဲ နှံ့စပ်မယ့် ရတယ်၊ ကျွန်မ စိတ်ထဲမှာ မသက်သာချင်ဘူး'

'ညီမက ဘာယ်လို မသက်သာချင်ရတာလဲ'

မေလွှမ်က ဝေကွမ်၏ မျက်လုံးနှစ်စုံကို ဖျတ်ခနဲ ကြည့်လိုက်၏။ သူမ၏ အကြည့်ထဲတွင် ဝေကွမ်အား နှမြောတသခြင်းများ၊ စွဲလမ်းတပ်မက်ခြင်းများ အပြည့်အဝ ပါဝင်နေပေသည်။ ခဏကြာမှ သက်ပြင်းကို မသိမသာလေး ချလိုက်ပြီး

'သူ့နာမည်ကိုမေးတော့ ချစ် ဆိုတဲ့ စကားကို အလျင်ဦးဆုံး ထုတ်ပြောတယ် မဟုတ်လား၊ သူ့ကိုယ် သူ ချစ်ဆိုးမလို့ ပြောချင်ပုံရတယ်၊ ညီမတော့ အစ်ကို ပြောဖူးတဲ့ ချစ်ဆိုးမ ဆိုတာများ ဖြစ်နေလေမလားပဲ'

ဝေကွမ် မျက်မှောင်ကြီး ကြုတ်သွားပါ၏။

'ချစ်ဆိုးမ... ဟုတ်လား'

ဝေကွမ် ဒါပဲ ပြောနိုင်သည်။ သူ့ခေါင်းထဲသို့ တွေးစရာများ ရောက်ရှိလာခဲ့လေပြီ။

☆

အခန်း (၄၃)

## အချစ်၊ အနှစ်၊ မေတ္တာ

မေလွှမ် ရင်ထဲတွင် တဖျပ်ဖျပ် တုန်ခုန်နေ၏။ ဝေကွမ်၏ ငူငိုင်နေမှုကို သူမ စိတ်ထဲတွင် သဘောမတွေ့ဘဲ ဖြစ်နေသည်။ ရှုဖိန်းအပေါ်တွင် စွဲလမ်း ချစ်ခင်နေမိလေသလား။ မိမိအပေါ် တကယ်တမ်း သံယောဇဉ်ထား ချစ်ခင်မှု မရှိဘဲ ကျေနပ်လောက်အောင် ဟန်ဆောင် နှစ်သိမ့်နေလေသလား ဟူသော အတွေးများလည်း ခေါင်းထဲ ဝင်လာတော့သည်။

သူမသည် ရှုဖိန်းနှင့် သူမကိုယ်ကို ချိန်ဆကြည့်မိ၏။

အလှအရာတွင် ယှဉ်မလား။

နုနယ်ပျိုမျစ်ခြင်း အရာတွင် ယှဉ်မလား။

သိုင်းပညာ အတွေ့အကြုံနှင့် ဗဟုသုတတို့ကို ယှဉ်မလား။

မည်သို့ပင် ယှဉ်လိုက် ယှဉ်လိုက် သူမသည် ရှုပ်နီးထက် တစ်ဆင့်နိမ့်သလို ဖြစ်နေသည်။ ယောကျ်ားဆိုသော သတ္တဝါများသည် လက်သားရာသို့ အလွယ်လိုက်တတ်ကြသည်။ မေတ္တာတရား အတိမ်အနက်ထက် အပြင်ပန်း သာလွန်မှုတို့ကို ချိန်စက်တတ်ကြသည်။ ဝေကွမ် သည်လည်း ပုထုဇဉ် ယောကျ်ားတစ်ယောက်ပင်ဖြစ်၍ ရှုပ်နီးဘက်သို့ ပါမသွားနိုင်ဟု အတပ်မပြောနိုင်ပေ။

မေလွမ်မှာ အချစ်ကြီးသောကြောင့် ဝန်တိုမှုကလေးများ ရင်ထဲတွင် ဖြစ်ပေါ်လာရသည်။ သို့သော် ထိုဝန်တိုမှုက ဝေကွမ်ပေါ် ချစ်ခင်ကြင်နာမှုကို မဖျက်ဆီးနိုင်ပေ။ ဝေကွမ်၏ စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်မည်ကို သူမ မကြည့်ရက်မရှုရက်ပေ။

ထို့ကြောင့် မျက်နှာပြင်ပေါ်တွင် မကျေနပ်စိတ်များ၊ ဝန်တိုစိတ်များ မပေါ်မထင်လာအောင် ချုပ်ထိန်း ဖုံးကွယ်ထားလိုက်ရတော့သည်။

'ဟုတ်တယ် အစ်ကို၊ ကျွန်မတော့ သူ့ကို ရုပ်ဆိုးမလို့ ထင်တာပဲ'

ဝေကွမ် ဆတ်ခနဲ တွန့်သွားရပြန်၏။ ရုပ်ဆိုးမနှင့် ပတ်သက်လာလျှင် အဘယ်ကြောင့် သူ့စိတ်ခေတ်များ မခိုင်မတ်နိုင်ဘဲ တုန်လှုပ်သွားရသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေရပေသည်။ မေလွမ်ရှေ့တွင် ဤမျှအထိ ဂုဏ်ခြေပျက်သွားရမည်လားဟု ကိုယ့်ကိုယ်ကို ကျိတ်၍ အပြစ်တင်မိလိုက်၏။



'ညီမ သူ့ကို အသေအချာ အကဲခတ်ကြည့်မိလား'

'စဉ်းစား ကြည့်ပေါ့ အစ်ကိုရယ်၊ ကိုယ့်အသက်သခင် ကျေးဇူးရှင် တစ်ယောက်ရဲ့ ရုပ်ဆင်းရူပကာကိုတော့ မှတ်မိအောင် အသည်းထဲမှာ စွဲသွားအောင် ကြည့်ထားလိုက်တာပေါ့၊ ဒါပေမယ့် သူနဲ့ ကျွန်မ သိပ်ပြီးတော့ စကားမပြောလိုက်ရပါဘူး။ အစ်ကို ကျင့်စဉ်ကျင့်ပြီးလို့ သတိရလာခါနီးမှာပဲ ကောက်ကာ ငင်ကာ ထွက်သွားတော့တာပဲ'

ဝေကွမ်က တွေးတွေးဆဆလုပ်နေပြီးမှ ညည်းညည်းညူညူလေး ရေရွတ်လိုက်မိသည်။

'အင်း....ကံဆိုးရှာပါတယ်လေ'

'ရှင်....'

မေလွမ် အာမေဍိတ်သံကလေး ထွက်သွားမိသည်။ ဝေကွမ်ကို အကဲခတ်သလို ကြည့်လိုက်သည်။

'ဩော်....အစ်ကိုရယ်၊ ရှုပ်နီးကိုမတွေ့လိုက်ရတာနဲ့ပဲအစ်ကိုက ကံဆိုးတဲ့လူတစ်ယောက် ဖြစ်သွားရောတဲ့လား'

ဝေကွမ် နှုတ်မှထုတ်ပြောသည့်စကား မဟုတ်ပါ။ ရင်ထဲမှ ထွက်လာသည့်စကားပင် ဖြစ်ပါသည်။ သူမ ဘာကြောင့် ထုတ်ပြောလိုက်သည့်စကားမှာ....

'ဘယ်လိုကံဆိုး တာလဲ အစ်ကို'

'ဩော်....အဲဒီမိန်းကလေးကို ပြောတာပါကွယ်၊ သူ့ဘဝလေးက ကံဆိုးရှာတယ်၊ အကျိုးပေးမကောင်းလို့ သနားစရာကောင်းလှပါတယ်ကွယ်'

'ရှင်'

မေလွှမ်ထံမှ အာမေဍိတ်သံ ထွက်သွားရပြန်၏။

ဝေကွမ်ကို ပြူးကျယ်ဝိုင်းစက်သော မျက်လုံး မျှားဖြင့် ကြည့်မိသည်။

'ဘယ်လိုအစ်ကို— ဘယ်လို ပြောလိုက်တယ်၊ သူ့ဘဝက အကျိုးပေး မကောင်းလို့ သနားစရာကောင်းတယ်၊ ဟုတ်လား အစ်ကို'

'ဟုတ်တယ်ညီမရဲ့၊ သူ့ခမျာ သနားစရာလေး ပါကွယ်'

'ခစ်....ခစ်....ခစ်'

မေလွှမ် လှိုက်လှိုက်လှဲလှဲပင် ရယ်မောလိုက်၏။ သူမ၏ ရယ်သံက မိန်းကလေးတစ်ယောက် ရယ်သံနှင့်မတူ။ ထိုရယ်သံတွင် နာကျည်းကြေကွဲခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ အားငယ် စက်ဆုပ်ခြင်းဟူသော ခံစားချက်အမျိုးမျိုးတို့ ရောထွေးပါဝင် နေ၏။ ဝေကွမ်သည်ပင် ထိုရယ်မောသံကြောင့် မေလွှမ်ကို စေးကြောင်ကြည့်မိလေသည်။

'အဟင်း....ဟင်း....ဟင်း... သနားစရာ ကောင်းလိုက်တာ ကံဆိုးရှာ လိုက်တာ၊ အစ်ကို ရှုမိန်းကို ဒီလောက်တောင်ပဲ သနားနေသလား၊ ဒီလောက်တောင်ပဲ သံယောဇဉ် ကြီးနေ သလား၊ ပြောစမ်းပါအစ်ကို၊ ပြောလိုက်စမ်းပါ၊ အစ်ကိုရှုမိန်း ကို ကျွန်မထက်ပိုပြီး—'

'အို... ညီမ ဘာတွေပြောနေတာလဲ၊ စကားတွေကို မဆင် မခြင် မပြောနဲ့လေ၊ အစ်ကိုက အမှန်အတိုင်း ပြောနေတာပဲ၊ သူ့ဘဝ ရေးရေစက်ကလေးက မကောင်းရှာဘူး၊ အကျိုးပေး



ကလေး နည်းလို့ သနားစရာကောင်းတယ် ပြောတာပဲ၊ ဒါကို ဘာကြောင့် ညီမ မဟုတ်တယုတ်တွေ စွပ်စွဲနေရတာလဲ'

'ဪ....ဘဝပေးကုသိုလ် မကောင်းဘူးတဲ့လား၊ အဲဒီဘဝ ပေး ကုသိုလ်က ဘာလဲအစ်ကို၊ သူနဲ့အစ်ကို အတွေ့ နောက်ကျ တာလား၊ ကျွန်မနဲ့ အရင်မတွေ့သင့်ဘဲ သူနဲ့အစ်ကို အချစ် သံယောဇဉ် ဖြစ်သင့်တာလား၊ ကျွန်မကိုပြောစမ်းပါဦး'

'ဟာ....ဘာတွေလျှောက်ပြောနေတာလဲ၊ အစ်ကိုက ရိုးရိုး သားသားပါ၊ သူ့ရုပ်လက္ခဏာ ချို့တဲ့တာကိုပြောတာ၊ မဆီ မဆိုင်တွေကွာ'

'ဒီလောက် ဖူးဥနေတဲ့ ကြွေရုပ်ကလေးလို၊ ယမင်းသူငှာ လေးလို လှနေတဲ့ မိန်းကလေးတစ်ယောက်က ရုပ်လက္ခဏာ ချို့တဲ့နေရဦးမှာလား၊ ဒီမှာအစ်ကို၊ ကျွန်မမျက်စိဟာ ဒီလောက် အထိတော့ မမှုန်မမွဲသေးပါဘူး၊ ရှုမိန်းဟာလှတယ်၊ ကျွန်မ ထက်....အို....တရုတ်ပြည်တစ်ပြည်လုံး သူ့အလှကို မီးယှဉ်လူတောင် ရှိမယ်မထင်ဘူး၊ ဒါကိုသနားတယ်ဆိုရင် ကျွန်မထင်တာကလွဲလို့ တာတွေများ ဖြစ်လာရဦးမှာလဲ၊ ပြောစမ်းပါဦး'

ဝေကွမ် ပါးစပ်အဟောင်းသားဖြစ်သွား၏။ မျက်လုံးများ ပြူးကျယ် ဝိုင်းစက်လာ၏။ မေလွှမ်ကို ဘာပြန်ပြောရမှန်းမသိ အောင်ပင် တအံ့မျှ ငိုင်သွား၏။ သူ့ခေါင်းထဲတွင်လည်း အမျိုးမျိုးသော အတွေးအမျှင်တို့ ကူးဝင်ရောက်ရှိလာခဲ့သည်။

သည့်နောက်....

'ညီမပြောသလိုဆိုရင်တော့ အဲဒီမိန်းကလေး ရှုမိန်းဟာ ရုပ်ဆိုးမ မဖြစ်နိုင်ဘူး

'ဟင်—အစ်ကိုက ဘာလို့ ဒီလိုပြောနိုင်ရတာလဲ'

ဝေကွမ် ခေါင်းကို ညင်ညင်သာသာ ခါယမ်းပြလိုက်ပြီး....

'ရုပ်ဆိုးမဆိုတာ နာမည်နဲ့ လိုက်အောင် ရုပ်ဆိုးနေလို့ပဲ ညီမ'

'ဒါဖြင့် ရှုဖိန်းကဘာဖြစ်လို့ သူ့ကိုယ်သူ ရုပ်ဆိုတဲ့စကားကို အရင် စပြောသလဲ၊ အစ်ကို့ကို ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ ဘာကြောင့် စကားလမ်းကြောင်းပြောင်းပြီး ရှုဖိန်းလို့ ပြောရတာလဲ'

'အဲဒါတော့ အစ်ကိုမပြောတတ်ဘူး၊ သူ့မှာ လျှို့ဝှက်ရေးအကြောင်း တစ်စုံတစ်ရာရှိလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့'

မေလွမ် မျက်မှောင်ကလေးကြုတ်လိုက်ပြီး....

'အစ်ကို အဲဒီရုပ်ဆိုးမကို သေသေချာချာ ကြည့်ခဲ့လို့လား၊ ကွဲကောကွဲပြားလို့လား'

'သိပ်သေချာတာပေါ့ ညီမရယ်၊ သူ့ကိုတွေ့ရတဲ့ အချိန်က ဟောဒီလို မနက်ခင်းအလင်းရောင်ထဲမှာ တွေ့ရတာပဲ၊ ညီမက တရုတ်ပြည်တစ်ပြည်လုံးမှာ အလှဆုံးမိန်းကလေးကိုတွေ့ခဲ့တယ်၊ အစ်ကိုက တရုတ်ပြည်တစ်ပြည်လုံးမှာ အရုပ်ဆိုးဆုံးမိန်းကလေးကို တွေ့ခဲ့ရတယ်'

မေလွမ် ငိုင်သွားရလေပြီ၊ ဝေကွမ်ကမူ ပေါ့ပေါ့ဆဆပင် သဘောထားလိုက်၏။ မေလွမ်ပြောသလို လွန်စွာချောမောသော မိန်းကလေးဆိုလျှင် မည်သည့်နည်းနှင့်မျှ သူ တွေ့ကြုံခဲ့ရသည့် ရုပ်ဆိုးမ မဖြစ်နိုင်ချေ။ အခြား တစ်စုံ တစ်ယောက် သာလျှင် ဖြစ်ရချေမည်။ ထို တစ်စုံတစ်ယောက်ဆိုသည်ကား ကျယ်ပြော



လှသော သိုင်းလောကထဲမှ တစ်စုံတစ်ယောက်သာလျှင် ဖြစ်ပေလိမ့်မည်။

'ညီမ'

ဝေကွမ်က ညင်သာ တိုးညင်းစွာ ခေါ်လိုက်၏။ တွေးတောနေသော မေလွမ်က သူမ၏ အတွေးလက်စကို ရုပ်သိမ်းလိုက်ပြီးလျှင် ဝေကွမ်ကို မရဲတရဲလေး မော့်ကြည့်လိုက်သည်။ ထိုအကြည့်တွင် တောင်းပန်သည့် အရိပ်လက္ခဏာများ ပါရှိပေသည်။

'ဘာတွေ စဉ်းစားနေတာလဲ'

'ရှုဖိန်းနဲ့ ရုပ်ဆိုးမတို့ အကြောင်းပါ'

'တော်ပါတော့ကွယ်၊ ဒီအကြောင်းကို ဦးနှောက်ခြောက်ခံပြီး ထပ်မစဉ်းစားပါနဲ့တော့၊ ရှုဖိန်းဟာ ဘယ်နည်းနဲ့မှ ရုပ်ဆိုးမ မဖြစ်နိုင်ပါဘူး၊ ရုပ်ဆိုးမမှာ ပြောစရာဆိုလို့ အသံကလေးတစ်သံပဲ ရှိတယ်၊ သူ့အသံက ဆည်းလည်းခတ်သံလို ချိုကြည်တယ်၊ သူ့ရယ်သံက တစ်အက်သားရဲ့ ရင်ထဲကို အေးမြ သွားလောက်အောင် ဆွဲဆောင်မှု အပြည့်ရှိတယ်၊ ဒါပေမယ့် သူ့ရုပ်ကတော့ မကြည့်ဝံ့ မကြည့်ရဲအောင် ဆိုးရွားလွန်းတယ်'

ဝေကွမ်က သူ့စကားကို ဆက်ပြောနေ၏။

'အဲ့ဒီလို သနားစရာကောင်းတဲ့ ကံအကျိုးပေးမလှတဲ့ မိန်းကလေးမို့ အစ်ကိုက ကံဆိုးပါတယ်၊ သနားစရာကောင်းရှာတယ်လို့ ပြောတာပါကွယ်၊ သူနဲ့ ညီမက အကွာကြီးကွာပါတယ်၊ ဒါထားလိုက်ဦး၊ အစ်ကို ညီမကိုပဲ သံယောဇဉ်

ရှိတယ်၊ မေတ္တာရှိတယ်၊ ညီမထက် ဘယ်လောက်ကြီးပဲ လှနေပါစေ၊ သာလွန်နေပါစေ၊ အစ်ကို မချစ်ဘူးဆိုတာ ယုံစမ်းပါ၊ ဘယ်မိန်းကလေးက ဘယ်လိုပဲ ရှိနေပါစေ၊ ညီမရဲ့ အစ်ကို့ပေါ်ထားတဲ့ မေတ္တာနဲ့ စေတနာကို မမီဘူးဆိုတာ အစ်ကိုနားလည်ပြီးသားပါ ညီမရယ်'

မေလွှမ် ရင်ထဲ မကြုံစဖူး ထူးကဲသော ပီတိကို ခံစားလိုက်ရ၏။ ဝေကျွမ်ကို သူမ အထင်မှားခဲ့ပေသည်။ ဝေကျွမ်သည် သူမ တစ်ဦးတည်းကို စွဲချစ် နှစ်သက်သူသာ တကား။ ဝေကျွမ်အပေါ် သူမ၏ အချစ်စိတ်သည် တိုးသထက် တိုးလာလေ၏။

'အစ်ကိုရယ်'

သူမ ဒါပဲ ပြောနိုင်သည်။

ကြည်နူးမှု ပြည့်လျှမ်းနေသည်။ စကားသံကလေးက တုန်ခါနေသည်။ တစ်ဆက်တည်းပင် ဝေကျွမ်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်မိသည်။ ဝေကျွမ်ကလည်း အလိုက်သင့်ပင် ထွေးပွေ့ပြီး ဆံနုကလေးများကို ပွတ်သပ်ပေးမိလေ၏။

မေလွှမ်က ဝေကျွမ်ကို ရွှန်းရွှန်းစားစား မော့ကြည့်လိုက်ပြီး....

'ညီမကို ခွင့်လွှတ်ပါ အစ်ကိုရယ်၊ ညီမ....ညီမ အစ်ကို့ကို အစ်ကို့ကို ချစ်လွန်းလို့ ချစ်လွန်းလို့ ဝန်တိုမိပါတယ်'

'အစ်ကို နားလည်ပါတယ် ညီမရယ်'



ဝေကျွမ်က မေလွှမ်၏ နဖူးကလေးကို အသာအယာ မွှေးကြူလိုက်၏။ ဝေကျွမ်နှင့် မေလွှမ်တို့၏ ချစ်ခြင်းမေတ္တာကား လွန်စွာ လေးနက် ခိုင်ကြည်လှပေ၏။

☆

## အခန်း (၃၄)

## သတင်းညှစ်ထုတ်သူ

ထန်ဟုန်ဖန်နှင့် ဂူလန်တင့်တို့နှစ်ယောက်သည် နောက်လိုက်နောက်ပါများဖြင့် မနားတမ်း ခရီးနှင်နေကြ၏။ ဝေကွမ်တို့ထက် ခရီးထွက် နောက်ကျခြင်း၊ လူအင်အားများပြားခြင်းတို့ကြောင့် ဝေကွမ်တို့နှင့် အတော်ကြီးပင် ကွာလှမ်းလာခဲ့သည်။

သို့သော် ခရီးလမ်းပန်း ကျွမ်းကျင်မှုတွင်ကား ထန်ဟုန်ဖန့်တို့ဘက်မှ တစ်ပန်းသာ နေပေသည်။ ဝေကွမ်အတွင်းအားကျင့်စဉ်ကျင့်သည့် အချိန်ကြာမြင့်မှုနှင့် ပေါင်းလိုက်သောအခါ သူတို့နှစ်ဖွဲ့မှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သိပ်မကွာတော့ချေ။



ထန်ဟုန်ဖန့်တို့ လမ်းတစ်လျှောက်လုံး၊ သတင်းစုံစမ်းစနည်းနာခဲ့၏။ ဝေကွမ်တို့ ဖြတ်ကျော်သွားသည့် သတင်းက ရပ်လိုက်ပေါ်လာလိုက် ဖြစ်နေ၏။ သူ့စိတ်ထဲတွင် သံသယလေး ဖြစ်လာသည်။ ဝေကွမ် တစ်ယောက် ကျိနန်သို့ သွားခြင်း ဟုတ်မှဟုတ်ပါမလား ဟူသော အတွေးပင်တည်း။

‘ဂူလန်တင့်’

‘ဆရာကြီး၊ ဘာပြောမလို့လဲ’

‘ဝေကွမ်တို့သတင်းက ပျောက်သွားလိုက် ပေါ်လာလိုက်နဲ့ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒီကောင် ကျိနန်ကို သွားတာမှ ဟုတ်ရဲ့လား မသိဘူး’

ဂူလန်တင့် မျက်မှောင်ကလေး ကြုတ်လိုက်ပြီး....

‘ကျိနန်ကို သွားမှာကတော့ အသေအချာပါပဲ၊ ဘယ်နည်းနဲ့ ဖြစ်ဖြစ် သူ အဘိုးကြီးကို သွားကယ်မှာပဲ’

‘ဒါဆို ဘာလို့ သူတို့သတင်းက ပျောက်နေရတာလဲ၊ သူတို့ အတွက် ကျိနန်ကို သွားစရာဆိုလို့ ဒီလမ်း တစ်လမ်းပဲ ရှိတယ် မဟုတ်လား’

‘တောလမ်းကသွားလို့ ဖြစ်မှာပေါ့’

‘ဘောလမ်းကသွားတယ် ဟုတ်လား’

‘ဟုတ်မှာပေါ့၊ ဒါကြောင့် သူတို့ သတင်းတွေ ငုပ်နေတာပေါ့’

ထန်ဟုန်ဖန့် ကောက်ကျစ်စွာ ပြုံးလိုက်မိ၏။ သူ့စိတ်ထဲတွင် အတော်ကြီး ပီတိသောမနဿလည်း ဖြစ်သွားရသည်။

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒီအတိုင်းဆိုရင် ဒီကောင်တွေ ရန်ကို သိပ် ဂရုစိုက်စရာ မလိုတော့ဘူး'

ဂူလန်တင့်က နားမလည်နိုင်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ ဆရာကြီး၊ ဘာကြောင့် သူတို့အန္တရာယ်ကို မစိုးရိမ်ရတာလဲ'

ထန်ဟုန်ဖန်သည် သူ့မေးစေ့ကို သပ်သပ်သတ်လိုက်သည်။ ထို့နောက် ကျေကျေနပ်နပ်ကြီးပင် ပြော၏။

'ဘာဖြစ်လို့ရမလဲ၊ အဲဒီဖြတ်လမ်းတောလမ်းက ကြည့်တော့သာ အမြင်ရှင်းကာ၊ အထဲမှာသိပ်ကိုရှုပ်ထွေးတယ်၊ ထူးဆန်းတဲ့ သတ္တဝါဆိုးတွေ အများကြီး ရှိတယ်၊ ချောက်ကမ်းပါးယံတွေလဲရှိတယ်၊ လူလူချင်း သိုင်းပညာနဲ့လူပါးဝခဲ့တဲ့ ဝေကွမ် ဒီတစ်ခါတော့ သတ္တဝါအထူးအဆန်းတွေနဲ့ တွေ့ပြီး ကောင်းကောင်းကြီး ဒုက္ခရောက်ပြီပေါ့ကွာ'

ဂူလန်တင့်လည်း ထန်ဟုန်ဖန်အကြိုက်ကို လိုက်ကာပြော၏၊ ဝေကွမ် တစ်ယောက် သေသွားနိုင်သည် ဆိုသဖြင့် ဂူလန်တင့်ကျေနပ်မိသည်ကတော့ အမှန်ပင်။

'ဟီး....ဟီး ဒီအတိုင်းဆို ဒီကောင်တွေသွားပြီ၊ ကျွန်တော်တို့ကို အမျိုးမျိုး ဒုက္ခပေးနေတဲ့ကောင်၊ ဒီတစ်ခါတော့ ဟီး....ဟီး ကျားပဲ့ကိုက်မလား၊ မြွေပဲမျိုမလား မသိဘူး'

ထန်ဟုန်ဖန်မှာ အခကျေနပ်ကြီး ကျေနပ်နေမိ၏။ ထိုစဉ်မှာပင် လူငယ်သုံးယောက်က သူတို့ဆီသို့ ကစေ့ခသာပါ၊ ပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရ၏။ ထန်ဟုန်ဖန်တို့ အံ့အားသင့်သွားကြသည်။



'ဟင်....လန်ကျုံးကျူရဲ့ တပည့်တွေပဲ'

သူအံ့အားသင့်နေစဉ်မှာပင် အကြောက်ကြောက် အရှုံ့ရှုံ့ ပြေးလွှားလာကြသော လန်ကျုံးကျူ၏ တပည့်သုံးယောက် သူ့ရှေ့သို့ ရောက်ရှိလာသည်။

'သခင်ကြီး ကယ်ပါ၊ သခင်ကြီး....ဆရာ.. ဆရာ'

ထန်ဟုန်ဖန် ပျာပျာသလဲဖြစ်ကာ....

'ပြောစမ်း....မင်းတို့ဆရာ ဘယ်မလဲ၊ အခု ဘယ်မလဲ'

'ဆရာ....ဆရာ'

သုံးယောက် အနက်မှ အကြီးဆုံးဖြစ်သည့် ရှင်ကျောက်က ထစ်တီးထစ်ငေါ့ပြော၏။ စကားမဆိုနိုင်ပဲ နောက်သို့လှည့်ကြည့် လှည့်ကြည့်ဖြစ်နေ၏။ ထန်ဟုန်ဖန်သူကြည့်ရာဆီသို့လိုက်ကြည့်၏။ ဘာမျှမတွေ့ရ။ စိတ်မရှည်နိုင်တော့သဖြင့် ရှင်ကျောက်ကို အော်ငေါက်ပစ်လိုက်သည်။

'ပြောမှာသာ ရဲရဲဝံ့ဝံ့ ပြောစမ်း၊ ဘာကိုကြောက်နေရတာလဲ'

ရှင်ကျောက် မျက်လုံးကလေး ကလည်ကလည် ဖြစ်နေရှာသည်။ ထန်ဟုန်ဖန် အော်ငေါက်နေသည့်တိုင် ကြောက်စိတ်မပြေနိုင်သေးပေ။ တုန်ယင်နေသေးသည်။

'ဆရာ....ဆရာရော၊ ဝါစင်ကုပါ ကျသွားပြီ'

'ဘာ....'

ထန်ဟုန်ဖန်၏ အထိတ်တလန့်အော်ငေါက်လိုက်သံက ကျယ်လောင်စွာပင် ထွက်သွား၏။ ဒေါသကြောင့် သူ့အသားများ တဆတ်ဆတ်တုန်နေသည်။

မျက်လုံးထဲမှ ဒေါသအခိုးအလျှံများ ထွက်လာသည်။ သူ့ဒေါသကို သူ့ဘာသာ မနည်းချုပ်ထိန်းနေရသည်။

'ဘယ်လိုဖြစ်ရတာတဲ့လဲ၊ မင်းတို့ရဲ့ပိုယမ်းဘိလူး လက်နက်ပုန်းနဲ့ လုပ်ကြံတဲ့ အစီအစဉ် မအောင်မြင်ဘူးလား'

'ဟုတ်...ဟုတ်ကဲ့ သူတို့ ဘယ်လိုကနေဘယ်လို သိသွားကြတယ် မပြောတတ်ဘူး၊ အဲဒီ အစီအစဉ် ပျက်သွားပါတယ်၊ ပြီးတော့...'

ရွှင်ကျော က် မျက်လုံးကလေး လှန်ကာ မော့ကြည့်လိုက်ပြီးလျှင် မြစ်လယ်ကောင်တွင် တိုက်ခိုက်ခဲ့ကြသည့် အခြေအနေများကို အတိအကျ ပြန်လည်ပြောပြ လိုက်တော့သည်။

ထန်ဟုန်ဖန့်မှာ အံကို တင်းကျစ်အောင် ကိုက်ထားပြီး ရွှင်ကျောက်၏ စကားများကို နားထောင်နေရ၏။ စကားပြောနေစဉ်အတွင်း သူ့မျက်နှာပေါ်တွင် အရောင်အမျိုးမျိုး ပြောင်းလဲထွက်ပေါ်လျက် ရှိနေပေသည်။ သူ့ စိတ်များကို သူ မထိန်းချုပ်နိုင်။ ဒေါသထက် စိုးရိမ်ပူပန်မှုက လွှမ်းကဲနေပေသည်။

ရွှင်ကျောက် အဖြစ်အပျက်များကို ပြောပြ ပြီးနောက် အတန်ကြာမှ သူ သက်ပြင်းချလိုက်နိုင်သည်။ ထိုသက်ပြင်းကား သက်ပြင်းမောအာတည်း။

'ကောင်းပြီလေ၊ သူတို့ အခုသွားကြပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ ထွက်သွားပြီလို့ ထင်ပါတယ်၊ ကျွန်တော်တို့ဲ ဆရာကြီး လန်ကျုံးကျူ ကျသွားတာနဲ့ တစ်ပြိုင်နက်တည်း



ထွက်လာခဲ့ကြတာပါ၊ နောက်ပိုင်း ဘာတွေထပ်ပြီးဖြစ်ကျန်ရစ်ခဲ့တယ်ဆိုတာတောင်မှ မသိကြပါဘူး ခင်ဗျာ'

'တောက်—ကောင်းကွာ'

ထန်ဟုန်ဖန့် မာန်မဲလိုက်ပြန်သည်။

ရွှင်ကျောက်မှာ ခေါင်းငုံ့သွားရရှာသည်။

'ဒါနဲ့နေစမ်းပါဦး၊ ဝါစင်ကုန့် လန်ကျုံးကျူ ဘယ်သူ အရင်ကျတာလဲ'

'ဆရာ....ဆရာကြီး လန်ကျုံးကျူက အရင်ကျတာပေါ့ ခင်ဗျာ'

'ဒါဖြင့် ဘာကြောင့် ဝါစင်ကု ကျသွားတယ်လို့ ပြောရတာလဲ'

'ကျွန်တော်တို့ သိပါတယ်ခင်ဗျာ၊ ဆရာ လန်ကျုံးကျူက ဝါစင်ကုထက် သိုင်းပညာ အဆင့် ပိုမြင့်ပါတယ်၊ ဆရာလန်ကျုံးကျူတောင်မှ ကျသွားရင် ဝါစင်ကုလဲ ကျရမှာ မလွဲပါဘူး၊ ဒါကြောင့် တပ်အပ်ပြောရတာပါ'

ထန်ဟုန်ဖန့် ဘာမျှဆက်မပြော။ အဝေးသို့သာ ငေးကြည့်နေသည်။ သူ့ မျက်လုံးများထဲတွင်ကား အကြံအစည်များ ရှိနေသည်။ ထို စိတ်ကူးမှာ အဆိပ် ပဒေသာကျမ်းကို အရယူမည့် စိတ်ကူးသာတည်း။

ထို့နောက် ထန်ဟုန်ဖန့်သည် ရွှင်ကျောက်တို့သုံးယောက်ကို ပါ ခေါ်ဆောင်လျက် ကျိုနန့်သို့ ခရီးဆက်လေတော့သည်။ ကျိုနန်ကား စန်းတုန်းပြည်နယ်တွင် တည်ရှိပြီး ထင်ရှားသော မြို့ကလေးတစ်မြို့လည်း ဖြစ်ပေသည်။ သူတို့ ထင်ထားသည့်

အတိုင်းပင် ကျိန်နိုင်သို့ ဝေကွန်တို့ နှစ်ယောက် မရောက်မီကြ သေးပေ။ သူတို့နှစ်ယောက် မရောက်ရှိကြ သေးသော်လည်း လိုစီအင်၊ ပေဘာစ်ရာမြွေနှင့် သိုင်းလောကသား အတော်များများကမူ ရောက်ရှိနေ၏။ ထိုသိုင်းလောကသားများက အချိုးသား သစ္စာဖောက်များချည်းသာ ဖြစ်ချေ၏။

ထိုလူစုက ထန်ဟုန်ဖန် ရောက်လာသည်ကို တွေ့သောအခါ ဝမ်းသာအားရ လှိုက်လှဲစွာဆီးကြိုကြ၏။ ဝူဆန်ကွေးမှာ အိမ်ရှင်ဖြစ်၍ ပို၍ပင် ဂရုစိုက်ကြိုဆို၏။ ထန်ဟုန်ဖန်သည် သူ့လောက် သိုင်းပညာအရာတွင် မနက်ရှိုင်း သော်လည်း နိုင်ငံရေးအရာတွင်မူ သူ့ထက် အဆင့်မြင့်နေ၏။ လိုစီအင်သည်လည်း ထန်ဟုန်ဖန်နှင့် အဆင့်တူလောက် ရှိပေသည်။

သို့သော် တိုက်ခိုက်ရေး ဘက်၌ကား ဝူဆန်ကွေးက အကြီးအကဲဖြစ်လာ၏။ ထန်ဟုန်ဖန်က စကားစမြည် အနည်းငယ်ပြောပြီးသည်နှင့် လျံယိစန်း၏ အခြေအနေကို တီးခေါက်ကြည့်သည်။ သူလိုချင်သည်မှာ လျံယိစန်းထံမှ အဆိပ်ပဒေသာပင် မဟုတ်ပါလား။

'နောင်ကြီး ဝူဆန်ကွေး၊ ဖမ်းထားတယ်ဆိုတဲ့ အဘိုးကြီး အခြေအနေ ဘယ်လိုရှိသလဲ၊ ခေါင်းမာ နေတုန်းပဲလား'

ဝူဆန်ကွေး ခေါင်းညိတ်ပြလျက်

'အခြေအနေက သိပ်တော့မကောင်းဘူး၊ အဘိုးကြီးက အခုထက်ထိ ခေါင်းမာ ငြင်းဆန်နေတုန်းပဲ၊ သူကတော့ ဖဲဒီပုရပိုက်ကို မီးရှို့ပစ်လိုက်ပြီ ပြောတာပဲ၊ ကျုပ်တော့ လက်မြှောက်ရမလို ဖြစ်နေပြီ'



ထန်ဟုန်ဖန် မျက်နှာထားတင်းမာသွား၏။

'အို…ဘာကြောင့် လက်မြှောက် ရမလဲ၊ ဒီ အဘိုးကြီး လိမ်ပြောနေတာပဲ ဖြစ်မှာပါဗျာ၊ မရအောင် နှိပ်စက်ပြီး ပုရပိုက်ကို တောင်းရလိမ့်မယ်'

'ကျုပ်တော့ လက်တုန်နေပြီဗျာ၊ နှိပ်စက် ရလွန်းလို့ အဘိုးကြီးလဲ မျော့မျော့ပဲ ကျန်တော့တယ်၊ နည်းနည်းလေး လက်ဆပြင်းသွားရင် သေမလားတောင် မပြောတတ်ဘူး၊ ဒါကြောင့် ကျုပ်လဲ ချင့်ချိန်ပြီး ဒီအတိုင်း ပစ်ထားလိုက်ရတာ'

ထန်ဟုန်ဖန် ခေါင်းတညိတ်ညိတ် လုပ်နေ လိုက်သည်။ နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ကွေးကာ ပြုံး၏။

'သူ့ကို ဘယ်မှာထားသလဲ၊ ကျုပ်တွေ့ချင်တယ်'

'တွေ့ရပါတယ်ဗျာ၊ တွေ့ရပါတယ်၊ လုံခြုံတဲ့ နေရာမှာ သူ့ကိုချုပ်ထားပါတယ်၊ ခရီးရောက်မဆိုက်ဗျာ၊ ခဏလောက် အနားယူစမ်းပါဦး'

ဝူဆန်ကွေး၏ စေတနာကို ထန်ဟုန်ဖန် စိတ်ထဲတွင် တစ်မျိုးတစ်မည် သံသယဝင်သွား၏။ လျံယိစန်းကို သူကိုယ်တိုင် နှိပ်စက်ပြီး အဆိပ်ပဒေသာကျမ်းကြီးကို အရယူသွားလေပြီလားဟု သူ တွေးသည်။ ထို့ကြောင့် အနားယူရန် ကိစ္စကို ခေါင်းခါငြင်းလေ၏။

'ရပါတယ်ခင်ဗျာ၊ ကျုပ် ဒီလောက်လဲ ခရီးပန်းလှသာ မဟုတ်ပါဘူး၊ သူ့ကိုသာ တွေ့ချင်ပါတယ်'

'ကောင်းပါပြီဗျာ၊ ဒီလောက်တောင် တွေ့ချင်မှတော့လဲ တွေ့ရတာပေါ့'

ဝူဆန်ကွေးက ပေါ့ပေါ့ပါးပါးပင် ပြောလျက် ထန်ဟုန်ဖန်အား လျံယိစန်းရှိသည့် နေရာသို့ ခေါ်ဆောင်သွားသည်။ သူ ကိုယ်တိုင် မျက်စိဖြင့် တပ်အပ်မြင်မှ ယုံကြည်သွား၏။ လျံယိစန်းမျာ အနှိပ်စက်အညှဉ်းဆဲခံထားရသဖြင့် မျက်လုံးများက ကြောင်စီစီ ဖြစ်နေသည်။ စိတ် ပေါက်ပြန် သွားပြီလားဟုပင် ထင်မှတ်သွားရပေသည်။

ထန်ဟုန်ဖန်က အနည်းငယ် စကားတောက် စပ်မေး၏။ မရ။ သူ၏ နှိပ်စက်ခန်း ပဏာမကို အသုံးပြုပြန်သည်။ လျံယိစန်း၊ နှုတ်မဟွင့်။ ခေါင်းကိုသာ တွင်တွင်ခါသည်။ ထန်ဟုန်ဖန် ပြုံးလိုက်၏။ ခေါင်းကိုတဆတ်ဆတ်ညိတ်ကာစိုက်ကြည့်နေပြန်သည်။ ထို့နောက် ဘာမျှ ထပ်မံ မေးမြန်းခြင်း မပြုတော့ဘဲ လျံယိစန်းကို ချုပ်နှောင်ထားရာ အခန်းထဲမှ ထွက်လာခဲ့တော့သည်။

'ဘယ့်နှယ်လဲ၊ ခင်ဗျားမြင်ပြီမဟုတ်လား၊ ကျုပ်တော့ လက်လျှော့ ချင်လာ ပါပြီဗျာ၊ သူ့ မှာ တရာယ်မရှိဘူး ထင်ပါရဲ့'

ထန်ဟုန်ဖန်ကား စိတ်မလျှော့ပေ။ လျံယိစန်းထံတွင် အမှန်တကယ်ပင် အဆိပ်ပဒေသာကျမ်း ရှိရမည်ဟု လက်ခံယုံကြည်ထား၏။

'စောင့်ကြည့်ပါလေ၊ တစ်နေ့တော့ အဖြေ ပေါ်လာရမှာပေါ့၊ သူက်ပဲ ဆက်ပြီး ခေါင်းမာမာနဲ့ တင်းထားနိုင်



မလား၊ ကျုပ်ကပဲ သူ့ ပါးစပ်ပေါက်ကို ဖွင့်နိုင်မလား၊ ဆိုတာ ခင်ဗျားမြင်လာရမှာပေါ့'

ဝူဆန်ကွေး ဘာမျှ ပြန်မပြောချေ။ အသာပင် ငြိမ်နေလိုက်သည်။ ထို့နောက် နှစ်ယောက်သား ဧည့်ခန်းမဆောင်ထဲသို့ ပြန်ဝင်လာကြသည်။ ဧည့်ခန်းမဆောင်ထဲ၌ လိုစီအင်တို့ အုပ်စုက စောင့်ဆိုင်း နေဆဲပင်။ ထန်ဟုန်ဖန် ပြန်ဝင်လာသည်နှင့် သူတို့၏ အခြေအနေများကို ဆွေးနွေး ညှိနှိုင်းတိုင်ပင်ကြတော့သည်။

## အခန်း ( ၄၅ )

## အဖျက် အင်အားစုများ

လိုစီအင်နှင့် ထန်ဟုန်ဖန့်တို့ နှစ်ယောက်မှာ အတော်ကလေးပင် စိတ်လှုပ်ရှား နေကြ၏။ တစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်း ဆက်ဆံ နေကြ သော်လည်း သူ့ထက်ငါ အသာရလိုနေကြသည်။

'နေခင်ကြီး လိုစီအင်၊ ခင်ဗျားတို့ဘက်က အခြေအနေ ဘယ်လိုများ ရှိကြသလဲ'

ထန်ဟုန်ဖန့်က လိုစီအင်ကို တီးခေါက်လိုက်၏။ လိုစီအင် အနည်းငယ် မျက်နှာပျက် သွားသည်။ သို့သော် အလျင်အမြန်ပင် ဣန္ဒြေပြန်ဆည်လိုက်၏။ ထန်ဟုန်ဖန့်ကို အထင်သေးသလို ကြည့်ကာ



'ကောင်းပါတယ်၊ ကျုပ်တို့ အခြေအနေတွေ အားလုံး ကောင်းတယ်၊ နေခင်ကြီးတို့ရဲ့ သတင်းတွေလဲ ကြားလိုက်ပါတယ်၊ စိတ်မကောင်းစရာပါပဲ'

ထန်ဟုန်ဖန့်မှာ ထိုင်နေ အကောင်းသား၊ တသွားမှ ကျိုးနန်းသိ ဆိုသကဲ့သို့ သူ့စကားနှင့်သူ ချောင်ပိတ်မိပြီး အကြီးအကျယ် မျက်နှာပျက် သွားရသည်။ စိတ်ထဲမှ မခံချင် ဖြစ်မိသော်လည်း ကိုယ့်ရှုံးကိုယ်ပတ်ခြင်း ဖြစ်၍ အောင့်အည်းသည်းခံရတော့သည်။ ဝူဆန်ကွေးက အခြေအနေကို ဝင်ထိန်းပေးသည်။

'ကဲ–ကဲ...ကျုပ်တို့ လိုရင်းကိစ္စကို ဆွေးနွေးကြရအောင်၊ နေခင်ကြီးတို့နှစ်ယောက် ကျုပ်ဆီကိုဘာကြောင့် ရောက်လာခဲ့ကြရတာလဲ'

လိုစီအင်က ထန်ဟုန်ဖန့်ထံသို့ ဖျတ်ခနဲ ကြည့်လိုက်၏။ ထန်ဟုန်ဖန့်ကလည်း သူ့ကို ပြန်ကြည့် နေခိုက်နှင့် ကြုံ၏။ နှစ်ယောက်သားမှာ သူပြောနိုး ငါပြောနိုး စကား စောင့်နေကြ၏။ ပြောကြရလျှင် ကိုယ့်အထုပ်ကိုယ်ဖြေသလို ဖြစ်နေမည်ကိုလည်း စိုးရိမ်နေကြသည်။ သို့သော် ထန်ဟုန်ဖန့်မှာ ရုတ်တရက် အကြံတစ်ခုရလိုက်သဖြင့် စတင်စကား ပြောလေတော့သည်။

'ကျုပ်က ဘာရယ်လို့မဟုတ်ပါဘူး၊ ခင်ဗျားတပည့်ဂူလန်ကင့် ရောက်လာသတင်းပေးလို့ အဘိုးကြီးလျှံယီစန်းကိုတွေ့ရဖောင်လာတာပဲ၊ သူ့ဆီက စစ်မေးစရာ ရှိတာလေးတွေ စစ်မေးဖို့ လာခဲ့ရတာပါ၊ နေခင်ကြီး လိုစီအင်ကတော့ ဘာကြောင့်

ရောက်လာချသလဲမပြောတတ်ပါဘူး၊ တစ်ခုခုတော့ အကြောင်းရှိမှာပေါ့'

'ကျုပ်....ကျုပ်က'

သူစကားဆုံးအောင် မပြောနိုင်ဘဲ ထစ်ငေါ့ နေစဉ်မှာပင် ပေတစ်ရာမြွေကဖြတ်၍ ဝင်ပြောလာလေ၏။

'ကျုပ်တို့က ကိစ္စ တစ်ခုရှိလို့ လာခဲ့ တာပါ၊ ကျုပ်တို့ လူဘစ်ယောက်ကို ဟောဒီကျွန်းမှာချိန်းထားတယ်၊ ဒါကြောင့် သူ့ကို လာစောင့်နေကြတာပဲ'

ထန်ဟုန်ဖန့်မှာ မျှော်လင့် ထားသလို ဖြစ်မလာ သဖြင့် နှာခေါင်းရှုံ့သွားရသည်။ သူ့အခက်အခဲကိုဝင်ရောက်ဖြေရှင်းပေးလိုက်သည့် ပေတစ်ရာမြွေကိုကျိတ်၍ ကျေးဇူး တင်လိုက်မိသည်။ ဝူဆန်ကွေးကား ကျိတ်ပြုံးကလေး ပြုံးနေသည်။ ထိုနှစ်ယောက်စလုံး၏ သတင်းများကို သူကြားသိပြီးဖြစ်၏။သူ့ထံ မလွဲမသွေသာရောက် အကူအညီ တောင်းခံလိမ့်မည် ဆိုသည်ကိုလည်း နားလည်သဘောပေါက်ထားသည်။

သို့ပါလျက် ကိုယ့်သိက္ခာကိုယ်ဆည်ကာ ထိန်ချန်ဖုံးကွယ် ပြောဆိုနေကြသည်ကို ကြားသိရသောအခါ ရယ်ချင်ပက်ကျိ ဖြစ်မိ၏။ သို့သော် သူ့ရယ်ချင်စိတ်ကို ချိုးနှိမ် ထားလိုက်ရသည်။ အတန်ကြာ ငြိမ်နေပြီးမှ သက်ပြင်း ချလိုက်သည်။

'အင်း....ခင်ဗျားတို့က ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုပေမယ့် ကျုပ်ကတော့ ပြောရလိမ့်မယ်၊ ဒီအချိန်ဟာ ကျုပ်တို့အတွက် အရေးကြီးဆုံးအချိန် ဖြစ်နေပြီ၊ တစ်ယောက်နဲ့ တစ်ယောက် ထိန်ချန်ဖုံးကွယ်နေဖို့ မလိုတော့ဘူး၊ ခင်ဗျားတို့ နှစ်ယောက်



စလုံးနဲ့ ပတ်သက်တဲ့ သတင်း၊ စကားတွေကို ကျုပ်တစ်စွန်းတစ်စ သိထားခဲ့ပြီးပြီ'

အေးအေးတည်ငြိမ်စွာပြောလိုက်သော သူ့စကားကြောင့် လိုစီအင်နှင့် ထန်ဟုန်ဖန့်တို့နှစ်ယောက် မျက်နှာကြီးမျာမည်းသွားကြ၏။ ကိုယ့်ကိုယ်ကို ဝန်ခံသည့်အလားနုတ်ဆိတ်ခေါင်းငုံ့နေမိကြသည်။ ဝူဆန်ကွေးက ဆက်၍ပြောသည်။

'အခုအချိန်မှာ ကျုပ်တို့ဘက်က အများကြီး ကာကွယ်မှုတွေ ပြုလုပ်ထားကြရတော့မယ်၊ အရင်တုန်းက ရင်ခုံးနဲ့ကျုံရိုတို့လောက်ပဲ ယှဉ်စရာ ဂရုစိုက်စရာရှိခဲ့တယ်၊ သူတို့လောက်ကို ကျုပ်တို့နေ့ခင်းကြီး လုထုံးမင်တို့လောက်နဲ့တင် ရင်ဆိုင်နိုင်တယ်၊ အခုတော့ သူတို့မှာအင်အားတွေတောင့်တင်းလာခဲ့ပြီ၊ခန့်မှန်းလို့ မရတဲ့ သိုင်းလောက နောက်တက် ကလေးတွေက‌လဲ ကျုပ်တို့ကို မျက်ကလဲဆန်ပြာဖြစ်အောင် လုပ်ခဲ့ကြပြီ'

ဝူဆန်ကွေးက စကားကိုရပ်ပြီး အကဲခတ် ကြည့်လိုက်၏။ ထန်ပုန်ဖန့်တို့ ဘာမျှပြန်မပြောဖြစ်ကြ။ သူပြောလာမည့်စကားကိုသာ နားထောင်နေကြသည်။

ပေတစ်ရာမြွေကား ဝူဆန်ကွေးကို အကဲခတ် ကြည့်နေသည်။

'အဲဒီတော့သူတို့တစ်တွေဟာ တက်ကြွနေကြမယ်၊ အားသစ်နေကြလိမ့်မယ်၊ ပြောရရင် ကျုပ်တို့ကို အပြင်းအထန် ရှာဖွေတိုက်ခိုက်ကြလိမ့်မယ်၊ ဒီအတွက် ကျုပ်တို့အနေနဲ့ အများကြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုထားကြရလိမ့်မယ်'

လိုစီအင်က ဂုဏ်ယူသည့်လေသံဖြင့်....

'ဒီအတွက်ပူမနေပါနဲ့၊ ကျုပ်စီစဉ်ထားပြီးသားပါ'

'နောင်ကြီးလိုစီအင်က ဘာတွေစီစဉ်ထားလို့လဲ'

လိုစီအင်က ဂုဏ်ယူဝင့်ကြွားသည့်လေသံဖြင့်....

'ဒီကောင်တွေကို လူ အများကြီးနဲ့ တိုက်စရာမလိုပါဘူး၊ တစ်ယောက်ကောင်းရင် တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား....! ကျုပ်တို့အနေနဲ့ သူ့ရဲ့ကောင်းတဲ့တစ်ယောက်ကိုပဲ ရှာဖို့လိုတယ်၊ ဒါတွေကိုကြိုသိလို့ ကျုပ်ရှာထားပြီးပြီ'

'ဘယ်သူလဲ၊ ဝတ်ရုံနက်ရှင်ကို ပြောတာလား'

လိုစီအင် ခေါင်းညိတ်ပြလိုက်ပြီး....

'ဟုတ်တယ်၊ ဝတ်ရုံနက်ရှင်ပဲ၊ သူ တစ်ယောက်တည်းနဲ့ ဝါတိတ်လို ကောင်ကလေးတစ်ယောက်ကို အပြတ်အသတ်အနိုင် ယူနိုင်တယ်'

'မထင်ပါနဲ့လေ၊ ဝါတိတ်တစ်ယောက်တည်း ဆိုရင်တော့ ဟုတ်ကောင်း ဟုတ်မှာပေါ့၊ အခုဟာက သူတို့ဘက်မှာ သိုင်းသမားအင်အားစုတွေ အတော်ကလေးကို များနေပြီ၊ ဝါတိတ် အပြင် ဘယ်သူတွေ ရှိနေသေးသလဲဆိုတာကို ကျုပ်တို့ အတိအကျတောင်မှ မသိနိုင်ကြဘူး'

ထန်ဟုန်ဖန်က အကွက်ဆိုက်သည်နှင့် ဝင်ပြော၏။

'ဟုတ်တယ်၊ ဝါတိတ်တစ်ယောက်တည်းတင် မကဘူး၊ အခု သူနဲ့ ပညာသင်ဘက်ညီ ဝေကွမ်ကလဲ ရောက်လာပြန်ပြီ'

လိုစီအင် ရယ်လိုက်၏။ ပေါ့တီးပေါ့ဆပြောသည်။



'ဝေကွမ်များ အရေးစိုက်လို့ဗျာ၊ နောင်ကြီး လုထုံးမင် ဆီမှာ တပည့်ခံခဲ့တဲ့ ကျောပွတ်မယ် မေလွမ်ရဲ့တပည့်ပဲ၊ ဘာမှ အဆင့်မရှိတဲ့ ချာတိတ်ပါ၊ သူ့ကို ရေရေရာရာလုပ်ပြီး ထည့် ပြောနေဖို့ မလိုပါဘူး'

ထန်ဟုန်ဖန် ဒေါသ ထွက်သွားသည်။ ငမိုက ကိုယ်တိုင် ကြုံတွေ့ ခံစားခဲ့ရသည့် ကိစ္စကို ပေါ့ပေါ့တန်တန်ပြောနေသဖြင့် သူ အလွန် စိတ်ဆိုးသည်။

ထို့ကြောင့် စကားသံ မာမာဖြင့် ပြန်၍မေးလိုက်မိသည်။

'ဝေကွမ်ရဲ့ အခု အခြေအနေကို ခင်ဗျား မြင်ပြီးပြီလား၊ သူ ဘယ်လိုအဆင့် ရှိတယ်ဆိုတာ ခင်ဗျားသိလား'

'သိစရာ မလိုပါဘူးဗျာ၊ ကျုပ်တို့ရဲ့ ရန်သူထဲမှာ သူ့ကို စာရင်းထဲ သွင်းမှတ်နေစရာမှ မလိုဘဲ'

ဝူအန်ကွေးက ထိန်းထိန်းသိမ်းသိမ်း ဝင်ပြော၏။

'ဒီလိုတော့လဲ ပစ္စလက်ခတ် ပြောဖို့ မသင့်ဘူးလေ၊ လူ တစ်ယောက်ရဲ့ သိုင်းပညာအဆင့်အတန်း ဆိုတာက ရပ်တန့်နေ တာမှ မဟုတ်ဘဲ၊ အနိမ့်အမြင့် အတက်အကျရှိတော့ ဝေကွမ် လဲ ဘယ်လောက် အထိ တိုးတက်လာသလဲ ဆိုတာ ဘယ်သူ အတတ်ပြောနိုင်မှာလဲ'

ထန်ဟုန်ဖန်ကလည်း ဝင်၍ ထောက်ခံစကား ဆိုသည်။

'ဟုတ်တယ်၊ ဝေကွမ်နဲ့ ကျုပ် ရင်ဆိုင်ဖူးတယ်၊ ကျောပွတ် မယ် မေလွမ်ဟာ အရင်က သူ့ဆရာ ဖြစ်ကောင်း ဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ မေလွမ်က သူ့ကို ပြန်ပြီးအားကိုးနေရ

တယ်၊ ဒါကြောင့် ဝေကွမ်ကိုလဲ သတိထားဖို့သင့်တယ်လို့ပြောရတာပါ'

ပေတစ်ရာမြေကြ မောက်ကြွားသော ဟန်အမူအရာဖြင့်—

အဆင့်မြင့်ရင်လဲ မြင့်လာစမ်းပါစေ၊ ကိစ္စမရှိပါဘူး၊ သူ့တာဝန် ကျုပ်တို့ယူတယ်'

ဝူဆန်ကွေးက ပြုံးလျက် ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ နောင်ကြီး ထန်ဟုန်ဖန် ကကော အခု ဖြစ်လာမယ့် အရေးအခင်းတွေအတွက် ဘယ်လိုများ စီစဉ်ထားပါသလဲ'

ထန်ဟုန်ဖန်က ဝူဆန်ကွေး၏ အမေးကို မဖြေဘဲ တန်ပြန်မေးခွန်းထုတ်လိုက်၏။

'ကျုပ်ကို မေးတာကတော့ ထားပါတော့၊ နောင်ကြီးကကော ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ'

ဝူဆန်ကွေးက တည်တည်ငြိမ်ငြိမ်ပင် သူ့အစီအစဉ်ကို ပြောပြ၏။

'ကျုပ်က ကျုပ်ကိုယ်ကျုပ် ယုံကြည်မှုရှိတယ်၊ ဒါပေမယ့် အန္တရာယ်ဆိုတာက မြင်ရတာ မဟုတ်ဘူး၊ ဒါကြောင့် သိုင်းလောက မိတ်ဆွေတွေကို အကူအညီခေါ်ထားပါတယ်'

'ဘယ်သူတွေလဲ နောင်ကြီး ဝူဆန်ကွေး'

'ဗျိုင်းတောင်ပံ လျှို့တိုက်ကွမ်းနဲ့ ပင်လယ်နဂါး ရှောင်လုံကျိ တို့ကို အကူအညီ ပင့်ဖိတ်ထားပါတယ်'

ထန်ဟုန်ဖန် အံ့အားသင့်သွား၏။ ဗျိုင်းတောင်ပံ လျှို့တိုက်ကွမ်း နှင့် ပင်လယ်နဂါး ရှောင်လုံကျိ တို့မှာ သိုင်းလောက



တွင် နံပါတ်တစ် အဆင့်ရှိ သိုင်းသမားများ ဖြစ်ကြပေသည်။ လျှို့တိုက်ကွမ်း၏ ဗျိုင်းတောင်ပံကိုယ်ဖော့ပညာနှင့် လက်ဝါးတိုက်ကွက်မှာ မည်သူမျှ လိုက်မမီသေးပေ။

လေထဲတွင် ဗျိုင်းငှက်တစ်ကောင် ပျံသန်းသည့်အလား လွင့်ဝဲပြီး လက်ဝါးရိုက် တိုက်ကွက်ထုတ်ပုံမှာ လှပသလောက် ပြင်းထန် ကြောက်စရာ ကောင်းလှပေသည်။

ပင်လယ်နဂါး ရှောင်လုံကျိမှာ အေးအေးဆေးဆေး တိုက်ရာတွင် သူမတူအောင် ထူးချွန်လှသူ ဖြစ်သည်။ နဂါးတစ်ကောင်ကဲ့သို့ လိမ်တွန့်ခွေခေါက်ကာ ရန်သူ၏သေကွင်းသေကွက်ကို ရွေးချယ်တိုက်ခိုက်တတ်ပေသည်။

အထူးသဖြင့် သူ၏ 'နဂါးရိုက်ဓား' သိုင်းကွက်မှာ မည်သူမျှ ယှဉ်မရသဖြင့် သိုင်းလောကတွင် ထင်ရှားလှသည်။

ဝူဆန်ကွေး၏ ကြီးမားသော ကာကွယ်မှု အစီအစဉ်ကို သိရသောအခါ ထန်ဟုန်ဖန် မအံ့ဩဘဲ မနေနိုင်တော့ချေ။ ထို့ထက် ပိုဆိုးသည်မှာ သူ့ဘက်က မည်သည့် ကြိုတင်ပြင်ဆင်မှုကိုမျှ လုပ်မထားခြင်းပေတည်း။

'ကျုပ်....ကျုပ်က'

ထန်ဟုန်ဖန် စကား ထစ်ထစ်ငေါ့ ဖြစ်နေသည်။ ဝူဆန်ကွေးက ပြုံးကာ ကြားဖြတ်လျက် နှစ်သိမ့်စကားဆို၏။

'ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျား ဘာမှ စီစဉ်မထားရသေးလဲ အကြောင်းမဟုတ်တော့ပါဘူး၊ ကျုပ်တို့ အင်အား ဒီလောက်ဆိုရင် တော်တော်ကြီး လုံလောက်နေပါပြီ'

လုထုံးမင်က....

'မလုံလောက်ရာ မရှိတော့ပါဘူးဗျာ၊ ကျုပ်ဘက်မှာ ဒီခလောက် အထင်ကရ ပုဂ္ဂိုလ်ကြီးတွေ ပါနေတာပဲ၊ ဒီလို မလောက်လေး မလောက်စား ကလေးတွေကို အလွယ်တကူ နိုင်နိုင်ပါတယ်'

ထန်ဟုန်ဖန့် ဘာမျှ မပြောဘဲ ငြိမ်နေလိုက်သည်။ သူ့စိတ်ထဲတွင်မူကား အဆိပ်ပဒေသာ ကျမ်းကြီး ရလိုက်မှ ပညာပြလိုက်မည်ဟူသော အတွေးဖြင့် ကျိတ်၍ ဟန်ဆောင်နေ၏။

'ကဲ....ကဲ....အချိန်လဲ တော်တော် ညဉ့်နက်နေပြီ၊ ခရီးလဲ ပန်းလာကြရောပေါ့၊ ခင်ဗျားတို့ အနားယူဖို့ အခန်းတွေ ပြင်ဆင်ထားတယ်၊ ကျုပ်တပည့်တွေ လိုက်ပြပါလိမ့်မယ်'

ဝူဆန်ကွေးက လူစုခွဲလိုက်သည်။ ထန်ဟုန်ဖန့်ကား ကိုယ့်အတွေးနှင့်ကိုယ် အကွက်ချ စီစဉ်နေ၏။ ဧဟာရှိ ထွက်လမ်းဝင်လမ်းများကို မှတ်သားရင်း ဝူဆန်ကွေး၏ တပည့်နောက်မှ လိုက်ပါသွားလေတော့၏။

✡

# အခန်း (၃၆)

## အဆိပ်ကျမ်း ရှာပုံတော်

သန်းခေါင်ကျော်၍ အုန်းမောင်းနှစ်ချက်တီးခဲ့ပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ထန်ဟုန်ဖန့်မှာ ခရီးပန်းလာခဲ့သော်လည်း အိပ်စက်၍ မပျော်နိုင်သေးပေ။ အကြံသမားဖြစ်၍ လူအားလုံး အိပ်မောကျသည့် အချိန်ကို စောင့်နေသည်။ ယခုအချိန်ကား သူ့အတွက် အချိန်ကောင်းအခါကောင်းပေတည်း။ တိတ်ဆိတ် ငြိမ်သက်နေပြီ ဖြစ်၍ အိပ်ရာမှ အသာထ၍ ထွက်လာခဲ့သည်။

ညှော်ခန်းမဆောင်ကြီးကို ကျော်ဖြတ် ပြီး သည့် နောက် လျှို့ဝှက်စခန်းကို ချုပ်နှောင်ထားသည့် အခန်းရှိရာသို့ ရောက်လာခဲ့သည်။ လျှို့ဝှက်စခန်းမှာ စေ့နောကြောင့် မိန်းမောနေ၏။

သူ့အခန်း၊ အပြင်ဘက်၌ စောင့်ကြပ်နေသော အစောင့်မှာ အိပ်ပျော်လျက် ရှိနေချေပြီ။

ထန်ဟုန့်ဖန့် အသာပင် အစောင့်အနီးသို့ တိုးကပ်သွား၏၊ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားစေသော သွေးကြောကို ထိုးပိတ်ချလိုက်သည်။ နဂိုကပင် အိပ်မောကျနေသော အစောင့် စစ်သားမှာ ကာလနဂါးနှယ် တခေါခေါ ဟောက်သံများပေးကာ အိပ်ပျော်နေတော့၏။

'ဂျလောက်'

တံခါးတွန်းဖွင့်လိုက်သံက ညဥ့်ယံတွင် ကျယ်လောင်စွာ အသံမြည်သွားသည်၊ လျူယီစန်း မိန်းမောနေရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။

ထန်ဟုန့်ဖန့်ကို တွေ့လိုက်ရသောအခါ ထိတ်လန့်အံ့ဩသွားသည်။ ထန်ဟုန့်ဖန့် သူ့ကို ပြုံးပြလိုက်၏။

'ဘယ့်နှယ်လဲ နေသာထိုင်သာရှိရဲ့လား'

ထန်ဟုန့်ဖန့်၏ လေသံက လွန်စွာ ပျော့ပျောင်းချိုသာလှပေသည်။

'ကျွန်တော့်ကို မကြောက်ပါနဲ့ဗျာ၊ ကျွန်တော်က ဦးကြီးကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ ဦးကြီးကို ကယ်တင်ဖို့ ရောက်လာတာပါ၊ ကျွန်တော် ရောက်လာတာ ဦးကြီးအတွက် မိုးပေါ်က နတ်သိကြားဆင်းလာတယ်လို့ပဲ အောက်မေ့ထားလိုက်ပါ'



လျူယီစန်းကဲ့သို့ အတွေ့အကြုံများလှသော အဘိုးအိုသည် အဘယ်မှာလျှင် ထန်ဟုန့်ဖန့်၏ စကားကို ယုံပါမည်နည်း။ သူသည် လူတစ်ယောက်၏မျက်နှာကို မြင်ရုံဖြင့် ထိုသူ၏စိတ်တွင်းမှ ကောက်ကျစ်မှု၊ ရိုးသားဖြောင့်စင်းမှုကို သိနိုင်ခဲ့ပေသည်။ ထန်ဟုန့်ဖန့်တစ်ယောက် ယခုလာရောက် သွေးဆောင်မြှူဆွယ်နေခြင်းမှာ ရိုးသားမှုမရှိဟု သူနားလည်ပေသည်။

'ဘယ်လိုလဲဦးကြီးရဲ့၊ ကျွန်တော့်စကားကို မယုံဘူးလား၊ ကျွန်တော်ဘာကယ်ပြောနေတာပါ၊ ဟိုမှာတွေ့လား အစောင့်၊ ကျွန်တော်သူ့သွေးကြောကို ပိတ်ထားတယ်၊ မနက်မိုးလင်းလို့တောင်မှ သူအိပ်ရာက ထနိုင်မယ်မထင်ဘူး'

'မင်း....မင်း....ငါ့ကို ဘာကိစ္စ လာတွေ့ရတာလဲ မင်းကိုငါ မယုံဘူး'

ထန်ဟုန့်ဖန့်လေသံအုပ်အုပ်ကလေးဖြင့် ရယ်ပစ်လိုက်သည်။ ပေါ်ခရှရင်းနှီးမှုကို ပြလို၍ ရယ်မောလိုက်ခြင်းဖြစ်သော်လည်း သူ့ရယ်သံထဲတွင် ကောက်ကျစ်ယုတ်မာမှုများက ဖုံးကွယ်၍မရအောင် ရောနေပေသည်။

'ဦးကြီးက ကျွန်တော့်အပေါ်မှာ အခုထက်ထိသံသယဝင်နေတုန်းပဲကိုး၊ ကျွန်တော်ဦးကြီးကို ကယ်ရအောင် လာတာလေ၊ ဒီအသက်အရွယ်ရောက်ကာမှ ဦးကြီးမှာဖမ်းဆီးနှိပ်စက်ခံနေရတယ်ဆိုတာ ဘယ်လိုမှ မသင့်တော်ပါဘူး၊ ဒါကြောင့် ကျွန်တော် မကြည့်ရက်လို့ ဝူဆန်ကွေးကိုဂရုမစိုက်ဘဲ အခုလို လာကယ်ပေးတာပါ'

လျံယီစန်း မျက်မှောင် ကြုတ်သွားသည်။ သူစဉ်းစားရ သေပြီ။ ဤသူသည် ယုံရမည့်သူတော့ မဟုတ်ပေ။ သို့သော် ဝူဆန်ကွေးတို့၏ လက်ထဲ၌အသေခံရမည့်ထက် ဤသူ၏ကယ်တင် မှုကိုခံပြီး လွတ်ရာလွတ်ကြောင်း ရှာကြံခြင်းက ပိုကောင်း မည်ဟု သူတွေးဆလိုက်ပေသည်။

'ကျုပ်ကိုလာကယ်တာ ဆိုရင်တော့ ကျေးဇူးအများကြီးပဲ တင်ရှာပါ၊ မင်းတို့အနေနဲ့ ကျုပ်လို အဘိုးအိုကြီး တစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ထားလို့လဲ ဘယ်လိုမှ အကျိုး ထူးမှာ မဟုတ်ပါဘူး'

'ဟုတ်တာပေါ့၊ ဒါကြောင့် ကျွန်တော်က မကြည့်ရက်လို့ လာကယ်ရတာပါ၊ ဦးကြီး အသက်အရွယ်ဆိုရင် ကျွန်တော့် အဖေလောက်ကိုရှိနေပြီ၊ လူသားအချင်းချင်း ငယ်သူကကြီး သူကို ရိုသေရသလို ညှာတာထောက်ထားရမှာပေါ့'

'ကျေးဇူးပါပဲ မောင်ရင်လေးရယ်၊ ကျုပ်ကို ကယ်ရင်လဲ မြန်မြန်လေး ကယ်ထုတ်ပေးပါ၊ မောင်ရင်လေး ကျေးဇူးကို ကျုပ်တစ်သက်လုံး မမေ့ပါဘူး၊ ပြီးတော့ ကယ်တင်မယ်ဆိုရင် လဲ ကျုပ်ကိုဒီကောင်တွေနဲ့ဝေးတဲ့နေရာအထိ လွှတ်ကင်းအောင် ပို့ပေးပါ'

ထန်ဟုန်ဖန် ပြုံးလိုက်သည်။ မိမိ၏အစီအစဉ် ချောမော အောင်မြင်တော့မည်ဟုလည်း ယုံကြည်လိုက်၏။

'ဒါတွေပြောစရာမလိုပါဘူး ဦးကြီးရယ်၊ ပို့မယ့်ပို့ ကူးတို့ ရောက်အောင် ပို့ပေးရမှာပေါ့၊ ဦးကြီးရဲ့ အသက်အန္တရာယ် လုံခြုံတဲ့နေရာအထိ လိုက်ပို့ရမှာပေါ့'



လျံယီစန်း ဝမ်းသာ ကြည်နူးသော မျက်လုံးများဖြင့် ထန်ဟုန်ဖန်ကိုကြည့်လိုက်၏၊ ရေနစ်နေသူအတွက် ကောက်ရိုး တစ်မျှင်လည်း အားကိုးစရာပင် မဟုတ်ပါလား။

'ဦးကြီး၊ ကျွန်တော့်ကို သိသလား'

လျံယီစန်း ခေါင်းခါပြလိုက်၏။ သိုင်းလောက၊ မင်းစိုး ရာဇာတို့နှင့် အဆက်အသွယ် မရှိသော ပကတိ ရိုးသားသည့် လယ်သမားတစ်ယောက် ဖြစ်သဖြင့် အမှန်အတိုင်းပင် ဝန်ခံ လိုက်၏။

'မှတ်ထားဦးကြီး၊ ကျွန်တော့်နာမည် ထန်ဟုန်ဖန်တဲ့၊ တရုတ် ပြည်တစ်ပြည်လုံးက အရာရှိ အချို့ထဲမှာ ထင်ပေါ်တဲ့ လူ တစ်ယောက်ပဲ ဆိုပါတော့'

ထန်ဟုန်ဖန်၏ အမည်ကို ကြားလိုက်ရသဖြင့် လျံယီစန်း အနည်းငယ် ကြက်သီးထသွားသည်။ ကျေးတောသား တစ်ယောက်ဖြစ်သော်လည်း သူ၏အမည်နာမကိုကား ကြားဖူး နားဝ ရှိထားပေသည်။ သူ့ခေါင်းကို အလျှင်အမြန်ပင်ညိတ်ပြ လိုက်၏။

'ကျုပ်သိပါတယ်ကွယ်၊ မောင်ရင်ဟာမင်းမှုထမ်း အသိုင်း အဝန်းမှာ သြဇာတိက္ကမရှိတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်ကို ဘာကြောင့် ဖမ်းဆီးရပြီး အခုဘာကြောင့် လွှတ်ပေးရပြန် တာလဲ'

ထန်ဟုန်ဖန်စိတ်ထဲက ကျိတ်၍ ကျိန်ဆဲလိုက်၏။ မျက်နှာကို အတတ်နိုင်ဆုံး ကြည်လင်ပြုံးချိုစွာထားပြီး ပြောသည်။

'ဦးကြီးရယ်.... ဦးကြီးကို ပမ်းခဲ့တာက ကျွန်တော်မှ မဟုတ်ဘဲ၊ ဂူဆန်ကျေးတို့ မဟုတ်လား၊ အခု ကျွန်တော်က ဦးကြီးကို သနားတယ်၊ ကိုယ့်ဦးလေး တစ်ယောက်လို ကိုယ့်မိဘတစ်ယောက်လို မျက်စိထဲမှာ မြင်ယောင်လာတယ်၊ အသက်အရွယ်ကြီးရင့်ကာမှ ဒုက္ခတွေ ခံစားနေရတာကို ကိုယ်ချင်းစာနာတယ်'

'ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ ကျုပ်ကို ကယ်တင်တယ်ဆိုတဲ့ စကားကို ခဏခဏပြောနေတာထက် အချုပ်လွတ်ရာ ကင်းရာကို ပို့ပေးလိုက်ရင် မကောင်းဘူးလားကွယ်'

ထန်ဟုန်ဖန် မျက်နှာပျက်သွား၏။ သို့သော် ရှုတ်ခြည်းပင်ဟန်လုပ် တင်းဆည်ထားလိုက်ပြီး လေပြေထိုးပြန်သည်။

'သိပ်ပြီ၊ စိတ်မလောပါနဲ့လေ၊ ဒီအစောင့်က နောက်ထပ်သုံးလေးနာရီကြာတဲ့အထိ သတိရနိုင်ဦးမယ် မဟုတ်ပါဘူး၊ ဦးကြီးကို ကျွန်တော် အခုပဲ ကယ်တင်သွားမှာပါ၊ ဒါပေမယ့်....'

ထန်ဟုန်ဖန်က စကားကိုခဏဖြတ်ထားလိုက်ပြီး လျံယိစန်းအား ပျတ်ခနဲ ကြည့်၏။ အကဲခတ်ကြည့်နေသည့် လျံယိစန်း မျက်လုံးများနှင့် ဆုံသည်။ မျက်လွှာကို အလျင်အမြန်ချလိုက်ပြီးလျှင် သနားစဖွယ် ကောင်းသော မျက်နှာပေးလေးဖြင့် ပြောပြန်သည်။

'ဒါပေမယ့် ဦးကြီးရယ်၊ ကျွန်တော့်မှာကလဲ သိပ်ပြီးအရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေပါတယ်၊ အဲဒီကိစ္စအတွက်



ဦးကြီးကို နည်းနည်းတော့ အကူအညီ တောင်းခံချင်ပါသေးတယ်'

'ဘာအကူအညီလဲ မောင်ရင်၊ မင်းက ကျုပ်ကို ငါးပိပေးမှ ဆားရမယ်ဆိုတဲ့ သဘောမျိုး အပေးအယူ လုပ်နေတာလား'

ထန်ဟုန်ဖန် ပျာပျာသလဲ ဖြစ်ကာ....

'အို...ဒီလိုမဟုတ်ရပါဘူး ခင်ဗျာ၊ ဒီလို မဟုတ်ပါဘူး၊ ကျွန်တော့်မှာ သေရေး ရှင်ရေးလောက်ကို အရေးကြီးတဲ့ ကိစ္စရပ်ကြီးတစ်ခု ရှိနေလို့ပါ၊ ဒါကြောင့် ဦးကြီးဆီက အကူအညီ တောင်းရတာပါ'

လျံယိစန်းက သံသယအကြည့်ဖြင့် ကြည့်လိုက်၏။

ထို့နောက်

'ပြောစမ်းပါ၊ မင်းလိုချင်တဲ့ ကျုပ်ရဲ့ အကူအညီက ဘာလဲ၊ ကျုပ်တတ်နိုင်ရင် ကူညီရတာပေါ့'

'တခြားတော့ မဟုတ်ပါဘူး ဦးကြီးရယ်၊ အဆိပ်ဖြေဆေးကလေး လိုချင်လို့ပါပဲ'

'ဘာ....'

လျံယိစန်း၏ အာမေဍိတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။ ထန်ဟုန်ဖန် ဝမ်းသာသွားသည်။ ဤမျှအထိ အထိတ်တလန့် ဖြစ်သွားသည်ဆိုပါက အဘိုးကြီးထံတွင် မုချမသေ အဆိပ်ပဒေသာ ပုရပိုက်ကျမ်း ရှိနေပေတော့မည်။

ထို့ကြောင့် အနည်းငယ်အားတက်လာပြီး သနားစဖွယ် တောင်းပန်ပြန်တော့သည်။

'ဟုတ်ပါတယ် ဦးကြီးရယ်၊ ကျွန်တော် အဆိပ်မြှေးဆေး ကလေးတစ်ခု လိုချင်နေပါတယ်၊ လွန်ခဲ့တဲ့ တစ်လကျော် နှစ်လ လောက်က ကျွန်တော့် ညီတော်မောင် ထန်ရှဲဆိုင်ဟာ လူ တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ်၊ ခရီးသွားလာရင်းဖြစ်တဲ့ မိတ်ဆွေဆိုတော့ အဲဒီလူဟာ ဘယ်သူဘယ်ဝါဆိုတာ ကျကျ နန တစ်စေ့မြစ်မြစ် မသိခဲ့ပါဘူး၊ သူက လှိုက်လှဲလှန်း ဖော်ရွေ လွန်းလို့ ညီတော်မောင်ကလဲ သူနဲ့အတူ စားစားသွားသွား ရှိခဲ့ပါတယ်၊ ဒီလိုနဲ့ တစ်နေ့မှာ'

ထန်ဟုန်ဖန့် မျက်လုံးများက မှိုင်းရီလာသည်။ ဆေးဝါးသို့ ငေးကြည့်နေယန်ဖြင့် ဆေးရိပ်ဆေးမှိုင်းများက မျက်ဝန်း အိမ်တွင် ယှက်သမ်းလာသည်။

ထန်ဟုန်ဖန့်က လျှံယိစန်းကို မကြည့်ဘဲ ဆို့နင့်စွာ ဆက် ပြော၏။

'တစ်နေ့မှာတော့ သူ့အတွက် ဒုက္ခကြမ္မာဆိုး ဝင်ခဲ့ရ တာပါပဲ ဦးကြီးရယ်၊ သူနဲ့ မိတ်ဆွေဖြစ်ခဲ့တဲ့လူက တကယ် တော့ လူကောင်း တစ်ယောက် မဟုတ်ပါဘူး၊ အောက်လမ်း သိုင်းလောကထဲမှာ ကျင်လည်နေတဲ့ ဒုစရိုက် သိုင်းသမား တစ်ဦးပါပဲ၊ သူက ထန်ရှဲဆိုင်ကို တမင်ဝင်ပူးပြီး ရင်းနှီး အောင် လုပ်တာပါပဲ'

'ဒီလို ဘာကြောင့် လုပ်ရတာလဲ၊ မောင်ရင်လေးရဲ့ ညီနဲ့ ဘယ်လိုများ ဆက်စပ်တဲ့ အကြောင်းကိစ္စတွေ ရှိနေလို့လဲ'

ထိုမေးခွန်းကြောင့် အဘိုးကြီး လျှံယိစန်းသည် သူ့စကား များအပေါ် စိတ်ဝင်စားမှုရှိလာပြီဟု ထန်ဟုန်ဖန့် တွက်သည်၊



ရင်ထဲတွင် ကျိတ်၍ အူမြူးသွားပြီး ဟန်မပျက်စေဘဲ ဆွေးဆွေး မြည့်မြည့် ပြောပြန်သည်။

'အဲဒါကြောင့်ပဲပေါ့ ဦးကြီးရယ်၊ ကျွန်တော့်ညီဟာ အင်မတန် ရိုးသားဖြောင့်မတ်တဲ့ လူငယ်တစ်ဦးပါ၊ သိုင်းလောကသားတွေကို ဦးထိပ်ပန်ဆင်ပြီး အမြဲတမ်း မှန်ကန်တဲ့ဘက်က ရပ်တည်ခဲ့တဲ့ သူပါ၊ သူ့ရဲ့ထန်ရှဲဆိုင် ဘာမှ ရန်ငြိုးရန်ကြွေးလဲ မရှိကြပါဘူး၊ ဒါပေမယ့် အဲဒီလူက ထန်ရှဲဆိုင်ကို အလိုလိုမုန်းတီးနေခဲ့တယ်၊ ဒါကြောင့်လဲ ထန်ရှဲဆိုင်ကို အတူတူ စားသောက်မိတဲ့ အချိန်မှာ ကောက်ကောက်ကျစ်ကျစ်နဲ့ အဆိပ်ခတ်လိုက်တာ ပဲပေါ့'

ထန်ဟုန်ဖန့် ခဏရပ်ပြီး လျှံယိစန်းကို မသိမသာအကဲခတ် ၏၊ သူ့စကားကို လျှံယိစန်း စိတ်ဝင်စားနေမှန်း သေချာမှ ဆက်ပြောလေ၏။

'အဲဒီလူနာမည်ကို ဦးကြီးသိသလား'

'မောင်ရင်မှ မပြောသေးဘဲ၊ ကျုပ်ဘယ်လိုလုပ် သိနိုင်ပါ့ မလဲ'

'ဦးကြီးသိရင် သိပ်ကို အံ့သြသွားလိမ့်မယ်၊ အဲဒီ လူက အဆိပ်တုချင်မ ကြူးချစ်ရာပါပဲ'

'ဩော်...'

လျှံယိစန်းက ညင်ညင်သာသာပင် အာမေဋိတ်သံပြု၏၊

'ကြူးချစ်ရာဟာ ထန်ရှဲဆိုင်ကို မျက်မုန်းကျိုးနေတဲ့ အပြင် သူ့ဆီက ၉ ိုးထိုက်တဲ့ ပစ္စည်းတစ်ခုကိုလဲ လိုချင် နေတယ်၊ ဒါကြောင့် အဆိပ်ခတ်လိုက်တာပဲ၊ အဲဒီ အဆိပ်

ကတော့ 'ရက်ပေါင်းတစ်ရာ လိပ်ပြာလွင့်ကြွေ' အဆိပ်ပါပဲ၊ အဲဒီအဆိပ် မိတဲ့လူဟာ ရက်တရက် ချက်ချင်း မသေနိုင်သေးပါဘူး၊ ရက်ပေါင်းတစ်ရာတိတိ စိတ်ချောက်ချား ပေါက်ပြန်တဲ့ ဝေဒနာကို အလူးအလိမ့်ခံစားပြီးမှ သေနိုင်ပါတယ်'

'ဩြော်....'

လျံယိစန်း ဒုတိယမ္ဘိ ဩြော်လိုက်ပြန်၏။

ထန်ဟုန်ဖန်၏ မျက်နှာတွင် ဒေါသ အရိပ်အယောင်များ လွှမ်းလာ၏။ စကားသံကလည်း မကျေနိုင် မချမ်းနိုင်သည့် အားသာအတို့ဖြင့် မာကျောလာ၏။

'အဲဒီအဆိပ်ရဲ့ ဖြေဆေးဟာ ကြူးချစ်ရာဆီမှာပဲ ရှိပါတယ်၊ သူ့ဆီမှာ သွားတောင်းတော့ သူက ဘာပြောလိုက်သလဲ ဆိုတော့ ဖြေဆေးကိုလိုချင်ရင် သူတောင်းတဲ့ ပစ္စည်းတစ်ခု ပေးရမယ်တဲ့၊ အဲဒီပစ္စည်းပေးမှ ဖြေဆေးပေးမယ်တဲ့၊ သူ တောင်းတဲ့ ပစ္စည်းကတော့ ထန်ရဲ့ဆိုင် အမြတ်တနိုး ထားတဲ့ 'ရေလှိုင်းထန် မုန်တိုင်းဆန် သံတုတ်လက်နက်' ကိုပါပဲ'

'ဒီလက်နက်ကလေး တောင်းတာများ ပေးလိုက်ရောပေါ့'

'အဲဒီ လက်နက်ဟာ သာမန်လက်နက်မဟုတ်ဘူး၊ ဦးကြီး၊ ထန်ရဲ့ဆိုင်ရဲ့ အသက်ဝိညာဉ်လို့ ပြောရင် ရတယ်၊ အဲဒီ လက်နက်နဲ့ပဲ သူဟာ တိုက်ပွဲအလီလီ အောင်ပွဲအလီလီ ဆင်နွှဲခဲ့တာ၊ အသက်နဲ့ယှဉ်လာတော့ သူ့ခမျာ သူ ဒီလောက် အမြတ်တနိုး ရှိလှန်းတဲ့ လက်နက်ကို မနှမြော မတွန့်တိုပါဘူး၊ ဖြေဆေးနဲ့ လဲဖို့ ပေးလိုက်တယ်၊ ဒါပေမယ့်....'



ထန်ဟုန်ဖန့် စကားရပ်ကာ ငေးငိုင် သွားပြန်သည်။ မခံချင် ဒေါသအရိပ်များ မျက်နှာပြင်တွင် ပေါ်လွင် လာသည်။

'ကြူးချစ်ရာ သိပ်ကို မိုက်ရိုင်း ကောက်ကျစ်တယ်၊ ကျွန်တော်တို့က သူလိုချင်တဲ့လက်နက် ပေးလိုက် တာတောင်မှ ဖြေဆေးကို အတုအလိမ်ဖြေဆေး ပေးခဲ့တယ်၊ ဒါကြောင့် ကျွန်တော့်ညီ ထန်ရဲ့ဆိုင်ဟာ သေလုမတတ် စိတ်ဝေဒနာကို ခံစားနေရပါတယ်၊ ဒါကြောင့် ဦးကြီးက ကျွန်တော့်ကို 'ရက်ပေါင်းတစ်ရာ လိပ်ပြာကြွေ အဆိပ်ဖြေဆေး' မ့တကူညီပါလို့ တောင်းခံနေရတာပါပဲ ခင်ဗျာ'

'ဟား....ဟား....ဟား'

အမှတ်မထင်ပင် ရယ်မောလိုက်သော လျံယိစန်း၏ ရယ်မောသံကြီးက တိတ်ဆိတ် ငြိမ်သက်နေသော ညဥ့်ယံကို ဝဲတင်ထပ်မျှ ဆူညံသွားစေတော့သည်။

★

## အခန်း (၃၃)

## ပရိယာယ်ကို သိသူ

ထန်ဟုန်ဖန့် ရုတ်တရက် လန့်ဖျပ်သွား၏။ လျံယိစန်း၏ ရယ်သံများက သူ့ကို လှောင်ပြောင်နေမှန်းသိသဖြင့် ဒေါသ ထွက်လာသည်။ သို့သော် မိမိလိုချင်သော အဆိပ်ကို ရရှိရန် အရေးမှာ မဝေးလှတော့သဖြင့် ဒေါသကို ချုပ်တည်းကာ ချိုချိုသာသာပင် ပြောနေရတော့သည်။

'ဦးကြီးရယ် ကျွန်တော် ဦးကြီးကို ရယ်စရာပုံပြင်တစ်ပုဒ် ပြောပြနေတာ မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်ညီရဲ့ကံကြမ္မာ ဆိုးရွားလှတဲ့ အကြောင်း ပြန်ပြောနေတာပါ၊ အခု ဆိုရင် ညီလေးဟာ သေကောင် ပေါင်းလဲ ဘဝကို ရောက်နေ ရပါပြီ၊ သေရမယ့်ရက်ကို ကျော်ကုန်းပေါ် တင်ပြီး စောင့်ဆိုင်း



နေရပါပြီ၊ ကျွန်တော့်ညီဟာ ဗီနွေထက်ထိ သူ့ တစ်သက် လုံး မဟုတ်မမှန်တာ၊ မကောင်းမမှန်တာ ဘာတစ်ခုမှ မလုပ် ခဲ့ရပါဘူးဗျာ၊ သူ့ ကိုရော ကျွန်တော့်ကိုပါ သနားပါ ဦးကြီးရယ်၊ အဆိပ်ဖြေဆေးလေး၊ ဦးကြီးက မ,စပေးပါလို့ တောင်းပန်ပါတယ်'

လျံယိစန်း မရယ်မောတော့။ ထန်ဟုန်ဖန့်ကိုမူ အတန်ကြာ အောင်ပင် စိန်းစိန်းကြီး ကြည့်နေလိုက်၏။ ထို့နောက်တွင်မှ ခနဲ့တဲ့တဲ့ အမူအရာဖြင့် ပြော၏။

'မြော်....ကျုပ်က မင်းနဲ့ မင်းရဲ့ညီကို သနားရမယ်ပေါ့.... ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ် ဦးကြီးရယ်၊ အဲဒီ အဆိပ်ဖြေဆေး လေးဟာ ဦးကြီးအတွက် ဘာမှ အပန်းမကြီးလောက်ပါဘူး ခင်ဗျာ'

'ဟား ...ဟား....ဟား ...တော်တော်လဲ သဘောကျစရာ ကောင်းတဲ့ ကောင်တွေပါလား၊ မင်းတို့ရဲ့ ရက်ပေါင်းတစ်ရာ လိပ်ပြာလွင့်နေကြ အဆိပ်ဖြေဆေးကို ကျုပ်က ဘယ်လိုလုပ်ပေး ရမှာလဲ၊ ဘယ်နည်းနဲ့ ရှာပေးရမှာလဲ၊ မင်းကျုပ်ကို ကူညီမယ် ကယ်တင်မယ်ဆိုတာလဲ ဒါပဲမဟုတ်လား၊ အဆိပ်လူးတဲ့လက်နဲ့ ထမင်းခွံ့ကျွေးဘတ်တဲ့ မင်းရဲ့စေတနာကို ကျုပ် ကျေးဇူးတင် ပါတယ်ကွယ်၊ သိပ်ကို ကျေးဇူးတင်ပါတယ်'

'အို ...ဦးကြီး၊ ဒီလိုလဲ မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော် က ရေနစ်နေတဲ့လူပါ၊ ကောက်ရိုးတစ်မျှင်မဟုတ်ဘဲ လှေတင်စီး ကို အားကိုးတကြီး ဆွဲနေတာပါ၊ အဆွဲမှတတ်လို့ လှေ ထပ်

မျှော်ရတဲ့ အဖြစ်မျိုးတော့ မဖြစ်ပါရစေနဲ့၊ ကျွန်တော့်မှာ သိပ်ကို အခက်အခဲ အကြပ်အတည်း ဖြစ်နေလို့ပါ ခင်ဗျာ၊ ဦးကြီး ကလွဲရင် ကျွန်တော့်အခက်အခဲကို ဘယ်သူမှ ဖြေရှင်းပေးနိုင်မယ် မဟုတ်ပါဘူး၊ စိတ်ဆန္ဒစော လောကြီးပြီး ပြောမိတာကို ခွင့်လွှတ်ပါ၊ ကျွန်တော် အပြောမတတ်လို့ပါ'

လျှံယိစန်း တည်တည်ငြိမ်ငြိမ်ကလေး ဖြစ်သွား၏။ ထန်ဟုန်ဖန့်ကို အေးစက်စူးရှစွာ ကြည့်လိုက်ပြီးလျှင်....

'ထားပါတော့၊ မောင်ရင်လေးရဲ့ စကား အပြောမတတ်တာကို ကျုပ် လက်ခံလိုက်ပါပြီ၊ ပြဿနာအခက်အခဲနဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့အခါမှာ လူဆိုတာ စိတ်စောလောကြီးတတ်ကြတာပါပဲကွယ်၊ ဒါပေမယ့် မင်းရဲ့တောင်းဆိုချက်က သိပ်ကို လွဲမှားသွားပြီ၊ လေကို လက်နဲ့ လိုက်ဖမ်းခနတဲ့ မရေရာ မသေချာမှုမျိုးပဲ၊ မင်းလိုချင်တဲ့ အဆိပ်ဖြေဆေးကို ကျုပ်ကဘယ်လိုလုပ်ပေးရမှာလဲ'

'ဦးကြီး၊ ကျွန် တော် ကို တော့ မလိမ်မညာပါနဲ့ဗျာ၊ ကျွန်တော်ဟာ ညီလေး ထန်ရှဲဆိုင်အတွက် နှားနှစ်ဘက် ကို အစွမ်းကုန်ဖွင့်ထားခဲ့တာပါ၊ ဦးကြီးမှာ အဆိပ်ပဒေသာကျမ်း ရှိတယ်လို့ သိရပါတယ်၊ ကျွန်တော်က အဲဒီ အဆိပ်ပဒေသာ ကျမ်းကို လိုချင်တာ မဟုတ်ပါဘူး ခင်ဗျာ၊ ဦးကြီး ဆီက တစ်မျိုးတည်းဖြစ်တဲ့ အဆိပ်ဖြေဆေးကိုပဲ တောင်းခံနေတာပါ'

လျှံယိစန်း သက်ပြင်းကြီးကို ချလိုက်၏။

'ခက်တယ်၊ သိပ်ခက်တယ်၊ နောက်ဆုံးတော့ ဒီလမ်းပေါ်ကို ရောက်လာတာပါပဲ၊ မင်းက ကျုပ်ဆီက အဆိပ်ဖြေဆေး



ထုတ်ပေးနိုင်ရင် ထပ်ပြီးတော့ ကျုပ်ဆီက အဆိပ်ပဒေသာ ပုရပိုက်ကို တောင်းယူဦးမယ် မဟုတ်လား'

'မဟုတ်...မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ကျွန်တော့် ညီကလေး ဒုက္ခရောက်နေတာကို ကယ်တင်ချင်တဲ့ စိတ်ဆန္ဒပဲရှိပါတယ်၊ လူသားတွေကို အကျိုးမပြုတဲ့ အဆိပ်တွေလဲ မလိုချင်ပါဘူး'

လျှံယိစန်း နှုတ်ခမ်းထေ ငုံ့၍ အပြုံးကလေး ပေါ်လာ၏။

'ဒီမှာ ထန်ဟုန်ဖန့်'

'ခင်ဗျာ... ဦးကြီး'

'ကျုပ်ဟာ မင်းထက်အသက်အများကြီး ကြီးသလို အတွေ့အကြုံလဲ အများကြီး ပိုရှိတယ်၊ မင်း ရောက်လာကတည်းက ဘာကြောင့် ရောက်လာရသလဲဆိုတာ ကျုပ်သိတယ်၊ မင်းဟာ အဆိပ်ပဒေသာ ပုရပိုက်ကို အသေအချာ လိုချင်နေတယ်၊ ကျုပ်နဲ့ တွေ့ပြီး နည်းပရိယာယ်အမျိုးမျိုး ထုတ်တောင်းရင် ရမှာပဲလို့ ထင်နေတယ်၊ အဲဒါ မင်းရဲ့အမှားပဲ ထန်ဟုန်ဖန့်'

'ဘာ....ဘာပြောတယ်'

ထန်ဟုန်ဖန့် စိတ်ကို မချုပ်တီးနိုင်တော့ပေ။ မင်းသားချပ်မျက်နှာပုံးက လှစ်ခနဲ ကွာကျသွားခဲ့ရချေပြီ။

'မင်းရဲ့ ပရိယာယ်ကလေးတွေက တကယ်ပဲ ပီပီ သေသပ်သလိုရှိပါတယ်၊ ဒါပေမယ့် အဲဒီလုပ်ကြံဇာတ်တွေကို ကျုပ်ပြီး နားထောင်ကတည်းက အယုံအကြည်မရှိခဲ့ဘူး၊ ဘာကြောင့်လဲ ဆိုတော့ မင်းတို့ရဲ့လုပ်ရပ်နဲ့ စိတ်ဓာတ်တွေကို နဂိုကတည်းက

အယုံအကြည်မရှိခဲ့လို့ပဲ၊ မြွေပွေးလိုလူမျိုး ဝံပုလွေလိုလူမျိုးတွေက ရှိသားသဖြင့် ဟန်ဆောင်လာတော့ ကျုပ်အဖို့ရယ်စရာကြီး ဖြစ်နေတာပေါ့'

'ခင်ဗျား....ခင်ဗျား'

ရုတ်ခြည်းပင် ထန်ဟုန်ဖန့်မှာ ဘီလူးသဘက် တစ်ကောင်ပမာ ဖြစ်လာ၏။ မျက်လုံးပြူး၊မျက်ဆန်ပြူး ဒေါသဖြစ်ကာ လျံယီစန်းအား ယခုပင် သတ်မည့်ဖြတ်မည့်ပုံစံ ဖြစ်လာသည်။

'ကျုပ် စကားကိုတောင် ဆုံးအောင် မပြောရသေးဘူး။ မောင်ရင်ရဲ့မျက်နှာဖုံးက ကွာကျလာခဲ့တယ်မဟုတ်လား၊ ဒီလိုဖြစ်လာရမှာပေါ့လေ၊ မောင်ရင်က ကျုပ်ဆီကအဆိပ်ပဒေသာပုရပိုက်ကိုပဲ လိုချင်နေတာ မဟုတ်လား၊ ကျုပ်က မရှိဘူးလို့ပြောခဲ့တာကိုမောင်ရင်သိတယ်၊ အဲဒီတော့ တစ်နည်းတစ်လမ်းနဲ့လုပ်ဇာတ်ခင်းပြီး အဆိပ်ဖြေဆေး တောင်းတယ်၊ ကျုပ်သာတကယ်လို့ ပေးခဲ့မိရင် ကျုပ်ဆီမှာ ပုရပိုက်ရှိမယ်လို့ တွက်မယ်၊ မရအရ ကျုပ်ကိုတောင်းမယ်၊ နည်းမျိုးစုံနဲ့နှိပ်စက်မယ်၊ ဒါပဲမဟုတ်လား'

'ဟုတ်တယ်'

ထန်ဟုန်ဖန့်မှာ ဆက်လက်ဟန်ဆောင်နိုင်စွမ်း မရှိတော့ပြီဖြစ်၍ ပြောင်ပင် ဝန်ခံလိုက်လေ၏။

'ဟုတ်တယ်၊ ကျုပ်ပရိယာယ်က အဲဒါပဲ၊ အဲဒါကိုသိလျှက်နဲ့ခင်ဗျားက ဖြေဆေးကို ထုတ်မပေးတာမဟုတ်လား၊ ခင်ဗျားဘယ်လိုပဲ ဖုံးကွယ်ထား ဖုံးကွယ်ထား၊ ကျုပ်စိတ်ထဲမှာစွဲစွဲမြဲမြဲ



ယုံကြည်နေတာကတော့ ခင်ဗျားဆီမှာ အဆိပ်ပဒေသာပုရပိုက်ရှိနေတယ်၊ အဲဒါကို မရအရယူရမယ်၊ ဒါပဲ'

လျံယီစန်းက အံကြိတ်ပြီး ပြောနေလေ၏။

'လေကို ကွန်ရက်ပစ်ဖမ်းလို့ ငါးမရနိုင်ပါဘူး၊ မောင်ရင်၊ ကျုပ်ဆီမှာ မရှိပါဘူးဆိုတဲ့ပစ္စည်းတစ်ခုကို နည်းအမျိုးမျိုးနဲ့တောင်းနေလို့လဲ မင်းတို့ရနိုင်ပါ့မလား'

'ရနိုင်မရနိုင်ကို ကျုပ်လုပ်ပြရတာပေါ့၊ ခင်ဗျားဟာသေခါနီးနေတာတောင်မှ ဒီအဆိပ်ပဒေသာကျမ်းကို ဖက်တွယ်ခုံမင်နေသေးတယ်၊ ဒီပညာတွေကို ခင်ဗျားယူသွားလို့ကောဘာထူးမှာလဲ၊ အသက်မသေချင်စမ်းပါနဲ့ဗျာ၊ လိမ်လိမ်မာမာနဲ့ ထုတ်ပေးလိုက်စမ်းပါ'

'ဘယ်ခက်ပါလဲကွာ၊ မင်းကိုကျုပ် လိမ်ပြောပါ့မလား၊ ကျုပ်ဆီကို အဆိပ်ပုရပိုက် တစ်စောင် ရောက်လာတယ်ဆိုတာဟုတ်တယ်၊ ဒါပေမယ့် အဲဒီပုရပိုက်က ကျုပ်လက်ထဲမှာ မရှိတော့ဘူး'

'အတိုးကြီး....'

ထန်ဟုန်ဖန့်၏လေသံက ထူးကဲစွာပင် မာထန်သွားသည်။

'ခင်ဗျားဘာမှ ကူလီကူမာတွေလုပ်မနေနဲ့၊ ခင်ဗျားလက်ထဲကို ပုရပိုက်ရောက်လာတာကိုလဲ ကျုပ်တို့သိတယ်၊ ခင်ဗျားမပေးချင်လို့ ဖွက်ထားတယ်ဆိုတာကိုလဲ ကျုပ်တို့ နားလည်တယ်၊ ခင်ဗျားလွယ်လွယ်ကူကူသာ ထုတ်ပေးပေတော့'

လျံယီစန်း စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်၏။

'ကျုပ် ဘယ်လိုလုပ် ထုတ်ပေးနိုင်မလဲ၊ ကျုပ်လက်ထဲမှာ ရှိမှမရှိတော့တာ၊ မောင်ရင်တို့သတ်ရင်လဲ ကျုပ်သေရမှာပါပဲကွယ်'

'ဒီမှာအဘိုးကြီး၊ သေရမှာကိုမပူနဲ့၊ အနေးနဲ့အမြန်သေရမှာပဲ'

'သတ်ပါခမောင်ရင်၊ ကျုပ်အသက်ကြီးလှပါပြီ၊ သေရမယ်ဆိုရင်လဲ သေရကျိုးနပ်ပါပြီ၊ လူသားအားလုံးအတွက်အကျိုးမပြုတဲ့ အဆိပ်ပဒေသာ ပုရပိုက်ကို ဖျက်ဆီးပစ်လိုက်ရတာကို ကျုပ်စိတ်ထဲမှာ ပီတိဖြစ်နေပါပြီ'

ထန်ဟုန်ဖန် မျက်မှောင်ကြီးကြုတ်လိုက်ပြန်သည်။

'သေရကျိုးနပ်ပြီ_ဟုတ်လားအဘိုးကြီး၊ ဟား....ဟား.... ဟား....သေရကျိုးထပ်ပြီး နပ်စေရမယ်၊ တူတူတန်တန်ကြီးကို ခံစားသွားစေရမယ်၊ သေတယ်ဆိုတာ ဘာဆန်း သလဲဗျာ၊ လူသားတိုင်းဟာ သေရမှာပဲ၊ အဲ .. ဒါပေမယ့် သေရပုံချင်းကတော့ မတူဘူးပေါ့ဗျာ၊ မသေခင်ခံစားသွားရမယ့် ဒုက္ခဝေဒနာ အရသာကလေးကို ခင်ဗျား ကောင်းကောင်းကြီး တွေ့ကြုံသွားစေရမယ်'

လျှံယိစန်းမတုန်လှုပ်တော့ပေ။ ၎ရဲကလူ ပြောပုံကိုမကြောက်သည့်အလား တည်ငြိမ်စွာပင် ရှိနေ၏။

'ရပါတယ်မောင်ရင်ရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေပဲမဟုတ်လား၊ မောင်ရင်ကြိုက်သလို နှိပ်စက်ပါ၊ တစ်ခုတော့ ပြောလိုက်ပါရစေ၊ မောင်ရင်ဟာ တူသောအကျိုးပေးမျိုး မခံစားရပါစေနဲ့'



ထန်ဟုန်ဖန် ကောက်ကျစ်စွာ ပြုံးလိုက်၏။ ထို့နောက်ထူ့လက်ကို ရိုပ်ခနဲ လှုပ်ရှားလိုက်သည်။

'ဖြန်း....'

ပြင်းထန်လှန်းသော လက်ဝါးရိုက်ချက်ကြောင့် လျှံယိစန်းဦးခေါင်းမှာ ချာချာလည်သွားရသည်။ နှုတ်ခမ်းထောင့်ကွေးမှ နီရဲသော သွေးများ ယိုစီးကျလာ၏။ သို့သော် ထုသားပေသားရထားသည့် လူတစ်ယောက်ဖြစ်၍ တစ်ချက်မျှမအော်ပေ။ သည့်ထက်ပြင်းထန်သော နှိပ်စက်မှုကိုလည်း အံကြိတ်၍ ခံမည်သာ။

'အဲဒါ ပညာခမဲ့ရှိသေးတယ်အဘိုးကြီး၊နောက်ထပ် ဒီထက်ဆိုးရွားတဲ့ နှိပ်စက်ခန်းတွေကျန်သေးတယ်၊ ကျုပ်ခင်ဗျားကိုသနားတယ်၊ အသက်အရွယ်ကြီးရင့်နေတဲ့ လူတစ်ယောက်ကို ဒီခလောက်အထိ နှိပ်စက်ဒုက္ခမပေးချင်ဘူး၊ခင်ဗျားသိမ်းထားတဲ့ ပုရပိုက်ကိုသာ ထုတ်ပေးလိုက်ပါ'

'ကျုပ်ပြောပြီးပါပကော၊ ကျုပ်တစ်ကိုယ်လုံးကိုမောင်ရင်ကြိုက်သလို လုပ်နိုင်တယ်၊ချေလိုချေ၊ ဖျက်လိုဖျက်၊ ပစ္စလက္ခတ်လုပ်ပစ်နိုင်တယ်၊ မရှိတော့တဲ့ ပုရပိုက်ကိုတော့ ဘယ့်နှယ်လုပ်ထုတ်ပေးနိုင်ပါ့မလဲ'

ထန်ဟုန်ဖန် တခဏမျှ တွေဝိုင်သွား၏၊ ဤမျှအထိတင်းခံတောင့်ခံခြင်းက လျှံယိစန်းထံတွင်ပုရပိုက်အမှန်တကယ်မရှိခြင်းများလားဟု တွေးမိသည်။

'အဲဒီပုရပိုက်ကိုတော့ အဆိပ်ပဒေသာကျမ်း တစ်ခုဖြစ်မှန်းခင်ဗျားသိတယ် မဟုတ်လား'

'ဟုတ်ဘယ်... သိတယ်၊ သိလို့လဲ လူသားတွေ ဒုက္ခမဖြစ်ရအောင် ကျုပ်မီးရှို့ဖျက်ဆီးပစ်ထားပဲပေါ့'

ထန်ဟုန်ဖန့် ကျေနပ်စွာပင် ပြုံးလိုက်မိသည်၊ ထို့နောက် အင်္ကျီရင်ဘတ်ထဲမှလက်ကိုင်ပဝါလေးကိုထုတ်ယူကာ လျှံယိစန်း၏ နှုတ်ခမ်းထောင့်တွင် စီးကျနေသော သွေးစ သွေးနများကို ကြင်နာစွာ သုတ်ပေးလိုက်မိသည်။

'ခွင့်လွှတ်ပါ ဦးကြီးရယ်၊ ကျွန်တော် ဒေါသအလျောက် လက်လွန် သွားမိတယ်၊ စိတ်မထိန်းနိုင်လို့ ဖြစ်သွားရတာ၊ တော်တော် နာသွားသလားဟင်'

သူ့ မေးသံက ပကတိကြင်နာကရုဏာ တရားတို့ဖြင့် ထုံမွမ်းနေသည်။ လျှံယိစန်းကား လေးကစ်ကို ကြုံ့ကြုံ့ခံနေသည့် သံတုံးသံခဲအသား ထိုကြင်နာမှုတို့အပေါ်တွင် သာယာခြင်း အလျဉ်း မဖြစ်မိတော့ပေ။

'ဦးကြီးရယ်....မလွဲသာလွန်းလို့ ကျွန်တော်ဒီလိုလုပ်နေရတာပါ၊ အခုအချိန်မှာတော့ဦးကြီးဆီမှာ ပုရပိုက်မရှိတော့ဘူးဆိုတာကို ကျွန်တော် နားလည် လက်ခံပါပြီ'

'ဒါဆိုရင်လဲ ပြီးရောပေါ့ကွယ်၊ ကျုပ်ဆီမှာ ပုရပိုက်တကယ် မရှိတော့ဘူးဆိုတာ နားလည်ထားရင် မောင်ရင်တို့မှာ လောဘ သက္ကာယစိတ် မရှိတော့ဘူးပေါ့၊ ကျုပ် ဝမ်းသာပါတယ်'

'ဟုတ်ဘယ်၊ ကျွန်တော့်မှာ လောဘစိတ် မရှိတော့ပါဘူး၊ အဆိပ်ပုဒသာ တစ်ခုလုံးကို ကျွန်တော် မလိုချင်တော့ပါဘူး'



ထန်ဟုန်ဖန့်၏ အသိတရား သံဝေဂရလာဟန် စကားသံကြောင့် လျှံယိစန်း အနည်းငယ် ကျေနပ်သွားရသည်။

'ဝမ်းသာပါတယ် မောင်ရင်ရယ်၊ ကျုပ်အပေါ်မှာ ဒီလို သံသယစိတ် မရှိတော့တာ ကျုပ် ကျေးဇူးတင်ပါတယ်၊ ဒီလိုပြောလို့ မောင်ရင့်ကို ကျုပ်က မြှောက်ပင့် ပြောဆိုပြီး လွှတ်ရာလွှတ်ကြောင်း ရှာကြံနေတယ်လို့တော့ မထင်စေချင်ဘူး'

ထန်ဟုန်ဖန့်က လေပျော့ကလေးဖြင့်

'ဟုတ်ပါတယ်ဦးကြီး၊ ဦးကြီးဟာ သေရမှာကို မကြောက်တဲ့ ရဲရဲတောက် လူစားဆိုတာ ကျွန်တော် နားလည်သဘောပေါက်မိပါပြီ၊ ဒါပေမယ့် ဦးကြီးကို ကျွန်တော် တစ်ခုလောက်တော့ တောင်းဆိုချင်ပါသေးတယ်'

လျှံယိစန်းမှာ ထန်ဟုန်ဖန့်၏ နောက်ဆက်တွဲစကားကြောင့် မျက်မှောင်ကြုတ်၍ သွားရရှာတော့သည်။

## အခန်း (၃၈)

## လူဆိုသည်မှာ

လျံ့ယိစန်းက ထန်ဟုန်ဖန့်ကို စေ့စေ့ကြည့်လျက်

'လာပြန်ပြီလား မောင်ရင်....မောင်ရင့် တောင်းဆိုချက်ကို ပြန်ရုပ်သိမ်းပါတော့ကွယ်၊ ကျောက်ခဲကို ရေညှစ်လို့ ထွက်လာမှာ မဟုတ်ပါဘူး၊'

'ကျောက်ခဲ ရေညှစ်နေတာ မဟုတ်ပါဘူး ဦးကြီးရယ်၊ အခုဟာက ဖြစ်နိုင်တဲ့ ကိစ္စကို ကျွန်တော် ပြောနေတာပါ၊ ကျွန်တော့်ရဲ့ တောင်းဆိုချက်ကို ဦးကြီး တကယ်ပဲ ဖြည့်ဆည်းပေးနိုင်ပါတယ်'

'ဘာများလဲကွယ်'

ထန်ဟုန်ဖန့် သက်ပြင်းချပြန်၏။



'ကျွန်တော့်ကို နွားပိန်တွယ် တွယ်နေတဲ့ လူစားမျိုး မထင်ပါနဲ့နော်၊ ဦးကြီးဟာ အဲဒီ ပုရပိုက်ကို အသေအချာ ဖတ်ခဲ့မိပါသလားခင်ဗျာ'

'ဖတ်ခဲ့ပြီးလို့ ဒီလို လုပ်ရတာပေါ့ကွယ်'

'ဒါဆိုရင် ဦးကြီး အဲဒီအထဲက အဆိပ် ဖော်စပ်နည်းနဲ့ အဆိပ်ဖြေနည်း တစ်မျိုး နှစ်မျိုးလောက်ကိုတော့ အနည်းဆုံး သိမှာပဲပေါ့နော်'

လျံ့ယိစန်း မဖြေ၊ ချော့ချည် တစ်ခါ၊ ခြောက်ချည် တစ်လှည့် လုပ်နေသော ထန်ဟုန်ဖန့်၏ အစီအစဉ်များကို သူကောင်းစွာ နားလည်သည်။ ထန်ဟုန်ဖန့်ကား မရလျှင် ရသက ချိုင်မည့် လူစားမျိုးပင်တည်း။ လျံ့ယိစန်း ငြိမ်သွားသောအခါ ထန်ဟုန်ဖန့် အတော်ကလေး အားတက်သွား၏။

'ကျွန်တော့်ကို သနားရင် ဦးကြီးရယ်_အဲဒီ အထဲက နည်းကလေး တစ်နည်းလောက်ပဲဖြစ်ဖြစ် ပြန်ပြီး မျှဝေပါလား ခင်ဗျာ'

လျံ့ယိစန်း နှုတ်ခမ်း တွန့်လိုက်၏၊ ကွဲသွားသော နှုတ်ခမ်းထောင့်စွန်းမှာ ကွေးလိုက်မိသဖြင့် အနည်းငယ် နာကျင်သွားသည်။

'မင်းကို သနားရမယ်....ဟုတ်လား'

'ဟုတ်ကဲ့'

ထန်ဟုန်ဖန့်သည် အရှက်ကင်းမဲ့စွာ ခေါင်းညိတ်နေလေ၏။ လျံ့ယိစန်းမှာ သဘောကျလွန်းသဖြင့် ခွက်ထိုးခွက်လန် ရယ်မောလေတော့သည်။

'ဟား...ဟား...ဟား...မင်းကို သနားရမယ်၊ ရယ်ရအောင်းလှချည်လား၊ လူသား အားလုံးကို ဒုက္ခပေးမယ့် လူကိုငါက သနားရဦးမှာလား၊ အဆိပ်ဖော်စပ်နည်းကို ပေးရဦးမှာလား၊ ဒီမှာ ထန်ဟုန်ဖန်...အဆိပ်ပဒေသာကျမ်းကို မီးရှို့ဖျက်ဆီးလိုက်ပေမယ်လို့ အဲဒီထဲက ဖော်စပ်နည်းတွေကို တစ်ခုမဟုတ်ဘူးကွ၊ အားလုံးကို ငါနှုတ်တက်အာဂုံရတယ်'

'ခင်ဗျာ...'

ထန်ဟုန်ဖန့်မှာ အံ့ဩဝမ်းသာလွန်းသောကြောင့် မျက်နှာတစ်ပြင်လုံး အဆီပြန် ဝင်းလက်သွားရလေသည်။

'ဝမ်းသာလိုက်တာ ဦးကြီးရယ်၊ အားလုံးကို အာဂုံရတယ်ဆိုတော့ သိပ်ကောင်းတာပေါ့၊ ဟီး...ဟီး...ဦးကြီးဟာကျွန်တော့်အတွက် ရွှေတုံး ရွှေခဲကြီးထက်တောင်မှ အဖိုးတန်နေပါကလား၊ ကန်တော့နော် ဦးကြီး၊ ကန်တော့၊ ကျွန်တော် မိုက်ရိုင်းမိတာတွေကို ခွင့်လွှတ်ပါ'

ထိုင်ရှိခိုးမတတ်ပင် ထန်ဟုန်ဖန့် တောင်းပန်နေမိသည်၊ လျံယီစန်းက တည်ငြိမ်စွာပင် ရှိနေ၏။

'လုပ်မနေနဲ့ ထန်ဟုန်ဖန့်၊ မင်း ကျုပ်ကို သေသောက်အောင် တောင်းပန် တောင်းပန်၊ ဘုရားခန်းမှာပဲ အထွတ်အမြတ်ထားတား၊ ကျုပ် မင်းကို အဲဒီပစ္စည်းတွေ တစ်နည်းမှမပေးနိုင်ဘူး'

'အို...ဦးကြီးရယ်၊ ဒီလိုတော့လဲ မလုပ်လိုက်ပါနဲ့ဗျာ၊ ကျွန်တော် ကျွန်တော် လိုချင်လွန်းလို့ပါဗျာ၊ ဒီနည်းကလေးတစ်နည်းလောက်သာ ရစမ်းပါ၊ ဦးကြီးကို ကျွန်တော်ပိုင်တဲ့ဥစ္စာပစ္စည်းတွေထဲက တန်ဖိုးအရှိဆုံးတွေကို ထုတ်ပေးပါမယ်'

'အဟင်း...ဟင်း၊ မင်းက ကျုပ်ကို ဥစ္စာပစ္စည်းနဲ့ မြူဆွယ်နေတာလား၊ ကျုပ်တို့ဟာ ဆင်းရဲသား တောင်သူလယ်သမားတွေ၊ ကိုယ့်လုပ်အားနဲ့ ရထားတဲ့ ပစ္စည်းဥစ္စာကလွဲလို့ ရွှေတစ်မှုန် ငွေတစ်ပွင့်ကိုမှ မမက်မောဘူး၊ ကျုပ် ဘာပစ္စည်းမှ မလိုချင်ဘူး၊ ဘာကိုမှလဲ မအပ်မက်ဘူး၊ အဲဒီနည်းတွေကို အလွတ်ကျက်မှတ်ထားရတာကော ဘာဖြစ်လို့လဲ မင်းသိလား'

ထန်ဟုန်ဖန့် ခေါင်းခါယမ်းပြလိုက်၏။ နောက်မှ တင်စုံတစ်ခုကို သတိပြုမိဟန်ဖြင့် အလျင်အမြန် ပြော၏။

'သိပြီ...သိပြီ၊ အဲဒီနည်းတွေ အကုန်ဘတ်ထားမှတော့ဦးကြီးကို ဘယ်သူက ယှဉ်လို့ ရတော့မှာလဲ၊ သိုင်းလောကမှာဦးကြီး အခေါင်အချုပ်ဖြစ်ပြီပေါ့၊ တရုတ်ပြည်ကြီး တစ်ပြည်လုံးမှာလဲ ဦးကြီး လက်ညှိုးညွှန်ရာ ရေဖြစ်ပြီပေါ့၊ ဟုတ်ပြီ၊ ကျွန်တော် ဦးကြီးကို ဆရာအဖြစ် တင်မြှောက်ပါတယ် ဆရာကြီးရယ်၊ နည်းကလေး တစ်နည်းလောက်တော့ သနားသဖြင့် ကျွန်တော့်ကို သင်ပေးစေချင်ပါတယ်'

'ထွီ...'

လျံယီစန်း တံတွေးကို ရွံရှာစက်ဆုပ်စွာ ထွေးပစ်လိုက်၏။ ထန်ဟုန်ဖန့်ကိုလည်း စက်ဆုပ်စွာ ကြည့်လိုက်သည်။

'မင်းကို ကျုပ် ဘယ်နှစ်ခါ ပြောရမလဲ၊ ကျုပ် ဘာကိုမှ လိုချင်တပ်မက်တဲ့ စိတ်မရှိဘူး၊ ကျုပ် အဲဒါတွေကို အလွတ်ကျက်မှတ်ထားတာက လူသားတွေကို ဒုက္ခပေးဖို့ မဟုတ်ဘူး၊

သိုင်းလောကကြီးမှာ တရုတ်ပြည်ကြီးမှာ အထွတ်အမြတ်နေရာ တစ်ခုရချင်လို့ မဟုတ်ဘူး'

'ဒါ—ဒါဖြင့် ဘာကြောင့်များပါလဲ ခင်ဗျာ'

'လူသားတွေကို ကယ်တင်ဖို့ လူသားတွေကို မေတ္တာထားလို့ပဲကွ၊ အဆိပ်သင့်တဲ့လူတွေ ဘာအဆိပ်သင့်တယ်၊ ဘယ်လိုကုစားရမယ်ဆိုတာ သိချင်လို့ မှတ်ထားတာပဲ၊ ဒီလို လူတစ်ယောက်က မင်းရဲ့ တောင်းဆိုမှုကိုလက်ခံရမတဲ့လား၊ လူသားတွေ သေဖို့ ကျုပ်က ဖန်တီးပေးရမတဲ့လား၊ ဒီလောက် မမှန်မြတ်၊ မကောင်းလှတဲ့ ပညာကို တစ်သက်လုံး ဖြန့်ဝေဖို့ မစဉ်းစားဘူးဟေ့၊ လူအသေခံပြီး ကျုပ်နဲ့အတူ ပြန်ပေါ် မလာနိုင်တဲ့ လမ်းကို သယ်ဆောင်သွားမယ်'

'တောက်'

ထန်ဟုန်ဖန် ပြင်းထန်စွာပင် တက်ခေါက်လိုက်မိသည်။

'ခင်ဗျားကြီး အလကားလူ၊ အသက်ကြီးသလောက် ဘာမှ အသုံးမကျတဲ့လူ'

'ဟား....ဟား....ဟား၊ ရွှေတုံး ရွှေခဲကြီး မဟုတ်တော့ဘူးလားကွ ဟေ၊ မင်းအတွက် တန်ဖိုးမဲ့ဖြတ်နိုင်တဲ့ ဆရာကြီးတစ်ဆူ မဟုတ်တော့ဘူးလား'

'မဟုတ်ဘူး၊ ခင်ဗျားကြီးဟာ အရောင်တင်လို့ ဘာအရောင်မှ မထွက်နိုင်တဲ့ ကျောက်ခဲကြီးပဲ၊ ပညာရှိလျက်နဲ့ အသုံးမချတတ်တဲ့ လူမိုက်ကြီး တစ်ယောက်ပဲ၊ ခင်ဗျားကြီးကို ဆရာတင်ဖို့လဲ မလိုတော့ဘူး၊ အထွတ်အမြတ် ထားစရာလဲ မလိုတော့ဘူး၊ ကိုယ့်စွမ်းအားကို ကိုယ်သိလို့မှ နေရာတကျ



မသုံးတတ်တဲ့ လူတစ်ယောက်ကို ဘာလို့ လူ့ပြည်မှာ ထားတော့မှာလဲ အလကား၊ ဆန်ကုန်မြေလေးတယ်'

'ဟုတ်ပါကွယ်၊ ကျုပ်က လူ့အဖွဲ့ ဆန်ကုန်မြေလေးကြီး တစ်ယောက်ပါ၊ လူ့ပေါက်ပန်း တစ်ယောက်က ရှုတ်ချတာကို ကျုပ် ခံသာပါတယ်၊ လူ့ယဉ်ကျေး လူ့ပညာတတ်တွေကတော့ တစ်ချိန်ချိန်မှာ ကျုပ်ကို ချီးကျူးကျေးဇူး တင်လိမ့်မယ်၊ ပညာမဲ့တစ်သောင်း ကဲ့ရဲ့တာထက် ပညာရှိ တစ်ယောက်ရဲ့ ချီးကျူးစကားကိုပဲ ကျုပ်လိုချင်ပါတယ်'

'ရမယ်....ရမယ်၊ ပညာရှိတွေရဲ့ ချီးကျူးစကားကို ခင်ဗျား ကောင်းကောင်း ခံစားရလိမ့်မယ်၊ ဒါပေမယ့် အခုတော့ မဟုတ်ဘူး၊ တမလွန်မှာ သေရွာမှာ'

'သတ်ပါ မောင်ရင်ရယ်၊ ကျုပ်သေဖို့ အသင့်ပါပဲ၊ နာမည်ပျက်နဲ့ မသေရပဲ နာမည်ကောင်းနဲ့ သေရတာကို ကျုပ်ဂုဏ်ယူတယ်'

ထန်ဟုန်ဖန် မျက်နှာထား တင်းမာသွား၏။ မျက်လုံး နှစ်လုံးမှာ မျက်ဝန်းအိမ်ထဲမှပြူတ်ထွက်ကျလောက်အောင်ပင် ပြူးထွက်လာသည်။ သူတောင်းဆိုနေသည့်အရာကို မပေးသဖြင့် ဒေါသများက လျှံ ယိစန်းအပေါ် အစုလိုက်အပုံလိုက် ရောက်ရှိလာတော့သည်။

'ဒီလောက် သေချင်တဲ့အဘိုးကြီး၊ သေဖို့သာ ပြင်ထားပေတော့'

ပြောပြောဆိုဆိုပင် လက်ကိုမြှောက်လိုက်၏။ အားအစုံကို လက်ဝါးတွင်ထည့်ပြီး တစ်ချက်တည်းနှင့် အသေရိုက်ချလိုက်

၏။ သို့သော် သူ့လက်ဝါးကား လေထဲတွင်ပင် ရပ်နေခဲ့၏။ သူ့မျက်လုံးများ ပြူးကြောင်ရိုင်းစက်သွား၏။ လက်ဝါးမှာ အောက်သို့ ပြန်ကျမလာ၊ ပြန်လည်ရုပ်သိမ်းရန်လည်း အခွင့်အလမ်းမရှိ။ အေးစက်မာကျောသော စကားသံတစ်သံကသာ သူ့နှလုံးသားအတွင်းသို့ ထိုးဖောက်သွားလုမတတ် ထွက်ပေါ်လာသည်ကို ခံစားလိုက်ရတော့သည်။

'အဟင်း…ဟင်း…ဗီလိုလဲ စိတ်ဒေါသ မကြီးပါနဲ့လေ၊ သက်ကြီးရွယ်အိုဆိုတာ အလေးအမြတ် အရိုအသေပေးရတယ်၊ ဘာကြောင့် စိတ်လိုက်မာန်ပါ လုပ်ရတာလဲ'

ထန်ဟုန်ဖန့်မှာ ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ ဖြစ်သွား၏။ လှုပ်၍လည်းမရ၊ စကားပြော၍လည်း မရချေ။ တစ်ဘက်လူ၏ ပြောနေသံများကိုကား အတိုင်းသားကြားနေရသည်။ လူရုပ်ကို မမြင်၊ သူ့နောက်ကျောဘက်ဆီမှ ဖောက်ထွင်းထွက်ပေါ်လာသည်ဟုကား သူသိ၏။ နောက်လှည့်ကြည့်ရန် ကြိုးစားသည်။ ဇက်က ခိုင်နေ၏။

သူ့တစ်ကိုယ်လုံး ချွေးစေးများ ပြန်ကျလာသည်၊ မမြင်ရသော ရန်သူသည် မည်သည့်အချိန်ကတည်းက ရောက်ရှိနေခဲ့သည်ကို သူမသိ။ အံ့ဩစရာကောင်းလောက်အောင်ပင် သူ၏ သွေးကြောများအား လျှပ်တစ်ပြက် ထိုးပိတ်သွားခဲ့ချေပြီ။ စကားသံက ကြည်လင်သလောက် တည်တည်ငြိမ်ငြိမ် ရှိနေသည်။ လျူယိစိန်းသည်ပင် အံ့ဩလွန်းသဖြင့်ပါးစပ်အဟောင်းသား ဖြစ်နေသည်။



ဤမျှ အစောင့်အကြပ်သူထပ်လှသော အဆောက်အအုံထဲသို့ မိန်းကလေးတစ်ယောက် မည်ကဲ့သို့ဝင်ရောက်လာခဲ့လေသနည်း။

'သိပ်လဲ ကြောက်မနေပါနဲ့လေ၊ ရှင့်ကို ကျွန်မသတ်မသွားပါဘူး၊ လူတစ်ယောက်ရဲ့ အသက်ဆိုတာ ရခဲတယ်မဟုတ်လား၊'

သူမသည် ပြောပြောဆိုဆိုပင် ထန်ဟုန့်ဖန့် ရှေ့သို့ စွန့်ဝင်လာ၏။ ထန်ဟုန့်ဖန့်မှာ ထပ်မံ မြင်လိုက်ရသော မြင်ကွင်းကြောင့် အကြီးအကျယ် မှင်တက်အံ့ဩသွားလေတော့သည်။ သူ့ကို လျှပ်တစ်ပြက် သွေးကြောပိတ် တိုက်ခိုက်လိုက်သူကား မည်သို့မျှ ထင်ရက်စရာမရှိအောင် ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်နေသောကြောင့်ပင်တည်း။

ထိုမိန်းမပျိုလေးကား ဝေကွမ်နှင့် ကျာပွတ်မယ် မေလွမ်တို့ကို ထူးဆန်းသော မြွေဆိုးကြီး၏ အန္တရာယ်မှ ကာကွယ်ကယ်တင်ပေးခဲ့သော ရှုဖိန်း ဖြစ်ပေသည်။

ရှုဖိန်းကထန်ဟုန်ဖန့်၏ ရှေ့ကို ရောက်သည်နှင့် လည်ပင်းအနားမှ သွေးကြောတစ်ခုကို ထောက်လိုက်၏။

'အင်း…'

ထန်ဟုန်ဖန့်၏ စကားသံ ထွက်လာသည်။ လူကား လှုပ်၍ မရသေးပေ။ လျူယိစိန်းအား ရိုက်အံ့ဆဲဆဲ တိုးလှိုတန်းလန်းကြီးပင် ရှိနေသေးသည်။

'မင်း….မင်း….ဘယ်သူလဲ၊ ဘာကိစ္စနဲ့ လာရတာလဲ'

ရှုဖိန်းက မခိုးမခန့် မထီမဲ့မြင် အမူအရာနှင့်….

'ကျွန်မ ဘယ်သူဆိုတာ ရှင်သိနေစရာမလိုဘူး၊ ကျွန်မလာတာကတော့ မတရားတာကို မကြည့်ရက်လို့ ဟောဒီက အဘ လျံယိစန်းကို ကယ်တင်ဖို့ ရောက်လာခဲ့တာပဲ'

'မင်းသတ္တိရှိရင် ကျုပ်ကို သွေးကြော ဖွင့်ပေးလိုက်၊ မင်းနဲ့ ကျုပ် ယှဉ်မယ်'

ရှုဖိန်းက ဘာမျှပြန်မပြော။ လျံယိစန်း၏ချုပ်နှောင်ထားသော နှောင်ကြိုးများကိုသာ အေးအေးသက်သာ ဖြေလျှော့ပေးနေသည်။ ကြိုးပြေသွားမှ လျံယိစန်းကို ထူမတ်ပေးလိုက်သည်။

'ကျွန်မ ရှင့်ကို ယှဉ်စရာမလိုဘူး၊ ရှင်နဲ့ကျွန်မဟာ ပြိုင်ဘက်တွေမဟုတ်ဘူး၊ ရှင့်ကို ထိုက်တန်တဲ့အပြစ်ပေးရမယ်၊ တူညီတဲ့ ဆုံးမမှု လုပ်ပေးရမယ်'

ထန်ဟုန်ဖန့် ထိတ်လန့် သွားသည်။ လက်တစ်ဘက်က မြှောက်လျက် အနေအထားမှာပင် ရှိနေသေးသည်။ ရှုဖိန်းက လျံယိစန်းဘက်သို့ လှည့်ကာ —

'အဘ ဘဘကို သူ နှိပ်စက်ခဲ့တယ်၊ အဲဒီအတွက် တူညီတဲ့ တန်ပြန်လက်စားချေဖို့ ဘဘမှာ တာဝန်ရှိတယ်၊ ဘဘ သူ့ကို ပါးတစ်ချက်လောက် ပြန်ရိုက်လိုက်ပါ'

ထန်ဟုန်ဖန့် မျက်လုံးကြီး ပြူးနေ၏။ ရှုဖိန်းကို တစ်လှည့် လျံယိစန်းကို တစ်လှည့် ငေးကြောင် ကြည့်နေမိသည်။

'မလုပ်ပါဘူး မိန်းကလေးရယ်၊ ဘဘ သူ့ကို လက်တုံ့ မပြန်ချင်ပါဘူး'



'ဘာလို့ မလုပ်ရမှာလဲ ဘဘရဲ့၊ သူက ဘဘကို အမျိုးမျိုး နှိပ်စက် ဒုက္ခပေးခဲ့တယ် မဟုတ်လား၊ ဒီလိုလူမျိုးကို သနားငဲ့ညှာမနေစမ်းပါနဲ့၊ မှတ်ခလောက် သားလောက်အောင် ဆုံးမလိုက်စမ်းပါ၊ ကိုယ့်အခွင့်သာနေတဲ့ အချိန်မှာ တူတူတန်တန်လေး အပြစ်ပေးလိုက်စမ်းပါ'

လျံယိစန်းက ခေါင်းကို ညင်သာစွာ ယမ်းခါလိုက်၏။

'နေပါစေကွယ်၊ ဘဘဟာ လူကြီးတစ်ယောက်ပါ၊ ဘဘမှာ မာနတရားတွေ၊ အာဃာတ တရားတွေ မရှိပါဘူး၊ လူမိုက်တစ်ယောက်ရဲ့ မိုက်မှားမှုကို ဘဘ သည်းခံခွင့်လွှတ်ပါတယ်၊ သူနဲ့အတူ ပြန်ပြီး မိုက်နေရင် ဘာထူးမလဲကွယ်၊ ဘဘလဲ လူမိုက်တစ်ယောက် ဖြစ်သွားတော့မှာပေါ့'

လျံယိစန်း၏ ရင့်ကျက်လှသော အသိစိတ်ဓာတ်နှင့် မေတ္တာတရားကို သိလိုက်ရသောအခါ ရှုဖိန်းမှာ ရင်ထဲတွင် လွန်စွာ ကြည်နူးချမ်းမြေ့သွားရလေတော့သည်။ ထန်ဟုန်ဖန့်သည်လည်း ကိုယ့်ကိုယ်ကို အရှက်ကြီး ရှက်သွားရလေတော့သည်။

☆

## အခန်း (၃၉)

## နိုင်လိုက်သောတစ်ကွက်

ရှုပိန်းက ထန်ဟုန်ဖန့်အား သရော်ပြုံးကလေး ပြုံးကြည့်နေသည်။

ထို့နောက်....

'ဘဘ မဆုံးမချင်ပေမယ့် သမီးကတော့ သူ့ကို ဆုံးမရလိမ့်မယ်၊ ဘဘက အသက်အရွယ်ကြီးရင့်လို့ သည်းခံခွင့်လွှတ်စိတ်ထားနိုင်ပေမယ့် သမီးကတော့ ငယ်ရွယ်သူတစ်ယောက်မို့ သူ့အပေါ်မှာ သည်းခံစိတ်မထားနိုင်ဘူး၊ မြေခွေးမြွေဟောက်လို လူတစ်ယောက်ကို နောင်ကျဉ်အောင် ဆုံးမရလိမ့်မယ်'

ရှုပိန်းက ညာလက်ကို ရှယ်မြှောက်လိုက်သည်။ ထန်ဟုန်ဖန့်မှာ ငါတော့ သေပြီဟု တွေးလိုက်သည်။



သို့သော်....ရှုပိန်းကား သူ့ကို တိုက်ခိုက်ခြင်း မဟုတ်ပါပေ။ မလှုပ်မရှားနိုင်အောင် ပိတ်ဆို့ထားသော သူ၏ သွေးကြောမကြီးကို ဖွင့်ပေးလိုက်ခြင်းသာ ဖြစ်ပါသည်။

သွေးကြောပွင့်သွားသဖြင့် ထန်ဟုန်ဖန့် လှုပ်ရှားလာနိုင်၏။ အံ့ဩစိတ်နှင့်အတူ ကြောက်လန့်စိတ်ပါလည်း ရင်တွင်းခိုအောင်းနေခဲ့လေပြီ။ ရှုပိန်းကို တိုက်ခိုက်တော့သည်၊

'ဝှီး....'

သူ့လက်ဝါးရိုက်ချက်က ပြင်းထန်စွာပင် ဝင်ရောက်လာခဲ့သည်။ ရှုတ်တရက် မမျှော်လင့်ဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်သော်လည်း ရှုပိန်း အလွယ်တကူပင် ရှောင်တိမ်းပေးလိုက်၏။ ရှောင်တိမ်းရင်းမှ တစ်ဆက်တည်းပင် တိုက်ကွက်လည်း ထုတ်လိုက်မိသည်။

'ဖြန်း....'

သူမ၏ လက်ဝါးတစ်ဘက်က ထန်ဟုန်ဖန့်၏ ပါးပြင်ပေါ်သို့ လျှပ်တစ်ပြက် ကျရောက်သွား၏။ ထန်ဟုန်ဖန့် မျက်နှာတစ်ပြင်လုံး ရှက်စိတ်ကြောင့် ရဲတွတ်သွားပြီး နှုတ်ခမ်းမှလည်း သွေးများစီးကျလာသည်။

'ရှင်ဟာ လူမိုက်ပဲ၊ ရှင်နဲ့ ကျွန်မ ပြိုင်ဘက် မဟုတ်လို့ မယှဉ်ပြိုင်ချင်ဘူး ပြောထားတာကိုအောင်မှုမိုက်မိုက်ကန်းကန်း ယှဉ်ဖို့ ကြိုးစားသေးတယ်၊ အဲဒီဖတ်ချက်က ပထာမဆုံးမတာပဲ'

ထန်ဟုန်ဖန် ဆက်လက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော် သူ မတိုက်ခိုက်နိုင်ခင်မှာပင် အခန်းအဝဆီမှ တားမြစ်လိုက်သံတစ်သံက ရုတ်တရက် ထွက်ပေါ်လာခဲ့လေသည်။

'မလုပ်နဲ့ နောင်ကြီး ထန်ဟုန်ဖန်၊ သူ ခင်ဗျားရဲ့ပြိုင်ဘက် မဟုတ်ဘူး'

ထန်ဟုန်ဖန်လက်ကို ရုပ်လျက် နောက်လှည့် ကြည့်လိုက်သည်။ ဝူဆန်ကွေ့နှင့် လူနှစ်ယောက်သည် အခန်းဝတွင် ပိတ်ဆီးရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်ကား အသက်လေးဆယ်ကျော် ပတ်ဝန်းကျင်ခန့်ရှိပြီး ရုပ်ရည်မှာ ကြမ်းတမ်းခက်ထရော် လွန်းလှချေသည်။

ဝူဆန်ကွေ့က ရှုဖိန်းကို တည်ငြိမ်စွာပင် စိုက်ကြည့်လျက် မေးခွန်းထုတ်လိုက်သည်။

'မင်းဘယ်သူလဲ မိန်းကလေး'

ရှုဖိန်းကမဖြေချေ။ ဝူဆန်ကွေ့က သူ့ဘာသာသူ မှတ်ချက်ချလိုက်၏။

'မင်းဘယ်သူလဲဆိုတာ မင်းမပြောလဲ ကိစ္စတော့မရှိပါဘူးကွယ်၊ ဒါပေမယ့် ဒီလောက် အစောင့်အကြပ်တွေ ထူထပ်တဲ့ ကျုပ်ရဲ့အိမ်ဂေဟာထဲကို အလွယ်တကူဝင်ရောက် လာနိုင်တယ်ဆိုတာနဲ့ မင်းရဲ့အဆင့်ဟာ နှယ်နှယ်ရရမဟုတ်ဘူးဆိုတာ ကျုပ်နားလည် သဘောပေါက်ပါတယ်'

ရှုဖိန်းက ခန့်ပြုံးကလေး ပြုံးလိုက်၏။ ထို့နောက်တံခါးဝတွင် ပိတ်ဆီးရပ်နေသူများအား ဂရုမထားသည့် အသွင်ဖြင့်...



'ကျွန်မကို နားလည်တယ်ဆိုရင်ဘာမှပြောနေစရာမလိုတော့ဘူး၊ ဗီဇတော့ အပြစ်မဲ့တဲ့ ဟောဒီကဘာဘာလျှ ယိစန်းကိုလွှတ်ပေးလိုက်ပါ'

ဝူဆန်ကွေ့ မျက်နှာ ကွက်ခနဲပျက်သွား၏။

'မင်းက ကျုပ်ကို အမိန့်ပေးနေတာလား'

'အမိန့်ပေးတယ်လို့ပဲထင်ထင်၊ ညွှန်ကြားတယ်လို့ထင်ထင်၊ ရှင်သူ့ကိုတော့ လွှတ်ပေးရမှာပဲ'

'လွှတ်မပေးဘူး ဆိုရင်ကောကွယ်'

'လွှတ်မပေးဘူးဆိုရင် ကျွန်မကတော့ လွှတ်အောင်ခေါ် ထုတ်သွားရမှာပဲ'

'ဟား....ဟား....ဟား'

ရယ်မောသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ ဝူဆန်ကွေ့ထံမှတော့မဟုတ်။ ဗျိုင်းတောင်ပံ လျှူတိုက်ကွမ်း၏ ရယ်သံသာ ဖြစ်ပါသည်။

'တော်တော် အပြောကြီးပါလား မိန်းကလေး၊ ငယ်ငယ်ရွယ်ရွယ် လှလှပပကလေးနဲ့ ကိုယ့်အသက်ကိုတော်င်မှ မနှမြောဘူးလား'

ရှုဖိန်းက ဗျိုင်းတောင်ပံ လျှူတိုက်ကွမ်းကို စိုက်ကြည့်လိုက်၏။

လျှူတိုက်ကွမ်းကို ဆက်လက်၍...

'မင်းကကျုပ်တို့ကို ထိုးဖောက်သွားနိုင်တယ်လို့ ပြောလိုက်တာလား၊ ဖောက်ထွက်နိုင်ရင် ဖောက်ထွက်လိုက်လေ'

ပြောပြော ဆိုဆိုပင် လျှုတိုက်ကွမ်းက သူ၏ကိုယ်ဖော့ပညာကို အားကိုးကာ ရှုဖိန်းထံသို့ ခုန်ဝင် တိုက်ခိုက်လိုက်၏။ ရှုဖိန်းက လှလှပပကလေးပင် ရှောင်တိမ်းပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

အခန်းကျဉ်း ကလေးထဲမှာ တိုက်ခိုက် နေကြသော်လည်း သူတို့၏ တိုက်ကွက်များက ထိရောက်တိကျလှ၏။ လျှုတိုက်ကွမ်းက သူ၏ဗျိုင်းတောင်ပံ လက်ဝါးတိုက်ကွက်ကို အသုံးပြုသလို ရှုဖိန်းကလည်း ကျောက်လက်ဝါးတိုက်ကွက်ဖြင့်ရင်ဆိုင်သည်။ နှစ်ယောက်စလုံးမှာ ပေါ့ပါးဖျတ်လတ်လွန်းကြသဖြင့် ဖျားပိတုန်းကလေးများ တစ်ကောင်နှင့် တစ်ကောင် ကျီစယ်သလို ရှိနေသည်။

ရုတ်တရက်ကြည့်လျှင် ညင်သာပျော့ပျောင်းစွာ တိုက်ခိုက်နေကြသည်ဟု ထင်မှတ်ရ၏။ သူတို့၏ လက်ဝါး ရိုက်ချက်တစ်ချက်ကို ထိမိလိုက်လျှင်ကား မသေသော်မှ ဒုက္ခိတဘဝသို့ ရောက်ရှိသွားရမည်မှာ မလွဲပေ။ အတွင်းအား အပြည့်အဝ ထုတ်ကာ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ဗျိုင်းတောင်ပံ လျှုတိုက်ကွမ်းမှာ ကိုယ်ဖော့ပညာကောင်းသလို အတွင်းအားလည်း ပြည့်ဝလှချေသည်။ ရှုဖိန်းသည်လည်း လျင်မြန်သွက်လက်လွန်းလှ ပါသည်။ သို့သော် သူမ၏အတွင်းအားက လျှုတိုက်ကွမ်းလောက် အဆင့်မမြင့်။ တိုက်ကွက်ကမူ လျှုတိုက်ကွမ်းထက် သာလွန်နေပေသည်။

ထို့ကြောင့် ရှုဖိန်းမှာလျှုတိုက်ကွမ်း၏ လက်ဝါးရိုက်ချက်များကို တတ်နိုင်သလောက် ထိပ်တိုက်အတွေ့မခံဘဲရှောင်တိမ်း



တိုက်ခိုက်၏။ လစ်ကွက် ဟာကွက်တွေ့မှသာလျှင် ချက်ကောင်းကောင်း တိုက်ခိုက်သည်။ စူးဆန်ကွေးနှင့် ရှောင်လုံကျိတို့ နှစ်ယောက်မှာ လျှုတိုက်ကွမ်းအခြေအနေ ကောင်းနေသဖြင့် အသာပင် ရပ်ကြည့်နေကြသည်။

ထန်ဟုန်ဖန်ကား ကြားမဝင်ရဲ။ သူ့အဆင့်နှင့် ကြားဝင်လိုက်မိလျှင် အကြီးအကျယ် ဒုက္ခ တွေ့သွားနိုင်သည်ကို သူကောင်းစွာ နားလည် သဘောပေါက်မိလေသည်။

စ ဖြည်းဖြည်းနှင့် တိုက်ပွဲကပြင်းထန်လာသည်။ လက်ဝါး ရိုက်ချက်များကပြင်းထန်လာသည်။ နှစ်ယောက်စလုံးက တစ်ဦး၏ အရည်အချင်းကို တစ်ဦးက အသိအမှတ်ပြုမိလာကြ၏။

တိုက်ကွက်ပေါင်း နှစ်ဆယ် ကျော်လာသည့်တိုင် မည်သူ့ကိုမျှ ထိခိုက်အောင် မတိုက်ခိုက်နိုင်ကြပေ။ မည်သူကမျှ အသာစီး မရရှိကြပေ။ သူတင်ကိုယ်တင် လက်ရည်တူ ယှဉ်ပြိုင်နေကြဆဲပင်။

ဗျိုင်းတောင်ပံ လျှုတိုက်ကွမ်းက တိုက်ကွက် နှစ်ဆယ်ကျော်လာသည်နှင့် အခြေအနေကို ရိပ်စားမိလာ၏။ နှယ်နှယ်ရရ မိန်းကလေး တစ်ယောက် မဟုတ်သည်ကို တွက်ဆမိလာ၏။ ထို့ကြောင့် သူ၏ တိုက်ကွက်ကို ရုတ်တရက် ပြောင်းလဲပစ်လိုက်၏။

သူ၏ ပြောင်းလဲခြင်းကား အရှေ့နှင့် အနောက်ပမာ ဆန့်ကျင်နေပေသည်။

ယခင်က နှေးကွေးသော အရွေ့အပြောင်းတို့က လွန်စွာ မြန်ဆန်လာသည်။ စောစောက မြန်ဆန်ခဲ့သည်တို့ နှေးကွေး

သွား၏။ အတွင်းအားက သိသိသာသာ လျော့ကျ သွားသလို လက်ဝါးရိုက်ချက်တို့မှာလည်း ပျော့ပျောင်းလာ၏။

သို့သော် အမှတ်မထင် တိုက်ကွက်များကား ကြောက်ခမန်းလိလိ လျင်မြန်ပြင်းထန်လှသည်။

'ဝိုး...'

ရှုဖိန်းက လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လိုက်၏။ ဗျိုင်းတောင်ပံက လေးကျွေးဖင့်နွေးစွာရှောင်တိမ်းသည်။ ထို့နောက် လက်ဝါးရိုက်ချက်နှင့် ခြေကန်ချက်ကို တွဲသုံးသည်။

သူ၏ တိုက်ကွက်များကား 'ဝိဇ္ဇောမိအလျင်' တိုက်ကွက်များ ဖြစ်ပေသည်။

ရှုဖိန်း လွတ်အောင် ရှောင်တိမ်းလိုက်နိုင်သော်လည်း စိတ်ထဲတွင် လန့်ဖျပ် တုန်လှုပ်သွားသည်။ ဤမျှအထိ လျင်မြန်လိမ့်မည်ဟု သူမ မထင်မိပေ။ လျှုတိုက်ကွမ်းကား လျှပ်မြက်သည့်နှယ် လျင်မြန်လွန်းလှချေသည်။

သူမသည်လည်း ဤတိုက်ကွက်ဖြင့် ဆက်လက်ရင်ဆိုင်ရလျှင် အရှုံးနှင့် ရင်ဆိုင်နိုင်စရာ အကြောင်း ရှိနေ၏။ ထို့ကြောင့် 'အသွင်ကွဲ ပုလဲစွန်ချီ' တိုက်ကွက်ကို ပြောင်းလဲလိုက်သည်။

ယင်းတိုက်ကွက်မှာ ကွက်ပြောင်းကွက် များပြားသလောက် လျင်မြန်လှသည်။ ခြေထောက်၊ လက်ဝါး၊ တံတောင်၊ လက်သီး၊ ဒူးတို့ကို အကွက်ကျကျ အထိုက်အလျောက် အစီအစဉ်တကျ တွဲစပ် အသုံးပြုနိုင်သည်။ တိုက်ကွက်တစ်ကွက်တွင် ဆင့်ပွား တိုက်ကွက်ကလေးများ နှစ်ဆယ့်ငါးကွက် ပါ၏။



ထိုနှစ်ဆယ့်ငါးကွက်တွင်မှ ဆင့်ကဲဆင့်ကဲ ငါးကွက်စီ ထပ်မံ၍ ခွဲထုတ်နိုင်ပြန်သည်။ ထို့ကြောင့် တိုက်ကွက်များအပြောင်းအလဲ မြန်ဆန်နေခြင်းဖြစ်သည်။

ရှေ့ဘက်တွင် တိုက်ခိုက်နေရာမှ ရုတ်ခြည်းပင် နောက်ဘက်မှ တိုက်ခိုက်ခြင်းကိုလည်း ခံရတတ် သဖြင့် တော်ရုံတန်ရုံ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဆိုလျှင် မည်သို့မျှ ရှောင်တိမ်းရန် မလွယ်ကူချေ။

သို့သော် လျှုတိုက်ကွမ်းကား သာမညပုဂ္ဂိုလ် မဟုတ်ချေ။ ရှုဖိန်း တိုက်ကွက်ပြောင်းလဲလိုက်သည်ကို သူ၏ 'ဝိဇ္ဇောမိအလျင်' ဖြင့် ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့သည်။ တိုက်ပွဲ အတွေ့အကြုံနှင့် အတွင်းအား ပညာတို့ ထပ်မံ ဖြည့်စွက်လိုက်သောအခါတွင် လျှုတိုက်ကွမ်းမှာ ရှုဖိန်းကို ကောင်းစွာ ထိန်းထားနိုင်ခဲ့ပေသည်။

'ဘယ်လိုလဲမိန်းကလေး၊ ကျုပ်တို့ကို ဖောက်ထွက်မလို့ဆို၊ ရအောင် ဖောက်ထွက်ပါတော့လား'

လျှုတိုက်ကွမ်းက တိုက်ခိုက်နေရင်းမှ သရော်လိုက်၏။ ရှုဖိန်း တုန်လှုပ်ခြင်း အလျဉ်းမရှိပဲ...

'အချိန်တွေ ရှိပါသေးတယ်လေ၊ နောက်ဆုံးတော့ ဘယ်သူက ဘာဖြစ်မယ်ဆိုတာ အဖြေပေါ်သွားရမှာပေါ့'

ပြောပြောဆိုဆိုပင် သူ့ညာလက်ကို စကြာရဟတ်ပမာ ဝေ့ယမ်းလိုက်၏။ တဆက်တည်းပင် ဘယ်လက်ကလည်း စွန့်လက်သည်း ကုတ်သဏ္ဌာန်ပြောင်းလဲလျက် လျှုတိုက်ကွမ်း၏ရင်ဘတ်ကို ကုတ်ရိုက်ချလိုက်သည်။

သွား၏။ အတွင်းအားက သိသိသာသာ လျော့ကျ သွားသလို လက်ဝါးရိုက်ချက်တို့မှာလည်း ပျော့ပျောင်းလာ၏။

သို့သော် အမှတ်မထင် တိုက်ကွက်များကား ကြောက်ခမန်း လိလိ လျင်မြန်ပြင်းထန်လှသည်။

'ဝိုး...'

ရှုပိန်းက လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လိုက်၏။ ပျိုင်းဘောင်ပက လေးကျွေးဖင့်နွေးစွာရှောင်တိမ်းသည်။ ထို့နောက် လက်ဝါးရိုက်ချက်နှင့် ခြေကန်ချက်ကို တွဲသုံးသည်။

သူ၏ တိုက်ကွက်များကား 'ဝိဇ္ဇာဓိအလျင်' တိုက်ကွက်များ ဖြစ်ပေသည်။

ရှုဖိန်း လွတ်အောင် ရှောင်တိမ်းလိုက်နိုင်သော်လည်း စိတ်ထဲတွင် လန့်ဖျပ် တုန်လှုပ်သွားသည်။ ဤမျှအထိ လျင်မြန်လိမ့်မည်ဟု သူမ မထင်မိပေ။ လျှူတိုက်ကွမ်းကား လျှပ်မြက် သည့်နှယ် လျင်မြန်လွန်းလှချေသည်။

သူမသည်လည်း ဤတိုက်ကွက်ဖြင့် ဆက်လက်ရင်ဆိုင်ရလျှင် အရှုံးနှင့် ရင်ဆိုင်နိုင်စရာ အကြောင်း ရှိနေ၏။ ထို့ကြောင့် 'အသွင်ကွဲ ပုလဲစွန်ချိ'တိုက်ကွက်ကို ပြောင်းလဲလိုက်သည်။

ယင်းတိုက်ကွက်မှာ ကွက်ပြောင်းကွက် များပြားသလောက် လျင်မြန်လှသည်။ ခြေထောက်၊ လက်ဝါး၊ တံတောင်၊ လက်သီး၊ ဒူးတို့ကို အကွက်ကျကျ အထိုက်အလျောက် အစီအစဉ်တကျ တွဲစပ် အသုံးပြုနိုင်သည်။ တိုက်ကွက်တစ်ကွက်တွင် ဆင့်ပွား တိုက်ကွက်ကလေးများ နှစ်ဆယ့်ငါးကွက် ပါ၏။



ထိုနှစ်ဆယ့်ငါးကွက်တွင်မှ ဆင့်ကဲဆင့်ကဲ ငါးကွက်စီ ထပ်မံ၍ ခွဲထုတ်နိုင်ပြန်သည်။ ထို့ကြောင့် တိုက်ကွက်များအပြောင်းအလဲ မြန်ဆန်နေခြင်းဖြစ်သည်။

ရှေ့ဘက်တွင် တိုက်ခိုက်နေရာမှ ရုတ်ခြည်းပင် နောက်ဘက်မှ တိုက်ခိုက်ခြင်းကိုလည်း ခံရတတ် သဖြင့် တော်ရုံတန်ရုံ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဆိုလျှင် မည်သို့မျှ ရှောင်တိမ်းရန် မလွယ်ကူချေ။

သို့သော် လျှူတိုက်ကွမ်းကား သာမညပုဂ္ဂိုလ် မဟုတ်ချေ။ ရှုဖိန်း တိုက်ကွက်ပြောင်းလဲလိုက်သည်ကို သူ၏ 'ဝိဇ္ဇာဓိအလျင်' ဖြင့် ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့သည်။ တိုက်ပွဲ အတွေ့အကြုံနှင့် အတွင်းအား ပညာတို့ ထပ်မံ ဖြည့်စွက်လိုက်သောအခါတွင် လျှူတိုက်ကွမ်းမှာ ရှုဖိန်းကို ကောင်းစွာ ထိန်းထားနိုင်ခဲ့ပေသည်။

'ဘယ်လိုလဲမိန်းကလေး၊ ကျုပ်တို့ကို ပေါက်ထွက်မလို့ဆို၊ ရအောင် ပေါက်ထွက်ပါတော့လား'

လျှူတိုက်ကွမ်းက တိုက်ခိုက်နေရင်းမှ သရော်လိုက်၏။ ရှုဖိန်း တုန်လှုပ်ခြင်း အလျဉ်းမရှိပဲ...

'အချိန်တွေ ရှိပါသေးတယ်လေ၊ နောက်ဆုံးတော့ ဘယ်သူက ဘာဖြစ်မယ်ဆိုတာ အဖြေပေါ်သွားရမှာပေါ့'

ပြောပြောဆိုဆိုပင် သူ့ညာလက်ကို စကြာရဟတ်ပမာ ဝှေ့ယမ်းလိုက်၏။ တဆက်တည်းပင် ဘယ်လက်ကလည်း စွန်လက်သည်း ကုတ်သဏ္ဌာန်ပြောင်းလဲလျက် လျှူတိုက်ကွမ်း၏ရင်ဘတ်ကို ကုတ်ရိုက်ချလိုက်သည်။

'ဝှစ်....'

လျှုတိုက်ကွမ်းမှာ ရှုဖိန်း ဤမျှအထိ မြန်ဆန်လိမ့်မည်ဟု မထင်ပေ။

ရှုဖိန်း၏ ရှုပ်ထွေးသွားသော ညာလက်မှ စက္ကူရဟတ်ကို ကြည့်နေစဉ်မှာပင် ဘယ်လက်မှ စွန့်လက်သည်းကုတ် တိုက်ကွက် ဝင်ရောက်လာခဲ့သည်ကို သေလုမျှောပါ၊ ရှောင်တိမ်းလိုက်ရလေသည်။

'ဗြွ...'

သူသည် လွတ်အောင် ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ၊ ရှုဖိန်း၏ လက်ဝါးက လျှုတိုက်ကွမ်း၏ အင်္ကျီရင်ဘတ်ကို စုတ်ပြဲသွားစေခဲ့သည်။ လျှုတိုက်ကွမ်း အပေါ်အဝင် ဝူဆန့်ကျွေးနှင့် ရှောင်လုံကျိတို့သည်လည်း ထိတ်လန့်သွားကြလေသေးသည်။

ရှောင်လုံကျိက ရိပ်ခနဲ လှုပ်ရှားလိုက်၏။ ခန္ဓာကိုယ်ကြီးမှာ လေထဲတွင် မြောက်တက်သွားပြီး လျှုတိုက်ကွမ်း၏ ရှေ့တွင် ပိတ်ဆီးရပ်လိုက်၏။

'နောင်ကြီးလျှု၊ ခဏလောက် အနားယူလိုက်ပါဦး၊ ကျုပ်သူနဲ့ ရင်ဆိုင်လိုက်ပါဦးမယ်'

လျှုတိုက်ကွမ်းက ရှုဖိန်းကို မကျေမချမ်းကလေး ကြည့်လိုက်ပြီးလျှင် နောက်သို့ ဆုတ်ပယ်ပေးလိုက် လေတော့သည်။

★

အခန်း (၁၀)

## နဂါးရိုင်းခါးသိုင်း

ရှုဖိန်းက အေးတိအေးစက် အမူအရာဖြင့် ရှိနေ၏၊ စူးရှသော မျက်လုံးများဖြင့် ရှောင်လုံကျိကို ကြည့်လိုက်၏။

'ရပါတယ်၊ ကြိုက်တဲ့လူဝင်ပြီး ယှဉ်ပြိုင်နိုင်တယ်၊ ရှင်တို့က ဇရာအိုတွေဆိုတော့ ကျွန်မ ရှင်တို့ကို အကျော့ပေးတိုက်ခိုက်ဝံ့ပါတယ်'

ရှောင်လုံကျိ စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွားရသော်လည်း ထိန်းချုပ်ကာ ဟန်မပျက် နေလိုက်၏။ အမှန်ဆိုလျှင် သူတို့အဖို့ ရှက်စရာပါပေ။

'ဟား....ဟား....ဟား၊ မင်းကိုယ်မင်း သိပ်အထင်ကြီးနေသလား မိန်းကလေး၊ မင်းလို မိန်းကလေး တစ်ယောက်ကို

သက်ညှာထောက်ထားနေလို့ မဖြစ်တော့ဘူး၊ မင်းဟာ အန္တရာယ် များများ ပေးနိုင်မယ့် မြွေဆိုးပွေးလိုမျိုးပဲ'

'မြွေဆိုးပွေးကို ရှင်က ငယ်တယ်ဆိုပြီး အလွယ်မှတ်ပြချင်သေးလို့ လား၊ ရှေ့က ပုဂ္ဂိုလ်လိုမျိုး မဖြစ်ချင်ရင်တော့ ကိုယ့် အသိ တရားနဲ့ကိုယ် နောက်ဆုတ်လိုက်ပေတော့၊ ဒီတစ်ခါ ကျွန်မက ရှင့်ကို ညှာလိမ့်မယ်မထင်နဲ့'

လျှို့တိုက်ကွမ်းမှာ မျက်နှာတစ်ပြင်လုံး မည်းခနဲ ဖြစ် သွား၏။ ဒေါသဖြစ်ကာ ရှေ့သို့ ထွက်မည် တကဲကဲ လုပ်နေ သဖြင့် ဝူဆန်ကွေးက ဖျောင်းဖျ နှစ်သိမ့်သော သဘောမျိုး ဖြင့် ပခုံးကို အသာကိုင်လိုက်သည်။ ထိုအခါမှသာ သူ ငြိမ် သွားသည်။

ရှောင်လုံကျိလည်း စိတ်ထဲတွင် မျက်သွား၏။ ရှုဖိန်း စကားဆုံးသည်နှင့် စတင်တိုက်ခိုက်တော့သည်။

ရှောင်လုံကျိမှာ ရှုဖိန်း၏ တိုက်ကွက်များကို နံဘေးမှ အကဲခတ်ခွင့် ရခဲ့သဖြင့် မည်သို့မည်ပုံ တိုက်ခိုက်ရမည်ဆိုသည်ကို ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။ ထို့ကြောင့် အပြင်းထန် ဆုံးသော တိုက်ကွက်များဖြင့် စတင်၏။ ရှုဖိန်းကလည်း သတိ ထားတိုက်ခိုက်သည်။ နောက်မှ တိုက်ခိုက်သူသည် အရင်လူထက် သာလွန်ကောင်းမွန်လိမ့်မည်ကို သူမ နားလည်ပြီး ဖြစ်သည်။

'ဝုန်း....'

ရှုဖိန်း ဟာကွက် တစ်ချက် အလစ်တွင် ရှောင်လုံကျိက ပြင်းထန်သော လက်ဝါးရိုက်ချက် တစ်ချက်ဖြင့် ရိုက်ချလိုက်



သည်။ သူ့လက်ဝါးက ရှုဖိန်း၏ ရင်ဝဆီသို့ တိုးဝင်လာ၏၊ ရှုဖိန်း သေလုမျောပါး ရှောင်တိမ်းပေးလိုက်ရ၏။

'လူယုတ်မာ၊ မိန်းကလေး တစ်ယောက်ကို ဘယ်လိုနေရာ မျိုးတွေ မတိုက်ခိုက်ရဘူးဆိုတာ မသိဘူးလား'

ရှုဖိန်း မျက်နှာ သွေးရောင်လွှမ်းသွား၏။

ရှောင်လုံကျိကား ကောက်ကျစ်စွာပင် ရယ်မောလိုက်ပြီး...

'ရန်သူကို တိုက်ခိုက်တဲ့ နေရာမှာ မိန်းမတွေ ကလေးတွေ ဆိုပြီး ဂရုစိုက်လို့မရဘူး၊ မတိုက်သင့်တဲ့ နေရာဆိုတာလဲ မရှိဘူး၊ ကျုပ်မှ ဒီလိုမတိုက်ရင် ကျုပ်အသက်ကို မင်း နုတ် ယူသွားမှာပဲ မဟုတ်လား'

'သိုင်းလောက စည်းကမ်း နားမလည်တဲ့ လူရမ်းကား'

ရှုဖိန်း ဒေါသတကြီး ဖြစ်ကာ တိုက်စစ်ကို မြှင့်တင်လိုက် သည်။ ခြေဖျား၊ လက်ဝါး၊ ဒူး၊ တံတောင်၊ လက်သီးတို့ မိုးရွာချသည့်အလား တရစပ်ပင် တွဲလျက် တိုက်ခိုက်လိုက် သည်။ စောစောက အသာစီးရလုနီး ဖြစ်နေသော ရှောင်လုံ ကျိမှာ လှိုင်းပုံသလို တဝုန်းဝုန်း တိုက်ခိုက်လာသည့် ရှုဖိန်း၏ တိုက်ကွက်များကို အလူးအလဲ ရှောင်တိမ်း ခုခံနေရသည်၊

တဖြည်းဖြည်းနှင့် ရှောင်လုံကျိမှာ ခံစစ် အနေအထားသို့ ကူးပြောင်းလာခဲ့သည်။

ရှုဖိန်း၏တိုက်ကွက်အောက်တွင် မလှုပ်သာမယှက်သာအောင် ပိတ်ဆို့ခြင်း ခံလာရ၏။

'ဝုန်း....'

ရှောင်လုံကျိနောက်သို့ တဖြည်းဖြည်းဆုတ်ပေးရင်းမှ ရှုဖိန်း၏ လက်ဝါးခိုင်းချက်တစ်ချက်က ပခုံးပေါ်သို့ ရှပ်ကျသွားသည်။ နာကျင်ခြင်း သိပ်မရှိလှသော်လည်းရှက်ရွံ့ခြင်းကြောင့် ဒေါသက ဟုန်းဟုန်းကြွလာသည်။

'မင်း...မင်း... မင်းကို ကျုပ်လက်ဝါးတစ်ချက် အကြွေးရှိသွားပြီ၊ ကျုပ်နဲ့မင်းဟာ မကျေနိုင်တဲ့ ရန်ငြိုး အခုဖွဲ့လိုက်ပြီ၊ မင်းနဲ့ ကျုပ်လက်ချင်းမယှဉ်တော့ဘူး၊အသက်လုကြေး တိုက်ခိုက်မယ်၊ မင်းကျွမ်းကျင်တဲ့လက်နက်ကို ထုတ်လိုက်စမ်း'

ရှောင်လုံကျိမှာ ပြောပြောဆိုဆိုပင် ဓားရှည်ကို ဓားအိမ်မှ ရွှမ်းခနဲ ဆွဲထုတ်လိုက်သည်။

ရှုဖိန်းကား တည်ငြိမ်စွာပင် ရှိနေ၏။ အလင်းရောင်တွင် တဖျပ်ဖျပ်လက်နေသော ဓားသွားကို ကြည့်လိုက်ပြီး မခိုးမခန့် ပြုံးလိုက်၏။

'ကျွန်မမှာ စိတ်ကြိုက်လက်နက်ဆိုတာလက်နှစ်ဘက်ပဲရှိတယ်၊ လူတစ်ယောက်ရဲ့အသက်ကိုသတ်တာ လက်နက်နဲ့သတ်မှသေတာ မဟုတ်ပါဘူး။ ကိုယ်ပိုင်လက်နက်ဖြစ်တဲ့ ခြေလက်နဲ့ တိုက်ခိုက်လို့လဲ သေနိုင်ပါတယ်'

'ဒါ မင်းပြောစရာမလိုပါဘူး၊ ကျုပ်သိတယ်၊ ဒါပေမယ့် မင်းနဲ့ကျုပ်က လက်ချည်းပဲ ယှဉ်ကြရင် အရှုံးအနိုင်၊ အသေအကြေဆိုတာ သိပ်ပြီး ကြာရှည်နေဦးမယ်၊ အချိန် တိုတိုနဲ့ အရှုံးအနိုင် ကွဲပြားချင်တယ်၊ ဒါကြောင့် မင်းစိတ်တိုင်းကျ လက်နက်ကိုသာ ထုတ်လိုက်စမ်းပါ'



'ကောင်းပြီလေ၊ ရှင်ကဒီလောက်တောင် တောင်းဆိုနေမှတော့ ကျွန်မကလဲလက်ရှောင်ဖို့မသင့်ပါဘူး၊ ဓားကိုဓားချင်းပဲ ယှဉ်လိုက်ကြတာပေါ့'

သူမတွင် မည်သည့်လက်နက်မျှ ပါလာခြင်းမရှိ။ အနီးတွင် ငေးကြောပိတ်ခံထားရသည့်အစောင့်တစ်ယောက်ထံမှ ဓားရှည်တစ်လက်ကို ဆွဲနုတ်ယူလိုက်၏။

'ကဲ...ရှင်တောင်းဆိုတဲ့အတိုင်း ကျွန်မလဲ လက်နက်ရှိနေပြီ၊ အလျှော့မပေးစတမ်း၊ မညှာတမ်း တိုက်ပေတော့'

'ရွှမ်း....'

ရှုဖိန်းက ဓားကိုလက်ထဲတွင် တစ်ဆဆကိုင်ရင်း လေထဲတွင် ဝှေ့ယမ်းလိုက်၏။ သူမအသင့်အနေအထားရောက်မှ ရှောင်လုံကျိက စတင်တိုက်ခိုက်သည်။

စတိုက်ပြီဆိုသည်နှင့်ရှောင်လုံကျိက သူ၏နာမည်ကြီးလှသော 'နဂါးရိုက်ဓား' တိုက်ကွက်ကို စတင်အသုံးပြုသည်။ နဂါးရိုက်ဓား သိုင်းမှာ သိုင်းကွက်ပေါင်း တစ်ရာ့နှစ်ဆယ်တိတိ ရှိပြီး တစ်ကွက်စီတွင် ဆင့်ပွားကွက်ပေါင်း ရှစ်ကွက် ပါဝင်၏။ စုစုပေါင်း သူ၏သိုင်းကွက်မှာ ကိုးရာ့ခြောက်ဆယ် ရှိပေသည်။

ရှောင်လုံကျိသည် အဓိကပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရသည့် အခါမှသာ ထိုဓားသိုင်းကွက်ကို ထုတ်ဖော်အသုံးပြုသည်။

ပြိုင်ဘက်များ အပေါ်တွင်လည်း မည်သည့် အခါတွင်မျှ တိုက်ကွက် နှစ်ရာကျော်လွန်ခြင်းမရှိ။ တိုက်ကွက်နှစ်ရာအတွင်း မှာပင်အနိုင်ယူခဲ့မြဲဖြစ်ပေသည်။ ယခုအားနွဲ့လှသောမိန်းမသားတစ်ဦးဖြစ်သည့် ရှုဖိန်းအား ဤတိုက်ကွက်ဖြင့်စတင်တိုက်ခိုက်ပြီ

ဆိုသည်နှင့် ရှုဖိန်းအပေါ်တွင် မည်မျှ နာကျည်း မုန်းတီးနေရသည်ကို သိနိုင်ပေသည်။

'ရှမ်း....'

'ရှမ်း '

လေထုကို ထိုးခွဲသည့် လေတိုးသံများက ဆူညံနေသည်။ ဓားရိပ်များကလည်း ငွေရောင်လှိုင်းလုံးများသဖွယ် တစ်ရိပ်ရိပ် ယှက်ဖြာနေသည်။ စတင်တိုက်ခိုက်ပြီဆိုကတည်းက ရှောင်လုံကျို၏ ဓားရိပ်များက ရှုဖိန်းကို လွှမ်းအုပ်ခြုံထားခဲ့သည်။ ရှုဖိန်းလည်း သူမ၏ အလင်းခွဲ ဓားသိုင်းဖြင့် ကိုယ့်ကိုယ်ကို လုံခြုံအောင် အစွမ်းကုန် ကာကွယ်နေရ၏။

သို့တိုင် ရှောင်လုံကျို၏ဓားရှည်က မြွေဟောက်တစ်ကောင်အလားပင် တစ်ခါတစ်ခါ၌ ရှုဖိန်း၏သေကွင်း သေကွက်များဆီသို့ တိုးဝင်လာတတ်ပေသည်။ တိုက်ကွက်နှစ်ဆယ်မပြည့်တတ်သေးခင်မှာပင် ရှုဖိန်း၏အနေအထား သိပ်မကောင်းတော့။ အောက်စည်းသို့ ရုပ်ပျက်ဆင်းပျက် ရောက်ရှိလာခဲ့သည်။

ထန်ဟုန်ဖန့်သည် ရှုဖိန်း၏ ကသောကမျော ရှောင်တိမ်းနေရသော အဖြစ်ဆိုးကိုကြည့်ပြီး စိတ်ထဲတွင် ပီတိဖြစ်နေမိသည်။

သို့သော် သူ၏ပီတိက ကြာရှည်မခံလိုက်ပါ။ ရှုဖိန်းမှာ ဖြတ်ထိုးဉာဏ်ကောင်းသူ တစ်ဦးဖြစ်၍ ရှောင်လုံကျို၏တိုက်ကွက် သဘောသဘာဝများကို ဖြည်းဖြည်း နားလည် လာခဲ့သည်။

ဆင့်ပွား ရွှေ့ပြောင်းကွက် ကလေးများကို ကြိုတင် မြင်ယောင်လာမိသည်။ ထို့ကြောင့် သူမ၏ဓားရှည်မှာ ရုတ်ခြည်း



ပင် အသက်ပါသော သတ္တဝါတစ်ကောင်ကဲ့သို့ ပြောင်းလဲလာသည်။

ရှောင်လုံကျို၏တိုက်ကွက်များကို လွယ်ကူစွာပင်ရှောင်တိမ်းလာနိုင်သလို ချေဖျက်လာနိုင်၏။ တစ်ချီတစ်ချီတွင် တိုက်စစ်ကဒလးများကိုပင် အသုံးပြုလာနိုင်ခဲ့သည်။ ယင်းသို့တိုက်စစ်ဆင်နိုင်အောင် သူ့အားနှင့် အလင်းခွဲဓားသိုင်းတစ်ခုတည်းကို အသုံးပြုတိုက်ခိုက်၍ မရပေ။ ဟွာဘန်းကိုကျား၏ ဓားသိုင်းပညာရပ်များကိုပါ အလျဉ်းသင့်လျှင် သင့်သလို ထုတ်ဖော်အသုံးပြုတိုက်ခိုက်နေရလေသည်။

ရှောင်လုံကျိုမှာ မိမိ အသာစီးရနေရာမှ လက်ရည်တူ ပြန်ယှဉ်ပြိုင်လာနိုင်သော ရှုဖိန်းကို စိတ်ထဲက ကျိတ်၍ ချီးကျူးလိုက်မိသည်။ တိုက်ကွက်ကိုလည်း အရှိန်အဟုန် မြှင့်တင်လိုက်သည်။

'ချွမ်း....'

ဓားနှစ်လက်တို့ ထိခတ်သွားသံ ထွက်ပေါ်လာခဲ့သည်။ ရှုဖိန်း၏ လက်မောင်းတစ်ခုလုံး ထုံကျဉ်သွားရသလို ရှောင်လုံကျို၏ လက်ဖျားကလေးများသည်လည်း နာကျင်ကိုက်ခဲသွားရ၏။ နှစ်ယောက်စလုံး နောက်သို့ ဆုတ်ပေးလိုက်ကြသည်။ ရှုဖိန်းမှာ သူမ၏ဓားကို ယုံကြည်မှုမရှိသဖြင့် ပြန်ကြည့်လိုက်၏။ ဓားအသွားမှာ တစ်လက်မခန့် ပဲ့စဉ်သွားသည်ကို တွေ့လိုက်ရသဖြင့် ရင်ထိတ်သွား၏။

ဤဓားကို အားကိုး တိုက်ခိုက်၍မရကြောင်း တွက်မိ၏။ ထို့အတူ ရှောင်လုံကျို၏ဓားကို ထိပ်တိုက်မခုခံပဲ ရှောင်တိမ်း

ကာ မိမိ၏ အားနေသော ဘယ်လက်ဖြင့် အလစ်တိုက်ခိုက်မှု ဖြစ်မည်ဟု ကြံစည်လိုက်၏။

ထိုအကြံရသည်နှင့် ရိပ်ခနဲ ခုန်ဝင်ကာ တရစပ် တိုက်ခိုက် ပြန်သည်။

ရှောင်လုံကျိုမှာ မိမိ၏ နဂါးရိုက်ဓားက ရှမိန်း၏ဓားထက် အစွမ်းထက်ကောင်းမွန်သည်ကို တွေ့ရှိလိုက်ရသောအခါ လွန်စွာ အားရ ကျေနပ်မိ၏။ ဝင်လာသော တိုက်ကွက်များကို ရဲရဲ တင်းတင်းပင် ထိပ်တိုက်ရင်ဆိုင်ရန် ကြိုးစား၏။

ရှမိန်းကလည်း လိပ်ပြာကလေး တစ်ကောင် ပျံဝဲလာသည့်နှယ် ခုန်ပျံရှောင်တိမ်း တိုက်ခိုက်နေသည်။

တိုက်ပွဲသည် တဖြည်းဖြည်း ပို၍ ပို၍ ပြင်းထန်လာ၏။ လျင်မြန်လာသည်နှင့်အမျှ ဓားရှိန်က ပို၍ပြင်းထန်လာ၏။

ဓားသိုင်းပညာအရဆိုလျှင် ရှောင်လုံကျိုက သာလွန်သော် လည်း ရှမိန်းက ဖြတ်ထိုးဉာဏ်သုံးကာ ဥပါယ်တံမျဉ်တိုက်ခိုက် သောကြောင့် လက်ရည်တူ ယှဉ်ပြိုင်သာနိုင်ခြင်း ဖြစ်ပေသည်။

တိုက်ကွက်ပေါင်း နောက်ထပ် ငါးဆယ်ကျော်လာခဲ့သည်။ မည်သူမျှ ထိခိုက်ဒဏ်ရာရခြင်း မရှိသေးသလို မည်သူမျှလည်း အသာစီး မရနိုင်ကြသေးပေ။ ဂူဆန်ကျွေးသည်ပင် ကြည့်ရင်း ကြည့်ရင်းနှင့် ရှောင်လုံကျိုအပေါ် အားမလိုအားမရ ဖြစ်လာ သည်။ ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်ရန် ဟန်တပြင်ပြင် ဖြစ် လာသည်။

သို့သော် သူ ဝင်မတိုက်။ သိုင်းလောက၏ အပြင်ဘက်မှ ဆိုးမိုက်နေသူတစ်ဦး ဖြစ်သော်လည်း ကိုယ့်အဆင့်အတန်းနှင့်



ကိုယ်ဖြစ်၍ ဂုဏ်သိက္ခာကိုထိန်းနေရ၏။ ထို့ပြင် စိတ်ထဲ၌ မရိုး မရွ ဖြစ်နေမိသော်လည်း တကယ်တမ်း ယှဉ်ပြိုင်ကြမည်ဆိုလျှင် သူ့အနေနှင့် ရှမိန်းကို လက်ရည်တူ ယှဉ်နိုင်လိမ့်မည် မဟုတ် ကြောင်းလည်း သိနေသည်။

ရှောင်လုံကျိုသော်မှ အတော်ပင် သတိထား တိုက်ခိုက်နေ ရကြောင်း တွေ့နေရသဖြင့် သူ့ပညာနှင့်မူ အတော်ကလေး စွန့်စားမှု ဖြစ်မည်ဟု သိနေပေ၏။

ထိုစဉ်မှာပင် တိုက်ပွဲအခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်း လဲသွားခဲ့၏။ ရှောင်လုံကျိုမှာ တိုက်ကွက်ပေါင်းတစ်ရာနီး ရှိ သည့်တိုင် ရှမိန်းကို အနိုင်မရသေးသဖြင့် စိတ်မရှည်တော့ပေ။ နဂါးရိုက် ဓားသိုင်းကွက်ထဲမှ အထက်မြက်ဆုံးဖြစ်သော 'နဂါး မြေလျှိုး ဓားမိုးရွာ' တိုက်ကွက်ကို ပြောင်းလဲ ထုတ်ဖော် တိုက်ခိုက်တော့သည်။

'ဝိုး....ဝှစ်....'

ဓားဦးချွန်က တစ်ဆတ်ဆတ် တုန်ခါနေပြီး ဦးတည်ရာကို မှန်းဆမရအောင် မြန်လာသည်။ အစစ်အမှန် တိုက်ကွက်နှင့် အယောင်ပြတိုက်ကွက်များ ရောထွေးပါဝင်လာသည်။

အခုက လက်ရည်တူ ယှဉ်ပြိုင်ကာ တိုက်ကွက်များကို ချေ ဖျက် ဟန့်တားထားနိုင်ခဲ့သည့် ရှမိန်းမှာ အခြေအနေ ဆိုးရွား လာ၏။ ရှောင်လုံကျို၏ ဓားဦးချွန်ကို အမိအရ လိုက်လံကြည့် ရှုသော်လည်း ဦးတည်ချက်ကို မှန်းဆမရနိုင်အောင်ဖြစ်လာ၏။

တည်ငြိမ် အေးဆေးသူ ဖြစ်သော်လည်း ယခုလို ဓားရိပ် မှန်းဆမရသောအခါ စိတ်ပူလာတော့သည်။

သူမသည် ခေါင်းရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။ ထို့နောက် အလင်းခွဲခြားသိုင်းမှ 'အရိပ်ဖြာ အရောင်ဘဲ' တိုက်ကွက်ကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်၏။ ခေါင်းရိပ်များက တလက်လက် ယှက်ဖြာကာ သူမ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံကာကွယ်ထား၏။ ရေပက်မဝင်အောင် ဝေ့ယမ်းထားသည့်တိုင် တစ်ခါတစ်ရံတွင် ရှောင်လုံကျိ၏ ခေါင်းဦးချွန်က ငုံးဝင်လာပြန်သောကြောင့် အသေအလဲ ရှောင်တိမ်းရပြန်သည်။

ထိုစဉ် အခန်းအပြင်ဘက်ဆီမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသဖြင့် တိုက်ပွဲဝင်နေသူများ ခေါင်းထောင်သွားလေတော့သည်။

★

## အခန်း (၁၁)

## အပြိုင်အဆိုင် အနိုင်

ဝူဆန်ကွေး မျက်မှောင် ကြုတ်လိုက်သည်။ ထို့နောက် ရှောင်လုံကျိနှင့်၊ ရှုပိန်းတို့ကို ထားခဲ့လျက် လျူဟိုက်ကွမ်း၊ ထန်ဟုန့်ဖန့်တို့နှင့်အတူ ထွက်လာခဲ့ကြသည်။ အပြင်ဘက်ကွင်းကျယ်ကွက်လပ်တွင် သူ၏ အစောင့် တပ်သားများ အတုံးအရုံး ကျဆုံးလျက်ရှိပြီး သူတို့အကြားတွင် လူရိပ်များ လှုပ်ရှားနေကြသည်ကို တွေ့ရ၏။

ဝူဆန်ကွေး ရင်ထိတ်သွားပြီး အမြေအလှား စစ်ဆေးမိတော့၏။ ရောက်လာကြသူများကား ချန်ချင်တို့ လူသိုက်ပင်တည်း။ ဝူဆန်ကွေးမှာ ချန်ချင်တို့ကို တွေ့လိုက်ရသည်နှင့်

ယောင်းခနဲ ဒေါသ ထွက်သွားသည်။ လျှိုတိုက်ကွမ်းတို့နှင့် အတူ ၎င်းတိုက်ပွဲ ကွင်းလယ်သို့ ပြေးဝင်သွား၏။

ချန်ချင်တို့ အုပ်စုတွင် ပါဝင်ကြသူများမှာ ချန်ချင်၊ မာလူထု ခန်းသင်၊ စုစု၊ ကျွမ်လုံ၊ ဝါတိတ်နှင့် ခဲ့မေတို့ ဖြစ်ကြ၏။ ဝါတိတ်မှာ ချန်ချင်တို့နှင့် လမ်းခွဲပြီး ခဲ့မေ နောက်သို့ လိုက်ခဲ့၏။ ခဲ့မေမှာ စူးကျော့ရှာ မီးတင်ရှို့ခံရသည့် ကိစ္စအောက် သသင်းကြားကြားချင်း လိုက်ပါသွားခဲ့သည်။ သူမ ရောက်သွားသော အခါတွင်ကား ဝူဆန်ကွေးတို့က ခြေရာ ပျောက်သွားခဲ့ပြီ ဖြစ်၏။

ထို့နောက် သူမနှင့် ဝါတိတ်တို့ ပြန်လည် ဆုံဆည်းမိကြသည်။ ကျွမ်လုံသည်၊ ဝေကွမ်နှင့် ခွဲခွာပြီး ချန်ချင်တို့ အုပ်စုနှင့် ပြန်တွေ့သည်။ ကျုံရိမှာ ဒဏ်ရာ ပျောက်ကင်းသွားသော်လည်း ချန်ချင်တို့နှင့်အတူ မလိုက်ပါနိုင်ခဲ့ပေ။

ကျွမ်လုံကို ကယ်တင်ပြီးဖြစ်၍ ဆရာဖြစ်သူ ရင်ခုံ ထံသို့ ပြန်သွားခဲ့သည်။ ကိုယ့်အစီအစဉ်နှင့်ကိုယ် ထွက်လာကြရာမှာ ချန်ချင်နှင့် ဝါတိတ်တို့မှာ လမ်းခုလတ်တွင် ဆုံဆည်းကြခြင်း ဖြစ်ပေသည်။

ဝူဆန်ကွေး ပြေးဝင်လာသည်ကို တွေ့ရသည်နှင့် ချန်ချန်က အတိုက်အခိုက် ခဏရပ်ဆိုင်းထားလိုက်သည်။ ထို့နောက် ဝူဆန်ကွေးအား တင်းမာပြတ်သားသော လေသံဖြင့် အမိန့်ပေးသည့်အလား ပြော၏။



'ဝူဆန်ကွေး၊ အဖြစ်မရှိတဲ့ လျှံယီစန်းကို လွှတ်ပေးလိုက်ပါ၊ သူ့ကို လွှတ်ပေးသည့်တိုင် ခင်ဗျားအနေနဲ့ အပြစ်ဒဏ် ကတော့ ခံရဦးမှာပဲ၊ ခင်ဗျားကို အပြစ်ပေးရဦးမယ်'

'ဟား...ဟား...ဟား'

ဝူဆန်ကွေးက ကျယ်လောင်စွာ ရယ်မောလိုက်၏။

'ခင်ဗျားက ဘယ်ပိုကောင်း အောက်မေ့ပြီး ကျုပ်ကို စော်စော်ကားကား လာပြောနေရတာလဲ၊ တပည့်နှစ်ယောက် တော်နေတာနဲ့ ခင်ဗျားက ဘဝင်မြင့်နေတာလား'

ဝူဆန်ကွေး၏ စကားက ပင့်သလိုလိုနှင့် နှိမ့်ချပြောလိုက်ခြင်းဖြစ်ပေသည်။ ချန်ချင်မှာ သူ၏ ညို့ဖျင်းမှုကို ထုတ်ဖော်ခံလိုက်ရသဖြင့် အရှက်ရသွား၏။ သို့သော် မိမိတို့ လာရောက်ရခြင်းတွင် ဤကိစ္စသည် အရေးမဟုတ်ပေ၊ ထို့ကြောင့် တည်ငြိမ်သော မျက်နှာအမူအရာဖြင့်ပင် ဆက်ပြောသည်။

'မဆိုင်တဲ့ စကားတွေကို ပြောမနေနဲ့ ဝူဆန်ကွေး၊ ကျုပ်ပြောတဲ့အတိုင်း လျှံယီစန်းကို ထုတ်ပေးပါ'

'ခင်ဗျား ထုတ်ခိုင်းတိုင်း ကျုပ်က ထုတ်ပေးရမတဲ့လား၊ ခင်ဗျားတို့က မတော်တဆ ခါကြံ ဆင်းအားကလေးနဲ့ ကျုပ်တို့ကိုလာရဲတာတော့ ရယ်စရာကောင်းလိုက်လေဗျာ၊ သေမင်းရဲ့ နှုတ်ခမ်းမွေးကို လာနုတ်ဝံ့တဲ့ လူတွေပဲ'

မာလူထုက ဝူဆန်ကွေးတို့ကို အကဲခတ်ကြည့်လိုက်၏။ လျှိုတိုက်ကွမ်းကို တွေ့ရလျှင် အနည်းငယ် မျက်နှာပျက်သွား၏။ ထို့နောက် ချန်ချင်အနီးသို့ ကပ်ကာ လျှိုတိုက်ကွမ်းဖြစ်ကြောင်း ရှင်းပြ၏။ ချန်ချင်လည်း စိတ်ထဲတွင်

အနည်းငယ် ထင့်သွားသည်။ သို့သော် သေမင်းကို သစ္စာနှံထားပြီးသူတစ်ယောက် ဖြစ်၍ စိတ်ထင့်ခြင်းမှာ တစ်ခဏသာ ဖြစ်ပေသည်။

ချန်ချင်တို့ တစ်ခဏချ ငြိမ်သွားသည်ကို တွေ့ရသောအခါ ဝူဆန်ကွေး ကျေနပ်သွား၏။

'ခင်ဗျားရဲ့ မောင်မာနေတဲ့ တပည့်နှစ်ယောက်ကော ပါရဲ့လား၊ သိုင်းလောကမှာ မထောင်လွှားနိုင်အောင် ကျုပ်တို့ တစ်ခါတည်း ဆုံးမပေးလိုက်မလို့ ခုလိုမေးနေရတာပါ'

ခွဲမေက မခံမရပ်နိုင်ဖြစ်ကာ ဝင်ပြောတော့သည်။

'စကားကြီး စကားကျယ်တွေ ပြောမနေနဲ့၊ ဘယ်သူဆုံးမခံရတယ်ဆိုတာ ကြည့်ရအောင် လက်နက်ထုတ်လိုက်'

ပြောပြောဆိုဆိုပင် သူမ၏ ကျာပွတ်ရှည်ကို ဝှေ့ယမ်းလိုက်၏။ ဝူဆန်ကွေး ဒေါသထွက်မိ၏။

'သိပ်လောမနေနဲ့ မိန်းကလေး၊ မင်းတို့ အားလုံး သေစေရမယ် စိတ်ချ'

ထိုအချိန်မှာပင် လိုစီအင်နှင့် ပေတစ်ရာမြွေ လုထုံးမင်တို့သည်လည်း အိမ်ဆောင်ထဲမှ ထွက်လာခဲ့ကြပြီ ဖြစ်၏။ ချန်ချင်မှာ ကြောက်စိတ်မရှိသော်လည်း အနည်းငယ်တော့ ဖြုံသွားသည်။

ဝူဆန်ကွေး၊ လျှုတိုက်ကွမ်း၊ ပေတစ်ရာမြွေ၊ ထန်ဟုန်ဖန် လေးယောက်စလုံးမှာ သိုင်းပညာအရ အဆင့်မြင့်ပုဂ္ဂိုလ်များ ချည်းသာ ဖြစ်ကြ၏။ မိမိတို့ဘက်၌ ဝါတိတ်နှင့် ခွဲမေတို့



လောက်သာ အဆင့်မြင့်ကြပေသည်။ တွက်ဆကြည့်လျှင် မိမိတို့ဘက်မှ အလေးမသာပေ။

ထိုအခြေအနေကို ရိပ်မိသော မာလူထုက မည်သို့ကြံစည်ရမည်ကို အကွက်ချောင်းနေသည်။ ခန်းလင်နှင့် စုစုကား မိုက်တိမိုက်ကန်း တိုက်ခိုက်ရန်သာ အားရှိနေကြသည်။

ဝူဆန်ကွေးတို့လည်း လက်နက်များ အသီးသီး ထုတ်လိုက်ကြ၏။ အစောင့်စစ်သည်များကို နံဘေးသို့ ဆုတ်နေစေလိုက်သည်၊ အားလုံး လက်နက်အသီးသီး ထုတ်ပြီးကြသည်နှင့် စတင်၍ တိုက်ခိုက်ကြတော့သည်။ လိုစီအင်မှာ သိုင်းပညာ တတ်ကျွမ်းမှု မရှိသဖြင့် အစောင့်များနည်းတူ ဘေးမှ ရပ်ကြည့်နေရပေသည်။

ဝူဆန်ကွေးသည် ခွဲမအပေါ် အတော်ကလေးဒေါသထွက်နေသဖြင့် စဘင်တိုက်ခိုက်သည်နှင့် ခွဲမကို ရွေးချယ်တိုက်ခိုက်သည်။ သူ၏ ဓားရှည်က အလင်းရိပ်များ ယှက်ဖြာလွင့်ပျံ့သွားသလို၊ ခွဲမ၏ ကျာပွတ်ရှည်ကလည်း နဂါးတစ်ကောင်ကဲ့သို့ ခွေတွန့် လှုပ်ရှားနေ၏။ အတွင်းအားအနေဖြင့် ဝူဆန်ကွေးက သာလွန်ကောင်း သာလွန်မည် ဖြစ်သော်လည်း လက်နက်နှင့် တိုက်ကွက်အရတွင်မူ ခွဲမေက သာလွန်နေပေသည်။

စတိုက် တိုက်ချင်းတွင် ဝူဆန်ကွေးက သာလွန်မည့်ဟန်ရှိသော်လည်း တိုက်ကွက် နှစ်ကွက် သုံးကွက်ခန့် ရောက်ပြီးသည်နှင့် ခွဲမေက လက်ရည်တူ ယှဉ်လာနိုင်ခဲ့ပေသည်။ တစ်ဘက်တွင်ကား ဝါတိတ်မှာ လျှုတိုက်ကွမ်းနှင့် ယှဉ်ပြိုင်နေရသည်။ ခန်းလင် နှင့် စုစု တို့က ပေတစ်ရာမြွေကို ရင်ဆိုင်နေရ၏။

ထန်လုံဖုန်ကိုကား ချန်ချင်နှင့် ကျွမ်းလုံတို့က ညှပ်တိုက်နေကြရလေ၏။

မာလူထုကား မည်သူ့ကိုတိုက်ခိုက်ရမည်မသိဘဲ ကြောင်စီစီဖြစ်နေ၏။ နောက်ဆုံးဆုတ်ကာ ထွက်ရပ် နေလိုက်မည်ဟု စိတ်ကူးနေလိုက်စဉ် ခန်းမဆောင်ထဲမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်၏။ ဂူလန်တင်ပင်တည်း။ မာလူထုလည်း နောက်ဆုတ်ခြင်း မပြုတော့ပဲ ဂူလန်တင့်နှင့် ရင်ဆိုင် တိုက်ခိုက်တော့သည်။

ကွက်လပ်ကွင်းပြင်ထဲ၌ကား၊ ဓားသံလက်နက်သံများ၊ ဆူညံနေလေပြီ။ လူရိပ်များ၊ ဓားရိပ်များ၊ ကျူ ပွတ်နှင့် သံမဏိပြောင်းရှည်၏ အရိပ်များက ဖွေးနေ၊ လက်နေ ယှက်ဖြာနေသည်။ အဆင့်မြင့် သိုင်းသမားများ၏ တိုက်ကွက်များဖြစ်သောကြောင့် နံဘေးမှကြည့်နေကြသူများမှာ သဲထိတ်ရင်ဖို ဖြစ်နေကြရသည်။

ချန်ချင်တို့ ဘက်မှ အောက်ချည်းသို့ ကျရောက်နေသည်။ ဝါတိတ်နှင့် ခွဲဒေါတို့နှစ်ယောက်က တက်ရည်တူယှဉ်ပြိုင်နိုင်သလို မာလူထုက ဂူလန်တင့်ကို အထက်စီးမှ တိုက်ခိုက်နေနိုင်၏။ သို့သော် ချန်ချင်၊ ကျွမ်းလုံ၊ ခန်းလင်နှင့် စုစုတို့မှာမူ ပေဘစ်ရမြေနှင့် ထန်ဟုန်ဖန်တို့ကို အလူးအလှိမ့် ခုခံ ကာကွယ်နေရပေသည်။

'ဘယ့်နှယ်လဲချန်ချင်၊ မောက်မာနေချင်သေးသလား၊ ကိုယ့်ကိုယ်ကို နားလည်ပြီဆိုရင် အညံ့ခံလိုက်တော့'



ချန်ချင်မှာ ထန်ဟုန်ဖန်၏ စကားကြောင့် ဒေါသဖြစ်သွားသည်။ ဓားရှည်ကို အဝှမ်းကုန် ဝှေ့ယမ်း တိုက်ခိုက်ရင်းမှ....

'တစ်သက်လုံး အညံ့ မခံဘူးကွ၊ မင်းတို့ကို ဘယ်တော့မှ အရှုံးမပေးဘူး၊ အသေသာ ခံသွားမယ်ဟေ့'

သူ့ကြုံးဝါးလိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဝါတိတ်မှာ လျှူတိုက်ကွမ်းနှင့် တိုက်ခိုက်နေရင်းမှ သူ့ဆရာ ချန်ချင်ဘက်သို့ မသိမသာ အကဲခတ်ကြည့်လိုက်၏။ ချန်ချင် အခြေအနေ မကောင်းသည်ကို တွေ့ရလျှင် လျှူတိုက်ကွမ်းကို ထိုနေရာသို့ မျှားခေါ်သွားခဲ့၏။ ထို့နောက် သူနှင့် တိုက်ခိုက်နေရင်းမှ တစ်ချက်တစ်ချက်တွင် ချန်ချင်ဘက်သို့ဝင်ရောက်ကူညီ တိုက်ခိုက်ပေးတော့သည်။

သူဝင်ရောက်တိုက်ခိုက်ပေးသဖြင့် ထန်ဟုန်ဖန်မှာ အသာစည်းမှ ရှုံးနိမ့်ရမည့် အခြေအနေသို့ ပြောင်းလဲသွားရသည်။ ဝါတိတ်၏ အမှတ်မထင် လျှပ်ပစ်ပြက် တိုက်ကွက်များကြောင့် အသက်ရှူပင် မှားယွင်းသွားပြီး အကျဉ်းအကျပ်ကျရောက်သွားခဲ့၏။

မည်သို့ပင် ဖြစ်စေ၊ ဝါတိတ်ဖို့ကား မသက်သာလှချေ။ ဆရာဖြစ်သူ၏ အန္တရာယ်ကို ဝင်ရောက်ကူညီရသော်လည်း လွယ်လွယ်ကူကူ ကူညီရသည် မဟုတ်ပါပေ။ အသက်စွန့်ကူညီရခြင်း ဖြစ်ပေသည်။

ချန်ချင်မှာ တပည့်ဖြစ်သူ၏ စေတနာကို ကိုယ်တွေ့သိလိုက်ရသောအခါ ရင်ထဲတွင် ကြည်နူးပီတိ ဖြစ်သွား၏။ သို့သော်

ဝါတိတ် ဒုက္ခတွေ့မည်ကို စိုးရိမ်သဖြင့် သတိပေး၊ အော်ဟစ်ရတော့သည်။

'ဝါတိတ်....ကိုယ့်ဘာသာကိုယ်နိုင်အောင်တိုက်၊ ငါ့ဒီမိစ္ဆာကောင်ကို တောင့်ခံထားနိုင်တယ်၊ စိတ်မလေ့နဲ့'

ဝါတိတ် ဘာမျှပြန်မပြော။ အရှိန်အဟုန်ပြင်းထန်စွာ တိုက်ခိုက်လာသော လျှိုတိုက်ကွမ်းကိုသာ သဲသဲမဲမဲ ဂရုထားရင်ဆိုင်တိုက်ခိုက် နေရပေသည်။

'ရွှမ်း....'

လျှိုတိုက်ကွမ်း၏ ဓားရှည်က ဝါတိတ်၏ ရင်ညွန့်ကို ပက်ယမ်းသိုးဝင်လာ၏။ ဝါတိတ်မှာ ချုန်ချင်ဘက်သို့ အာရုံပျံ့လွင့်သွားပြီး စိတ်လှုပ်ရှားစဉ် ဖြစ်နေသည်မို့ ရုတ်တရက် ဝင်ရောက်လာခဲ့သော ဓားရှည်ကို မည်ကဲ့သို့ ရှောင်တိမ်းရမည်မသိ ဖြစ်နေ၏။ ထိုစဉ်မှာပင် အလင်းရောင်တန်း တစ်ခုကသူ့ရှေ့မှ ဖြတ်လက်သွားခဲ့သည်။

'ရွှမ်း....'

'ထန်း....'

ခဲ့မေ၏ ကျာပွတ်ရှည်ပင်တည်း။ ဝါတိတ်၏ ရင်ဝသို့ ခွဲထုတ်သွားမည့် လျှိုတိုက်ကွမ်း၏ ဓားရှည်မှာ ခဲ့မေ၏ ကျာပွတ်ရိုက်ချက်ကြောင့် လမ်းကြောင်း သွေဖည်သွားရလေတော့သည်။ ဝါတိတ်ကော လျှိုတိုက်ကွမ်းပါ အံ့အားသင့် သွားကြရလေသည်။

ခဲ့မေသည်လည်း ဝါတိတ်၏ ဒုက္ခရောက်နေမှုကို ကူညီပေးပြီးနောက် ဝူဆန်ကွေးနှင့် လှည့်ရင်ဆိုင်လိုက်သည်။ ကရွတ်



ကင်းလျှောက် ဆိုသလိုပင် သူမသည်လည်း ဝါတိတ်ကို အကူအညီ ပေးလိုက်ရသည့်အတွက် ဝူဆန်ကွေးကို လက်ရည်တူ ယှဉ်နေရာမှ အောက်စည်းသို့ ကျရောက်သွားရပြန်သည်။

'ဝှီး....'

ဝူဆန်ကွေး၏ ဓားရှည်က သူမထံသို့ ခုတ်ဖြတ် ပိုင်းချလာသည်။ ကျာပွတ်ဖြင့် ခုခံပေးရန် အခွင့်အလမ်း မရှိ။ ရှောင်တိမ်းရန်လည်းမလွမ်းသာ။ သို့သော် သူမသည်ကား ဓားစက်ပျံ၏ သမီးတစ်ယောက် ဖြစ်၍ ခုတ်ဖြတ် ပိုင်းချလာသော ဓားခုတ်ချက်ကို နောက်သို့ ကိုယ်လှန်ချပေးလိုက်၏။ ဓားရှည်က သူမ၏ မျက်နှာပေါ်မှ ဖြတ်ကျော်သွားသည်။

ထိုအခိုက်မှာပင် ဝူဆန်ကွေး၏ ဘယ်လက်က တစ်ဆက်တည်းပင် သူမ၏ ဝမ်ဗိုက်နေရာကို ဖမ်းကုတ် ဆွဲ လိုက် ၏။ ကြောင်လက်သည်းကုတ် တိုက်ကွက် ဖြစ်သည်မို့ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှသည်။ ထိုလက်သည်း တစ်ချက် ကုတ်မိလိုက်ပါက သူမ၏ ကလီစာများ ပျက်စီး သေဆုံးသွားဖွယ်ရာရှိတော့သည်။

ခဲ့မေက နောက်သို့ လှန်ချလိုက်ခြင်းနှင့်အတူပင် ဘားကျွမ်းမယ် တစ်ယောက်ကဲ့သို့ ကိုယ်ကို လိမ်လျက် ဘေးဘက်သို့ရှောင်တိမ်း ထွက်သွားလိုက်သည်။ သူမ၏ အဖြစ်ဆိုးကို မြင်တွေ့လိုက်ရသော ဝါတိတ်မှာ အလန့်တကြားလေး ရေရွတ်လိုက်မိသည်။

'ခဲ့မေ....ညီမ'

'အား....'

သူ့အာရုံများက လွင့်ပျံသွားသဖြင့် လျူတိုက်ကွမ်း၏ တိုက်ကွက်ကို သတိမထားမိလိုက်ဘဲ ဓားဦးချွန်က သူ့ဘယ်ဘက် လက်မောင်း အနာဟောင်းကို ထိုးကော်သွားမိ လေတော့သည်။

★

## အခန်း (၈၂)

## တိုင်းပြည်အတွက် သွေးတစ်ပွက်

ဝါတိတ် လက်မောင်းမှ သွေးများ စီးကျလာခဲ့ပေပြီ။ ဒေါသများကလည်း တဟူးဟူးထ ထွက်ပေါ်လာခဲ့ပေပြီ။ ဝါတိတ်သည် လျူတိုက်ကွမ်းကို စူးစူးရဲရဲ ကြည့်လိုက်၏။ ဒဏ်ရာကို သူ ဂရုမထားနိုင်တော့။ သူ့ဓားရှည်က လေထုကို တဟူးဟူး တုန်ထ ထိုးခွဲကာ လျူတိုက်ကွမ်း၏ တိုက်ကွက်များကို ချေဖျက်လာတော့သည်။

ခွဲမေမှာ ဝါတိတ်၏ နာနာကျင်ကျင် အော်ဟစ်လိုက်သံကို ကြားသည်နှင့် ရင်ယဲတွင် ဆစ်ခနဲ နာကျင်သွားသည်။ နှလုံးသွေးများ ဆူပွက်လာသည်။ မျက်ဝန်းအိမ်တွင် အနီရောင်များ

ယှက်သမ်းလာ၏။ သူမ၏ ကျာပွတ်ရှည်ကို စကြာ ရဟတ်ပမာ အစွမ်းကုန် ဝှေ့ယမ်းလိုက်၏။

ဝူဆန့်ကျွေးမှာ ခွဲ့ဒမ၏ ကျာပွတ်အရှိန်ဒဏ်ကို မခံနိုင်သော ကြောင့် နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေရတော့သည်။ ခွဲ့မက ဝါတိတ်အား စိုးရိမ်ပူပန်စိတ်ဖြင့် အော်ဟစ် သတိပေး လိုက်သည်။

'အစ်ကို ဝါတိတ်....အားမလျော့နဲ့၊ တောင့်ခံထား၊ ကျွန်မ လာခဲ့မယ်'

ပြောလည်း ပြော၊ ကျာပွတ်ရှည်ကိုလည်း 'နဂါးတွင်းထွက်' တိုက်ကွက်ဖြင့် အပြင်းအထန် တိုက်ခိုက်ပြန်သည်။

'ရွှမ်း....ရွှမ်း'

မိမိအား အောဂဏ်စည်းသို့ ရောက်အောင် အလစ်တိုက်ခိုက် ပြီး ဒုက္ခိတအဖြစ် ဒဏ်ရာရအောင် တိုက်ခိုက်ရန် ကြိုးစားခဲ့ သည်ကို မကျေနပ်သည်က တစ်ကြောင်း၊ ဝါတိတ်ကို ကူညီရန် စိတ်ဆန္ဒ ပြင်းပြနေသည်တို့က တစ်ကြောင်းတို့ကြောင့် ခွဲ့မ၏ တိုက်ကွက်များက ကြောက်မက်ဖွယ်ရာ ပြင်းထန်လာတော့၏။

ဝူဆန့်ကျွေးသည် အားစမ်းသည့် အနေဖြင့် တောင့်ခံကြည့် သည်။ မရပေ။ ခွဲ့မ၏ ကျာပွတ်က လှိုင်းကြီးများ တဝုန်းဝုန်း ရိုက်ခတ်သကဲ့သို့ လှိမ့်ဝင်လာသောကြောင့် အလူးအလဲ ရှောင် တိမ်းကာ နောက်သို့သာ ဆုတ်ပေးနေရတော့သည်။ တကယ် တမ်း ယှဉ်ကြပြီ ဆိုသောအခါ သူ့အနေနှင့် ခွဲ့မကို နိုင် နိုင်သဖြင့် ချောက်ချား တုန်လှုပ်လာရတော့သည်။ မည်ကဲ့သို့



အကျောက်ကြီး တိုက်ခိုက်ရမည်ကိုလည်း စဉ်းစားလာရတော့ သည်။

ဝါတိတ်ကား ခွဲ့မ၏ အကူအညီကြောင့် အခြေအနေ ပြန်လည် ကောင်းမွန်လာခဲ့ လေပြီ။ ခွဲ့မကသူ့အပေါ်တွင် စိုးရိမ်စိတ်လွန်ကဲနေသလို သူသည်လည်း ချန်ချင်တို့အပေါ်တွင် စိုးရိမ်နေမိသည်။ လျူတိုက်ကွမ်းကို အပြတ်ရှင်းပြီးမှသူ့ဆရာ အား ကူညီမည်ဟု ဆုံးဖြတ်မိသည်။ သို့သော် လျူတိုက်ကွမ်က သူထင်သလို အလွယ်တကူတိုက်ခိုက်အနိုင်ယူနိုင်သော ပုဂ္ဂိုလ်မျိုး မဟုတ်ပါချေ။

ဝါတိတ် အစွမ်းကုန်တိုက်ခိုက်နေသည့်တိုင် လက်ရည်တူပင် ယှဉ်ပြိုင်နေရပေသည်။ နောက်ဆုံး မထူးတော့သည်နှင့်ဓားစက် ပျံ၏ အထက်မြက်ဆုံးသော 'တိမ်လွှာလေပင့် နေပွင့်ရွှက်ကြွေ' တိုက်ကွက်ကို စတင်အသုံးပြုလိုက်၏။ ထိုတိုက်ကွက်မှာဓားသိုင်း ပညာတွင် အပြင်းထန်ဆုံးနှင့် ဓားစက်ပျံ၏ အကျော်ကြားဆုံး တိုက်ကွက်လည်း ဖြစ်ပေသည်။

'ရွှမ်း... ရွှမ်း'

ဓားရိပ်များက တလက်လက် ဖြာထွက်သွား၏၊အားအပြည့် ပါသော တိုက်ကွက်များဖြစ်၍ ဓားဦးချွန်မှာ တထန်းထန်း တုန်ခါလျက် ဦးတည်ချက်ကို မှန်းဆမရအောင် ရှိလာသည်။ ဗျိုင်းတောင်ပံလျူတိုက်ကွမ်းမှာဝါတိတ်၏တိုက်ကွက်ပြောင်းလဲ လာသောကြောင့် သူ၏ ကိုယ်ဖော့ ပညာကို အသုံးပြုကာ ရှောင်တိမ်းခြင်း၊ တိုက်ခိုက်ခြင်းများ ပြုလာရသည်။ ဗျိုင်း တောင်ပံတိုက်ကွက်ကိုပါ အသုံးပြုလာ၏။ သို့သော် ဝါတိတ်၏

ထက်မြက်လွန်းလှသော ဓားရေးအောက်တွင် မလှုပ်သာအောင်ကျ
သာ ဖြစ်နေရတော့သည်။

ခန်းလင်နှင့် စုစုတို့နှစ်ယောက်မှာမူ အခြေအနေမကောင်း
ကြပေ။ ပေတစ်ရာမြွေ၏တိုက်ကွက်များကို အသေအလဲ ခုခံ
ကြရသည်။ စုစု၏ အတွင်းအားပညာနှင့် သိုင်းပညာ အခြေခံ
အားနည်းမှုကြောင့် ခန်းလင်မှာ ဝင်ရောက် ကူညီပေးရသဖြင့်
ပေတစ်ရာမြွေကို စိတ်တိုင်းကျ မတိုက်ခိုက်နိုင်အောင် ဖြစ်နေရ
ပေသည်။ တိုက်ကွက်ပေါင်း ခုနစ်ဆယ် ကျော်လာသည်နှင့်
ပေတစ်ရာမြွေက သိသိသာသာပင် အထက်စီးမှ တိုက်ခိုက်
လာနိုင်ခဲ့၏။ စုစုသည်လည်း ညာဘက်ပခုံးတွင် ဓားဒဏ်ရာ
တစ်ချက်ထိသွားကာ ဘေးထွက်ပေးလိုက်ရသည်။ စုစုမရှိတော့
သည့်အတွက် ခန်းလင်က ပေတစ်ရာမြွေကို သူ၏ပြောင်းရှည်
လက်နက်ဖြင့် စိတ်တိုင်းကျ တိုက်ခိုက် လာနိုင်သည်။ သို့သော်
အထက်စီးမရဘဲ အောက်စီးမှာသာ ရင်ဆိုင် နေရတော့
သည်။

မာလူထုကား ဂူလန်တင့်ကို ကောင်းစွာရင်ဆိုင်နိုင်၏။ ၎င်း၏
ညာဏ်နီညာဏ်နက်သုံးတိုက်ခိုက်မှုကြောင့်ဂူလန်တင့်မှာအကြိမ်ကြိမ်
ဒုက္ခတွေ့ကာ တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေလေပြီ။
ဆက်လက်တိုက်ခိုက်လျှင် မလွဲမသွေပင် မာလူထု၏ ဓားချက်
အောက်တွင် သေရတော့မည် ဖြစ်၏။

ဝါတိတ်နှင့် ခဲ့မေတို့နှစ်ယောက်မှာအခြေအနေကောင်းလာ
ခဲ့ပြီဖြစ်၍ အားတက်ကာအမြင်းအထန်ပင် ဆက်လက်တိုက်ခိုက်
ကြ၏။ တိုက်ကွက် နှစ်ဆယ်ကျော်လာသောအခါ ဂူဆန်ကွေး



မှာ ခဲ့မေ၏ ကျာပွတ်ရိုက်ချက်ကို ပခုံးထက်တွင် ထိထိမိမိကြီး
အရိုက်ခံလိုက်ရတော့သည်။

ရုက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံး နီရဲသွား၏။ ထို့အတူ
လျူတိုက်ကွမ်းသည်လည်း ဝါတိတ်၏ ဓားချက်များကြောင့်
တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် ပြည့်နှက် လျက် ရှိတော့သည်။

ဝါတိတ်တို့နှစ်ယောက်သည် ပြိုင်ဘက်များကို အသာစီးမှ
တိုက်ခိုက်နိုင်ပြီဖြစ်၍ ချန်ချင်နှင့် ခန်းလင်တို့ နှစ်ယောက်ဆီသို့
လည်း ဝင်၍ကူညီပေးနိုင်လာသည်။ ထို့ကြောင့် ချန်ချင်တို့
သက်သာရာ ရသွားကြသည်။ ထိုအချိန်မှာပင် လျူယီစန်း၏
အခန်းထဲမှ ရှုဖိန်းနှင့်ရှောင်လုံကျိတို့၏ တိုက်ပွဲကလည်းအမြင်း
အထန် ဖြစ်နေ၏။ ရှုဖိန်းတွင်ဓားချက်တစ်ချက် အမိခံရသလို
ရှောင်လုံကျိသည်လည်း ရှုဖိန်း၏ခြေထောက် ကန်ချက်ကြောင့်
ဘယ်ဘက် ခြေထောက်မှာ လှုပ်လိုက်သည်နှင့် နှလုံးသားကို
အပ်ဖြင့်ထိုးဆွလိုက်သလို နာကျင်သည့်ဝေဒနာကို ခံစားနေရ
လေပြီ။

အခန်းတွင်းမှ တိုက်ပွဲက ပြင်းထန်သလို အပြင်ဘက်တွင်
လည်း အပြင်းအထန် ဖြစ်နေတော့သည်။ ထို့ကြောင့်ကျိန်ရှိ
ဂူဆန်ကွေးတို့ဌာနချုပ်မှာ ရေပွက်သည့်နှယ် ကျက်ကျက်ဆူနေ
တော့သည်။ ကွမ်းတစ်ယာညက်ခန့် ထပ်မံ ကြာမြင့်ချိန်တွင်မူ
အသီးသီး ဒဏ်ရာကိုယ်စီ ရနေကြလေပြီ။ ထိုအထဲတွင်မာလူထု
တစ်ယောက်သာ ဘာမျှမဖြစ်ဘဲ ဂူလန်တင့်ကို အသေ တိုက်နိုင်
ခဲ့၏။

မာလူထုမှာ ပြိုင်ဘက်မဲ့သွားသည်နှင့်ခန်းလင်ဘက်မှ ဝင်ကူပြန်သည်။ ပေတစ်ရာမြေမှာ ကျောက်စိုင် ကျောက်သားကဲ့သို့ ဘောင့်တင်း ကြံ့ခိုင်လွန်းလှ၏။ ခန်းလင်၏ ဘယ်ဘက်ပါးပြင်တွင် သူ၏ခေါင်းရှည်ဦးချွန်ဖြင့်ရှပ်ခြစ်မိသဖြင့် အစင်းကြောင်းကြီး ထင်ရှားစွာ ပေါ်လွင်နေသည်။

မာလူထု ဝင်ရောက်ကူညီသောကြောင့်သာ ပေတစ်ရာမြေ၏ ခေါင်းချက်အောက်တွင် ခန်းလင် အသက်မပျောက်သေးခြင်း ဖြစ်ပေသည်။

အခြေအနေကား တစ်ပြန်တစ်လှည့်စီ ရှိကြ၏။ ဝူဆန်ကျေးတို့ဘက်မှ ဂူလန်တင့် ကျဆုံးသလို ချန်ချင်တို့ဘက်မှလည်း လူတိုင်းလိုလိုပင် ထိခိုက်ဒဏ်ရာ ရနေကြပြီ ဖြစ်၏။

သို့သော်....အားလုံးမှာ စိတ်ဓာတ်ပြင်းထန်သူများ ဖြစ်သောကြောင့် ကြံ့ကြံ့ခံ ရင်ဆိုင်တိုက်ခိုက် နေနိုင်ကြပေသည်။ အချိန်ကြာလာသည်နှင့်အမျှ လက်ရှိန်းကျလာကြသည်။ ဝူဆန်ကျေးမှာ ခဲ့မေ၏ ကျားပွတ်ထိန်းချုပ်မှု အောက်တွင် အလူးအလဲ ကျနေသည့်တိုင် တောင့်ခံနေခဲ့၏။

ခဲ့မေက သူမ၏ ကျားပွတ်ရှည်ကို အယောင်ပြ ရိုက်ချလိုက်၏။ ဝူဆန်ကျေး အထိတ်ထိတ် အလန့်လန့် ဖြစ်ကာ ရှောင်တိမ်း ပေးလိုက်သည်။ ခဲ့မေက လမ်းခုလတ်တွင်ပင် ကျားပွတ်ရှည်ကို ပြန်လည်ရုပ်သိမ်းကာ ဝူဆန်ကျေး ရှောင်သည့်ဘက်သို့ လိုက်လံ ရိုက်ချလိုက်သည်။



ဝူဆန်ကျေး ရှောင်တိမ်းချိန်မရတော့။ တစ်ကွက် အငိုက်မိသည်နှင့် ကျားပွတ်ရှည်က သူ့ညာလက်ကို ပြင်းထန်စွာ ရိုက်ခတ်သွားတော့သည်။

'ဝုန်း....'

ဝူဆန်ကျေးမှာ ငါးပေခန့် လွင့်စဉ်သွားပြီး လက်ထဲမှ ဓားရှည်သည်လည်း လွတ်ကျသွား၏။ သူ့ညာလက်မှာ သုံး၍မရနိုင်တော့ချေ။ ခဲ့မေမှာ ကျားပွတ်ရှည်ကို ဝှေ့ယမ်းကာ ထပ်မံ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ဝါတိတ်ထံသို့ ခုန်ဝင်လာခဲ့သည်။

ဝါတိတ်နှင့် ရင်ဆိုင်နေရသော လျူတိုက်ကွမ်းကား ဝါတိတ်ကိုပင် အနိုင်နိုင် တိုက်ခိုက်နေရသဖြင့် ခဲ့မေကပါ ဝင်ရောက် တိုက်ခိုက်လာပြန်သောအခါ မည်သို့မျှ တောင့်မခံနိုင်တော့ချေ။ နောက်သို့သာ တစ်ဆုတ်တည်း ဆုတ်ပေးနေရတော့သည်။

'ရွှမ်း...'

'အား....'

ထိုစဉ်မှာပင် စူးစူးဝါးဝါး အော်ဟစ်သံတစ်သံက ထွက်ပေါ်လာခဲ့လေသည်။ ဝါတိတ် ရင်ထိတ်သွား၏။ ချန်ချင်၏ အော်ဟစ်လိုက်သံပင်တည်း။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ချန်ချင်မှာ ထန်ဟုန်ဖန်၏ ဓားချက်ကြောင့် ရင်ဝမှ သွေးများ ယိုစီးကျနေသည်ကို တွေ့လိုက်ရတော့သည်။

ဝါတိတ် အကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။ လျှို တိုက်ကွက်နှင့် တိုက်ခိုက်နေရာမှ ဓားကို အလျင်အမြန် ပြန်ရုပ်လိုက်ပြီး ခဲ့မေအား မှာကြားလိုက်၏။

'ညီမ...ခဲ့မေ၊ သူ့ကို တိုက်လိုက်ဦး၊ အစ်ကို ဆရာ့ဆီကို သွားလိုက်ဦးမယ်'

စကားဆုံးသည်နှင့် လူက ချန်ချင်ထံသို့ ရိပ်ခနဲ ခုန်သွားပြီးဖြစ်နေ၏။ ကျွမ်းလုံးမှာ ချန်ချင် လဲကျသွားသဖြင့် ထန်ဟုန်ဖန့် ထပ်မံ မတိုက်ခိုက်နိုင်အောင် ဓားဆီး ခုခံနေရ၏။ ချန်ချင်မှာမြေကြီးပေါ်တွင် အရုပ်ကြိုးပြတ် ပုံလဲလျက် နေလေပြီ။

ဝါတိတ်က အလျင်အမြန်ပင် သူ၏ အောရီသွေးကြောမကြီးကို ထိုးပိတ်ပေးလိုက်၏။ သွေးများ တိတ်သွားသည်။

'ဆရာ...ဆရာ'

ချန်ချင်မှာ ဒဏ်ရာ ပြင်းထန်စွာ ရနေသော်လည်း သတိကောင်းနေဆဲပင်။ အသက်ကို မျှင်းမျှင်း ရှူရှိုက်နေပြီး ဝါတိတ်အား စူးစူးရဲရဲ စိုက်ကြည့်လျက် အမိန့်ပေးနေ၏။

'သွား....ငါ့ကို ဂရုစိုက်မနေနဲ့၊ တိုက်ပွဲကိုသာ ဆက်တိုက်'

ဝါတိတ်မသွားနိုင်သေး။ ဆရာဖြစ်သူကိုသာ ဆို့နင့်ကြေကွဲစွာ ကြည့်လျက် မျက်ရည်များ ရစ်ဝဲလာသည်။

'ဆရာရယ်'

'ဝါတိတ် မင်းကို ငါအမိန့်ပေးနေတယ်၊ ငါ့ကို ဂရုစိုက်မနေနဲ့၊ ငါ့ထက် တရုတ်ပြည်ကြီး တစ်ပြည်လုံးက တန်ဖိုးရှိတယ်၊ တရုတ်အမျိုးသားတစ်ခုလုံး အရေးက ပိုပြီး ကြီးကျယ်



တယ်၊ မင်းဟာ ငါ့တပည့်ဆိုရင် ငါ့စကား နားထောင်၊ တိုက်ပွဲကို နိုင်အောင် ဆက်တိုက်'

'ကျွန်တော်....ကျွန်တော်'

'ဘာမှ ပြန်ပြောမနေနဲ့၊ ငါမသေနိုင်သေးဘူး'

အားတင်းပြောလိုက်ရသော်လည်း ချန်ချင်မှာ မဟန်နိုင်အောင်ပင် ဖြစ်နေရပြီ၊ ဝါတိတ်မှာ ဆရာဖြစ်သူ၏ ဒုက္ခဝေဒနာကို ကြည့်ရင်း ရင်ထဲတွင် ဒေါသများ လှိုက်ဆူလာခဲ့သည်။

'ဆရာ့စကားကို ကျွန်တော် နားထောင်ပါ့မယ် ဆရာ၊ ကျွန်တော်ဟာ ဆရာ့ကို ချစ်တဲ့ တပည့် တစ်ယောက်ပါ၊ တရုတ်ပြည်ကြီးတစ်ပြည်လုံးနဲ့ တရုတ်အမျိုးသား တစ်ရပ်လုံးကို ဆရာချစ်သလို ကျွန်တော်လဲ လေးစား တန်ဖိုးထားပါတယ်'

ဝါတိတ်၏ ပါးပြင်တွင် မျက်ရည်များက တသွင်သွင် စီးကျနေခဲ့လေပြီ။

ချန်ချင်မှာ ရင်ဝကိုလက်ဖြင့်ဖိလျက် အံကိုတင်းတင်းစေ့ကြိတ်ထား၏၊ ဒဏ်ရာဝေဒနာကို အပြင်းအထန် ခံစားနေရသော်လည်း မျက်နှာပေါ်တွင် အမူအရာ ပျက်မသွားအောင် ကြိုးစားထိန်းချုပ်နေ၏။ သူဤကဲ့သို့ ထိန်းချုပ် နေလေလေ ဝါတိတ်ရင်ထဲတွင် မခံမရပ်နိုင်အောင်ပင် နာကျင်ရလေလေ ဖြစ်နေ၏။

'ဝါ...ဝါတိတ်'

'ခင်ဗျာ....ဆရာ'

'မင်းဟာအခုအချိန်မှာ သူရဲကောင်းတစ်ယောက်ဖြစ်နေပြီ၊ အဲဒါဖြစ်လို့ မျက်ရည် ကျနေရတာလဲ၊ ငါ့ကို ဆုံးရှုံးသွားရလို့ မင်းအတွက်အဲဒါမှ အကြီးအကျယ် မထိခိုက်နိုင်ဘူး၊ မင်းငါ့ အပေါ်မှာ အာရုံစိုက်နေလို့ ရန်သူတွေကို ဆုံးရှုံး သွားရရင် မင်း ဒင်မကာဘူး၊ တရုတ်အမျိုးသားအားလုံးပါ အဆုံးရှုံးကြီး ဆုံးရှုံးရတော့မယ်၊ ငါ့ရဲ့လက်ရုံးတပည့်ဆိုလို့မင်းတစ်ယောက်ပဲ ရှိတော့တဲ့အချိန်မှာ ငါ့ကို စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့၊ အချည်းနှီးအချိန်တွေကို မဖြုန်းတီးပစ်ချင်ပါနဲ့'

အားဇာနည်ပီသစွာ ပြောလာသော စကားများကြောင့် ဝါတိတ်၏ ရင်ထဲတွင် တလှိုက်လှိုက် ဖိုလာသလို ကြက်သီးမွေးညင်းများလည်း ထောင်ထလာခဲ့သည်။ ထို့နောက်ချန်ချင်အား ဦးညွှတ်အရိုအသေ ပေးလိုက်ပြီးလျှင် ထန်ဟုန်ဖန့်ထံသို့ ရှန်ဝင်သွားလေတော့သည်။

## အခန်း (၈၃)

## အားမာန် တိုက်ပွဲ

ဝါတိတ်ကား ကျားနာတစ်ကောင်ကဲ့သို့ ဖြစ်သွားလေပြီ။

ချန်ချင်ထံမှ ခုန်ထွက်လိုက်ပြီးသည်နှင့် သူ့ဓားရှည်သည် စက်ဝိုင်းခြမ်းသဏ္ဌာန် တင်ရိပ်ရိပ်ယှက်ဖြာသွား၏။ ကျုမ်းလုံ့မှာ ထန်ဟုန်ဖန့်ကို ချန်ချင်ထံ မဝင်စေရန် တောင့်ခံတိုက်ခိုက်နေသော်လည်း လက်ရည်ချင်းမမျှသောကြောင့် ထန်ဟုန်ဖန့်၏ ဓားချက်များကိုအလူးအလိမ့်ခံနေရသည်။ သူ့တစ်ကိုယ်လုံးမှာ ဓားဒဏ်ရာတို့ကြောင့် သွေးများ နီရဲလျက်ရှိနေပေပြီ။

'နောင်ကြီးကျုံ့လုံ... အနား ယူလိုက် ပါတော့၊ ဒီမိစ္ဆာကောင်ကို ကျွန်တော်ဖြိုလိုက်မယ်'

ဝါတိတ် ဝင်လာခဲ့ပြီဖြစ်၍ ကျွမ်းလုံက အသာအယာပင် နောက်ဆုတ်ပေးလိုက်သည်။ ထန်ဟုန်ဖန်ကား ဝါတိတ် ဝင်လာပြီဆိုသည်နှင့် အကြီးအကျယ်ထိတ်လန့်သွားရသည်။ ခါးရှည်ကို အစွမ်းကုန်ဝှေ့ယမ်းလျက် နောက်သို့ တပြည်းပြည်းဆုတ်တော့သည်။ အခြေအနေမကောင်းလျှင် လစ်ထွက်ပြေးရန်ပင် စောင်ခြင်းပင် ဖြစ်တော့သည်။

သူ့အကြံကို ဝါတိတ် ကောင်းစွာရိပ်မိသည်။ သို့သော် မသိဟန်ပြုကာ ထန်ဟုန်ဖန်အား ပြေးပေါက် ဖန်တီးပေးလိုက်သည်။ ထန်ဟုန်ဖန်မှာ ဝါတိတ်၏ပရိယာယ်ကို နားမလည်။ သူ့အတွက် အခွင့်သာပြီဟု ယူဆကာ လှစ်ခနဲနောက်သို့ လှည့်ပြေးလိုက်၏။ သူပြေးသည်နှင့် တစ်ပြိုင်တည်း ဝါတိတ်၏ တစ်ကိုယ်လုံး လေထဲတွင်မြောက်တက် သွားသည်။ ငှက်ကြီး တစ်ကောင်အလား လွင့်ဝဲသွားပြီးလျှင် ထန်ဟုန်ဖန့်ရှေ့သို့ကျလာ၏။ တစ်ပြိုင်နက်တည်း သူ့ခါးကိုင်လက်ကိုလည်း လှုပ်ရှားလိုက်ပြီး ဖြစ်ချေသည်။

'စွပ်....'

'အား....'

ခါးဦးချွန်က ထန်ဟုန်ဖန့်၏ရင်ထဲသို့ တိုးဝင်သွားတော့၏။

ဝါတိတ်က အခဲမကြေသော အကြည့်ဖြင့် စူးစူးရဲရဲစိုက်ကြည့်ကာ....

'မိစ္ဆာကောင် တရုတ်တစ်ပြည်လုံးနဲ့တရုတ်အမျိုးသားတစ်ရလုံးကို ဒုက္ခပေးတဲ့ မိစ္ဆာကောင်၊ ထွက်ပြေးဖို့ ကြိုးစားပါဦး



လား၊ ကျုပ်ဆရာအတွက် ခင်ဗျားကို လက်ဆောင်ပေးလိုက်မယ်....ရော့'

'စွပ်....'

ခါးချွန်က ထန်ဟုန်ဖန့်ရင်ဝကို ထပ်မံ ထိုးစိုက်ဝင်ရောက်သွားသည်။ သွေးများက ပေါက်ခနဲပန်းထွက်လာ၏။ ဝါတိတ်မှာ အငြိုးမပြေနိုင်သေးပေ။ သူ့ခါးက မြောက်တက်သွားပြန်သည်။

'ထန်း....'

သူ့ခါးရှည်မှာ လမ်းခုလတ်တွင်ပင် ရပ်တန့် သွားခဲ့၏။ ခါးရှည်တစ်ချောင်းက ဟန့်တားကာကွယ် လိုက်သောကြောင့်ပင်တည်း။

ဝါတိတ် စိတ်ထဲ အံ့အားသင့်သွားသည်။ ဝင်ရောက် ဟန့်တားသူကို ကြည့်လိုက်၏။ ထိုသူကို မြင်လိုက်ရမှ သူ့မှာ ပို၍ပင် အံ့အားသင့်သွား ရတော့သည်။

ထိုသူ၏ ဆံပင်များက ရိတ်ပယ်ခြင်း မရှိသောကြောင့် ရှည်လျားစွာ ရှိနေ၏။ မုတ်ဆိတ် ပါးမြိုင်းမွေးများကလည်း မြက်ရိုင်းတောတစ်ခုပမာ ရှုပ်ထွေးစွာ ပေါက်ရောက်နေသည်၊ ထိုသူ၏ ဘယ်ဘက်အင်္ကျီလက်စရှည်က တွဲလောင်းကျနေပြီး လေအဝှေ့တွင် တလွန့်လွန့်လူးနေ၏။ ခါးကိုင်ထားသော တစ်ချောင်းတည်းရှိသည့် ညာလက်တွင်သွေးကြောမျှင်များက ပိုးတီတွန့်သကဲ့သို့ အပြိုင်းပြိုင်း ထနေသည်။ ထိုသူကား သူ၏ ပြိုင်ဘက်ဟောင်းကြီး ဝေစင်ဟိုင် ဖြစ်နေလေသည်တကား။

ဝေစင်ဟိုင်က ဝါတီတ်ကို အေးစက်သော မျက်လုံးများဖြင့် ကြည့်နေသည်။ သူ့အကြည့်ကြောင့် တစ်ဘက်သား၏ နှလုံးသားများမှာ အေးခဲသွားစေလောက်ပေသည်။ ဝါတီတ်ကား အံ့သြခြင်းကြီးစွာ ဖြစ်နေမိ၏။ ပဥ္စဗျူဟာကို စိတ်ကြိုက်ကိုင်စွဲ အသုံးပြုတိုက်ခိုက်ခဲ့သည့် ဝေစင်ဟိုင် တစ်ယောက် ဓားရှည်ကို ကိုင်ဆောင်ကာ အငြိုးမပြေနိုင်ဘဲ ဝင်ရောက်လာခဲ့သောကြောင့်လည်း ဖြစ်ပေတော့သည်။

'သေပြီးသားလူကို ဘာဖြစ်လို့ ဒီလောက်တောင် အငြိုးကြီးချင်ရတာလဲ ဝါတီတ်၊ သူ့ခေါင်းကို မဖြတ်ပေမယ့်လဲ သူ့ရင်ဝမှာ မင်းရဲ့ဓားသွား အဆုံးအထိ နစ်ဝင်ပြီးပြီမဟုတ်လား၊ မင်းပေးဆပ်ရမှာက သူ့ကို မဟုတ်ဘူး၊ ငါ့ကိုပဲ'

သူ့စကားသံသည် မာထန်နေ၏။ ဝါတီတ်မှာ ပထမ ရောက်လာစဉ်က အံ့သြခဲ့သော်လည်း ယခုအချိန်တွင်မူ အံ့သြခြင်း မရှိတော့။ မိမိ၏ ဘက်ပြိုင်ဟောင်းတစ်ယောက် ဖြစ်၍ စိတ်ကို တည်ငြိမ်စွာပင် ထားလှာနိုင်ခဲ့သည်။

'ဩော် ခင်ဗျား ရောက်လာသေးတာကိုး၊ လက်တစ်ဘက်နဲ့ ငင် မကျနပ်နိုင်သေးဘဲ နောက်ထပ် လက်တစ်ချောင်း ထပ်ပြီး အဆုံးရှုံးခံချင်သေးလို့လား'

ဝေစင်ဟိုင်မှာ ထိုစကားကြောင့် အနာပေါ်တုတ်ကျ ဖြစ်သွား၏။ အဖြစ်ဟောင်းကို ပြန်သတိရကာ ရန်ငြိုးများ မီးတောက် မီးလျှံပမာ တညီညီး ထလာရသည်။ သို့တိုင် သူ့မျက်နှာထားက အသေကောင်မျက်နှာထားကဲ့သို့ပင် ပကတိ



တည်ငြိမ်နေ၏။ စကားသံကလည်း တုန်ခါမှု ကင်းမဲ့ကာ အေးစက်စူးရှနေ၏။

'အေး....အဲဒီလက်တစ်ဘက်အကြွေး မင်းဆီက လာတောင်းတာပဲ၊ လာတုန်းကတော့ မင်းဆီက လက်တစ်ဘက်ကို ယူဖို့ပဲ စိတ်ကူးခဲ့တယ်၊ အခုတော့ လက်တစ်ဘက်တည်းနဲ့ မရတော့ဘူး၊ မင်းရဲ့ မောက်မာမှု စော်ကားမှုတွေကြောင့် မင်းအသက်ကိုပါ ယူရလိမ့်မယ်'

'ခင်ဗျားရဲ့ ကြီးမားပြင်းထန်တဲ့ ရန်ငြိုးကို ကျုပ်လေးစားပါတယ်၊ ကျုပ် အသက်ကို ယူချင်တယ်ဆိုရင် ကျုပ်ပေးဖို့ အသင့်ပဲ'

ဝါတီတ်က ပြောပြီးသည်နှင့် ထိစပ်တေ့ဆိုင်ထားသော သူ့ဓားရှည်ကို ဆတ်ခနဲ ပြန်ရုပ်ကာ တိုက်ကွက်ထုတ် တိုက်ခိုက်တော့သည်။ ဝေစင်ဟိုင်ကလည်း လက်တစ်ဘက်တည်းဖြင့် ဓားရှည်ကို ကျွမ်းကျင်စွာ ကစားလိုက်၏။ ထို့နောက် ဝါတီတ်အား အသိပေးစကား ဆိုချေသေးသည်။

'မင်းဟာ ဓားစက်ပျံရဲ့ တပည့်၊ ငါ့ကို မင်းရဲ့ ဓားရှည်နဲ့ အနိုင်ယူတိုက်ခိုက်ခဲ့တယ်၊ ဒါကြောင့် မင်းကိုလဲ ငါ့ဓားရှည်နဲ့ပဲ တူညီတဲ့အကျိုး ခံစားစေဖို့ ကြိုးစားခဲ့တယ်၊ ငါ့ဓားရှည်နဲ့ ဘယ်ဘက်လက်တစ်ဘက်ကို အရင်ဖြတ်ယူမယ်၊ ငါ့အတွက် လက်တစ်ဘက်ရတော့မှ ငါတို့ဘက်သားတွေရဲ့ ကိုယ်စား မင်းအသက်ကို နှုတ်ယူရမယ်'

'ခင်ဗျား စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ဓားဓားချင်း ဆိုတော့ ပိုကောင်းပေါ့ဗျာ'

'ရှမ်း....'

'ရှမ်း....'

နှစ်ယောက်စလုံး၏ ဓားချက်များက လေထုကို ထိုးခွဲသွားခဲ့သည်။ တိုက်ကွက် စတင်သည်နှင့်ပင် ဝေစင်ဟိုင်၏ တိုက်ကွက်များ ကြောက်စရာကောင်းလှသည်ကို ဝါတိတ် သိရှိလိုက်၏။ ထို့ကြောင့် အတင်သေးပေါ်သခြင်း မပြုဝံ့ဘဲအစွမ်းကုန် ဂရုထား ကာကွယ်တိုက်ခိုက် နေရတော့သည်။

သူ၏ အကောင်းဆုံး ဓားရေးများကို ထုတ်ဖော်တိုက်ခိုက်သည့်တိုင် လက်ရည်တူ ယှဉ်နိုင်ရုံအဆင့်သာ ရှိချေသည်။

ခဲ့မေမှာ လျှူတိုက်ကွမ်းကို တစ်ယောက်တည်း ယှဉ်နေရသဖြင့် မနည်းကြီး ကြိုးစား ကာကွယ်တိုက်ခိုက်နေရပေသည်။ အတွင်းအားနှင့် ကိုယ်ဖော့ပညာအရာတွင် လျှူတိုက်ကွမ်းက သာလွန် ထက်မြက်နေသည်မို့ ခဲ့မေကို အသာစီးမှ တိုက်ခိုက်နိုင်၏။ ဓားရှည်ယောင်ပြတိုက်ကွက်များကို အသုံးပြုပြီးလျှင် လက်ဝါးနှင့် ခြေကန်ကွက်များကို အဓိကထားသုံး၍ တိုက်ခိုက်သည်။

ခဲ့မေမှာ ဝူဆန်ကွေး၏ ဓားတစ်ချက် ထိမိထားရသည့်အထဲ လျှူတိုက်ကွမ်း၏ ခြေကန်ချက်နှစ်ချက်ကိုလည်း ဆင့်ကာဆင့်ကဲ အမိခံလိုက်ရပြန်သဖြင့် အတော်ကလေး အခြေအနေ ဆိုးရွားသွားပေသည်။'

အခြေအနေက ဝါတိတ်တို့ဘက်မှ အရှုံးဘက်သို့ လှနေခဲ့လေပြီ။ ခဲ့မေက လျှူတိုက်ကွမ်းကို အောက်စည်းမှ ယှဉ်ပြိုင်နေရသလို၊ ဝါတိတ်ကလည်း ဝေစင်ဟိုင်အား လည်းကောင်း၊



ခန်းလင်နှင့် မာလူထုက ပေတစ်ရာမြွေအား လည်းကောင်း အောက်စည်းမှ ရင်ဆိုင်နေကြရပေသည်။ ကျမ်လုံကား ဒဏ်ရာအပြင်းအထန် ရရှိနေသည့် ချန်ချင်ကို ပြုစုပေးနေရသဖြင့် စည်းအပြင်သို့ ရောက်နေရသည်။

'ရှပ်—'

ဓားချက် တစ်ချက်က လေထဲတွင် ပြက်လက်သွား၏။ ခန်းလင်၏ ပခုံးထက်တွင် ဖျဉ်းခနဲ ခံစားလိုက်ရ၏။ ပေတစ်ရာမြွေကိုလည်း ကြည့်လိုက်မိသည်။ သူ့ဘယ်ဘက် ပခုံးတွင် နှစ်လက်မခန့် အရှည် ဓားဒဏ်ရာကြီး ရရှိသွားခဲ့ရလေပြီ။

ဒေါသနှင့်မခံချင်စိတ်တို့စုပြုံဝင်ရောက်ပြီးလျှင် သူ၏ပြောင်းရှည်သက်နက်ကို အကောင်းဆုံးတိုက်ကွက်ဖြင့် အစွမ်းကုန်ဝှေ့ယမ်း ကစားလိုက်သည်။ စိတ်ဆောင်နေသောကြောင့် နာကျင်ရသည့် ဝေဒနာကို ဂရုမထားနိုင်တော့ပေ။

မာလူထုမှာ မိမိတို့ဘက်မှ အခြေအနေမကောင်းပြီကို သိ၏။ ထို့ကြောင့် ညဏ်နီညဏ်နက်ထုတ်ကာ ပေတစ်ရာမြွေ၏ အာရုံများ ပျက်ပြားအောင် တိုက်ခိုက်တော့သည်။

'လုထုံးမင်....ခင်ဗျားကကိုယ့်ကိုယ်ကိုအထင်ကြီးနေသလား၊ ခင်ဗျား ကျုပ်တို့ကိုသာ နိုင်နိုင်ပေမယ့် ဝါတိတ်နဲ့ တွေ့ရင် ပြားပြားဝပ် ကြောက်ရွံ့သွားရမယ် မဟုတ်လား၊ ဝါတိတ်က ဟိုမှာ သူ့ပြိုင်ဘက်ကို နိုင်တော့မှာ'

ပေတစ်ရာမြွေမှာ မာလူထု၏စကားကို ယုံမှတ်ကာ နောက်သို့ လှည့်ကြည့်၏။ ဤသည်ကိုအခွင့်ကောင်းယူပြီး မာလူထုနှင့် ခန်းလင်တို့က တစ်ပြိုင်နက်တည်း ဝင်တိုက်ကြသည်။

'ရှမ်း…'

'ဝှီး…'

ဓားရှည်နှင့် မြောင်းရှည်တို့ ရိပ်ခနဲဖြစ်သွား၏။ မာလူထုက ပေတာစ်ရာမြွေ၏ ခါးကို ဖြတ်ပိုင်းချလိုက်သလို ခန်းလင်ကလည်း အပေါ်မှ သီးမိုးကာ ပေတာစ်ရာမြွေ၏ဦးခေါင်းကို တည့်တည့်မတ်မတ်ပင် ရိုက်ခွဲချလိုက်သည်။ အပေါ်ပိုင်းနှင့် အောက်ပိုင်း နှစ်နေရာကို တစ်ပြိုင်နက်တည်း အသစ် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်မို့ ပေတာစ်ရာမြွေမှာ ရှောင်တိမ်းရန် မလွယ်တော့ပေ။

သို့သော်

မာလူထု၏ စကားကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိသည်နှင့် ဝါတိတ်တစ်ယောက် စေစင်ဟိုင်ကို အလူးအလဲ ခုခံနေရသည်ကို ဖြတ်ခနဲတွေ့လိုက်ရ၏။ မိမိတစ်ပတ်ရိုက်ခံလိုက်ရပြီဆိုသည်ကိုလည်း နားလည် သဘောပေါက်လိုက်၏။ အပေါ်ပိုင်းနှင့် အောက်ပိုင်း တစ်ပြိုင်နက်တည်း သေတိုးဝင်လာရသည့် အေးစိမ့်မှုကို ခံစားလိုက်ရ၏၊ ချက်ချင်းပင် သူ့ကိုယ်တွင်းရှိ အကြောအခြင်များကို လျော့ချလိုက်ပြီးလျှင် ကိုယ်ကိုတွန့်လိမ်လိုက်၏၊

အပေါ်မှ အုပ်မိုးရိုက်ချလိုက်သော ခန်းလင်၏ မြောင်းရှည်ရိုက်ချက်က လွဲဖယ်သွားကာ သူ့ပခုံးအနီးမှကပ်လွတ်သွား၏၊ အောက်မှ ဖြတ်ပိုင်းချလိုက်သော မာလူထု၏ဓားချက်ကလည်း သိုးကာ သီကာ လွဲဖယ်သွားပြန်သည်။ သို့သော် မာလူထုက ပေတာစ်ရာမြွေ အကယ်၍ ရှောင်တိမ်းနိုင်ခဲ့လျှင်ဟူသောအတွေး



ကို မဆွကတည်းကပင် တွေးဆခဲ့ပြီး ဖြစ်သဖြင့် လက်နက်ပုန်း ဓားမြှောင်ကို တစ်ဆက်တည်း ပစ်လွှတ်လိုက်ပြီးဖြစ်ချေသည်။

'ဂွစ်…'

'စွပ်…'

ဓားမြှောင်က ပေတာစ်ရာမြွေ၏ ညာဘက် ပေါင်လယ်ကို ထိစိုက်သွားသည်။ ပေတာစ်ရာမြွေက ထိုဓားမြှောင်ကို ဆတ်ခနဲ ဆွဲနုတ်လိုက်ပြီး မာလူထုကိုမုန်းတီးနာကျည်းစွာ ကြည့်လိုက်၏။

'လူယုတ်မာ… သိုင်းလောက စည်းကမ်းကို နားလည်ရဲ့လား၊ သစ္စာမရှိတဲ့ ကောင်'

'ဟား….ဟား….ဟား'

မာလူထုက အားပါးတရ ရယ်မောလိုက်၏။

'သိုင်းလောကစည်းကမ်း—ဟုတ်လား၊ ခင်ဗျားတို့လို လူစားမျိုးကို သိုင်းလောကစည်းကမ်းအတိုင်း တိုက်ရဦးမတဲ့လား၊ တိုင်းပြည်ရဲ့ သစ္စာဖောက်တွေကို စည်းနဲ့ကမ်းနဲ့ တိုက်ခိုက်နေရဦးမှာလား၊ စစ်ပွဲဆိုတာ မတရားတာ ဘာမှမရှိဘူး'

ပေတာစ်ရာမြွေ ဝုန်းခနဲ ထရပ်လိုက်၏။ ခြေထောက်မှ ဒဏ်ရာက နာကျင်လွန်းသောကြောင့် ဒယီးဒယိုင် ကလေး ဖြစ်သွားသေးသည်။ အံကြိတ်ကာ စိတ်တင်းလျက် မတ်မတ် ပြန်ရပ်လိုက်သည်။ ထို့နောက် သူ၏ ဓားရှည်ကို အစွမ်းကုန် ဝှေ့ယမ်းလျက် မာလူထုနှင့် ခန်းလင်တို့ ထံသို့ ခုန်ဝင် တိုက်ခိုက်ပြန်တော့သည်။

☆

ကျားချောင်း ချောင်း တိုက်ခိုက် နေကြသဖြင့် ဆွက်လက်ပြင်းထန်ခြင်း မရှိတော့ပေ။ ရှောင်လုံကျိုက ဓားရှည်ကို ပြန်ရုပ်လိုက်ပြီး ဘယ်ခြေဖြင့် ယိမ်းခတ်ချလိုက်သည်။

'ဝုန်း'

ရှုဖိန်း မရှောင်တိမ်းနိုင်ဘဲ ပင်ထိုင်လျက် လဲကျ သွားသည်။ သူကဲ့သို့ပင် ရှောင်လုံကျိုသည်လည်း ယိမ်းယိုင်သွားခဲ့၏။ သို့သော်အလျင်အမြန်ပင် ကိုယ်ကိုမတ်လျက် ရှုဖိန်းထံ ခုန်အုပ်ဝင်ရောက်ကာ ဓားရှည်ဖြင့် ပိုင်းဖြတ်ချတော့သည်။

'ရွမ်း'

'ထန်း'

ရှောင်လုံကျို၏ ဓားရှည်က လမ်းခုလတ်တွင်ပင် တန့်ရပ်သွားခဲ့သည်။ စိတ်ထဲတွင် အံ့အားတသင့်ဖြစ်ကာ နောက်သို့ လှည့်ကြည့်လိုက်၏။

'မင်း... ဘာဝင်ရှုပ်တာလဲ၊ မင်းပါသေချင်ပြီလား'

ရှောင်လုံကျိုက မေလွမ်ကို ငေါက်ငမ်းလိုက်ပြီး ကျာပွတ်ဖြင့် ရစ်ပတ်ခံထားရသည့် သူ့ဓားရှည်ကို ပြန်လည် နုတ်သိမ်းကာ တစ်ဟုန်ထိုး တိုက်ခိုက် ပြန်သည်။ ရှုဖိန်းကလည်း လဲနေရာမှ မတ်မတ် ပြန်ရပ်လိုက်သည်။ သို့သော် ညာဘက်ပေါင်တွင်ကား တံစို့နှင့် သတ်လျှိုထားသလို နာကျင် နေသဖြင့် အနိုင်နိုင်ပင် အားယူ ရပ်လိုက်ရ၏။ မေလွမ်က ရှောင်လုံကျို၏ တိုက်ကွက်များကို ရှောင်တိမ်းရင်းမှ ရှုဖိန်းကို အော်ဟစ် မေးမြန်းလိုက်၏။

အခန်း (၈၄)

ပေတစ်ရာမြွေ၏ ဇာတ်သိမ်း

အခန်းထဲတွင် တိုက်ခိုက် နေကြသော ပင်လယ် နဂါးရှောင်လုံကျိုနှင့် ရှုဖိန်းတို့မှာ အတော်ကလေး လက်ပန်းကျနေကြလေပြီ။ တိုက်ကွက်ပေါင်းလည်း နှစ်ရာကျော်ခဲ့ချေပြီ။ ရှောင်လုံကျိုမှာ သူ၏ ထက်မြက်လှသော နဂါးရိုက်ဓားတိုက်ကွက်ဖြင့် တိုက်ကွက်ပေါင်း နှစ်ရာကျော်အောင်ပင် တိုက်ခိုက်လာရသဖြင့် စိတ်မာတ်ကျချင်လာသည်။

သူတို့သည် အပင်ပန်းခံပြီး အားကုန် မတိုက်ခိုက်ကြတော့ပေ။ အလစ်ချောင်း၊ အကွက်ကောင်း စောင့်ကာသာ ပိုင်နိုင်သည့် တိုက်ကွက်များကို ထုတ်ဖော် တိုက်ခိုက်ကြသည်၊

'ရှုဖိန်၊ ဘယ်နှယ်နေသေးသလဲ၊ မတ်မတ်ရပ်လို့ ရရဲ့လား'
ရှုဖိန်း အံကို တင်းတင်းစေ့ကြိတ်လိုက်ကာ
'ရတယ်၊ ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ သူ့ကိုတော့ သတိထား၊ကောက်ကျစ်တယ်'

မေလွှမ်းကို မသေပါသေစေရန် သတိပေးပြီး သူမ၏ ရင်ခွင်ထဲမှ ဆေးလုံးတစ်လုံးကို နှိုက်ယူကာ မျိုချလိုက်၏။ ဒဏ်ကြေဆေးလုံးဖြစ်သည်မို့ ခဏအချင်းမှာပင် ဒဏ်ရာများက ပူထူလာပြီးဒဏ်ရာ၏ နာကျင်ခြင်းသည်လည်း သက်သာသွားတော့သည်။

'ရှမ်း'

မေလွှမ်း၏ ကျာပွတ်သံများက အခန်းထဲတွင် ပဲ့တင်ထပ်နေ၏။ သို့သော် ကျာပွတ်ရှည်မှာ နေရာယူ တိုက်ခိုက်ရသော လက်နက်ပစ္စည်းဖြစ်၍ အခန်းထဲတွင် တိုက်ခိုက် ရသည်မှာ ထင်တိုင်း မသေပါက်ပေ။ ပင်ပန်းနွမ်းနယ်နေသော ရှောင်လုံကျီကို အသာစည်းမှ တိုက်ခိုက်နိုင်သင့်သော်လည်း မေလွှမ်မှာ လက်ရည်တူပင် မနည်းယှဉ်နေရ၏။

'မမ မေလွှမ်၊ ရှင် တစ်ယောက်တည်းလား၊ ဘယ်လို လုပ်ပြီး ဒီကို ရောက်လာရတာလဲ'

ရှုဖိန်းက ဝင်ကူတိုက်ရင်း မေး၏၊ မေလွှမ်က စိတ်မလွှင့်စေဘဲ ပေါ့ပေါ့ဆဆပင် ဖြေ၏။

'အစ်ကို ဝေကွမ် ပါပါတယ်၊ သူက ရွှေဘက်ကွင်းပြင်ထဲကို သွားပြီ၊ ဒီအထဲက ဆူဆူညံညံအသံတွေ ကြားလို့ ကျွန်မ



ဝင်လာခဲ့တာ၊ လာရင်းကတော့ ဘာ လျှိုယိစန်းကိုလာကယ်တာပါ'

မြေရင်းမှပင် တဖြည်းဖြည်း အခန်းအပြင်သို့ ဆုတ်ခွာလာခဲ့သည်။ သူဆုတ်သလို ရှောင်လုံကျီကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်၏။ ရှောင်လုံကျီနောက်မှ ရှုဖိန်းကလည်း လိုက်မ ခဲ့သည်။ သို့နှင့် ကွင်းပြင်ကွက်လပ်ဆီသို့ ရောက်လာခဲ့တော့သည်။

ကွင်းပြင် ကွက်လပ်ထဲတွင်ကား ဝါတိတ်နှင့် ဝေစင်ဟိုင်၊ လျှို့ကိုက်ကွမ်းနှင့် ခဲ့မေ၊ ပေတာမ်ရာမြေနှင့် ခန်းလင်၊ မာလူထုတို့ တိုက်ခိုက်နေကြ၏။ ဝေကွမ်ကမူ ဘေးမှ အသာပင် ရပ်ကြည့်နေဆဲရှိ၏၊

ဝါတိတ်မှာ ဝေစင်ဟိုင်ကို တိုက်ခိုက်ရင်းမှ တဖြည်းဖြည်း အားရှုံးနိမ့်လာသည်။ ဝေစင်ဟိုင်၏ ဓားချက်များ က ပွတ်ကာသီကာ ထိခတ်သွားသဖြင့် ဝါတိတ်၏ တစ်ကိုယ်လုံး ဒဏ်ရာများ ရနေခဲ့ပြီ ဖြစ်၏၊ ဝေကွမ်မှာ ကြည့်ရင်းကြည့်ရင်း လက်ယားချင်လာ၏။ သို့သော်သိုင်းလောကစည်းကမ်းကိုလေးစားရိုက်နေသောကြောင့် ဝင်၍ မတိုက်ခိုက်ချေ၊

ပေတာမ်ရာမြေမှာ မာလူထုနှင့် လက်နက်ပုန်း ဓားမြှောင် ထိမှန်ထားသောကြောင့် ကျားနာတစ်ကောင်အလား ဖြစ်နေ၏။ ခန်းလင်၏တိုက်ကွက်များကို ရှောင်တိမ်းနေပြီး ပြန်လည်တိုက်ခိုက်၊ မာလူထုသို့သာ သဲကြီးမဲကြီး တိုက်ခိုက်နေပေသည်။ လူ၏ပြင်းထန်လှန်းသော တိုက်ကွက်များကို မာလူထုမှ ရှောင်တိမ်းလိုက်၊ အခွင့်သာလျှင် ခုခံလိုက်ဖြင့် ကြိုးစားခုခံနေသည်။

ဝေကွမ်မှာ တိုက်ပွဲ အခြေအနေ အားလုံးကို ကြည့်ပြီးမှ သူ့ဆရာ ချန်ချင်ကို တွေ့သည်။ သွေးအိုင်ထဲတွင် လဲနေသည်ကို တွေ့လိုက်ရသဖြင့် အနီးသို့ အပြေးကလေး တိုးကပ်သွားမိသည်။ ဆရာချန်ချင်ကို ဆို့နစ်ကြေကွဲစွာ ကြည့်လိုက်ပြီး....

'ဆရာ...ဆရာ....ဘယ်လိုဖြစ်တာလဲ ဆရာရယ်'

ချန်ချင်မှာ ဝေကွမ်၏ စကားသံကြောင့် မိန်းမူးနေရာမှ မျက်လွှာဖွင့်ကြည့်လိုက်သည်။ ဝေကွမ်ကို တွေ့လိုက်ရလျှင် သူ့မျက်လုံးများ ရုတ်ခြည်းပင် အရောင် ပြောင်းလဲသွား၏။ ဝေဒနာထက် ပြင်းထန်သော စိတ်ခံစားမှုများက သူ့မျက်နှာပေါ်တွင် ထင်ဟပ်လာခဲ့သည်။

သူ ဒဏ်ရာရနေသည့် အချက်ကိုပင် မေ့လျော့ကာ ဝေကွမ်အား ငေါက်ငန်း မောင်းထုတ်လေတော့သည်။

'သွား....သွားစမ်း၊ ငါ့ကို မင်း ဘာမှ ဆရာ ခေါ်နေစရာ အကြောင်း မရှိဘူး၊ မင်း ငါ့ကို အရှက်ခွဲဦးမလို့လား၊ မင်းမျက်နှာ ငါမကြည့်ချင်ဘူး၊ မင်းလို ဆရာအပေါ်မှာလဲ သစ္စာမရှိ၊ တိုင်းပြည် အပေါ်မှာလဲ သစ္စာမရှိတဲ့ လူစားမျိုးကို ငါ တပည့်အဖြစ်လဲ လက်မခံဘူး၊ မင်းအသံကို ကြားလဲ မကြားချင်ဘူး'

'ဆရာရယ်....ကျွန်တော်....ကျွန်တော်'

'မင်း ငါ့ကို ဘာမှမပြောနဲ့၊ မင်းအသံကို ငါမကြားချင်ဘူးလို့ ပြောနေတယ်မဟုတ်လား၊ မင်း ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း'

ဝေကွမ် အကြီးအကျယ် ရှက်နေရ၏။



ဆရာဖြစ်သူအား ရှင်းပြလိုသော်လည်း အခွင့်က မပေးခဲ့။ ကျွမ်လုံကိုသာ အားကိုးတကြီးအကြည့်ဖြင့် ကြည့်လိုက်မိသည်။ ကျွမ်လုံနားလည်သဘောပေါက်စွာပင် ချန်ချင်ကိုဖျောင်းဖျ၏။

'ဆရာ ချန်ချင်...သတိထားပါဗျာ၊ ကိုယ့် အပေါ်မှာ သံယောဇဉ် မပြတ်တဲ့ တပည့်တစ်ယောက်ကို ဒီလောက်အထိ ခါးခါးသီးသီးကြီး မလုပ်သင့်ပါဘူး'

'ကျွမ်လုံ....မင်းကို ကျုပ် လေးစားတယ်၊ ဒါပေမယ့် ဒီကောင်ကို ကျုပ်....ကျုပ် လက်မခံဘူး၊ သူ့အသံကို မကြားချင်လောက်အောင် ကျုပ် စိတ်နာတယ်'

ဝေကွမ်က ကျွမ်လုံကိုသာ အသနားခံသော အကြည့်ဖြင့် ကြည့်၏။ ကျွမ်လုံက ဝေကွမ်အား ခေါင်းညိတ်ပြသည်။

'ဝေကွမ်....ကျုပ် ရှင်းပြထားလိုက်ပါ့မယ်၊ ခင်ဗျား ဒီမှာ အချိန်ကုန် ခံမနေပါနဲ့တော့၊ ခင်ဗျားရဲ့ အစ်ကို ဝါတိတ်နဲ့ အတူ ကျုပ်တို့ဘက်က ကူပြီးတိုက်ပါတော့လားဗျာ'

ဝေကွမ်မှာ သည်တော့မှ သံပတ်ပေးလိုက်သော စက်ရုပ်တစ်ရုပ်ပမာ အသက်ဝင် လှုပ်ရှားလာရသည်။ ချန်ချင်အား ဦးညွှတ် အရိုအသေပေးလိုက်ပြီးလျှင်....

'ဆရာ....ကျွန်တော်ဟာ ဆရာ ထင်သလို သစ္စာဖောက်တစ်ယောက် မဟုတ်ပါဘူးခင်ဗျာ၊ ယော်ရှယ်သူဖြစ်လို့ နှလုံးသားအလိုကို လိုက်မိပြီး ဆရာ့ကိုခွဲခဲ့ရပါတယ်၊ တရုတ်အမျိုးသားတွေအပေါ်မှာ ကျွန်တော်ဟာ ဆရာ့တပည့်ပီပီ သစ္စာရှိခဲ့ပါတယ်၊ ကာကွယ်ခဲ့ပါတယ်၊ အခုလဲ အမျိုးသားရေး အတွက် ကျွန်တော် ရောက်လာရတာပါ ခင်ဗျာ၊ အစ်ကိုဝါတိတ်တို့ကို

ကညီတိုက်ခိုက် သေရဦးမှာမို့ ကျွန်တော် တိုက်ပွဲဝင်လိုက်ပါဦးမယ်’

ရိုဝ်ခနဲပင် တိုက်ပွဲကွင်းပြင်ဆီသို့ ခုန်ဝင်လိုက်၏။ ညအထဲတွင် ဝတ်ကြီးက ဝေဝေဟိုင်နှင့် ယှဉ်ပြိုင်နေသလို ရှုပ်နီးမေလွှမ်းနှင့် ခွဲးမျိုးက ရှောင်လုံကျွံနှင့် လျှူတိုက်ကွမ်းတို့ နှစ်ယောက်အား ပူးပေါင်းတိုက်ခိုက်နေ၏။ ခွဲမေနှင့် မေလွှမ်းတို့နှစ်ယောက် ပူးပေါင်း၊ ပိသွားကာမှ တိုက်ကွက်များက ပိုမိုကောင်းမွန်လာပြီးလျှင် လျှူတိုက်ကွမ်းတို့ နှစ်ယောက်ကို ကောင်းစွာ ထိန်းချုပ်သာ နိုင်နေသည်။ ထိုအထဲတွင် အခြေအနေဆိုးရွား ဆုံးကား ခန်းလင်နှင့် မာလူထုတို့ပင်တည်း။

ဝေကွမ်မှာ တိုဆိုင်းမနေတော့ပေ၊ ဆရာဖြစ်သူထံတွက် ကလှဲခေးချေရာည်ဆိုသော အသံအတွေး ဝင်လာခဲ့ပြီဖြစ်၍ အားလုံးကို အမှန်ချုပ်ရန် သန္နိဋ္ဌာန် ချလိုက်တော့သည်။ ပေတစ်ရာ မြွေ အနီးသို့ ဝေကွမ် ရောက်ရှိ သွားသော အခါ ပေတစ်ရာမြွေက ဝေကွမ်ကိုမြင်လျှင် အထင်သေးသောအကြည့်ဖြင့်ကြည့်လိုက်ပြီး....

‘ဝေကွမ်– မင်းကဘာလာလုပ်တာလဲ၊ မင်းဆရာကို ထိလို့မချိအောင်နာနေပြီလား၊ မင်းကော မင်းဆရာလို ဒုက္ခရောက်သွားချင်လို့လား’

ဝေကွမ်က ဘာမျှမပြော၊ ခန်းလင်နှင့် မာလူထုတို့ကိုသာ နောက်သို့ ဆုတ်ခိုင်းလိုက်သည်။ ထို့နောက် ပေတစ်ရာမြွေကို စိန်းစိန်းကြည့်လိုက်၏။ ပေတစ်ရာမြွေက ဝေကွမ် အကြည့်ကို ပြန်ကြည့်ပြီး အော်ဟစ်လိုက်ပြန်သည်။



‘ဝေကွမ်– မင်းကို ပြောနေတာကြားလား၊ မင်းငါ့ဆီမှာ ခိုလှုံလာခဲ့ဖူးတဲ့ အဖြစ်ကြောင့် မင်းကိုငါခွင့်လွှတ်တယ်၊ မင်းဘေးကို ဖယ်လိုက်စမ်း’

‘သေမှာက ခင်ဗျားပဲ’

‘ဟြော်– မင်းကပါ သေချင်နေပြီကိုး၊ ဒီလောက်တောင် အသေဆောချင်တဲ့ကောင် ငါ့အကြောင်း သိရအောင်ပေါ့ကွာ’

ပြောပြောဆိုဆိုပင် ပေတစ်ရာမြွေက ဓားရှည်ဖြင့်ပိုင်းဖြတ်ခုတ်ချ လိုက်သည်။ ဝေကွမ်၏ လက်ထဲတွင်ကား မည်သည့် လက်နက်မျှ ရှိမနေချေ၊ ပေတစ်ရာမြွေ၏ ဓားခုတ်ချက်ကို အသာအယာပင် ရှောင်တိမ်းပေးလိုက်၏။ ပေတစ်ရာမြွေမှာ သူ့ခုတ်ချက် လွဲချော်သွားသဖြင့် ဒေါကျွန်ပန်းနိုင်သဲဓားကိုအရစ်ဝှေ့ယမ်း တိုက်ခိုက်လာတော့သည်။ ဝေကွမ်သည် နည်းအစ်ခါတွင်တော့ မရှောင်တိမ်းတော့ပေ၊ သူ့ရင်ဝသို့ ဝင်လာသော ဓားရှည်ကို လက်ဆန့်ထုတ်ကာ ဖမ်းကိုင်လိုက်၏။

‘ဖြက်...’

ဝေကွမ်၏လက်နှစ်ဘက်ကြားတွင်ပေတစ်ရာမြွေ၏ဓားရှည်က ညှပ်မိနေတော့သည်။ ပေတစ်ရာမြွေ၊ မာလူထုနှင့် ခန်းလင်တို့မှာ အကြီးအကျယ် အံ့အားသင့်သွား၏။ ဝေကွမ် အချိန်မဆွဲချင်တော့ ဓားရှည်ကို ကိုင်မိလိုက်သည်နှင့် ခြေထောက်က ရုတ်ခြည်းပင် ပေတစ်ရာမြွေကို သိမ်းပက်ကန်ချလိုက်သည်။

‘ဝုန်း....’

ပေတစ်ရာမြွေမှာ ဝေကွမ်၏ ကန်ချက်ကြောင့် ဝုန်းခနဲ လွင့်စဉ်သွားတော့သည်။ ဓားရှည်သည်လည်းဝေကွမ်၏လက်ထဲ၌ ကျန်ရစ်၏။ ဝေကွမ်က ထိုဓားရှည်ကို မြွေကြီးပေါ်သို့ ပစ်ပေါက်ချလိုက်ပြီး ပေတစ်ရာမြွေထံခုန်သွား၏။ သူနှင့်အတူ လက်ဝါးရိုက်ချက်ကလည်း တစ်ဆက်တည်း ပါသွားသည်။

ပေတစ်ရာမြွေ၏ရင်ဘတ်မှာ ဆယ်ပေါင်တူကြီးဖြင့်ထုချခြင်းခံလိုက်ရသလို အသံကျယ်ကြီးမြည်ဟည်းထွက်ပေါ်လာခဲ့သည်။ ထို့နောက် လူသည်လည်းမျက်လုံးကြီးပြူးလျက် တဆတ်ဆတ်တုန်ခါကာ သွေးအန်သေဆုံးသွားလေတော့သည်။

★

## အခန်း (၈၅)

## သစ္စာဖောက် သုတ်သင်ပွဲ

ဝေကွမ်ကား သွေးဆာနေသော ကျားတစ်ကောင်ကဲ့သို့ ဖြစ်နေခဲ့လေပြီ။ ပေတစ်ရာမြွေကို သုတ်သင်ပြီးသည်နှင့် သူ့တစ်ကိုယ်လုံးမှာ သွေးများ ပွက်ပွက်ဆူလာတော့သည်။

သူနှင့်နီးစပ်ရာ ဖြစ်သော မေလွှမ်တို့၏ တိုက်ပွဲကို တွေ့ရှိလိုက်ရ၏။ မေလွှမ်တို့ အခြေအနေမဆိုးသော်လည်း အောင်ဟစ်ကာ ဘေးဖယ်ခိုင်းလိုက်၏။

'ညီမတို့ ဘေးဖယ် လိုက်ကြ၊ ဒီ တိုင်းပြည်သစ္စာဖောက်တွေကို အစ်ကိုရှင်းလိုက်မယ်'

မေလွှမ်မှာ ဝေကွမ်၏ အခြေအနေကို နားလည်သဖြင့် သူမ၏ ကျာပွတ်ရှည်ကို ရုပ်သိမ်းကာ နောက်ဆုတ် ပေး

လိုက်၏။ ခွဲမေမှာမူ ဝေကွမ်ကို မယုံကြည်နိုင်သေးသည့် အကြည့်ဖြင့် ကြည့်ပြီး လျှူတိုက်ကွမ်းကို ဆက်တိုက် နေ၏။ မေလွမ်က ခွဲမေအား

'မ နောက်ဆုတ်ပေးလိုက်ပါ၊ အစ်ကိုဝေကွမ် တိုက်ပါလိမ့်မယ်'

ရှမ်နီးကလည်း စိတ်မချယုံနိုင်ဖြင့် ကြည့်နေ၏။ ထို့သော် သူကိုယ်တိုင်ကလည်း ဒဏ်ရာရနေသည့်မို့ မည်သို့မျှ မပြောသာ။ လျှူတိုက်ကွမ်းနှင့် ရှောင်လုံကျိတို့မှာ ဝေကွမ်အမည်ကို ကြားလိုက်ရလျှင် အနည်းငယ် ရှိန်သွားကြ၏။ ထို့သော် မိမိတို့ဘက်မှ နှစ်ယောက်၊ သူ တစ်ယောက်တည်းနှင့် တိုက်ရမည်မို့ မည်သို့ဖြစ်စေ အနိုင်အနေ ကောင်းနိုင် သည်ဟု တွက်ဆ ကြ၏၊ ဟန်ကိုယ့်ဖို့ အနေနှင့်မူ ဝေကွမ်အား လေးစပ်းအစ်အောက်လိုက်၏။

'မင်းကို တို့ နှစ်ယောက်ပေါင်းပြီး မတိုက်ခိုက်ချင်ဘူး၊ သိုင်းလောက စည်းကမ်းကျင့်ဝတ်တွေကို ငါတို့မဖောက်ဖျက်ချင်ဘူး၊ ပြီးတော့ မင်း လက်နက် တစ်ခုခု ထုတ်လိုက်ပါ'

ဝေကွမ်သည် သွေးဆူ နေပြီ ဖြစ်၍ ဘာကိုမျှ အရေးမထားတော့ပေ။ စိတ်ထဲတွင် ဆရာ ဖြစ်သူ ချန်ချင်နှင့် တရုတ် လူမျိုးကြီး တစ်ခုလုံး၏ အရေးအခင်းသာလျှင် ရှိနေတော့သည်။

'သိုင်းလောက စည်းကမ်းတွေ ဘာတွေ လုပ်မနေနဲ့၊ ကိုယ့်တိုင်းပြည် အပေါ်တောင် သစ္စာမရှိတဲ့၊ ခင်ဗျားတို့က သိုင်းလောက စည်းကမ်းတွေ ဘာတွေ စောင့်ထိန်းနေချင်



ရသေးသလား၊ ကျုပ် ခင်ဗျားတို့ နှစ်ယောက် စလုံးနဲ့ တိုက်မယ်၊ ခင်ဗျားတို့ အတွက် တစ်ယောက်စီ ခွဲပြီး ကျုပ် အချိန်မပေးနိုင်ဘူး'

'ကိုယ့်ကိုယ်ကို ဒီလောက်အထိ အထင်ကြီး ရှိနေရင်လဲ တို့က မပြောပါဘူး၊ မင်းလက်နက်ကိုသာ ထုတ်လိုက်တော့'

ဝေကွမ်မှာ လက်နက်မထုတ်ဘဲ လက်ချည်းသက်သက်သာ ရင်ဆိုင် တိုက်ခိုက်ရန် စိတ်ကူး လိုက်သေး၏။ ထို့သော် မတော်တဆ တစ်စုံတစ်ရာ ဖြစ်ခဲ့လျှင် မိမိ၏ စွန့်စားမှုများ အချည်းနှီး ဖြစ်သွားနိုင်သည်ကို တွက်ဆ မိသောကြောင့် ဓါးမြတ်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။

ဓါးအရောင်က မြရောင်လဲ့လဲ့ပြေးနေ၏။ ထိပ်ဖျားတွင် ငွေကြယ်ပွင့်က လားတားပွင့် တဖျပ်ဖျပ် အရောင် ဖြာထွက် နေသည့်နှယ်ရှိ၏။ လျှူတိုက်ကွမ်း၊ ရှောင်လုံကျိတို့သာ မက မေလွမ်တို့ သုံးယောက်သည်ပင် ထိုဓါးရှည်ကို မြင်လိုက် သည်နှင့် ရင်ထဲတွင် စိမ့်ခနဲအေးသွားကြသည်။

'ရွှမ်း'

ဝေကွမ်က ဓါးရှည်ကို ဝှေ့ယမ်းလိုက်ပြီ၊ လျှူတိုက် ကွမ်းထံသို့ စောင်၍ ခုန်ဝင်တိုက်ခိုက်၏။ လျှူတိုက်ကွမ်း ရှောင် ပေး၏။ သူ လျှူတိုက်ကွမ်းကို တိုက်နေစဉ် ရှောင်လုံကျိက ဝင်တိုက်၏။ ဝေကွမ်က ဓါးရှည်ကို ပေါ့ပါး သွက်လက် စွာပင် ဝှေ့ယမ်းကာ ခုခံ ကာကွယ်သည်။ ဓါးမြတ်မှာ သူ့လက်ထဲတွင် စီးစီးပိုင်ပိုင် ရှိလှ၏။ ဖက်ရွက် ကလေး

တစ်ချက်လို ပေါ့ပါးကာ ဓားတစ်လက်နှင့် မတူအောင်ပင် ကောင်းမွန်နေသည်။

ရှောင်လုံကျိမှာ သူ၏ နဂါးရိုက် ဓားသိုင်းကွက်ကို ထုတ်ဖော် တိုက်ခိုက်သလို ဗျိုင်းတောင်ပံ လျူတိုက်ကွမ်းကလည်း ကိုယ်ဖော့ပညာစွမ်းကို အသုံးပြုကာ ခုန်ဝဲတိုက်ခိုက်၏။ သူတို့နှစ်ယောက်မှာ တိုက်ပွဲအတွေ့အကြုံ ကြွယ်ဝလှသည့် အပြင် တစ်ဦးနှင့် တစ်ဦး အပေးအယူ မျှတသောကြောင့် တက်ညီလက်ညီ ရှိလှပေသည်။

ဝေကွမ်ကား ကေရာဇာ သိုင်းကျမ်းထဲမှ သိုင်းကွက်များကို ကုန်စင်အောင် တတ်ကျွမ်းထားသော်လည်း တိုက်ပွဲအတွေ့အကြုံအရမူ လွန်စွာပင် နည်းပါးလှသည်။ စိတ်ဆူသွေးကြွနေသောကြောင့်သာ လျူတိုက်ကွမ်းတို့ကို နှစ်ယောက်တစ်ယောက် တိုက်ခိုက် နေခြင်း ဖြစ်သည်။ ထိပ်သီး နှစ်ယောက်ကို တစ်ယောက်တည်း ရင်ဆိုင် တိုက်ခိုက်ရသည့် အလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်ပါချေ။

လျူတိုက်ကွမ်းနှင့် ရှောင်လုံကျိတို့ နှစ်ယောက်မှာ ပူးတွဲတိုက်ခိုက်နေရသဖြင့် အကွက်စေ့သွက်လက်လှသည်။ ဝေကွမ်သည်သည်၊ ရွှေနောက်ဘယ်ညာ ဇယ်ဆက်သည့်အလား သူ၏ဓားမြတ် ဖြင့် မနား နိုင်အောင်ပင် တိုက်ခိုက် နေရ၏။ တဖြည်းဖြည်း တိုက်ကွက်ပေါင်း လေးဆယ် ကျော်လာခဲ့သည်။

မည်သူမျှ ထိခိုက် ဇော်ရရခြင်း မရှိသလို အသာစီးလည်း မရကြသေးချေ။



ဝေကွမ်မှာ တိုက်ခိုက်ရင်းမှ စိတ်ထဲတွင် တွေးပူလာမိသည်။ ဤအတိုင်းသာ ဆက်လက် တိုက်ခိုက်သွားပါက သူ့အနေနှင့် ရေရှည်တွင် လက်ပန်းကျကာ ရှုံးနိမ့်သွားနိုင်သည်။ အချိန်ဆွဲ တိုက်ခိုက် မနေတော့ဘဲ ပွဲကို မြန်မြန် ပြီးအောင် လက်စသတ် ဖြတ်တောက်ပစ်မှ ဖြစ်မည်ဟု တွက်ဆလိုက်သည်။

ထို့နောက် သူ၏ တိုက်ကွက်ကို ရုတ်ခြည်းပင် ပြောင်းလဲလိုက်သည်။ ကေရာဇာ မဟာသိုင်းကျမ်းထဲမှ အကောင်းဆုံးသော 'သက်တန့်နေဖောက် မြစ်ရေသောက်' တိုက်ကွက်ကို ထုတ်သုံးလိုက်သည်။

'ရှမ်း....ဗိုး'

ဓားရိပ်က တဟူးဟူး လိုင်းထ တုန်ယင်နေသည်၊ အားပါပြင်းထန်လွန်းသောကြောင့် ဖုန်မှုန့်၊ သဲမှုန့်များပင် လေလိုင်းအားထဲတွင် ဝဲလွင့်နေကြသည်။ ရှောင်လုံကျိမှာ ဝေကွမ်၏ တိုက်ကွက်ကို မြင်ရသည်နှင့် အကြီးအကျယ် ချောက်ချားသွားတော့သည်။ ဤမျှ ကောင်းသော ဓားရေး ဓားကွက်ကို သူ့တစ်သက်တွင် မမြင်ဖူးပါချေ။ ထို့ကြောင့် လျူတိုက်ကွမ်းကို အော်ဟစ် သတိပေးလိုက်ရသည်။

'နောင်ကြီးလျူ _ သတိထား၊ ဒီဓားကွက်က သိပ်ကြောက်စရာ ကောင်းတယ်'

လျူတိုက်ကွမ်းလည်း ဓားသိုင်းပညာတွင် တမမီအောင် ကောင်းလွန်းသည့် ရှောင်လုံကျိက သတိပေးခြင်း ဖြစ်၍ မပေါ့ဆရဲတော့ချေ။ တစ်ကိုယ်လုံးတွင် ဓားရိပ်များ လွှမ်းပက်

သွားအောင် ဝှေ့ယမ်း သိုင်းခြုံ ကာကွယ် ထားလိုက်ရသည်။ သို့သော် ဝေကွမ်၏ ဓားရှည်က သူ၏ စက်ဝိုင်းခြမ်းသဏ္ဌာန် ဝှေ့ယမ်းနေသော ဓားစက်ဝိုင်းအတွင်းသို့ တိုးဝင်ဖြတ်တောက် သွားခဲ့လေချေသည်။

'ခြွမ်း....'

သံသံချင်း ထိတိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ လျူတိုက်ကွမ်းက ဝေကွမ်၏ ဓားချက်ကို ထိပ်တိုက် ရင်ဆိုင် မိသောကြောင့် သူ့လက်မောင်းတစ်ခုလုံး ထုံကျဉ်သွား၏။ ဓားကိုပင် လွှတ်ချလိုက်မိမတတ် ဖြစ်သွား၏။ ကျယ်လောင် သော အသံကြီး ထွက်ပေါ်လာခဲ့ပြီးနောက် သူ၏ ဓားရှည်ကို ပြန်ကြည့်လိုက်ရာ ဓားရှည်မှာ ထိပ်ဖျားမှ ခြောက်လက်မခန့် ကျိုးကျသွားသည်ကို အံ့သြစဖွယ် တွေ့လိုက်ရလေတော့သည်။

'ဟင်....'

သူ့ကဲ့သို့ပင် ရှောင်လုံကျိသည်လည်း အံ့အားသင့်သွားရ သည်။ သူတို့ နှစ်ယောက်၏ အံ့အားသင့်မှုသည် သူတို့အတွက် သေခြင်းကို ဖိတ်ခေါ်ခြင်းပင် ဖြစ်တော့သည်။

'ရွှမ်း....'

'အား....'

လျူတိုက်ကွမ်၏ ရင်ဝသို့ သူ့ဓားရှည်က တည့်တည့်ပင် ထိုးဝင်သွားပြီး လျူတိုက်ကွမ်းမှာ တုံးလုံး လဲကျသေဆုံးသွား တော့သည်။

ဝေကွမ်သည် ထို တစ်ယောက်ကို သတ်ပြီး ရပ်တန့်မနေ ပေ။ ဆက်လက်၍ ရှောင်လုံကျိထံ ခုန်ဝင်လိုက်ပြန်သည်။



နှစ်ယောက်တစ်ယောက် တိုက်ခိုက်ခဲ့သည့် အချိန်ကပင် ဝေကွမ်ကို ယှက်ရည်တူသာ ယှဉ်နိုင်ခဲ့ကြသဖြင့် တစ်ယောက် တည်း ရင်ဆိုင်ရသောအခါ ရှောင်လုံကျိမှာ မည်သို့မျှ မခုခံနိုင် တော့ချေ။ ဝေကွမ်ကသာ အပေါ်စီးမှ ထိန်းချုပ်ချင်သလို ထိန်းချုပ်တိုက်ခိုက်နေတော့သည်။ ထို့ကြောင့် ရှောင်လုံကျိ အကောက်ကြံတော့၏။ ဝေကွမ်ကို ရင်ဆိုင်တိုက်ခိုက်နေရာမှ ရုတ်တရက် နဂါးတစ်ကောင်အလား မြေကြီးတွင် လူးလှိမ့် လိုက်၏။

သူ့အကြံကား ကြောက်စရာ ကောင်းလှန်းလှချေသည်။ ဝေကွမ်၏ အောက်ပိုင်းကို အလစ်ဝင်ပြီး တိုက်ခိုက်ခြင်းပင် တည်း။ သူ ဤကဲ့သို့ မြေကြီးပေါ်သို့ လူးလှိမ့်လိုက်သည်ကို မြင်သည်နှင့် ရှမ်းဖိန့်က အလန့်တကြားလေး အော်ဟစ်သတိ ပေးလိုက်၏။

'အစ်ကို ဝေကွမ် သတိထား၊ လူယုတ်မာ ကောက်ကျစ် တော့မယ်'

ဝေကွမ်ကလည်း လူပါးပင်။ ရှောင်လုံကျိ လှိမ့်ချလိုက်သည် နှင့် သူကလည်း ပျံလွှားတစ်ကောင်လို ခုန်ဝဲတက်လိုက်၏။ ဆယ်ပေခန့် အမြင့်သို့ မြောက်တက်သွားပြီးမှ အောက်သို့ စွန်ရဲတစ်ကောင်နှယ် ရုတ်ခြည်းပင် ဦးစိုက်ထိုးဆင်းလာ၏။ 'သိမ်းငှက်ကြက်သုတ်' တိုက်ကွက်ပင်တည်း။ ရှောင်လုံကျိမှာ ဝေကွမ် ဤကဲ့သို့ မိုက်ထိမိုးသက်ကန်း တိုက်ခိုက်လာလိမ့်မည် ဟု မထင်မှတ်ခဲ့ပေ။

ယခုသော်ကား သူ့အနေနှင့် မည်သို့မျှ ရှောင်တိမ်း၍ မရတော့။ နောင်တက သူ့အတွက် နှောင်းခဲ့ချေပြီ။

'စွပ်....'

'အား'

နောင်တ၏ အရသာကိုပင် ကောင်းမွန်စွာ မခံစားလိုက်ရပါချေ။ စေကွမ်၏ ဓားမြှောက်က သူ့ အသက် ဇီဝိန်ကို နုတ်ခြွေ သွားခဲ့လေပြီ။ စေကွမ်သည် မြေကြီးပေါ်တွင် အေးဆေးတည်ငြိမ်စွာပင် ရပ်နေလိုက်သည်။ လျှို့တိုက်ကွမ်းနှင့် ရှောင်လုံကျိတို့ နှစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်လိုက်ရသဖြင့် သူ့စိတ် မလှုပ်ရှား၊ သူ့စိတ် လှုပ်ရှားသည်ကား အသံကလေး တစ်သံသာ ဖြစ်၏။

ထိုအသံကား ရှုဖိန်း၏အသံ။ အစ်ကိုစေကွမ် သတိထားဆိုသောအသံ။ ထိုအသံကသူ့နှလုံးသားထဲတွင် စွဲစွဲထင်ထင်ပင် ရှိနေခဲ့ချေ၏။ ကေရာဇာ မဟာ သိုင်းသမား တစ်ယောက် ဖြစ်လာအောင် တစ်နည်းတစ်ဖုံအားဖြင့် တွန်းအား ပေးခဲ့သော သူ့ဘဝ၏ လင်းရောင်ရှင်မလေး၊ သူ၏ဂုဏ်သိက္ခာကို မြှင့်တင် ပေးခဲ့သော၊ သူ့ အပေါ်တွင် မသိ မကျွမ်းဘဲ စေတနာထက်သန်ခဲ့သောစေတနာရှင်မကလေး။ ဆည်းလည်းသံကဲ့သို့ ချိုလွင်သည့် ရယ်မောခြင်းကို ပြုတတ်သော သူကလေး....ရှုပ်ဆိုးမ။ ရှုပ်ဆိုးမ၏ အသံပင်တည်း။

စေကွမ် ရှုဖိန်းကို ဝမ်းသာသော၊ အံ့ဩသော အကြည့်များဖြင့် စိုက်ကြည့်နေမိသည်။ ရှုဖိန်းက နားမလည်သလို ပြန်ကြည့်နေ၏။ ထိုအကြည့်ကပင် တောက်ပ ရွှန်းလက်နေ



သည်ဟု စေကွမ်ထင်သည်။ ရှုဖိန်းကား သူ တွေ့မြင်ခဲ့ရသည့် ရုပ်ရည်နှင့် အကွာခြားကြီးကွာခြားလျက် အလှကြီးလှနေသောကြောင့်ပင်တည်း။

'ဟား....ဟား....ဟား.... တော်တယ်.... သိဂ် တော် တယ်၊ အင်မတန်ကောင်းတဲ့ ဓားသိုင်းကွက်ပါလားဟေ့'

ရုတ်တရက်ပင် ကျယ်လောင်သော ရယ်မောသံနှင့် အတူ လူရိပ်တစ်ရိပ်က တိုက်ပွဲကွင်းလယ်သို့ ပေါ့ပါးသွက်လက်စွာ ကျရောက်လာခဲ့ လေတော့သည်။ ယင်းကား ဝတ်ရုံနက်ရှင် ပင်တည်း။

✡

## အခန်း (၈၆)

## ကေရာဇ်သိုင်းသမား

ဝတ်ရုံနက်ရှင်က သူ၏ ရှည်လျားလှစွာသော မုတ်ဆိတ်မွေးများကို အသာအယာ ပွတ်သပ်နေ၏။ ဝေကွမ်ကို အသေအချာ စိုက်ကြည့်လိုက်ပြီးလျှင် မေးခွန်းထုတ်လေ၏။

'တယ်ဆော်တဲ့ နောက်ပေါက်ကလေးပါလား၊ မင်းက ဘယ်သူလဲ၊ ဝါတိတ်ဆိုတာလား'

ဝေကွမ် ငိုင်ခနဲ ဖြစ်သွား၏။ ဝတ်ရုံနက်ရှင် ရောက်လာခဲ့ပြီကို သူနားလည်လိုက်၏။ ထိုပုဂ္ဂိုလ်သည် ဝါတိတ်အား မသိမဆိုင် ဒေါသအမျက်ဖြစ်ကာ လိုက်လံ ရှာဖွေနေကြောင်း သူသိ၏။ ထို့ကြောင့် တည်တည်ငြိမ်ငြိမ်ပင် ပြန်လည် စိုက်ကြည့်လိုက်သည်။ ဝါတိတ်ကား ဝေစင်ဟိုင်ကိုအလူးအလဲ



ခုခံ တိုက်ခိုက်နေရဆဲပင်ဖြစ်၏။ ဝတ်ရုံနက်ရှင်ဟာ ဝါတိတ်ကို ဝါတိတ်မှန်း သိရှိခဲ့လျှင် အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပေသည်။

'ကျုပ်ကလဲ ပြန်မေးမယ်၊ ခင်ဗျားကကော ဘယ်သူလဲ'

ဝတ်ရုံနက်ရှင်၏ လေသံက မာထန်လာသည်။

'ငါ ဘယ်သူဖြစ်ဖြစ် မင်းမေးစရာမလိုဘူး၊ ငါမေးတာကိုသာ ဖြေစမ်း'

ဝေကွမ် တတ်နိုင်လျှင် ထိုပုဂ္ဂိုလ်နှင့် ပြဿနာမဖြစ်ချင်၊ သိုင်းလောကတွင် တသီးတသန့် နေသလို တိုင်းရေးပြည်ရာတွင်လည်း ဝင်ပါသူ မဟုတ်ချေ။ တိုင်းပြည်ကိစ္စကို လျစ်လျူရှုထားရုံမျှတစ်ပါး သစ္စာဖောက်သူတစ်ယောက် မဟုတ်ပေချေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်နှင့် ပြေပြေလည်လည် ပြောဆိုမည်ဟု ဆုံးဖြတ်လိုက်၏။ ထိုစဉ်မှာပင် လိုစိအင်၏ ဝမ်းသာအားရ ပြောလိုက်သည့်အသံက သူ့အရင် ထွက်ပေါ်လာခဲ့တော့သည်။

'ဆရာကြီး....ဆရာကြီး၊ ဝမ်းသာလိုက်တာဆရာကြီးရယ်၊ ကျွန်ဘော်တို့ ဆရာကြီးကို စောင့်နေကြတာပါ၊ သူက ဝါတိတ် မဟုတ်ဘူး၊ ဝါတိတ်က ဟိုမှာ၊ ဝေစင်ဟိုင်နဲ့ တိုက်နေတယ်၊ သူက ဝေကွမ်'

ဝတ်ရုံနက်ရှင်သည် သည်းတော့မှ ခေါင်းတဆတ်ဆတ် ညိတ်ကာ ဝေကွမ်ကို ခြေဆုံး ခြေဖျား ကြည့်၏။

'ဩော်....မင်းက ဝါတိတ်မှ မဟုတ်ပဲကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ဝါတိတ် မဟုတ်ရင် မင်းကို ကျုပ် ဘာတစ်ခုမှ လုပ်စရာ မလိုတော့ဘူး'

ပြောပြောဆိုဆိုပင် ဝါတိတ်နှင့် ဝေစင်ဟိုင်တို့ဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်၏။ ဝေကွမ်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ ဝတ်ရုံရှင် မရောက်ခင်မှာပင် သူက အရင်ဦးအောင် ရှေ့မှ ပိတ်ဆီးကာ ရယ်လိုက်သည်။

'ခင်ဗျား ဘယ်သွားမလို့လဲ၊ သူတို့အချင်းချင်း တိုက်ခိုက်နေတာကို မနှောင့်ယှက်ပါနဲ့'

ဝတ်ရုံနက်ရှင် ခြေလှမ်းတန့်ကာ ဝေကွမ်ကို စူးစူးဝါးဝါး ကြည့်၏။ ဝေကွမ်ကလည်း တည်ငြိမ်စွာပင် ကြည့်နေသည်။

'မင်းက ငါ့ကို တားနေတာလား၊ မင်းမှာ ငါ့ကိုတားနိုင်ဖို့ အရည်အချင်း ရှိလို့လား'

'အရည်အချင်းရှိရှိ မရှိရှိ ကျုပ်တားတယ်၊ ခင်ဗျားသွားချင်ရင် ကျုပ်ကို အရင် ကျော်ဖြတ်ပြီးမှ သွား....'

ဝတ်ရုံနက်ရှင် ရယ်လိုက်၏။

'ကောင်းတယ်ဟေ့၊ သတ္တိကတော့ သိပ်ကောင်းပါလား၊ မင်းက ငါ့ကို တိုက်ချင်တယ်ပေါ့ ဟုတ်လား'

'တိုက်ခိုက်ချင်လို့ သွေးကြွပြီး တားနေတာ မဟုတ်ဘူး၊ မှန်ကန်လို့ တားဆီးနေတာ၊ ခင်ဗျားက တိုက်ခိုက်ချင်တယ်ဆိုရင်တော့ ကျုပ်အဖို့ လက်မနှေးဘူး'

သူ့စကားဆုံးသည်နှင့် ဝတ်ရုံနက်ရှင်က ခုန်ပျံ ဝင်ရောက်လာခဲ့သည်။

'မင်းကို ငါ စတိုက်ပြီဟေ့'

ဝေကွမ် ကလည်း ရှောင်တိမ်းမပေး။ ဝတ်ရုံနက်ရှင်၏ တိုက်ကွက်ကို လက်ခံရင်ဆိုင်တိုက်ခိုက်သည်။ နှစ်ယောက်သား



မှာ လက်နက်မဲ့ တိုက်ခိုက်နေကြခြင်းဖြစ်ပေသည်။ ဝတ်ရုံနက်ရှင်၏ ဝတ်ရုံနက်ကြီး တဖားဖားနှင့် တိုက်ခိုက်နေသည်မှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ ဝေကွမ်ကလည်း အထူးပင် သတိထားတိုက်ခိုက်ရသည်။

'ဝုန်း....'

လက်ဝါးရိုက်ချက် များက ပြင်းထန်လှ၏။

ဝေကွမ်မှာ တိုက်ပွဲအတွေ့အကြုံ များခဲ့သလို အတွင်းအားကလည်း အတော်ပင် ပြည့်စုံခဲ့သဖြင့် ဝတ်ရုံနက်ရှင့်ကို ဣနြ္ဒေရရ ယှဉ်ပြိုင်နိုင်ခဲ့ပေသည်။

လေထုမှာ တဟူးဟူးတုန်ခါနေသည်။ ထိုလက်ဝါးတစ်ချက် အရိုက်ခံမိလိုက်လျှင် လူမှာ အရိုးတခြား အသားတခြားပင် ဖြစ်သွားနိုင်လောက်ပေသည်။ တိုက်ကွက်ဆယ်ကွက် ပြည့်သည့်တိုင် တစ်ယောက်ကို တစ်ယောက် ထိခိုက်အောင် မတိုက်ခိုက်နိုင်ကြသေးပဲ လက်ရည်တူ ရှိနေကြ၏။ ဝတ်ရုံနက်ရှင်က တိုက်စစ်နှင့် ခံစစ် ရောထွေးတိုက်ခိုက်သလို ဝေကွမ်ကလည်း နှစ်ခုစလုံးကို မျှတအောင် အသုံးပြုတိုက်ခိုက်သည်။ တိုက်ကွက်နှစ်ဆယ့်ငါးကွက် ရောက်သောအခါတွင်ကား သူတို့နှစ်ယောက်၏ လက်ဝါး နှစ်ဘက်မှာ အချင်းချင်း ရိုက်ခတ် မိလိုက်ကြလေသည်။

'ဝုန်း....'

ကျယ်လောင်သော အသံကြီး ပေါ်ထွက်လာသည်နှင့်အတူ မြေကြီးပေါ်မှ ကျောက်ခဲ ဖုန်မှုန့်များ လွင့်စဉ် ထွက်ကုန်၏။ ဝေကွမ်မှာ နောက်သို့ ခြေလှမ်း သုံးလှမ်း ဆုတ်ပေးလိုက်ရ

ပြီး၊ ဝက်ရုံနက်ရှင်ကား နောက်သို့ ခြေလှမ်း ငါးလှမ်းတိတိ ပင် ဆုတ်ပေးလိုက်ရသည်။ သူ့လက်မောင်း တစ်လျှောက်တွင် ထုံကျဉ်လာခဲ့ပြီးလျှင် ဝေကွမ် ကိုလည်း အံ့အားတကြီးကြည့်နေ၏။

'မင်း...မင်း...မင်းအသက်အရွယ်နဲ့ 'ဆယ်ပြောင်အားမောင်' အတွင်းအားတွေရှိနေတယ်၊ လှိုင်းထန် ရေဆန် လက်ဝါးတိုက်ကွက်ကို တယ်မြောက်နေတာယ် ဟုတ်လား...'

ဝေကွမ်က အာမျှမမြောတဲ့ ဝက်ရုံနက်ရှင်ကိုသာ ငေးကြည့်နေမိသည်။ ဝက်ရုံနက်ရှင်မှာ စိတ်ထားမှန်ကန်သူတစ်ယောက် မဟုတ်သဖြင့် ဝေကွမ်၏ အခြေအနေကို သိသည်နှင့် သူ့စိတ်ကို သူ လျှော့ချကာ ညည်းညည်းညူညူလေး မေ့ချွတ်မိလိုက်လေသည်။

'ငါ မှားပြီ၊ သိုင်းလောကရဲ့ နောက်တက်ကလေးတွေကို အထင်သေးမိတာ ငါမှားပြီ၊ မင်းကို ငါ ဆက်ပြီးမတိုက်ခိုက်တော့ဘူး၊ မင်းကို ဆက်တိုက်ရင် ငါနိုင်ချင်မှလဲ နိုင်လိမ့်မယ်၊ နိုင်ဦးတော့ မင်းရဲ့ပညာတွေက သိပ်ကို နှာခြမာစရာ ကောင်းနေတယ်၊ တစ်နေ့ကျရင်၊ မင်းဟာ သိုင်းလောကရဲ့ ကေရာဇ်ဖြစ်မယ့် လူငယ်ကလေးပဲ၊ ငါက သိုင်းလောကနဲ့ ကင်းကင်းနေတဲ့သူ၊ မင်းတို့ ငါ့ကို ခွင့်လွှတ်ကြ'

သူသည် ပြောပြောဆိုဆိုပင် ရိပ်ခနဲ ခုန်ပျံပြေးလွှားထွက်သွားတော့သည်။ ဝေကွမ်မှာ အံ့အားသင့်ပြီး ကျန်ရစ်တော့သည်။ လိုစီအင်ကားအံ့အားသင့်သည့်ထက်အကြောက်လန့်ကြီး ကြောက်လန့်ကာ ထွက်ပြေးသွားရန် ခြေလှမ်း ပြင်လိုက်၏။ သို့သော် မာလူထုက သူ့ကိုအလွှတ်မခံ။ ရှေ့မှ ခုန်ဝင်လာပြီး



တိုင်းပြည်သစ္စာဖောက်ကို သွားရာလမ်းသို့ အမြန်ဆုံး ပို့ပေးလိုက်တော့၏။

'အား....'

တိုင်းပြည်သစ္စာဖောက်တို့ကားအတုံးအရုံးကျဆုံးခဲ့ရချေပြီ။ ကွင်းလယ်ထဲတွင် သဲကြီးမဲကြီး တိုက်ခိုက်နေသူ နှစ်ယောက်တည်းသာ ရှိတော့၏၊ ဝါတိတ်နှင့် ဝေစင်ဟိုင်တို့ပင်တည်း။

ဝေကွမ်က သူတို့နှစ်ယောက်ကို ကြည့်လိုက်၏။ ဝါတိတ် အခြေအနေ လုံးဝမကောင်း။ တစ်ကိုယ်လုံးတွင် သွေးများ ရဲရဲတွတ်နေပြီး ဝေစင်ဟိုင်တွင်ကား ဒဏ်ရာတစ်ချက်မျှ မရသေး။ ဝေကွမ်စိတ်ထဲ ထောင်းခနဲဖြစ်သွား၏။

'နောင်ကြီး ဝါတိတ်...ဘေးဖယ်လိုက်ပါ၊ ကျွန်တော်ဝင်မယ်'

ရိပ်ခနဲပင် တိုက်ပွဲစည်းဝိုင်း အတွင်းသို့ ခုန်ပျံဝင်ရောက်လာပြီး ဝါတိတ်ရှေ့မှ ဆီးရပ်လိုက်၏။ ဝါတိတ်မှာမောပန်းလွန်းသလို နာကျင်ခြင်းကြောင့် မတ်မတ်ခိုင်အောင်ပင် မရပ်နိုင်တော့။ သို့သော် ဝေကွမ်ကိုကား သတိပေးစကားဆိုချေသေးသည်။

'ညီလေး....ဂရုစိုက်နော်'

ဝေကွမ် ခေါင်းညိတ်ပြလိုက်သည်။ ဝေစင်ဟိုင်မှာအမုန်းရန်ငြိုးများ တညီးညီး တောက်နေသဖြင့် ဝေကွမ်ဖြစ်စေ၊ ဝါတိတ်ဖြစ်စေ မည်းမည်းမြင်လျှင် မိမိ၏ရန်သူဟုပင်ထင်မှတ်နေသူဖြစ်သည်။ ဝေကွမ်က ဝါတိတ်ကိုဘေးဖယ်ပြီး ဝင်ရောက်လာသည်ကို သူမငြင်းပေ။ လက်ခံသည်။ ညာလက် တစ်ဘက်

တည်းဖြင့် ဓားရှည်ကိုဝှေ့ယမ်းကာ တရကြမ်း ဝင်တိုက်တော့သည်။

'ရှမ်း....'

ဝေကွမ်က သူ့ဓားရှည်ဖြင့် ခုခံပေးလိုက်သည်။ ဝေစင်ဟိုင်၏ ဓားကလည်း သံမဏိအကောင်းစားဖြစ်၍ မီးပွားချင်းထိ သံကျယ်လောင်စွာထွက်ပေါ်လာသည်။ ဝေကွမ်ကားသက်လုံကောင်းဆဲပင် ရှိ၏။ ဝေစင်ဟိုင်၏တိုက်ကွက်များကိုလွယ်စွာပင် ချေဖျက်နိုင်၏။ သူတိုက်ခိုက်ဖူးသမျှ သိုင်းသမားများထဲတွင် ယခုဝေစင်ဟိုင်၏ ဓားရေး ဓားကွက်များ အကောင်းဆုံး အဆင့်တွင်ရှိနေကြောင်း သူသိပေသည်။

ဤသို့ဖြင့် တိုက်ကွက်ပေါင်း ငါးဆယ် ကျော်လာသည်။ လက်ရည်တူပင် ယှဉ်နေကြသေး၏။ ဝေကွမ်သည် ပညာကုန် မထုတ်သေးပေ။ ဝေစင်ဟိုင်၏လက်ရည်ကို အကဲခတ်နေသေး သည်။ နောက်ထပ်တိုက်ကွက် နှစ်ဆယ် ကျော်လာသောအခါ သူ စိတ်မရှည်တော့ပေ။ 'နဂါးခေါင်းလှည့်' တိုက်ကွက်ကို ရုတ်တရက် ပြောင်းလဲလိုက်သည်။ ဓားစကြာရိပ်များကဝေစင် ဟိုင် တစ်ကိုယ်လုံးကို လွှမ်းပတ်သွားသည်။ ဝေစင်ဟိုင် အလူး အလဲပင် ရှောင်တိမ်းသော်လည်း မရတော့ပေ။

'ရှပ်....'

'အား....'

ဝေကွမ်၏ဓားရှည်ကဝေစင်ဟိုင်၏အသက်ကို နုတ်ယူသွားခဲ့ ပေပြီ။



ဝေကွမ်သည် သက်ပြင်းရှည်ကြီး ချလိုက်၏။ တိုင်းပြည် သစ္စာဖောက်တို့၏ အရေးတော်ပုံကြီးကား ပြီးဆုံး ချုပ်ငြိမ်း ခဲ့ရချေပြီ။ သို့သော်... ဝေကွမ် စိတ်မအေးနိုင်သေးပါ။ သူ့ ဆရာဆီသို့ အမောတကော ပြေးရပါသည်။

ဝေကွမ်သည် အနီးသို့တိုးကပ်သွားပြီးဆရာဖြစ်သူ ချန်ချင်ကို ကြည့်လိုက်သည်။ ချန်ချင်မှာ သေအံ့မူးမူးဖြစ်နေပေပြီ။ မျက်ခွံ များ ပိတ်သွားပြီ။

'ဆရာ... ဆရာရယ်၊ ကျွန်တော့်ကို ခွင့်မလွှတ် နိုင်တော့ဘူး လား၊ အခုဆိုရင် ဆရာဖြစ်စေချင်တဲ့အတိုင်း တိုင်းပြည်သစ္စာ ဖောက်တွေအားလုံး ဘဝချုပ်ငြိမ်း ဇာတ်သိမ်းကုန်ကြပါပြီ၊ ဆရာတကြည့်ရှုပါဦးလား ဆရာရယ်'

ဝေကွမ်က ငိုသံပါကြီးဖြင့် ပြောလိုက်လေ၏။ ခဏမျှ အကြာတွင် ချန်ချင်မျက်ခွံများ ဖြည်းညင်းစွာပွင့်လာ၏။ သူ့ မျက်လုံးနှစ်လုံးတွင် ပြုံးယောင်များသမ်းနေ၏။ ဝေကွမ်ကို အသာအယာ ခေါင်းညိတ်ပြလိုက်ပြီးလျှင်....

'ခွင့်... ခွင့်လွှတ်တယ်၊ မင်း... မင်းတို့နှစ်... နှစ်ယောက်စလုံး ကို ငါ့တပည့်အဖြစ် မွေးရကျိုးနပ်...'

ချန်ချင်မှာ စကားကို ဆုံးအောင် မပြောနိုင် တော့ပေ။ ပြုံးယောင်သမ်းနေသော မျက်နှာထားနှင့်ပင် ဇက်ကျိုးသွား လေတော့သည်။

ဝေကွမ်ရင်ထဲ နင့်သွားသည်။ မိမိအပေါ်တွင် နောက်ဆုံး ကျခါမှ နားလည်ခွင့်လွှတ်သွားသော ဆရာ။ ထို နားလည် ခွင့်လွှတ်ပါသည်ဆိုသော စကားကလေးကို အသက်အောင့်ပြီး

ပြောချင်လွန်း၍ စောင့်ဆိုင်းနေခဲ့သောအရာ။ သူ့ရင်ထဲ၌ တလှိုက်လှိုက်ဖြစ်လာ၏။ထို့နောက်သူ့မျက်ဝန်းအိမ်မှ မျက်ရည်များမှာ ဟားဆီးမရ တရဟော ကျလာလေတော့သည်။

'အစ်ကိုရယ်....'

မေလွှမ်းက သူ့ကိုဖေးမနှစ်သိမ့်၏။

ဝေကွမ် ဆရာဖြစ်သူ၏ အလောင်းကို ယူပွေ့ချီလိုက်သည်။ သူ့နံဘေးမှမေလွှမ်းက ကပ်လျက်။သူ့နောက်တွင် ဝါတိတ်နှင့် ခွဲဒေမ၊ ချုန်ကတော်တို့ မိသားစုတို့က လိုက်ပါ လာခဲ့သည်၊ နောက်ဆုံးတွင်ကား ရင်ခုံ တို့ဆရာတပည့်သုံးယောက်။ ရင်ခုံး၊ ကျုံရှိန်နှင့် ရှုဖိန်းတို့ပင်တည်း။

ရှုဖိန်း၏ပါးပြင်တွင် မျက်ရည်များက တသွင်သွင် စီးကျနေခဲ့သည်။ ချန်ချင်အတွက်ကျသည့် မျက်ရည်လား၊တရုတ်ပြည်ကြီး အေးငြိမ်း သာယာသွားတော့မည်ဖြစ်၍ ဝမ်းသာ၍ကျသည့် မျက်ရည်လား၊ သို့တည်းမဟုတ် နှလုံးသားမှ တင်စုံတစ်ရာသော ဆုံးရှုံးခွင့်လွှတ်ရမှုအတွက် ပူဆွေးဝမ်းနည်းကာ ကျလာရသည့် မျက်ရည်များပေလား ဆိုသည်ကိုမူ ရှုဖိန်းမှ တစ်ပါး မည်သူမျှ အတပ် မပြောနိုင်တော့ပါချေ။

စာရှုသူများ၏မေတ္တာကို ခံယူလျက်

တက္ကသိုလ်–နေလင်းအောင်